www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# မယ်မင်းဘုံ


## အချစ်ကိုသာ ဖြိုဖျက်ရမယ်ဆိုရင် မနက်ဖြန်ငါသေပါရစေ

စာမူခွင့်ပြုချက်အမှတ်
၅၀၁၀၅၈၀၉၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၁၁၀၆၀၉၁၁
၂၀၁၂ ခုနှစ်၊ ဇန္နဝါရီလ၊ ပထမအကြိမ်
တန်ဖိုး
၁၀၀ ကျပ်
အုပ်ရေ
၅၀၀
ထုတ်ဝေသူ
ဦးကျော်လှိုင် (၀၃၈၈၇)စေတနာစာပေ
အမှတ်(၅၉)၁၉-လမ်း၊လသာမြို့နယ်။
ပုံနှိပ်သူ
ဦးကျော်လှိုင်(၅၅၇၃)စေတနာ Offset
အမှတ်(၅၉)၊ (၁၉)လမ်း၊ရန်ကုန်။

၈၉၅.၉၃
မယ်မင်းဘုံ
အချစ်ကိုသာဖြိုဖျက်ရမယ်ဆိုရင် မနက်ဖြန် ငါသေပါရစေ၊ မယ်မင်းဘုံ၊ ရန်ကုန်၊
စေတနာစာပေ၊ ၂၀၁၁
၂၈၈-စာ၊ ၁၂x၁၈ စင်တီ
(၁). အချစ်ကိုသာဖြိုဖျက်ရမယ်ဆိုရင် မနက်ဖြန် ငါသေပါရစေ

www.burmeseclassic.com







# မယ်မင်းဘို



အချစ်ကိုသာ
ဖြိုဖျက်ရမယ်ဆိုရင်...
မနက်ဖြန်
ငါ... သေပါရစေ

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

## မယ်မင်းဘုံ၏ ထွက်ပြီးစာအုပ်များ

၁။ အချစ်ဧရိယာပြင်ပသို့ ရောက်ရှိနေပါသဖြင့်
၂။ ချစ်ရင် . . . နှစ်မိနစ်စောင့်
၃။ ငွေတောင်ပြည်ကမြို့သူ
၄။ ချစ်သူလိမ်းဖို့ ဒေးခရင်မ်
၅။ အမုန်းကမ်းရိုးတန်းတစ်လျှောက်၌ ရင်ခုန်သံလှိုင်းကြီးနေသည်
ယခုလ
၆။ အချစ်ကိုဖြိုဖျက်ရမယ်ဆိုရင် မနက်ဖြန်ငါသေပါရစေ
ဆက်လက်၍
၇။ ဆယ်ကျော်သက်ဂိမ်း
၈။ သက်ဆိုင်သူအတွက် ငါ့မျက်ရည်တွေ စပွန်ဆာပေးခဲ့သည်
၉။ ကျွန်မသာ စိတ်မကောက်ခဲ့ဘူးဆိုရင်
၁၀။ နဖူးမှာရေးဖို့မေ့တဲ့စာ



# ၁

"နည်းနည်းလောက် ဖယ်ပေးကြပါ၊ ဘေးကို ... ဘေးကို"

မိုင်မိုင်သည် ရွှေရည်တို့လက်မှ လွတ်အောင် အံသည်းအသန်ကို ပြေးလာခြင်းဖြစ်သည်။ သူမတို့ကို ဒေါသမ ထွက်,ထွက်အောင်စ၍ သူမတို့ စိတ်တိုလာပြီဆို ပတ်ပြေးပြီး နောက်ပြောင်နေရတာကိုက မိုင်မိုင်ရဲ့ဝါသနာပင်ဖြစ်သည်။ အခု လည်း ရွှေရည်တို့ကို နောက်ပြောင်ပြီး ပတ်ပြေးနေတာဖြစ်သည်။ ကော်ရစ်တာရဲ့တစ်ဖက်ကို ချိုးကွေ့လိုက်လျှင်တော့ မိုင်မိုင်သည် တစ်စုံတစ်ယောက်နှင့် အင့်ခနဲ ပြည်အောင်ကို ဝင်တိုက်လိုက်မိ လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... ဆော ... ဆောရီးနော်"

မိုင်မိုင်နှင့် တိုက်မိသူမှာ ဘယ်သူလဲဆိုပြီး အကြည့်တွင်တော့ တိုက်မိသူမှာ မိုင်မိုင်နှင့် ခြံချင်းကပ်လျက်နေသူ ရှင်းခန့်ဖြစ်လို့နေသည်။ သူ့လက်ထဲမှာ ကိုင်လာတဲ့ဖိုင်တွေ၊ စာအုပ်တွေဟာ အောက်သို့ကျကုန်သဖြင့် မိုင်မိုင်ကပါကူပြီးစာအုပ်တွေကို ကောက်ပေးရလေသည်။

"ရှင်းခန့်ရယ် ... ဆောရီးပါဟယ်၊ ငါတကယ်မမြင်လို့ပါနော်"

မိုင်မိုင်က လေပြည်လေးနှင့် တောင်းပန်လိုက်လျှင် ရှင်းခန့်က မျက်ခုံးတစ်ချက် တွန့်လိုက်ပြီး ...

"မိုင်မဒီတို့ကတော့နော် ဖြစ်လိုက်ရင် အလွဲချည်းပဲ ... ကဲ ... သွားမယ်"

ရှင်းခန့်က သူ့ရဲ့ဖိုင်တွေ စာအုပ်တွေကို ကောက်ပြီးသွား၍ မတ်တတ်ထရပ်လိုက်လျှင် မိုင်မိုင်ကပါ မတ်တတ်ထရပ်ကာ သူ့ကို အသာပြုံးပြလိုက်ပြီး ...

"ဟဲ ... ဟဲ ... သွား ... သွား၊ သြော် ... နင် အတန်းတက်မှာလား"





"အင် ... အခု အတန်းသွားမလို့"

"ဟာ ... ဒါဆိုအတော်ပဲ၊ ငါ့ကို Roll call လေးထိုးပေးပါ ရှင်းခန့်ရယ် ... နော်"

မိုင်မိုင်က မျက်နှာငယ်လေးနဲ့ အကူအညီတောင်းလျှင် ရှင်းခန့်သည် မျက်နှာကိုမဲ့ကာ ခေါင်းတစ်ချက်ကုတ်လိုက်ပြီးမှ ...

"ဘာ ... နင်က အတန်းမတက်ဘူးလား၊ ငါ အန်တီမိုင်ကို ပြန်ကိုင်ရမလား မိုင်မဒီ"

ရှင်းခန့်က ခကျပ်ကိုင်ကာ အတန်းတက်ခိုင်းလျှင် မိုင်မိုင်ကလည်း ခေသူမဟုတ်ဘဲ ပြန်လည်ချေပစကားပြောလိုက်လျှင် သူက ငြိမ်တိတ်သွားတော့သည်။

"အံမယ် ... တိုင်လေ၊ နင်တိုင်တာနဲ့ ငါကလည်း အန်တီမှုကို နင် သာယာ နဲ့ တွဲနေတဲ့အကြောင်း ပြောလိုက်ရင် နင် တစ်ခါတည်း ကွဲသွားမှာပေါ့"

"ဟော့ ... မဆိုင်တာတွေ ပြောမနေနဲ့၊ ငါ နင့်အတွက် Roll call ထိုးပေးရင် ပြီးပြီမှလား"



www.burmeseclassic.com

www.burmeseclassic.com



လိုချင်တာကို ရပြီဆိုတာ သေချာမှ မိုင်မိုင်သည် ကျေနပ်သောအပြုံးကို ပြုံးလိုက်ရင်း မျက်ခုံးတစ်ချက် ပင့်တင်လိုက်ကာ ...

"အဟဲ ... ဟဲ၊ ဒီလိုမှပေါ့ ရှင်းခန့်ရယ် Thank you ... Thank you ညနေမှ နင့်အိမ်လာပြီး စာရှင်းနိုင်းတော့မယ် နော် သူငယ်ချင်းလေး"

"ကျွတ် ... မိုင်မဒီရာ၊ နင်ဟာလေ ငါ့ကိုဆို ဒုက္ခပေးဖို့ များ မွေးလာသလား 'မသိဘူး၊ တကယ့်ကျိုင်ပဲ"

ရှင်းခန့်က ညည်းညူကာ စိတ်ပျက်သံကြီးဖြင့်ပြော လျှင် မိုင်မိုင်က အသာရယ်မောလိုက်ပြီး သူ့ရဲ့ပခုံးကို သနားတယ် ဆိုသော သဘောဖြင့် ခပ်ဆတ်ဆတ်လေး ပုတ်လိုက်ကာ ...

"ကဲပါဟယ် ... နင်က ငါ့ထက် ဆယ့်နှစ်ရက်တိတိငယ်တဲ့ မောင်လေးပါဟယ်၊ အစ်မခိုင်းတာ လုပ်မှပေါ့ဟဲ့"

မိုင်မိုင်၏ အပြောကို မခံနိုင်စွာဖြင့် ရှင်းခန့်က ဘု ကြည့်ကြည့်လိုက်ပြီး ခါးတစ်ချက်ထောက်ကာ ...

"ကဲ ... နင် ကြွလိုရာသာ ကြွတော့၊ ငါလည်း အတန်း သွားတော့မယ်"





"တာ့တာ ... ဟဲ့ ... Roll call မမေ့နဲ့နော်"

ရှင်းခန့်က စိတ်ညစ်ပေမယ့်လည်း နားအေးပြီးရော ဆိုသည့်သဘောဖြင့် ခေါင်းညိတ်ပြကာ မိုင်မိုင် ရှေ့က ခပ်သုတ် သုတ် ထွက်လာလိုက်သည်။ မိုင်မိုင်ကတော့ ရှင်းခန့်ရဲ့ အဲသည့် ပုံစံလေးကို သဘောကျကာ ရယ်မောလိုက်ရင်း အနောက်က ရွှေရည်တို့က လိုက်လာပြီဆိုတာကို တွေ့လိုက်သောအခါတွင်တော့ မိုင်မိုင်သည် ကန်တင်းဘက်သို့ ခပ်သွက်သွက်လေး ပြေးထွက် လာတော့သည်။

"ဟဲ့ ... အစုတ်ပလုတ် မိုင်မိုင်၊ မပြေးနဲ့"

ကန်တင်းအရောက်မှာတော့ မိုင်မိုင်သည် ဘယ်မှ ပတ်ပြေးမနေတော့ဘဲ ကန်တင်းမှာပဲ အဲအေးမှာကာ ရွှေရည်တို့ ကို ထိုင်စောင့်နေလိုက်သည်။ ခဏအကြာတွင်တော့ ရွှေရည်တို့ တစ်အုပ်စုလုံး ချီတက်လာကာ ထိုင်ခုံမှာ ထိုင်လိုက်ကြပြီးမှ ...

"ဟူး ... မောပါ့ မိုင်မိုင်ရယ်၊ နင်ဟာလေ တကယ်ပါပဲ"

"ဟား ဟား ... သနားတယ် ရွှေရည်နော်"

ရွှေရည်က မျက်စောင်းတစ်ချက် ရွယ်လိုက်ပြီးမှ မိုင်မိုင်ကို လက်တို့ပြီး လှမ်းမေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... တို့ရဲ့ရှင်းခန့်လေး ခုနက နင်နဲ့စကားပြောနေတာ တွေ့လိုက်တယ်၊ ဘာတွေပြောနေတာလဲဟင်"

"အဟဲ ... ဟဲ၊ သိချင်တယ်ပေါ့၊ အလကားတော့ မရဘူးနော်"

"အမယ်လေး ... ကြီးကျယ်လိုက်တာ၊ ကဲ ... ဒီနေ့ နင်စားသမျှကို စေတနာမရှိစွာနဲ့ ဒကာခံပါ့မယ်"

ရွှေရည်က မျက်စောင်းထိုးရင်း ပြောလိုက်လျှင် မိုင်မိုင်က တဟားဟား အော်ရယ်ကာ သူမလက်မောင်းကို ဖျတ်ခနဲ ရိုက်လိုက်ပြီးမှ ...

"အလကား စတာပါဟယ်၊ ဘာမှမပြောဘူး၊ သူ့ကို Roll call ထိုးခိုင်းလိုက်တာ"

"ဟယ် ... ခိုင်းရက်ပါ့ မိုင်မိုင်ရယ်"

အားလုံးက ရှင်းခန့်ကို ကျိတ်ခိုက်နေမှန်းသိသဖြင့် မိုင်မိုင်သည် ရှင်းခန့်နှင့် သူငယ်ချင်းဖြစ်ရတာကို ဂုဏ်ယူသလိုပင်ဖြစ်သည်။ ရှိုင်းရှင်းခန့် ဆိုသော မိုင်မိုင်ရဲ့သူငယ်ချင်းလေးသည် ဒုတိယနှစ် တက္ကသိုလ်ကျောင်းသားလေး ဖြစ်သည်နှင့်အညီ





စာကလည်း တော်တော်လေးထူးချွန်ကာ ရုပ်ကလေးကလည်း ချောမောသူဖြစ်ပေသည်။ ရှိုင်းရှင်းခန့်ဆိုသော နာမည်လေးနှင့် လိုက်ဖက်စွာပင် သူ့ရဲ့ပုံစံလေးက ရှင်းလင်းခန့်ညားကာ မေဂျာတိုင်းရဲ့ King တွေထက် ပိုမိုက် ပိုသန့်သော King ချုပ်ကလေးလည်းဖြစ်သည်။

သူနှင့်ခြံချင်းကပ်လျက် ငယ်ပေါင်းသူငယ်ချင်း မိုင်မိုင်ကတော့ သူ့ကို ငယ်ငယ်ကတည်းက ဒုက္ခပေးနေကြဖြစ်သည်။ သက္ကရာဇ်တစ်ခုတည်းမှာ တစ်လတည်းမှာ အတူမွေး၍ မွေးရက်သာကွာသော သည်သူငယ်ချင်းလေး ရှင်းခန့်ကတော့ မိုင်မိုင့်ကိုဆို စိတ်ညစ်ပေမယ့်လည်း သည်းခံပေါင်းသင်းသူလေးလည်းဖြစ်သည်။

"ဪ ... ဟဲ့ ... မိုင်မိုင်၊ တနင်္ဂနွေနေ့ကျရင် Show ပွဲရှိတယ်နော်၊ လိုက်မှာ မလား"

"ဟဲ့ ... မေးစရာလား၊ လိုက်မှာပေါ့"

"အဲဒါဆိုလည်း ရှင်းခန့်ကိုပါ အပါခေါ်ခဲ့ပါလားဟယ်"

ဝသုန်က မိုင်မိုင်ကို ခေါ်တော်ပါးခိုင်းလျှင် မိုင်မိုင်သည် မျက်နှာကိုမဲ့လိုက်ကာ ခေါင်းကိုယမ်းရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဆော်စမ်းပါဟယ်၊ အဲဒီ ရှင်းခန့်ဆိုတဲ့ ကောင်စုတ်ကလေ ဘယ်သောအခါမှ Show ပွဲတွေ သွားတာမဟုတ်ဘူးဟဲ့၊ သူ့ကို Show ပွဲပါအောင် ခေါ်မယ့်အစား ကျားမြီးပဲ ပြေးဆွဲချင်တယ်၊ အဲသလောက် ခေါ်ရခက်တာ"

"အဲဒါက သူ့ရဲ့ထူးခြားတဲ့ စတိုင်လ်လေးပေါ့ဟဲ့"

စွတ်ကို အမှုမ်းတင် ချီးမွမ်းခန်းဖွင့်နေသော နှင်းစံကိုကြည့်ကာ အမြင်ကတ်လာသဖြင့် မိုင်မိုင်သည် ပခုံးတစ်ချက်တွန့်လိုက်ရင်း လှမ်းပြောလိုက်သည်။

"အမယ်လေး ... စွတ်ချီးမွမ်းမနေနဲ့၊ ကိုယ်တော်က အခုရည်းစားရနေပြီ၊ ရှင်တို့တွေ မျှော်မနေနဲ့တော့"

"ဟယ် ... ဘယ်သူလဲ ... ဘယ်ကလဲ၊ ဘယ်တုန်းကဖြစ်သွားတာလဲ"

မရွှေရည်တို့ရဲ့ အဲသည့်လဲ,ပေါင်းများစွာ မေးခွန်းတွေကို ဖြေပေးဖို့ ချောင်းတစ်ချက် ဟန့်လိုက်ပြီးမှ ဖြေပေးလေသည်။





"သူ့ချစ်ချစ်က MC ကတဲ့၊ နာမည်က သာယာလင်းစက်တဲ့၊ ငါသိသလောက်တော့ သာယာက ဟိုကောင့်ကို အဖြေမပေးရသေးဘူး၊ ဒါပေမဲ့ သေချာတယ်နော်၊ သိပ်မကြာခင်မှာပဲ သူတို့နှစ်ယောက် တရားဝင်ရည်းစားဖြစ်တော့မှာ"

"ဟယ် ... သွားပါပြီ၊ မျှော်လင့်ချက်တွေတော့ ပျက်စီးပါပြီ"

ချက်ချင်းကြီးကို ညှိုးသွားသော ရွှေရည်တို့ရဲ့မျက်နှာတွေကို ကြည့်လိုက်ပြီး နှာခေါင်းတစ်ချက် ရှုံ့လိုက်ကာ ...

"နင်တို့ကလည်းဟယ် ရုပ်တွေကိုက ဖြစ်ပျက်နေတာကြည့်ဦး၊ နင်တို့မို့လို့ အဲဒီ ရှင်းခန့်ကို ကြွေနေ၊ ဘာကြွေစရာရှိလို့လဲ၊ အမယ်လေး ... ယောက်ျားကြီးတန်မယ့် ပစ်ပစပ်ကလည်း များပါဘိ၊ အသန့်အပြန့်ကြိုက်တာလည်း သူ့အပြင် မရှိဘူး၊ နောက်ပြီး ရှိသေးတယ်၊ ဇိဇာကလည်း ကြောင်ပ ၊ အဲဒါကြီးကို နင်တို့မို့လို့ ခိုက်တယ် ...

ငါဆို စိတ်ပျက်လွန်းလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဪ ... နင်ကတော့ ကြိုက်မှ မကြိုက်တာ၊ ပြောတာပေါ့၊ ဟင်း ... ရှင်းခန့်လေးသာ လိုင်စင်ရသွားရင်တော့ ငါတို့ broken heart ဖြစ်ပြီ"

လာနေသော ရွှေရည်ရဲ့ပခုံးကို ဖျတ်ခနဲရိုက်လိုက်ပြီးမှ မိုင်မိုင်သည် အိတ်ကိုလွယ်လိုက်ပြီး ...

"ကဲပါ ... ကွဲတာတွေ မကွဲတာတွေထားခဲ့၊ အခု ရန်ကင်းစင်တာသွားမယ်၊ ပြီးရင် YKKO မှာ ကြေးအိုးသွားဆွဲမယ် ...

လိုက်ချင်ရင် မြန်မြန်လာ၊ နောက်ကျတဲ့ခြေထောက် သစ္စာဖောက်ပဲ"

မိုင်မိုင်က ရှေ့မှခပ်သွက်သွက်ထွက်ကာ ကားပါကင်ဆီသို့ လျှောက်သွားလျှင် နောက်မှ တစ်အုပ်စုလုံး လိုက်လာကြသည်။ မိုင်မိုင်တို့ သူငယ်ချင်းအုပ်စုတွေကတော့ အဲသည်လိုပဲဖြစ်သည်။ ဘယ်သွားကြမယ်ဟောလို့ စကားစတာနဲ့ တစ်ခါတည်းလိုက်ဖို့ Ready ပင်ဖြစ်နေကြသည်။ မိုင်မိုင်၊ ရွှေရည်၊ ဝသုန်နှင့် နှင်းဝေ





တို့ လေးယောက်သည် ဆယ်တန်းကတည်းက အတွဲညီညီတွဲလာကာ အခုအချိန်ထိ မခွဲအတူရှိနေကြတုန်းပင်ဖြစ်သည်။ YUFL မှာ E မေဂျာအဓိကတက်နေသော မိုင်မိုင်တို့လေးယောက်ကိုဆို စွာတေးမတွေ၊ ရှပ်ပလာမတွေ၊ ခင်ကြီးကျယ်တွေ စတဲ့ အမည်နာမတွေပေးကာ မိုင်မိုင်တို့က E မေဂျာရဲ့ ကွင်းလေးယောက်လည်းဖြစ်သည်။ ကွင်းဆိုသည်မှာ အလွန်ချော အလွန်လှ၍ အဲသည်ဘွဲ့ ရခြင်းမဟုတ်ပါ။ မိုင်မိုင်တို့လေးယောက်ရဲ့ အနားသို့ ကပ်လာသမျှ ဘဲတွေ အားလုံးကို Lesson မျိုးစုံပေးပြီးမောင်းသဖြင့် ဘဲတွေက လန့်ပြေးကာ မိုင်မိုင်တို့ကိုကြောက်၍ ကွင်း၊ ကွင်းသွားသောကြောင့် ဖြစ်ပါသည်။

"ဪ ... ဟဲ့၊ ပြောရဦးမယ်၊ ငါတို့အဖွဲ့ထဲမှာ ငါအရင်စွံတော့မယ်နဲ့တူတယ် ... ဟီ ... ဟီ"

ကြေးအိုးစားနေရင်းကမှ အမှတ်မထင် ကြားလိုက်သော ဝသုန်ရဲ့စကားကြောင့် မိုင်မိုင်တို့တွေ မျက်လုံးတောင်ပြူးသွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ဘာဖြစ်လို့လဲ"

ရွှေရည်က မေးလိုက်လျှင် ဝသုန်က ရှက်ပြုံးလေး အသာပြုံးလိုက်ကာ တူကိုအသာချရင်း ပြောပြလေသည်။

"မေမေက ငါ့ကို ရဲထွန်းဦးဆိုတဲ့သူနဲ့ စေ့စပ်ပေးတော့မှာ ဟဲ့၊ သူက အရမ်းလည်း ငါ့ကို ချစ်တယ် ကြင်နာတယ် ဆိုတော့"

"အဲဒါနဲ့ပဲ သူ့အကြင်နာရေစီးမှာ မျောသွားတယ်ပေါ့"

"အေး ... ဟုတ်သလိုလိုပဲဟ"

"အဲ ... ကြည့်ဦး၊ ရှက်နေတဲ့ အိုက်တင်က၊ အေးပါ နင် ကြိုက်တယ်ဆိုရင်တော့ ငါတို့ကလည်း သဘောတူပေးတာ ပေါ့ ...

မိတ်ဆက်ပေးဦးနော် ဝသုန်"

ဝသုန်က ခေါင်းလေး အသာဆတ်ပြလေသည်။ အချစ်နဲ့တွေ့သွားရင် လူ့ရဲ့စိတ်တွေဟာ အလိုလိုကို ပျော့ပျောင်း နူးညံ့သွားတာလား။ အချစ်ဆိုတာကြီးကို လုံးဝကိုမမြင်ဖူးမတွေ့ ဖူးပါသော မိုင်မိုင့်ကတော့ တကယ် အချစ်နဲ့နဖူးတွေ့ဒူးတွေ့





တွေ့လာရင် ဝသုန်လို့ပဲ ဖြစ်နေမှာလား။ ဘယ်လိုပဲဖြစ်ဖြစ် မိုင်မိုင်ကတော့ အချစ်ဆိုတာကြီးနှင့် ထိပ်တိုက်ကို ရင်ဆိုင်တွေ့ ကြည့်လိုက်ချင်ပါသေးသည်။

အဲသလိုဆို မိုင်မိုင့်စိတ်တွေ ဘယ်လိုဖြစ်ကုန်မလဲ။ သိချင်လိုက်တာ။

✻ ✦ ✻



www.burmeseclassic.com

www.burmeseclassic.com



ရှင်းခန့်သည် သာယာရဲ့မျက်နှာလေးကို တစိမ့်စိမ့် ကြည့်နေရင်းကမှ အချစ်စိတ်တွေ တသိမ့်သိမ့် လှိုက်တက်လာသလိုကို ခံစားရလေသည်။ ဘာလို့များ သာယာ့ကို သူ ဒီလောက်ချစ်မိသလဲ ဆိုတာတော့ သူလည်း တိတိပပ မပြောတတ်ပါ။ ဒါပေမဲ့ သာယာ့ကိုတွေ့တိုင်း သူ့ရင်တွေခုန်လာတာတော့ အမှန်ပင်။

"လူကို ဘာလို့ ဒီလောက်တောင် ကြည့်နေရတာလဲ ရှိုင်းရဲ့"

မျက်စောင်းလေးချီပြီး တိုးသက်သက်လေး ပြောလိုက်လျှင် သူ့ရဲ့ရင်တွေသည် တဒုတ်ဒုတ်နှင့်ခုန်နေကာ လက်တွေတောင် အေးစက်သွားသလို ခံစားရပါသည်။ အထူးသဖြင့် သာယာက သူ့ကို ဘယ်သူနှင့်မှမတူပါဘဲ "ရှိုင်း"လို့ခေါ်လိုက်လျှင် သူ ဘယ်လိုကြည်နူးမှန်းကို မသိပါ။ ကိုယ့်ကို ထူးထူးခြားခြားနာမ်





စားခေါ်လျှင် မှတ်မိနေတတ်သော ထုံးစံအတိုင်း သာယာကလည်း သူ့ကို ဘယ်သူနှင့်မှမတူအောင် တမူထူး စွာ "ရှိုင်း"လို့ခေါ်တာကိုက သူ့အတွက်တော့ မိုးကောင်းကင်ကို ခေါင်းနှင့်ပြေးဆောင့်ချင်စိတ်ကို ပေါ်ပေါက်လာလောက်အောင်ကို စွမ်းဆောင်ပေးလေသည်။

"ရှိုင်း ... မေးနေတယ်လေ"

"အရမ်းလှလို့ ငေးကြည့်နေရတာပေါ့ သာယာရဲ့"

သာယာက ပိုပြီဟူသော သဘောဖြင့် မျက်စောင်းလေးချီလိုက်လျှင် သူက အသာပြုံးလိုက်လေသည်။ သာယာက တကယ်ကိုပင် လှပါသည်။ ခါးထိရှည်အောင် ဝဲဖြာလှပနေသော ဆံနွယ်ရှည်လေးများနှင့် ပန်းတင့်စွာ လှပ၍ ကျက်သရေရှိသော မျက်နှာလေးသည် R ဇာနည် ဆိုသော "ဂန္ထဝင်ဆည်းဆာ"သီချင်းထဲကလိုပဲ သာယာက လှနေပါသည်။

"ရှိုင်း ... မနေ့က tutorial ဖြေနိုင်ရဲ့လားဟင်"

"ဖြေနိုင်ပါတယ် သာယာရဲ့၊ သာယာ ... ကိုယ့်ကိုအဖြေ ပေးတော့လေကွာ"

"ဟင်း ... ဘယ်လိုဖြစ်ပြီး စကားကလမ်းလွဲသွားတာလဲ ဖြည်းဖြည်းပေါ့ ရှိုင်းရဲ့"



www.burmeseclassic.com

www.burmeseclassic.com



သာယာကတော့ ခြေပြုကွာ ဆိုသော အကြည့်မျိုးဖြင့်ကြည့်ကာ ခေါင်းတစ်ချက်လောက် ကုတ်ပြီးမှ ...

"ဒါဆို ဘယ်လောက် စောင့်ရဦးမှာလဲဟင်"

သူ့ရဲ့ညည်းညည်းညူညူအမေးကို သာယာက အေးချမ်းကြည်လင်စွာ ပြုံးပြကာ နူးညံ့ရီဝေသော မျက်ဝန်းလေးဖြင့် ကြည့်လိုက်ပြီးမှ ခပ်တိုးတိုးလေး သူ့ကိုပြောလေသည်။

"ချစ်တယ်လို့ ပြောဖို့က လွယ်ပါတယ် ရှိုင်းရဲ့၊ ချစ်ပြီးမှ အကြောင်းတစ်ခုခုကြောင့် ပြတ်သွားခဲ့ရင် သာယာတို့ မိန်းကလေးတွေကပဲ သိက္ခာကျမှ၊ ဒါကြောင့် အဖြေမပေးခင်မှာ သေချာလေ့လာစဉ်းစားမှ တော်ကာကျမှာလေ၊ ချစ်တယ်ဆိုရင် ဒီလောက်တော့ စိတ်ရှည်မှပေါ့"

သာယာ့ကို သူချစ်တာ အဲဒါတွေကြောင့်လည်းပါသည်။ ဘယ်တော့မဆို ဘာလုပ်ပဲလုပ်လုပ် ဂုဏ်သိက္ခာ၊ မာနဒါတွေကို ရှေ့တန်းတင်ကာ စဉ်းစားပြီးမှ ချင့်ချိန်လုပ်တတ်သော စိတ်ဓာတ်လေးသည် (သူ့အတွက်တော့) တစ်မျိုးချစ်စရာကောင်းလှပေသည်။





"စိတ်ကတော့ ရှည်ပါတယ်၊ အချစ်ကတော့ မအောင့်နိုင်တော့ဘူး"

ရှိုင်းခန့်က အဲသည်လိုလေး ပြောလိုက်လျှင် သာယာကြည်ကြည်နူးနူးလေး ပြုံးလိုက်ပြီးမှ ...

"ရှိုင်းကလည်းနော်၊ ဒါမျိုးလည်း ပြောတတ်တာပဲလား၊ မထင်ရဘူးနော်"

"အချစ်ကြောင့်လေ သာယာရဲ့၊ အချစ်ဆိုတာ လူတစ်ယောက်ရဲ့စိတ်ကို လုံးဝကိုနူးညံ့သွားအောင် လုပ်နိုင်တယ်လေ ..."

ကိုယ်ကလည်း သာယာကို ချစ်နေတော့ နူးညံ့တဲ့စကားတွေက အလိုလိုပြောတတ်တာပေါ့ ...

အဲဒါကြောင့်မို့ ကိုယ့်ကို မြန်မြန်လေး အဖြေပေးလိုက်ပါတော့နော်"

"ဩော် ... ရှိုင်းမလဲ ဒုက္ခနော်၊ ကဲပါ ... ဒီတစ်ခါတော့ ရှိုင်းဆန္ဒကို လိုက်လျောပါမယ်၊ ရှေ့တစ်ပတ် ကျူတိုရီယယ်ဖြေပြီးသွားရင် ရှိုင်းကို အဖြေပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... တကယ်နော် သာယာ"

သာယာက ချစ်စရာကောင်းစွာ ခေါင်းလေးညိတ်ပြလိုက်လျှင် ရှိုင်းက အပြစ်ကင်းစွာ ရယ်မောလိုက်ရင်း လက်မလေးနှင့် လက်ညှိုးလေးကို အဝိုင်းသဏ္ဍာန်လေးလုပ်ကာ အိုကေဟု ကျေနပ်စွာဆိုလေသည်။

ရှေ့တစ်ပတ် သောကြာနေ့ဆို သာယာဆီက သူ့အတွက်အဖြေကို ကြားရပေတော့မည်။ လာမည့်သောကြာနေ့အတွက် သူ့ရဲ့နှလုံးသားသည် လွန့်လွန့်လူးကာ သာယာ့ဆီကအဖြေလေးကို နားစွင့်နေမိပါသည်။

အို ... စိန်စီထားသော အနာဂတ်ကလေးရေ မြန်မြန်လာပါတော့။

✻ ✦ ✻





## ❦ ၂ ❦

မိုင်မိုင်သည် ရေမိုးချိုးပြီးသွားသည်နှင့် မျက်နှာကို ပြင်ဆင်ခြယ်သမှု စလုပ်တော့သည်။ မျက်နှာကို နို့ရည်နှစ်စက်၊ သုံးစက် ပွတ်လိမ်းလိုက်ကာ Two way cake ခပ်ပါးပါးရိုက်လိုက်သည်။ ပြီးလျှင်တော့ မိန်းမဝတ်တီရှပ် ခရမ်းပုပ်ရောင်ကို skinney jean အနက်ဖြင့် တွဲဖက်ဝတ်ဆင်ကာ ပန်ဆဲလ်ဟီးကိုစီး၍ ခပ်မိုက်မိုက် Gucci အိတ်ကိုလွယ်ကာ oversized မျက်မှန်ကြီးကြီး ဆင်လိုက်သည်နှင့် လုံးဝကိုပြီးပြည့်စုံသောအလှတို့ ရှိသွားတော့သည်။ ဆံပင်တွေကိုတော့ setting လုပ်ထားကာ အဲသည့်ခွေလိပ်လိပ် ဆံနွယ်တွေကို သည်အတိုင်း ဖြန့်ချထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြင်ဆင်မှုအဆုံးသတ်အနေဖြင့် Poison Dior ရေမွှေးကို ဆွတ်ဖျန်းလိုက်ကာ ကြည်လင်သောစိတ်တို့ဖြင့် အပြင်သို့ထွက်ရန်အတွက် အောက်ထပ်သို့ ဆင်းလာခဲ့တော့သည်။

"ဖေနဲ့ မေ ... မောနင်း"

"ဪ ... မီးမီး ဒီနေ့ သိပ်လှနေပါလား"

ဖေဖေက ချီးမွမ်းလိုက်လျှင် မိုင်မိုင်သည် နှလုံးပီတိဂွမ်းဆီထိသကဲ့သို့ ပျော်ရွှင်စွာဖြင့်ပင် ဖေဖေ၊ မေမေတို့နှင့်အတူ breakfast စားလိုက်သည်။

တစ်ဦးတည်းသော သမီးဖြစ်သူ မိုင်မိုင်သည် အချို့ချို့သော တစ်ဦးတည်းသော သမီးများလို ဂျစ်တိုက်ဆိုးတတ်သူမဟုတ်သောကြောင့် ဖေဖေ မေမေတို့က ပို၍ပင် မိုင်မိုင်ကိုချစ်ကြတာဖြစ်သည်။ သည်ကနေ့ အပြင်သွားမယ်ဆိုတဲ့ အကြောင်းကိုလည်း ဖေနှင့်မေကို ကြိုတင်ခွင့်ပြုမိန့် တောင်းထားသဖြင့် အေးဆေးပဲဖြစ်သည်။

"ဖေနဲ့ မေ ... မိုင်မိုင် သွားတော့မယ်နော်"

"ဟုတ်ပြီ ... မီးမီး ကားကိုဂရုစိုက်မောင်းနော်"





မိုင်မိုင်သည် ဖေဖေနှင့် မေမေကို နှုတ်ဆက်ပြီးနောက် ကားရှိရာသို့သွားကာ ကားမောင်းထွက်လာခဲ့သည်။ သည်ကားလေးဟာ မိုင်မိုင်ရဲ့ Favourite တွေထဲကတစ်ခုဖြစ်သည်။ မိုင်မိုင်ရဲ့ပြိုင်ကားအနီလေးဟာဆိုရင် အင်မတန်ကိုလှပကာ အမိုက်စားဒီဇိုင်းမျိုးလေးဖြစ်သည်။ သည်ကားလေးနှင့် အပြင်ထွက်လိုက်လို့ရှိရင် မိုင်မိုင်နှင့် ကားကို အရမ်းကို Match ဖြစ်တယ်ဟု လူတိုင်းကပြောလေ့ရှိသည်။ အဲဒါလေးကိုက တကယ့်ကို ဂုဏ်ယူစရာကောင်းပေသည်။

မိုင်မိုင်သည် ကားမောင်းလာရင်းကမှ ဖုန်းကမြည်လာသဖြင့် ဖုန်းပြောရသေးသည်။

"အင်း ... ရွှေရည်ပြော"

"........"

"အေးပါ ... အခု လာနေပြီ၊ ဒါပဲနော်"

မိုင်မိုင့်ကို ရွှေရည်တို့က မလာသေး၍ လှမ်းဖုန်းဆက်တာပဲဖြစ်သည်။ သည်နေ့မှာ ဝသုန်က သူမရဲ့ဘဲဘဲကြီးနှင့်မိုင်မိုင်တို့ကို မိတ်ဆက်ပေးမည်ဖြစ်သဖြင့် မိုင်မိုင်တို့က ဝသုန်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘဲဘဲကြီးကို စိစစ်အကဲဖြတ်ပေးရမည်ဖြစ်သည်။ လက်ချာပေးတဲ့နေရာမှာ ဆရာအထာကျသော မိုင်မိုင်တို့အုပ်စုမှာ အရင်ဆုံးဈေးဦးပေါက်သွားတဲ့ ဝသုန်ရဲ့ဘဲဘဲကြီးကိုလည်း ဝေဖန်ပေးရပေဦးမည်။

အတွေးနှင့်အတူ မိုင်မိုင်သည် ဝသုန်တို့နှင့် ချိန်းထားသော My Garden သို့ရောက်ပြီဖြစ်၍ ကားပါကင်ထိုးကာ ဆိုင်တွင်းသို့ ဝင်လာလိုက်သည်။ မိုင်မိုင် ရောက်သည့်အခါတွင်တော့ အားလုံးက လူစုံနေပြီဖြစ်သဖြင့် နည်းနည်းတောင် အားနာသွားသည်။

"အဟဲ ... ဆောရီးဟယ်၊ နောက်ကျသွားတာ အားနာလိုက်တာ"

"ရပါတယ် ... ရပါတယ်၊ ကဲ ... မိတ်ဆက်ပေးမယ်၊ မိုင်မိုင် ... ဒါ ငါ့ရဲ့မိတ်ဆွေ ကိုရဲထွန်းဦးတဲ့၊ ကိုရဲ ... ဒါ ဝသုန့်သူငယ်ချင်း မိုင်မဒီတဲ့"

အဲသည်လိုဖြင့် မိုင်မိုင်တို့သည် စားကြသောက်ကြဖြင့် ခင်မင်ရင်းနှီးသွားကြပြီး အိမ်အပြန်တွင်တော့ ရွှေရည်က





ကားမပါသောကြောင့် မိုင်မိုင်ကပင် လမ်းမကြုံပါသော်လည်း သက်သက်ကို ပြန်လိုက်ပို့ပေးလိုက်သည်။ ရွှေရည်ကို လိုက်ပို့ပြီး အိမ်အပြန်တွင်တော့ ပြဿနာကစတော့တာဖြစ်သည်။ မိုင်မိုင်ရဲ့ ချစ်ရပါသော ပြိုင်ကားလေးက တုံ့ဆိုင်းတုံ့ဆိုင်း ဖြစ်နေ၍ အသာ မှေးပြီး မောင်းနေစဉ်မှာ အနောက်က ကားတစ်စီးက မိုင်မိုင်ရဲ့ ကားလေးကို ဝင်ဆောင့်လိုက်လို့ပဲဖြစ်သည်။

အနောက်က ဝင်တိုက်ပြီဆိုသော အသိနှင့်အတူ မိုင်မိုင်သည် ကားပေါ်က ခပ်သွက်သွက်ဆင်းကာ ငါ့ကားဘာဖြစ်ပြီလဲဟု ကြည့်လိုက်သေးသည်။ မိုင်မိုင် တသသနှင့် တန်ဖိုးထားရပါသော ကားလေးသည် အခုချိန်မှာတော့ ဆေးတွေပွန်းကာ တော်တော်လေးတောင် ချိုင့်ဝင်သွားပြီး အကျည်းတန်သွားပေသည်။ အဲသည်လို ဖြစ်ပျက်သွားတာဟာ မိုင်မိုင် ကားကို နောက်ကနေ ဝင်တိုက်သူရဲ့ လက်ချက်ပင် ဖြစ်ပေသည်။ ဒေါသတကြီးဖြင့် ကားမောင်းသည့်ပုဂ္ဂိုလ်ကို ရန်တွေ့မည်အလုပ် ကြည့်လိုက်တော့ ကားမောင်းသူဟာ မိုင်မိုင်လိုပင် မိန်းကလေးပဲဖြစ်သည်။

"ကဲ ... ဒီကိစ္စ ဘယ်လိုရှင်းပေးမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



မိုင်မိုင်ရဲ့ ခပ်ဆတ်ဆတ်အမေးကို ထိုမိန်းကလေးကလည်း ချက်ချင်းပင် ပြန်ဖြေလေသည်။

"ကိုယ့်ကြောင့် ဖြစ်သွားတယ်ဆိုတော့ ကိုယ် အားလုံးပြန်လျော်ပေးပါ့မယ်၊ ဒါပေမဲ့ အခုလို တိုက်မိတာ ကိုယ့်တစ်ယောက်တည်း အပြစ်တော့ မဟုတ်ဘူးနော်၊ မင်းက ဒီလောက်ရှင်းနေတဲ့လမ်းမှာတောင် တွန့်ဆုတ် တွန့်ဆုတ် မောင်းနေလို့ အခုလိုဖြစ်တာ မင်းအပြစ်လည်းမကင်းဘူး"

"ဘာ ... ဘာပြောလိုက်တယ်"

အဲဒီအမျိုးသမီးရဲ့စကားဟာ မိုင်မိုင်ရဲ့ဒေါသတွေကို ငယ်ထိပ်အထိ တက်ဆောင့်သွားစေတော့သည်။ ဘာလဲ ... ဒီလို ရှင်းနေတဲ့ လမ်းသွယ်ထဲမှာ မိုင်မိုင့်ဘာသာ ဘယ်လိုပဲ မောင်းမောင်း သူနှင့်ဘာဆိုင်လဲ။ သူ့ဘာသာ ကျော်တက်သွားရင် ရတဲ့ ကိစ္စကို။

"ဒီမှာ ... ဒီကိစ္စမှာ ရှင့်ဘာသာရှင် ကားမောင်းမကျွမ်းဘဲ မောင်းလာပြီး ကျွန်မကားကို ဝင်ဆောင့်တာ ကျွန်မဘာသာ ဘယ်လိုပဲမောင်းမောင်း ရှင့်ဘာသာ ရှောင်သွားပေါ့၊ သူမမောင်းတတ်တာကျ ထည့်မပြောဘဲနဲ့"





"ဟား ... မင်းစကားပြောတာ ရင့်လှချည်လား၊ ကိုယ် မင်းရဲ့ကားကို ကောင်းသည်အထိ ပြန်ပြင်ပေးမယ်လို့ ပြောထားပြီးပြီ၊ မင်းက ဘာတွေကို မကျေနပ်နိုင်သေးတာလဲ"

မိုင်မိုင်သည် အဲသည့်အမျိုးသမီးရဲ့ မာကြောကြော စကားပြောပုံကြောင့် ပိုပြီးစိတ်တိုလာသည်။ ကြည့်စမ်း ... သူမဟာ တော်တော်လေးကို အမြင်ကတ်စရာကောင်းပါလား။ မြန်မာဆန်ဆန် အဝတ်အစားနှင့် ဆံပင်ရှည်ရှည် ယဉ်ကျေးသူအသွင်ဆောင်နေသော သူမဟာ တော်တော်ကို စကားပြောရင့်သီးပါလား။

"ကျွန်မ မကျေနပ်နိုင်ဘူး၊ ဒီကားက ကျွန်မရဲ့အကြိုက်ဆုံးကား၊ ဒါကို ရှင်က ဖျက်ဆီးလိုက်တဲ့အတွက် ရှင့်ကိုလုံးဝ မကျေနပ်ဘူး"

"မင်း ... ကျေနပ်အောင် ကိုယ် ဘာလုပ်ပေးရမလဲ မမေးဘူး၊ အေး ... ကိုယ့်တာဝန်က မင်းရဲ့ကားကို အကောင်းအတိုင်းဖြစ်သွားအောင် ပြန်လုပ်ပေးဖို့ မင်းကြိုက်တဲ့ဘော်ဒီ ရုံကိုသွား၊ ကျသလောက် ကိုယ်ရှင်းမယ်၊ အေး ... အဲဒါမှ မကျေနပ်သေးဘူး ဆိုရင်လည်း မတတ်နိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"တောက်"

မိုင်မိုင်သည် တောက်တစ်ချက်ကို ခပ်ပြင်းပြင်း ခေါက်လိုက်ပြီး သူမကို ဒေါသတကြီး ကြည့်လိုက်သည်။ သည့်နေရာက လမ်းသွယ်လေးမို့ လူကတော်တော်လေး ရှင်းပါသည်။ လူရှင်းကားရှင်းနေရာလေးမှာ သူမတို့နှစ်ယောက်ရဲ့ အခြေအနေတွေက ပိုလို့ ပိုလို့ တင်းမာလာချေသည်။

အဲဒီမိန်းမကိုတော့ လုံးဝကို မိုင်မိုင် မကျေနပ်နိုင်ပါ။ သူမဆီမှ မိုင်မိုင်ရဲ့ပျက်စီးသွားတဲ့ ကားအတွက် တန်ပြန်လျော်ကြေးကို သူမဆီမှ လိုချင်မိသည်။ ဒါကြောင့်ပင် မိုင်မိုင်သည် သူမကို စူးစူးစိုက်စိုက်ကြည့်လိုက်ပြီးမှ အကြည့်လွှဲလိုက်ကာ ကားပေါ်သို့ပြန်တက်ပြီး စက်နှိုးလိုက်သည်။

ခုနက တွန့်ဆုတ်ဆုတ်ဖြစ်နေသော မိုင်မိုင်ရဲ့ကားလေးဟာ တစ်ချက် နှစ်ချက် လီဗာလေးပုတ်လိုက်တာနှင့် ချက်ချင်းကြီးကို ကောင်းသွားသဖြင့် မိုင်မိုင်သည် အသာပြုံးလိုက်သည်။ မိုင်မိုင်ရဲ့အပြုအမူကို ဟိုမိန်းမကတော့ နားမလည်စွာ ကြောင်ကြည့်နေသည်။ မိုင်မိုင်သည် ကားကို ဘက်ခ်ဆုတ်လိုက်ပြီးမှ ထိုမိန်းမ





၏ဆလွန်းကားလေးကို သူမ ခုနက မိုင်မိုင့်ကားကို တိုက်သလိုပင် ပြန်တိုက်ချလိုက်ပြီး သူမကို မျက်ခုံးတစ်ချက် တွန့်လိုက်ပြီး လှမ်းပြောလိုက်သည်။

"ကျွန်မကားကို တိုက်လိုက်တဲ့အတွက် အကောင်းဆုံး လျော်ကြေးကို ပြန်ယူလိုက်တာ၊ ရှင့်ကားလည်း ကျွန်မကားနဲ့ သိပ်မခြားပါဘူး ကိုယ့်စရိတ်နဲ့ကိုယ် ပြင်လိုက်တော့ပေါ့ ... အိုကေ"

မိုင်မိုင်သည် လုပ်ချင်တာကို လုပ်လိုက်ရသဖြင့် အလွန်ကို ကျေနပ်မြူးတူးစွာဖြင့် သူမရှေ့ကနေ ကားမောင်းထွက်လာခဲ့တော့သည်။ ထိုအမျိုးသမီးတော့ ဘယ်လောက်တောင် ဆွေ့ဆွေ့ခုန် ကျန်ခဲ့လိမ့်လေမလဲ။

မိုင်မိုင် လိုချင်တာ အဲဒါပဲဖြစ်သည်။ ကိုယ့်ကိုထိလာရင် ပြန်လည်တုံ့ပြန်တတ်သော မိုင်မိုင်ရဲ့ဗီဇအတိုင်း ဟိုအမျိုးသမီးကိုတော့ လုပစွာ လက်စားချေခဲ့လိုက်ပြီဖြစ်သည်။

အဲသည့် မာကျောကျော ကြွပ်ဆတ်ဆတ် အမျိုးသမီးနှင့် မိုင်မိုင်သည် ဒီလိုပြဿနာတွေ မတက်ဘဲနှင့် အေးအေးချမ်းချမ်း



www.burmeseclassic.com

www.burmeseclassic.com



လေး တွေ့ဆုံခဲ့ပါလျှင် တော်တော့်ကို ခင်မင်ရင်းနှီးသွားသော သူငယ်ချင်းတွေတောင် ဖြစ်သွားနိုင်ပေသည်။ ဘယ်လိုစာတ်ကြောင့်မှန်းတော့မသိ။ မိုင်မိုင်သည် ထိုအမျိုးသမီးနှင့် နောက်ထပ်တစ်ကြိမ် ထပ်ဆုံလိမ့်ဦးမည်ဟု အရမ်းကို ယုံကြည်နေမိသည်။

မိုင်မိုင်သည် ကားလေးကိုတော့ ဖေဖေ့ရဲ့အသိဘော်ဒီရုံဆီ မောင်းချလာကာ အဲဒီမှာ အပ်ထားခဲ့ပြီးမှ အိမ်ပြန်ဖို့အတွက် ရှင်းခန့်ဆီကို ဖုန်းခေါ်လိုက်သည်။

"အင်း ... ပြော မိုင်မဒီ၊ ဘာတွေများ ခိုင်းဦးမလဲ"

အဲဒီအပြောလေးကြောင့် မိုင်မိုင်သည် ဘာမှမပြောနိုင်သေးဘဲနှင့် အသာပြုံးလိုက်မိသည်။ ရှင်းခန့်သည် အဲဒီလိုမျိုးဖြစ်သည်။ မိုင်မိုင့်ကိုဆို ခနဲ့တဲ့တဲ့ ရွဲ့တဲ့တဲ့စကားတွေ ပြောတတ်ပေမယ့် တကယ်တမ်းမှာတော့ အနစ်နာခံပေါင်းသူလေးဖြစ်သည်။

"ဟဲ့ ... ပြောလေ၊ မပြောဘဲနဲ့ ဘာလုပ်နေတာလဲ"

"သြော် ... အေးပါဟယ်၊ ဒါနဲ့ နင် အခု ဘယ်ရောက်နေလဲ"





"ငါက အခု လမ်းပေါ်မှာ၊ ဝေဇယန္တာ Orange မှာ လက်ဆောင်တစ်ခု လာဝယ်မလို့"

ဟယ် ... အဆင်သင့်လိုက်လေခြင်း။ မိုင်မိုင်ရောက်နေတဲ့ နေရာနှင့် သူသွားနေသည့် နေရာမှာ အတော်လေးကိုနီးစပ်နေတာပဲဖြစ်သည်။ မိုင်မိုင်သည် ပျော်ရွှင်စွာဖြင့် ရှင်းခန့်ကိုပြောလေသည်။

"ဟယ် ... ဒါဆို နင် ငါ့ကိုအရင်လာခေါ်ပါဟာ"

"နင်က ဘယ်ရောက်နေလို့လဲ"

"ငါက ဦးဘုးဘော်ဒီရုံမှာဟ၊ နင်နဲ့လည်း လမ်းသင့်နေတာပဲ၊ ငါ့ကိုလာခေါ်ပြီး Orange ကို အတူသွားမယ်လေဟာ နင် ဝယ်မယ့်ပစ္စည်းကိုလည်း ငါပဲ စပွန်ဆာပေးမယ်"

"အာ ... နေပစေမလိုဘူး၊ ငါ့ဘာငါဝယ်မယ်၊ ကဲ ... အခု ငါ လာခေါ်လိုက်မယ်ဟဲ့၊ အဲဒီမှာပဲ စောင့်နော်၊ ဟိုဆိုင် ဒီဆိုင် သွားထိုင်နေလို့ မတွေ့ရင် မစောင့်ဘူး Go မှာနော်"

"အေးပါ ... နင်ကလည်း နင်သာ မြန်မြန်လာ"



www.burmeseclassic.com

www.burmeseclassic.com



ရှင်းခန့်သည် ဘာမှဆက်မပြောတော့ဘဲ ဖုန်းချသွားသည်။ ငါးမိနစ်လောက်သာ စောင့်လိုက်ရပြီး နောက်တွင်တော့ ရှင်းခန့်က ရောက်လာလေသည်။ မိုင်မိုင်သည် ရှင်းခန့်ကိုပြုံးပြကာ ကားပေါ်သို့ တက်လိုက်သည်။

"ရပြီ ... မောင်းလို့ရပါပြီ"

မိုင်မိုင့်ရဲ့စကားအတိုင်း ရှင်းခန့်သည် ကားကိုမောင်းထွက်လာပြီးမှ မိုင်မိုင်ဘက်သို့ တစ်ချက်ငဲ့ကြည့်လိုက်ပြီးမှ ...

"ဒါနဲ့ နေစမ်းပါဦး၊ နင့်ကားက ဘာဖြစ်လို့လဲ"

"ဟင်း ... မပြောချင်တော့ပါဘူးဟယ်၊ ငါ့ကားကို ဆော်တစ်မွေ့ နောက်ကနေ ဝင်ကျုံးသွားတာလေ ...

စိတ်ညစ်ပါ့ကွယ် ... ငါ့ကားလေးကို ငါဘယ်လောက်ချစ်တယ်ဆိုတာ နင်လည်း အသိ၊ ခုတော့ ဟိုမိန်းမကြောင့် ဖြတ်ညှပ်ကပ် လုပ်ရတော့မယ်၊ တကယ် စိတ်တိုတယ်"

"အင်း ... ဖြစ်ရမယ်၊ ကဲပါ စိတ်တွေလျှော့လိုက်၊ ပြီးတော့ ငါ ဘာဝယ်ပေးရင် ကောင်းမလဲ ဆိုတာကို ဝိုင်းတွေးပေးညနေကျရင် နင့်ကို ကြေးအိုးလိုက်တိုက်မယ်လေ"



မိုင်မိုင်သည် ရှင်းခန့်ရဲ့ အဲသည့်အပြောလေးကို သဘောကျသွားပြီး ခေါင်းလေး အသာညိတ်ပြလိုက်သည်။ ပြီးတော့ ရှင်းခန့်ဝယ်မယ်ဆိုတဲ့ လက်ဆောင်ဟာ ဘယ်သူ့ကိုပေးဖို့ဆိုတာကို အထာနပ်စွာဖြင့် မိုင်မိုင်သည် သူ့ကို ယှမ်းမေးလိုက်သည်။

"ဘာလဲ ... နင် သာယာ့ကို ပေးမလို့မှတ်လား"

"အင်းဟ ... အခုလာမယ့် သောကြာနေ့ကျရင် သာယာက ငါ့ကို အဖြေပေးမယ်တဲ့၊ အဲဒါ သာယာ့ကို ချစ်သက်လက်ဆောင် ဘာပေးရင် ကောင်းမလဲဟင်"

မိုင်မိုင်က ရှင်းခန့်ကို အကြံပေးဖို့ တွေးနေစဉ်မှာ ရှင်းခန့်က ဝေဇယန္တာ Shopping Center ရဲ့ ကားပါကင်မှာ ကားကိုရပ်လိုက်သည်။ မိုင်မိုင်က တွေးနေရင်းနှင့်ပင် ကားပေါ်က ဆင်းလိုက်ကာ ရှင်းခန့်နှင့်အတူတူ ရှော့ပင်းပတ်နေရင်းက တစ်ခုကို သွားသတိရပြီး ရှင်းခန့်ရဲ့လက်မောင်းကို တစ်ချက်ရိုက်လိုက်ပြီးမှ ...

"အိုကေ ... ငါသိပြီ ရှင်းခန့်၊ နင် သာယာ့ကို ကြယ်ပုလဲလေး လက်ဆောင်ပေးလိုက်ပါလား၊ very romantic"

မိုင်မိုင်ရဲ့စကားကြောင့် ရှင်းခန့်သည် မှုန်ကုပ်ကုပ်နှင့် တစ်ချက်တွေးလိုက်ပြီး မိုင်မိုင့်ကိုကြည့်ကာ ...

"ဟဲ့ ... ဖြစ်ပါ့မလား၊ ကြယ်ပုလင်းဆိုတော့ တန်ဖိုးနည်းတော့ ..."

"ဟင် ... အချစ်မှာ ငွေတန်ဖိုးတွေ ထည့်တွက်မနေနဲ့လေ၊ မှတ်ထား ... ကိုယ့်ချစ်သူက အမြတ်တနိုးနဲ့ လက်ဆောင်ပေးတဲ့ပစ္စည်းဆိုရင် ကျောက်စရစ်ခဲဖြူလေးတောင် စိန်တုံးကြီးလို တန်ဖိုးထားတတ်ကြတာဟ၊ အဲဒါ မိန်းကလေးတွေရဲ့အချစ်ပဲဟဲ့"

ရှင်းခန့်သည် ခေါင်းလေးတဆတ် ညိတ်ပြလိုက်ပြီး မိုင်မိုင်ဝယ်နိုင်းသည့် ကြယ်ပုလင်းလေးကိုပဲ ဝယ်လိုက်တော့သည်၊

"မိုင်မဒီ ... နင့်ကိုယုံလို့ နင့်စကားအတိုင်း လုပ်လိုက်ပြီနော်၊ အဆင်ပြေပြီ ဆိုရင်တော့ နင်ကြိုက်တာလုပ်၊ ငါ စပွန်ဆာပေးတယ်"

ရှင်းခန့်စကားကြောင့် မိုင်မိုင်က လက်ညှိုးလေးထိုးလိုက်ရင်း တကယ်နော်ဟု မေးလိုက်လျှင် ရှင်းခန့်က ခေါင်းလေးအသာညိတ်ပြ၍ ...





"တကယ် ... နှစ်ကယ် ... သုံးကယ်"

"အိုကေ ... ကဲ သွားကြမယ်၊ နင် Lunch စားပြီးပြီလား"

ရှင်းခန့်က ခေါင်းအသာယမ်းပြလျှင် မိုင်မိုင်သည် သူ့ကို နေ့လယ်စားကျွေးချင်သည့် သဒ္ဓါစိတ်များ ပေါက်လာပြီး ...

"ဒါဆိုရင် ... လာ၊ ငါတို့ အောင်သုခမှာ ထမင်းသွားစားမယ်လေ၊ ငါ ဒကာခံပါ့မယ်"

"ဟာ ... ဒါဆိုရင်တော့ စားရတာပေါ့ဟာ၊ ဟဲ ဟဲ ... မိုင်မဒီ ... နင် ဒီနေ့ တယ်စိတ်ကောင်းဝင်နေပါလား"

"အောင်မယ် ... ငါကပဲ စိတ်ပုပ်မကြီး ကျနေတာပဲ၊ စေတနာပျက်အောင် မလုပ်နဲ့နော် ရှင်းရှင်းခန့်"

"ဟဲ ... ဟဲ ... အလကားစတာ၊ လာ သွားကြမယ်"

သွက်လက်တက်ကြွနေသော ရှင်းခန့်သည် မိုင်မိုင့်အတွက်တော့ ချစ်စရာသူငယ်ချင်းလေးပင် ဖြစ်ပေသည်။ အော်လိ ဘာရှပ်မိုးပြာရောင်ကို Levi's ဂျင်းပြာနှင့် ခပ်မိုက်မိုက် ဝတ်ဆင်ထားသည့် သူ့စတိုင်လ်ဟာ တစ်မျိုးတော့ ကြည့်ကောင်းလှသည်။ ရှင်းခန့်နှင့် မိုင်မိုင်သည် အောင်သုခမှာ ထမင်းဝင်ဆွဲပြီးနောက် ခန်းကိုပဲ ပြန်လာလိုက်ကြတော့သည်။

www.burmeseclassic.com



တစ်ခါတစ်ရံတွင်တော့ ရှင်းခန့်နှင့် မိုင်မိုင်သည် သိပ်ကိုချစ်ကြသည့် သူငယ်ချင်းတွေ ဖြစ်တတ်ပြီး တစ်ယောက်ကို တစ်ယောက် နားလည်မှုရှိကြသူများ ဖြစ်ပါသည်။

* ✦ *





## ၃

ကျူးတိုရီယယ် ဖြေအပြီးမှာတော့ သူဟာ နောက်အတန်းတွေ ဘာမှဆက်မတက်တော့ဘဲ သူ့ရဲ့နှလုံးသားရှိရာသို့ အပြေးသွားမိလေသည်။ ဆေးကျောင်းထဲရောက်တော့ သာယာရှိနေရာသို့ မသွားခင် သူ့ကိုယ်သူ ကားမှန်ဖြင့် တစ်ချက်ကြည့်လိုက်သေးသည်။ မြန်မာဆန်ဆန် လှပနေသော ကောင်မလေးတစ်ယောက်နှင့် ချစ်သူဖြစ်ဖို့အတွက် သူ့ရဲ့အသွင်အပြင်မှာ စွတ်လန်ထွက်နေမည်ဆိုရင် မလိုက်ဖက်မှာစိုး၍ ရိုးရှင်းသောစတိုင်လ်တစ်ခုဖြစ်အောင် နို့နှစ်ရောင်ရှပ်အင်္ကျီကို တံတောင်ဆစ်နားထိ လက်ခေါက်ဝတ်၍ Skinney ဂျင်းအနက်တစ်ထည်ဖြင့် သပ်သပ်ရပ်ရပ် ဝတ်ဆင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အင်း … ရှုပါမချုချာတဲ့ သူ့အတွက် သာယာရဲ့ချစ်စကားတစ်ခွန်းကတော့ စောင့်မျှော်နေပါလိမ့်မည်။

သူသည် ခပ်မြူးမြူးအတွေးဖြင့် သာယာရှိရာသို့ လျှောက်လာခဲ့သည်။ သူ့ကိုမြင်လျှင် သာယာက ရှိုးတိုးရှန့်တန်းလည်း ဖြစ်မနေဘဲ အေးချမ်းနွေးမြသော အပြုံးလေးနှင့် ပြုံးပြကာ …

"ဖြေနိုင်တယ်မဟုတ်လား ရှိုင်း"

"အင်း … အေးဆေးပါ သာယာရဲ့၊ သာယာကော ဖြေလို့ပြီးသွားပြီလား"

"မပြီးသေးဘူး ရှိုင်းရဲ့၊ နောက်တစ်ချိန် ကျန်သေးတယ်"

"ရပါတယ် … ကိုယ် စောင့်နေပါ့မယ်"

သူက ဘာဆိုလိုက်တယ်ဆိုတာ အထာပေါက်သော သာယာက ပြုံးသလိုလိုလေး လုပ်လိုက်ပြီးမှ …

"မစောင့်နဲ့တော့၊ ဒီနေ့ သူငယ်ချင်းက မွေးနေ့ကျွေးမှာမို့လို့ ကျူတိုရီရယ် ဖြေပြီးတာနဲ့ တစ်ဆိုင်ဆိုင်သွားကြမှာ ရှိုင်းရဲ့"





"ဟာ … ဒါဆို … သာယာ ပြောထားတာ မေ့နေပြီလား ဟင်"

သူ့အပြောကြောင့် သာယာက မျက်စောင်းနနတစ်ချက်ထိုးကာ အိတ်ထဲက စီဒီလေးတစ်ချပ်ကိုထုတ်၍ သူ့ကို လှမ်းပေးလိုက်ပြီး …

"သာယာက ကတိပေးပြီးရင် ဘယ်တော့မှ ဖျက်လေ့မရှိဘူး၊ ရော … ရှိုင်းအတွက်၊ ကဲ … သွားပြီနော် …

Good luck "

သာယာက သူ့လက်ထဲသို့ စီဒီခွေလေးကို ထည့်ပေးသွားကာ သူ့ရှေ့ကသုတ်သုတ်၊ သုတ်သုတ်နှင့် ထွက်သွားလေသည်။ သူကတော့ သာယာ ဘာလုပ်သွားတာပါလိမ့်ဟု တွေးကာ အူကြောင်ကြောင်ဖြင့် ကားဆီသို့ ပြန်လာကာ သာယာရဲ့ စီဒီခွေလေးကို ဖွင့်လိုက်သည်။ စီဒီထဲမှ တစ်ပုဒ်တည်းပါသော သီချင်းမှာ ချစ်သုဓေ သီဆိုထားသော အဖြူရောင်လေးပါဆိုသော သီချင်းပင် ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



"လေပြည်များက သယ်ဆောင်လာတဲ့ xxx အညိုရောင်တိမ်တွေဟာလည်း xxx အရင်တစ်ချိန်က xxx လူမမြင်ခဲ့တဲ့ ရေမွှေးလေးတစ်စက်ကွယ် xxx ငါ မာနကြီးနေတယ်ဆိုတာလည်း xxx တိမ်တွေလို ရေလို့ပါပေါ့ xxx

ဒီရင်ခွင်ထဲ xxx နင် လာဝင်ကြည့်လှည့် xxx အဖြူရောင်လေးပါကွယ်"

သီချင်းကို အစအဆုံးနားထောင်ပြီးသောအခါ သူ့ရင်ထဲမှာ အတိုင်းမသိ ငြိမ်းချမ်းသွားတော့သည်။ သာယာက သူ့ကို twist လေးသုံးပြီး အဖြေပေးလိုက်တာဖြစ်သည်။ ချက်ချင်းပင် သာယာရဲ့ဖုန်းလေးကို ဆက်ကြည့်တော့ ဖုန်းကပိတ်ထားလေသည်။

ဒါပေမဲ့ အလွန်ကျေနပ်သောစိတ်ဖြင့် သူသည် မိုင်မဒီဆီသို့ မောင်းထွက်လာခဲ့တော့သည်။ သာယာကို လက်ဆောင်အဖြစ်ပေးဖို့ ရည်ရွယ်ခဲ့သော ကြယ်ပုလင်းလေးကိုတော့ မနက်ဖြန်တွေ့မှပဲ ပေးဖို့ဆုံးဖြတ်လိုက်တော့သည်။





ရှင်းခန့်သည် ကျောင်းကိုပဲ ပြန်မောင်းလာခဲ့ပြီး မိုင်မဒီတို့ စတည်းချရာ ကန်တင်းဆီသို့ အပြေးအလွှား လာလိုက်တော့သည်။ သူ ရောက်လာတာကိုမြင်လျှင် မိုင်မဒီက ဘယ်လိုလဲဆိုပြီး မေးဆတ်ပြသည်။ သူက ခုံတစ်ခုံဆွဲယူကာ မိုင်မဒီအား ဝင်ထိုင်၍ ...

"ရတာပေါ့ မိုင်မဒီရ၊ ရှိုင်းရှင်းခန့်မဲဟာ၊ ကဲ ... ဒီတော့ နင် ဒီနေ့စားသမျှကို ငါတာဝန်ယူတယ်"

"အေးပါ ... ဟဲ့ ... ဒါနဲ့ နင်က အဖြေရပြီးတာနဲ့ ဒီတိုင်းတန်းပြန်လာသလား၊ နည်းနည်းပါးပါးတော့ အခိုခဲ့ဦးမှပေါ့ဟဲ့"

မိုင်မဒီက ဂိုက်အပြည့်ဖြင့် ပြောပုံကို သူက ခပ်မှဲ့မှဲ့ ရယ်လိုက်ကာ ...

"ဟား ... ဟား ... တော်းမကလည်း ပိန်းလိုက်တာ၊ ဒီနေ့ပဲအဖြေရ ဒီနေ့ချက်ချင်းကြီးတော့ သာယာက ပေးအိမလား ဟ၊ အချိန်တော့ စောင့်ရမှာပေါ့၊ နေစမ်းပါဦး၊ နင့်ကို ငါ ဘော်ဒါ ဘုန်းမြတ်ကလိုက်တဲ့ဥစ္စာ နင်က အပြတ်လက်ချာတွေ ရိုက်ပြီး မောင်းလိုက်တယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com



ဟဲ့ _ ရှင်းခန့် အစုတ်ပလုတ်၊ နင်က နင့်ကိစ္စကို လာအြားတာလား၊ နင့်ယောက်ဖကို ငါ ကစ်လိုက်တဲ့ကိစ္စကို စာရင်းလာရှင်းတာလား ... ဟမ်”

မိုင်မိုင်က ရှုံ့မဲ့မဲ့ဖြင့် ဟောက်စားလုပ်လိုက်မှ သူက ဟက်ခနဲ တစ်ချက်ရယ်ကာ ...

“ဆောရီး ... နင့်ကိုမြင်ရင် နင့်နောက်ဆက်တွဲဖယားတွေကို ပြေးမြင်မိလို့ လွှတ်ခနဲ ပြောလိုက်တာပါဟာ”

“သွားစမ်းပါဟာ ဘာဖယားလဲ၊ ဟဲ့ ... တစ်လက်စတည်း ပြောလိုက်ဦးမယ်၊ နင့်သူငယ်ချင်း ဘုန်းမြတ်ကောင်းကင်ကို ပြောလိုက်၊ ငါ့ကို လာမပတ်သက်နဲ့လို့၊ သူ့ရဲ့ဒိတ်အောက်ဗျူပြာသိုးကြီးတွေကို လုံးဝအနုန်းမစားဘူး၊ ဒါတောင်နော် နင့်မျက်နှာရှိနေလို့ အဲဒီအကောင်ကို နှစ်ကျပ်ကွက်လောက်ပဲ ပညာပြလိုက်တာ၊ တခြားသူတစ်ဦးဆို ငွမ်းသွားဦးမယ်”

ဒိုင်အသစ်တွေဖွင့်ကာ ပွစိပွစိ ပေါက်ပေါက်ဖောက်နေသော မိုင်မဒီကိုကြည့်ကာ အသာရယ်မောလိုက်ပြီး ...



“အေးပါ ... အေးပါ မိုင်မဒီရာ၊ ငါပြောထားလိုက်ပါ့မယ်၊ ကဲ ... ငါအိမ်ပြန်တော့မယ်၊ နင်ကော”

“တော်ပြီ ... နင်နဲ့ပဲ ပြန်လိုက်တော့မယ်၊ အဲဒီကားကိစ္စကို စဉ်းစားမိတိုင်း ဟိုမိန္မာမကို တစ်စစီကို ဆွဲစုတ်ပစ်လိုက်ချင်တယ်၊ နောက်တစ်ခါ သူနဲ့ထပ်တွေ့လို့ကတော့ အဲဒီမိန်းမကို စိစိညက်ညက်ကြေအောင် ချေပစ်လိုက်ဦးမယ်”

ဘယ်တော့မဆို ပြဿနာတစ်ခုတက်ပြီးရင် အဲဒါကိုပဲ အစဲမကြေစွာ မြည်တွန်တောက်တီးနေသော မိုင်မဒီအကြောကို သိပြီးသောသူက ဘာမှမဖြစ်သလို ပခုံးတစ်ချက်တွန့်လိုက်ပြီး ကားသော့ကို အသာဖေ့ယမ်းကာ ...

“ကဲပါဟာ ... လာပြန်ကြမယ်၊ သွားစို့”

မိုင်မဒီနှင့် သူထွက်သွားပြီး ကားဆီအလာမှာတော့ သူ့သူငယ်ချင်းတစ်စုက ဘုမသိဘမသိနှင့် စွတ်အော်နေကြ၍ သူ့မှာ အသည်းအသန် တားရသေးသည်။ သူ ဘယ်လိုပဲ ရှင်းပြရှင်းပြ သူ့ဘော်ဒါတွေကတော့ မိုင်မဒီနှင့် သူ့ကို ဘာညာဘာညာဟု ထင်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... ကြီးပွားချမ်းသာနေတယ်ပေါ့လေ၊ မင်း ချစ်ချစ်လေးကို မိတ်ဆက်ပေးဦးလေ"

ထူးကျော်က လှမ်းနှောက်လိုက်လျှင် မိုင်မဒီကတော့ ဘာမှမဖြစ်သလို တည်တည်လေးနေပေမယ့် သူကတော့ ပြုံးပြုံး ပျာပျာပုံစံဖြင့် ...

"ထူးကျော် ဘာတွေ လျှောက်ပြောနေတာလဲ၊ ကဲ ... သွားပြီကွာ၊ See U "

ထူးကျော်တို့ကို လှမ်းဟောက်လိုက်၍ သူတို့ကတော့ ကားဆီသို့ လျှောက်သွားကာ ကားပေါ်သို့တက်လိုက်ပြီးမှ မိုင်မဒီကို တောင်းပန်ရသည်။

"ဆောရီးပါ မိုင်မဒီရာ၊ ငါ့ဘော်ဒါတွေက ပြောင်တွေဆိုတော့ အလကား လျှောက်ပြောနေကြတာ၊ စိတ်မဆိုးပါနဲ့ဟာ"

သူ့အပြောကြောင့် မိုင်မဒီက နားလည်မှုရှိစွာ ပြုံးပြပြီး ပခုံးတစ်ချက် တွန့်လိုက်ကာ ...





"Nevermind, this man နဲ့ this lady ဘာမှ ဆောရီးလုပ်စရာ မလိုပါဘူးဟာ၊ ကဲ ... မောင်းတော့"

မိုင်မဒီရဲ့နားလည်မှုရှိသော အပြုံးကြောင့် သူက ခေါင်းတစ်ချက် ဆတ်ပြပြီး ကားမောင်းထွက်လာခဲ့တော့သည်။ သူနှင့် မိုင်မဒီတို့က ခြချင်းကပ်နေသူတွေ ဖြစ်ပေမယ့် သိပ်ပြီး တပူးပူးတတွဲတွဲ မနေဖြစ်ကြပါ။ တစ်ခါတစ်ရံဆို သိမ်တောင် အကြောတည့်ကြသူတွေ မဟုတ်ပေမယ့် အရေးကြီးကိစ္စတွေမှာဆိုရင်တော့ ဘယ်လောက်ပဲ မတည့်မတည့် တကယ်အရေးကြီးပြီဆို ကျောချင်း အလိုလိုကပ်မိလျက်သား ဖြစ်ဖြစ်သွားတတ်ပါသည်။

မိုင်မဒီကို ဟိုစပ်စပ် ဒီစပ်စပ် ပါတတ်တာ၊ နေရာတကာကို သူနှင့်ဆိုင်ဆိုင် မဆိုင်မဆိုင် ဝင်ဝင်စပ်စုတတ်တာ၊ အစ်ခနဲဆို လက်ပါလာတတ်တာတွေကလွဲ၍ ကျန်တဲ့အချက်လေးတွေက သူနှင့်တူနေသောကြောင့် သူတို့တွေ အခုလို ခင်မင်နေကြတာပဲ ဖြစ်လိမ့်မည်။ ဒါပေမဲ့ ပရဟိတလုပ်ငန်းတွေမှာဆို သက်မနေးတတ်သည့် မိုင်မဒီ့စိတ်ဓာတ်ကိုတော့ သူ အရမ်းချီးကျူးမိပါသည်။

www.burmeseclassic.com



တစ်ခါကဆို သူနှင့်မိုင်မဒီ ကွန်ပျူတာသင်တန်းက အပြန်လမ်းမှာ ကလေးတစ်ယောက် ကားနှင့်တိုက်မိတာကို သူမကပင် ကိုယ့်စရိတ်နှင့်ကိုယ် အစအဆုံး ကူညီပေးသည့်အပြင် အဲသည့်ကလေးနှင့် ဘော်ဒါတွေတောင် ဖြစ်သွားပြီး internet သွားပြီး counter သွားပစ်ရတာနှင့် ATT သွားကာ ရိုလာကိုစတာတို့ ပင်လယ်စားပြတို့ သွားစီးရတာနှင့် အမျိုးကို စုံနေတော့သည်။

တစ်ခါ တစ်ခါဆို သူ့ကိုတောင် ဖွတ်ချောဆွဲသွားတတ်သေးသည်။ တွေးလို့တောင် မဆုံးခင် မိုင်မဒီ့ဆီသို့ ဟိုချာတိတ်ရဲ့ဖုန်း ဝင်လာလေသည်။ သူက ဘာလို့ ချာတိတ်ဖုန်းလို့ အတပ်သိရသလဲဆို မိုင်မဒီက အဲဒီချာတိတ်ရဲ့ဖုန်းဆို ကလေးရယ်သံ ခိုးခိုးခစ်ခစ်ကို သီးသန့် ringtone လုပ်ထားသောကြောင့်ဖြစ်သည်။

"ဟိုင်း ... လပြည့် ဆို"

"........"

မိုင်မဒီက သူရှိနေတာတောင် ဂရုမစိုက်ဘဲ ခွက်ထိုးခွက်လန် တဟားဟား အော်ရယ်ပြီးမှ သူက မကြိုက်သောပုံစံဖြင့်





မျက်နှာကို ရှုတည်တည်ထားပုံကို တစ်ချက်ကြည့်ပြီးမှ ကိုယ်ရှိန်သတ်သွားကာ မျက်နှာပိုးသတ်သွားပြီးမှ ...

"အေးပါ ... အေးပါ၊ မမ လာခဲ့ပါမယ်"

"........"

"အိုကေ ... ကိုကြီးရှင်းခန့်ကိုပါ ခေါ်ခဲ့မယ်"

"........"

"ဟုတ်ပါပြီ ... တာ့တာ"

မိုင်မဒီက ဖုန်းပိတ်ပြီးသွားလျှင် သူက စူပွပွဖြင့် မြှင့်မိနေတုန်း မိုင်မဒီဘက်လှည့်ကာ စကားလှမ်းပြောသည်။

"ဟဲ့ ... ငါ့ကို ဘယ်တွေအပါခေါ်နေတာလဲ"

"ဟယ် ... ရှင်းခန့်ရယ်၊ စိတ်ကလေး ရှည်ရှည်ထားပြီး စကားပြောစမ်းပါ"

"အခုဟာက လပြည့်လေးရဲ့ ဆယ့်တစ်နှစ်ပြည့်မွေးနေ့မို့လို့ သူ့ရဲ့အရင်းနှီးဆုံး ဘော်ဒါတွေကိုဖိတ်ပြီးလုပ်တဲ့ ပွဲလေးကို နင်နဲ့ငါပါ သေချာဖိတ်ထားတာ၊ အဲဒါ အခု Sunday သွားမှာနော်"



www.burmeseclassic.com

www.burmeseclassic.com



ကျွတ်... သူစိတ်ပျက်တာ အဲဒါပဲဖြစ်သည်။ ခြောက်တန်းကျောင်းသားတစ်ယောက်ရဲ့ဘော်ဒါက YUFL တက္ကသိုလ်ကျောင်းသူဆို လူကြားလို့မကောင်းမှန်း သူမ မသိ။ အခုထိ ကလေးဗိုလ်များ သူ့ကိုယ်သူ ထင်နေလားမသိ။

ရှင်းခန့်သည် ခပ်တည်တည်ဖြင့် သူ့ကိုဟောက်ပစ်လိုက်သည်။

"မိုင်မဒီ ... နင်က အဲဒီမွေးနေ့ကို သွားဦးမလား"

"ဟဲ့ ... သွားရမှာပေါ့၊ လပြည့်လေးကို လာမယ်လို့ ကတိပေးထားပြီးသား၊ နင်ပါလိုက်ခဲ့ရမှာနော်"

ရှင်းခန့်သည် ကျစ်ခနဲ စုတ်သပ်လိုက်ပြီး အားမလို အားမရတွေဖြစ်ကာ မိုင်မဒီအား ဖိဟောက်တော့သည်။

"မိုင်မဒီရာ ... နင့်ကိုလေ ငါ စိတ်ပျက်တာ အဲဒါတွေ ဘယ့်နှယ် ဖိတ်တိုင်းသွားစရာလား၊ နောက်ပြီး အသက်အရွယ်ကိုလည်းကြည့်ဦး၊ ဟိုကလေးက ဆယ့်တစ်နှစ် နင့်အသက်က ဖင်ဆောင့်နေပြီ၊ အဲဒါ ဘော်ဒါတွေဆိုပြီး သွားဦးမယ်"





"ဟဲ့ ... ဘာမှမဆိုင်လိုက်တာ ရှင်းခန့်ရယ်၊ အသက်ကွာတာနဲ့ပဲ မခင်ရတော့ဘူးလား၊ နင့်အယူအဆတွေကလည်း ပိန်းလိုက်တာဟာ"

သူက ဆတ်ဆတ်ထိမခံ ပြန်ကာနေသော မိုင်မဒီကို ဘုကြည့်ကြည့်၍ ပျစ်ပျစ်နှစ်နှစ်ပြောမည့် စကားလုံး စဉ်းစားချိန်မှာပဲ နောက်ကားတွေက ဟွန်းတီးနေသဖြင့် မီးပွိုင့်စိမ်းနေပြီဆိုတာ သတိထားမိသွားပြီး ဘာမှဆက်မပြောတော့ဘဲ ကားကို ဆက်မောင်းထွက်လာခဲ့တော့သည်။ ဒါတောင် မိုင်မဒီက ကားပေါ်မှာ ဆင်းကာနီးမှာ ပြောသွားသေးသည်။

"ဟဲ့ ... နင် လိုက်ကိုလိုက်ရမှာနော် မှိုင်းရှင်းခန့်၊ မလိုက်လို့ကတော့ နင့်နဲ့ သာယာ့အကြောင်းကို အန့်တီမူ့ဆီ သတင်းပို့လိုက်ရုံပဲ"

ဟုဆိုကာ ကော့ကော့ ကော့ကော့နှင့် ခြံထဲသို့ဝင်သွားသည်။ သူ စိတ်ပျက်တာ အဲဒါတွေဖြစ်သည်။ မိုင်မဒီသည် သူလိုချင်တာကို မရတော့ဘူးဆိုပါက မီးရာလက်နက်လှမ်းဆွဲ၍ ရနိုင်အောင် အရယူတော့တာပဲဖြစ်သည်။ အဲဒီလို ဖိုက်တာမ

www.burmeseclassic.com



နှင့် ခြေချင်းကပ်လျက်နေ သူငယ်ချင်းတော်ရတာကိုက သူ့ရဲ့ မယောဝင့်ကြွေးတစ်ခုပဲဖြစ်သည်။ အခုလည်း ဟိုချာတိတ်ကလေး ရဲ့မွေးနေ့ပွဲကို သူ မလိုက်လျှင် သူမတစ်ခါမှ မမြင်ဘူးသည့် သာယာနှင့် ခြိမ်းခြောက်ကာ မေမေနှင့်တိုင်မည်တွေ လုပ်လာသည်

မေမေက သားကိုချစ်တတ်သည့် မိခင်များထဲတွင် ထိပ်ဆုံးမိုင်းက ပါဝင်ထားပြီး ရှင်းခန့်ကိုဆို ဘယ်ကောင်မလေး နှင့်မှ သဘောကျသည်မရှိပါ။ ကံကောင်းနေတာ တစ်ခု မေမေ့ရဲ့ ယုံကြည်မှုတွေကို အပြည့်အဝ ရရှိထားသူက ဟိုပေါက် ကျော်မ မိုင်မဒီပဲ ဖြစ်သည်။ မိုင်မဒီ့ကိုဆို သမီးအရင်းလေး ချစ်သော မေမေ့မျက်နှာကြောင့် သူကလည်း အတင်းကြီးကိုမိ သည်းခံနေရတာဖြစ်သည်။

အင်း ... ထူးတော့ ထူးဆန်းလှပေသည်။ ချစ်ခြင်း ဆိုကအဖြေကို ရထားတာ နာရီပိုင်းလောက်ပဲရှိသေးသော ကော ကလေးတစ်ယောက်အနေဖြင့် ရင်ခုန်ပျော်မြူးနေကာ ဖြတ်သန်း ရမည့် ချစ်သူသက်တမ်းတွေကို စိတ်ကူးယဉ်နေရမှာဖြစ်သည် အခုတော့ သူ့မှာ အဖြေရထားတာတောင် မေ့နေပြီး မိုင်မဒီ





တင်ပလေးနေရတော့သည်။ မိုင်မဒီသွားမှပဲ ချစ်ရသူကလေး သာယာ့အကြောင်းကို စဉ်းစားတွေးတောနေမိတော့သည်။

အချစ်ရဲ့အကြောင်းကို တွေးလိုက်သည်နှင့် သူ့ ခေါင်းသည် ရှိန်းမြလိုက်ဖိုကာ ဆွတ်ပျံ့ကြည်နူးသွားတော့သည်။ ပေါ်မှာ ရှိရှိသမျှ အဖြေရထားသော ချစ်သူများသည်လည်း ဆုံး သူ့လိုပင် ရှိန်းမြလိုက်ဖိုသလို ခံစားကြရမှာဖြစ်သည်။

သာယာဟာ ပထမဆုံးချစ်သူ အချစ်ဦးဖြစ်သည့် တွက် သူ့ရင်ထဲမှာတော့ သာယာ့ကို မိုးလောက်ကြီး ချစ်ပါ သည်။ ဒီထက်အများကြီးချစ်လို့ရလျှင်လည်း ချစ်ပစ်ပါဦးမည်။ ချစ်ဦးအပြင် အချစ်ဆုံးလည်း ဖြစ်ပါပေလိမ့်မည်။

✻ ◆ ✻



www.burmeseclassic.com

www.burmeseclassic.com



တစ်စင်းကို ကြည့်လိုက်ရသလို သာယာရဲ့မျက်နှာလေးသည် ဖူးသစ်လှပပါသည်။ ဆုတောင်းကောင်းတဲ့ သည်အပျိုစင်မိန်းက လေးရဲ့ ချစ်သူဖြစ်ရတာဟာ သူ သိန်း(၁၀၀၀)ထီပေါက်တာထက် အဆနှစ်ဆယ်လောက် ပို၍ပျော်ပါသည်။

သာယာက ပုတီးစိပ်ပြီးသွားသောအခါ သူ့ကိုနူးညံ့စွာ ပြုံးပြ၍ ...

"ရှင်း ... ခဏနော်၊ ဘုရားမှာ ရေသပ္ပာယ်လိုက်ဦးမယ်"

"အင်း ... ဒါပေမဲ့ ဒါက စနေထောင့်လေ သာယာရဲ့"

"အင်းလေ ... သာယာက စနေသမီးဟာကို"

"ဘယ်လို"

သာယာက စနေသမီးတဲ့။ သူ အရမ်းကိုပျော်သွားပါသည်။ ကြည့်စမ်း ... သူတို့နှစ်ယောက်ဟာ သေချာပေါက်ကို ဆောင်းဖက်ရမှာပါ။

သူ့ရဲ့ပြုံးစိစိမျက်နှာကြောင့် သာယာက ဘာပါလိမ့်ဆိုပြီး မေးဆတ်ပြကာ ...

"ဘာဖြစ်လို့လဲ ရှင်း"





## (၄)

သာယာနှင့် ချစ်သူဖြစ်ပြီး First date အနေ[illegible] သူတို့သွားဖြစ်သည်မှာ ရွှေတိဂုံဘုရားပဲဖြစ်သည်။ မြန်မာဆန်[illegible] သိမ်မွေ့နူးညံ့သော သူ့ချစ်သူရဲ့ဆန္ဒကို ဖြည့်ဆည်းပေးကာ ဘု[illegible] အတူတက်ကြရင်း ဆုတွေ တသီသတတန်းကြီး တောင်းဖြစ်သ[illegible] ကြိမ်ဖန်များစွာ လာခဲ့ဖူးသောဘုရားမှာ ချစ်သူနှင့်ယှဉ်တွဲ[illegible] ပိုပြီးအဓိပ္ပာယ်ရှိသလိုမျိုးကို ခံစားရလေသည်။ သာယာ့ကိုအ[illegible] ငေးနေမိသည်။

သူ့ရဲ့ချစ်သူ သာယာကို သူက ကိုယ့်ငါးချဉ်[illegible] ကိုယ်ချဉ်ခြင်းမဟုတ်ပါ။ ဘယ်တော့မဆို အေးမြနေသည့် [illegible]

www.burmeseclassic.com



"ဪ ... ကိုယ်က ဟိုသီချင်းလေးကို သွားသတိရမိသွားလို့ပါ သာယာရဲ့။ စနေနံနဲ့ ပေါင်းဖက်ကြည့်တော့ သိပ်လိုက် ငါကဗုဒ္ဓဟူး ဆိုတာလေ၊ အဟဲ ... ကိုယ်ကဗုဒ္ဓဟူးသား"

သူ ဘာကိုဆိုလိုတယ်ဆိုတာ သာယာက သဘောပေါက်ပြီး အမျက်မပါသော မျက်စောင်းတစ်ချက် ထိုးလိုက်ကာ ...

"ကဲ ... ခဏစောင့်၊ ရေသွားသပ္ပာယ်လိုက်ဦးမယ်"

သာယာက ဘုရားမှာ ရေသွားသပ္ပာယ်ပြီးနောက်မှာတော့ သူတို့ဟာ ဘုရားကိုလက်ယာရစ်တစ်ပတ် လှည့်ပတ်ကာ ဘုရားပေါ်က ဆင်းလာကြတော့သည်။ ပြီးနောက်မှာတော့ ရှင်းခန့်တို့ Royal Garden မှာ Dim Sum ဝင်စားဖြစ်ကြသည်။ ဒင်ဆမ်းစားနေရင်းကမှ သူက သာယာရဲ့မျက်နှာကို တစိမ့်စိမ့်ငေးရင်း ...

"သာယာရဲ့ချစ်သူ ဖြစ်ရတာ ကိုယ် ကံကောင်းတာပဲသိလား။ ဘုရားတရားကိုင်းရှိုင်းပြီး စာတော်တဲ့ ချစ်သူလေးမျိုးရထားတဲ့ ကိုယ့်အတွက် သာယာနဲ့ချစ်နေရတာ ဘဝမြင့်ရတော့မယ်"





ရှင်းခန့်က heat တက်နေသော အချစ်တို့မွတ်သိပ်သည့် ခံစားချက်တို့ဖြင့် တိုးသွဲ့သွဲ့ ပြောလိုက်လျှင် သာယာက တဟင်းဟင်းဖြင့် ရယ်မောကာ ...

"သိပ်လည်း မြှောက်မနေပါနဲ့ရှင်းရယ်၊ သာယာက ဘာမှအထင်ကြီးစရာ မရှိပါဘူး၊ ဘာသာရေးကိုင်းရှိုင်းတယ်ဆိုတာကလည်း သာယာရဲ့မေမေ လမ်းညွှန်မှုကောင်းလို့ပါ။ သာယာက ဘုရားတရားကို သေချာလုပ်ဖြစ်တယ်လေ၊ အဲဒီအကျိုးက သာယာရဲ့ပညာရေးမှာ အများကြီးအထောက်အပံ့ ဖြစ်စေတယ် ...

မမြင်ရတဲ့ စွမ်းအားတွေကို သာယာက ယုံကြည်တယ်လေ။ အဲဒီတော့ သာယာ စာတော်တယ်ဆိုတာက ကိုယ့်ကြိုးစားမှုတစ်ဝက်၊ မမြင်ရတဲ့ စွမ်းအားတွေရဲ့တွန်းအားကတစ်ဝက်ကြောင့် ဒီလိုဖြစ်တာပါ ...

သာယာက ဘာမှမဟုတ်ပါဘူး"

အဲဒီလို ဘာမှမဟုတ်တာလေးကပင် သူ့အတွက်တော့ အတော်ကြီးဟုတ်နေပေသည်။ သူ မြတ်နိုးရသော သာယာ



www.burmeseclassic.com

www.burmeseclassic.com



ကို သည့်အတိုင်း တစိမ့်စိမ့် ထိုင်ငေးကြည့်ချင်တာဖြစ်သည်။ သူတို့ Royal Graden က အပြန်မှာတော့ သာယာ့ကိုပေးဖို့ ရည်ရွယ်ထားသော ကြယ်ပုလင်းလေးကို လက်ဆောင်ပေးဖြစ်သည်။

"ဟယ် ... Thank U ရှိုင်းရယ်၊ ရှိုင်းရဲ့စိတ်ကူးလေးက အရမ်း romantic ဖြစ်တာပဲ။ သာယာကလေ အဲဒီလို fancy ပစ္စည်းမျိုးလေးတွေကို သိပ်ချစ်တာ ...

ကျေးဇူး ရှိုင်း"

သာယာရဲ့အမြတ်တနိုး ကျေးဇူးတင်သံလေးဟာ သူ့အတွက်တော့ ပီတိဖြစ်စေ၏။ သည့်နေရာမှာတော့ သူဟာ ဟိုငတိမလေး မိုင်မဒီကို ကျေးဇူးတင်ရမှာဖြစ်သည်။ မိုင်မဒီ idea ကြောင့်သာ သူ ဒီကြယ်ပုလင်းလေး ပေးဖြစ်ခဲ့တာဖြစ်သည်။

အင်း ... ဒီလိုဆိုတော့လည်း ချစ်သူရဲ့လိုအင်ကို ဖြည့်ဆွက်ပေးဖို့ မိုင်မဒီရဲ့ဉာဏ်ကိုတော့ နည်းနည်းငှားရမ်းရမှာ ဖြစ်ပါသည်။

* ✦ *





ညနေပိုင်းမှာတော့ ရှင်းခန့်သည် မိုင်မဒီတို့အိမ်ဘက်သို့ ကူးလာလိုက်တော့သည်။ ခြံထဲမှာ ipod တပ်၍ ဝတ္ထုဖတ်နေသော ကလေးမရဲ့ဆီသို့ ဇွေ့ခနဲ ဝင်တိုက်လိုက်လျှင် သူမက နားကြပ်ကိုဖြုတ်လိုက်သည်။ သူ့ဘက်သို့ မျက်နှာလှည့်ကာ ...

"ဘာလဲ ... ကြယ်ပုလင်းကိစ္စအတွက် ကျေးဇူးတင်စကား လာပြောတာလား"

ဟား ... အဲဒါကတော့ သူ တကယ်အံ့သြသွားသည်။ သူ့ရဲ့လာရင်းကိစ္စကို မိုင်မဒီက အတပ်သိတယ်။

"ဟာ ... သိတယ်လား"

"နင့်မျက်နှာကြီးက ဒီလောက်ချို့မြလာတာ၊ သာယာနဲ့ အဆင်ပြေတယ်ဆိုတာ ပေါက်ပြီးသား၊ အဲဒါကြောင့်နင့်စိတ်ကို ငါ မှန်းလို့ရတာ"



www.burmeseclassic.com

www.burmeseclassic.com



"အဟဲ ... ဟုတ်တယ်ဟ၊ မိုင်မဒီ ... နင် သိပ် idea ကောင်းတာပဲ သိလား၊ သာယာက အရမ်းကို ခန့်မှန်းရခက်တဲ့ မိန်းကလေးဟ၊ အဲဒါကို နင်က မမြင်ဘူးပဲနဲ့ သူ့အကြိုက်ကိုသိတယ်ဆိုကတည်းက နင့်ရဲ့ will power ကို လုံးဝလေးစားသွားပြီ"

"နင် အခုမှသိလား ရှိုင်းရှင်းခန့်ရယ်၊ နင့်သူငယ်ချင်း မိုင်မဒီ ဘရိန်းပြေးတယ်ဆိုတာ လူတိုင်းသိတယ်၊ နင်တစ်ယောက်ပဲ ကန်းနေတာ"

မိုင်မဒီရဲ့နောက်သလိုလို အပြောကို သူက တဟားဟား အော်ရယ်လိုက်ရင်း သူမပခုံးကို လက်သီးနဲ့အသာ တွန်းလိုက်ပြီး ...

"အေးပါ ... ပြောအားရှိတော့ ပြောထားဦးပေါ့၊ ဪ ... ဒါနဲ့ နင့်ကားက OK သွားပြီလား"

"သန်ဘက်ခါလောက် ဆိုရင်တော့ ပြီးပြီတဲ့၊ စိတ်ညစ်ပါတယ်ဟယ်၊ ငါ့ကားလေးက ပြစ်ချက်မရှိ စံချိန်တင်ချင်တာ၊ အခုတော့ ဟိုမိန်းမကြောင့်"





ပြောရင်းက ဒေါသပုန်ထလာသော မိုင်မဒီရဲ့ပုံစံကို ကြည့်ကာ သူကမဲ့လိုက်ပြီး ...

"ကဲပါ ... သည်းခံလိုက်စမ်းပါ၊ ဪ ... ဒါနဲ့ နင့် ငါ့ဆော်လေးကို မမြင်ဖူးသေးဘူးနော်"

"အေးဟ ... နောက်မှ ဆုံကြည့်တာပေါ့ဟာ"

အဲဒီအချိန်မှာပင် မိုင်မဒီ့အမေက ထွက်လာပြီး သူ့ကို လှမ်းနှုတ်ဆက်လေသည်။

"ဪ ... သား ရောက်နေတာလား။ အတော်ပဲ တစ်ခါတည်း ထမင်းစားသွားနော်၊ ဒီနေ့ သားကြိုက်တဲ့ပုစွန်ချဉ်စပ်ဟင်း ချက်ထားတယ်"

"အဟဲ ... စိတ်ချ အန်တီခိုင်"

အန်တီက ခပ်ပြုံးပြုံးဖြင့် အိမ်ထဲသို့ ပြန်ဝင်သွားသည်။ သူ့ကိုဆို သားအရင်းတစ်ယောက်လို ချစ်ရှာသော အန်တီခိုင့်ကို သူကလည်း အမေတစ်ယောက်လို ချစ်ပါသည်။ ဒီလိုရင်းနှီးနူးညံ့တဲ့ မိသားစုနှစ်ခုကြားမှာ သူနှင့် မိုင်မဒီကို ပေါင်းကူးဖြစ်စေသော မေမေတို့၏ဆန္ဒကို သူ ရိပ်မိသလိုတော့ရှိသည်။ ဒါပေမဲ့လည်း မသေချာသေး၍ သူ့ဘက်က ဘာမှမဖြစ်သလိုပဲ နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်ကျ အဲသည်လို ပြဿနာတွေ ပေါ်လာခဲ့ရင် သူ ဘယ်လိုလုပ်ရမလဲ ? ။

"ဩော် ... ဟဲ့ ရှင်းခန့်၊ သန်ဘက်ခါ လပြည့်လေးရဲ့မွေးနေ့နော်၊ နင့်ပါလိုက်ရမှာ"

"ဟာ ... မသွားပါနဲ့ မိုင်မဒီရယ်၊ နင်ကလည်း တကယ့်မြွေပဲ၊ ဟိုချာတိတ်က မျက်နှာက ပြောင်ကပြောင်နဲ့၊ ငါ့ကိုဆို ကွိုင်မျိုးစုံရှာနေတာ၊ မလုပ်စမ်းပါနဲ့"

သူက စိတ်ပျက်စွာ ပြောလိုက်တော့ မိုင်မဒီက ပေစောင်းစောင်း ရိုက်ပေါက်ဒီဇိုင်းဖြင့် သူ့ကို စကားပြန်ပြောသည်။

"နင် မလိုက်ဘူးဆိုရင်တော့ ငါအခုပဲ အန်တီမူ့ကို သွားကျပ်လိုက်ရတော့မှာပဲ"

"ကျစ် ... မိုင်မဒီ၊ နင်ဟာလေ ငါ့စကားကိုဆို ဘယ်တော့မှ နားမထောင်ဘူး၊ ကိုယ်လုပ်ချင်တာကိုပဲ ဇွတ်တရွတ်လျှောက်လုပ်တယ်၊ တစ်ခါတလေများ ငါနဲ့နှစ်ဆယ့်လေးနာရီမှာ နာရီနှစ်ဆယ်လောက် အပေါက်အလမ်းတည့်အောင် စကားပြောကြည့်စမ်းပါဦး"





"ဟဲ့ ... ငါက နဂိုကတည်းက အကောင်းမြင်သမား။ နင်သာလေ ကလေးတွေအပေါ်မှာ မေတ္တာမထားတတ်တဲ့ လူမိုက်ကြီး။ တကတဲ လပြည့်ရဲ့မွေးနေ့ကို သွားရမှာ သူ့မှာ လက်ဖွဲ့ချန်ပီယံဆီ သွားရမှာလောက်ကို ဖြစ်ပျက်နေတာ၊ လပြည့်က နင့်ကို ခင်ရှာပါတယ်ဟယ်၊ သွားပေးစမ်းပါ"

ရှင်းခန့်သည် စိတ်ရှုပ်လာသဖြင့် ဆံပင်တွေကို ဖွပစ်လိုက်ကာ ပါးစပ်က ပွစိပွစိလုပ်၍ ...

"နင်ကလေ တော်တော်ဂျိုဟ်မွေတယ်၊ သိလား"

"ကဲပါ ... လိုက်မှာလား၊ ဒါပဲပြော"

"အေးဟာ ... ဒါပေမဲ့နော် လပြည့်လင်းရဲ့ ကလေးပရိသတ်တွေနဲ့ပါ နင် ဘော်ဒါဖွဲ့လာရင် ငါချက်ချင်းထပြန်မှာ၊ ကြားလား"

"အေးပါ ... အေးပါ၊ နင့်ရည်းစားကိုတော့ ငါသနားတယ်၊ နင် ဒီလို မိန်းမကြီးအတိုင်း နှုတ်သီးခေါင်းလျှော်ပါး ပြောနေပုံကိုသာ သာယာလင်းစက် မြင်သွားလို့ကတော့ သူ့ခမျာ တော်တော်စိတ်ဆင်းရဲသွားမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



မိုင်မဒီ စကားကြောင့် သူ့မှာ ဆတ်ဆတ်ခါနာသွားပြီး သူမကို ဘုကြည့်ကြည့်ကာ ...

"ဘာပြောတယ် ... ငါ့ကိုများ နင်က၊ နင်ကသာလေ မိန်းကလေးဖြစ်ပြီး ဟိုမရောက် ဒီမရောက် ဖြစ်နေတဲ့ ပေါက်ကျော်မ"

ရှင်းခန့်က ပျစ်ပျစ်နှစ်နှစ် ပြောလိုက်လျှင် မိုင်မဒီက ဝုန်းခနဲ မတ်တတ်ထရပ်ကာ သူ့ရဲ့လက်တစ်ဖက်က ဖျတ်ခနဲ ရှင်းခန့်ရဲ့နားရွက်ဆီသို့ ရောက်လာကာ ဆွဲလိမ်ပစ်လိုက်သည်။ ရုတ်တရက် အလစ်မှာ နားရွက်ဆွဲလိမ်ခံလိုက်ရသဖြင့် ရှင်းခန့်က ဒေါသတွေ တချောင်းချောင်း ထွက်လာကာ ...

"ဟဲ့ ... နင့်လက်က အခုလွှတ်စမ်း မိုင်မဒီ၊ ငါ့အသားနာရင် ငါသည်းခံမှာ မဟုတ်ဘူးနော်"

"အောင်မယ် ... သည်းမခံတော့ နင်က ဘာလုပ်ချင်တာလဲ ငါ့ကိုများ ရာရာစစ ပေါက်ကျော်မလို့ ခေါ်စရာလားဟင် ဒီလောက်ချောမောလှပတဲ့ မိန်းကလေးကိုများ"

သူ့ရဲ့နားရွက်ကိုလည်း လိမ်ဆွဲထားရင်း ပါးစပ်ကလည်း တတွတ်တွတ် ပြောနေသည့် မိုင်မဒီကို ရှင်းခန့်ကဒေါသ





တွေထွက်လာပြီး နားရွက်ကိုင်ထားသည့် သူမရဲ့လက်ကို အတင်းဆောင့်ပြီး ဖြုတ်ချလိုက်ကာ ...

"မိုင်မဒီ ... အစုတ်ပလုတ်မ နင်ဟာလေ တော်တော်ကို စိတ်ပျက်ဖို့ ကောင်းတယ်"

"ဘာလဲ ... နင်က ပိုပြီးတော့တောင် စိတ်ပျက်ဖို့ကောင်းသေး၊ စိတ်ကလည်း ပုပ်သေးတယ်၊ ငါပေးတဲ့ idea နဲ့လည်း သူ့ဟာမကို သွားပိုးသေးတယ်၊ ပြီးတော့ ငါ့ကိုလည်း ပေါက်ကျော်မတဲ့၊ ဟေ့ ...

မိုင်မဒီတဲ့၊ နင့်လို အစုတ်ပလုတ်ကောင်ကို တစ်စစီဆွဲစုတ်ပစ်မယ်ဟဲ့"

မိုင်မဒီက ကရာတေးအခြေခံရှိသူပီပီ သိုင်းနင်းကွက်ကျ လက်သီးပုံသဏ္ဌာန်မျိုးဖြင့် သူ့ကို စိန်ခေါ်လျှင် သူကလည်း မိုင်မဒီ အထာနပ်သူပီပီ သူမရဲ့ပခုံးကို လစ်သည်နှင့် ဖြန်းခနဲရိုက်ကာ ခုန်ပေါက်ပြေးလွှား၍ သူမတို့ခြံထဲကနေ ထွက်လာခဲ့သည်။

ခြံထဲကအထွက်မှာတော့ မိုင်မဒီကို မျက်နှာမျိုးစုံပြောင်ပြ၍ နောက်လိုက်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ရှိင်းရှင်းခန့်၊ နင့်ကို မိလို့တော့လား အသေသတ်ပြီး စွပ်ပြုတ်လုပ်သောက်လိုက်မယ်"

မိုင်မဒီက ဒေါသတကြီး လှမ်းအော်ပြောလျှင် သူက ဂရုမစိုက်သည့်အထာဖမ်း၍ ...

"ဟား ဟား ... ပေါက်ကျော်မ မိုင်မဒီ ငါ့ကိုဖိုက်ဖို့ ဆယ်နှစ်ကြိုးစားလိုက်ဦး"

ရှင်းခန့်သည် မျက်လုံးကြီးပြူးပြကာ သူ့အိမ်ထဲသို့ ပြန်ဝင်လာလိုက်တော့သည်။ မိုင်မဒီ တစ်ယောက်တော့ ဘယ်လောက်တောင် ဒေါသတွေကြီးနေမလဲမသိ။ အခန့်မသင့်လျှင် မေမေ့ဆီကိုတောင်လာပြီး သူ့အတွက် ညှော်စီးရီးထုတ်ပေးဖို့ အချွန်နှင့် လာမှဦးမှာဖြစ်သည်။

သူ့အပေါ် အနိုင်ယူဗိုလ်ကျချင်သော အဲသည့်မိုင်မဒီမကို မှတ်သားလောက်အောင်တော့ Lesson ပေးချင်ပါသေးသည်။

✻ ◆ ✻





## ၁

မိုင်မိုင်သည် ဒီနေ့မှာတော့ လပြည့်လေးရဲ့မွေးနေ့အတွက် မွေးနေ့လက်ဆောင်ပေးဖို့ Disney အရုပ်ဆိုင်ကိုသွားပြီး လက်ဆောင်သွားဝယ်ပေးတာဖြစ်သည်။ ကိုယ်ကိုယ်တိုင်ကသည်း အရုပ်ကလေးတွေဆို နှစ်သက်တတ်သောကြောင့် များသောအားဖြင့် သူများကို မွေးနေ့လက်ဆောင်ပေးရင်လည်း အရုပ်ကလေးဆွေသာ ပေးဖြစ်သည်။

မိုင်မိုင်သည် လပြည့်လေးအတွက် ဘာဝယ်ပေးရကောင်းမလဲ စဉ်းစားနေစဉ်မှာပဲ ကိုယ့်မျက်စိမြင်တွင်းထဲသို့ Ben 10 အရုပ်ကလေးက ဝင်လာပေသည်။ ဒီအရုပ်လေးသာကို လပြည့် အရမ်းကြိုက်မှာ သေချာမေသည်။ မိုင်မိုင်သည် ခပ်ရှည်



www.burmeseclassic.com

www.burmeseclassic.com



ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ အရောင်းဝန်ထမ်းတစ်ဦးကို လှမ်းခေါ်လိုက်၍ ...

"ညီမရေ ... ဒါလေးယူမယ်နော်"

"အားနာပါတယ် အစ်မရယ်၊ ဒီအရုပ်လေးက ယူပြီးသား ဖြစ်နေလို့ပါ"

အရောင်းဝန်ထမ်းကောင်မလေးရဲ့ စကားကြောင့် မိုင်မိုင် စိတ်ညစ်သွားရပေသည်။

"ဟို ... အဲဒါဆိုလည်း ဒါမျိုး နောက်တစ်ရုပ် ရှိသေးလား ဟင်"

"ဟုတ်ကဲ့ ... ဒီအရုပ်က ပစ္စည်းပြတ်နေလို့ပါ၊ ရှေ့တစ်ပတ်လောက်မှ အသစ်ထပ်ဝင်မှာပါ အစ်မ၊ တခြားအရုပ်လေးတွေ ကြည့်ပါလား အစ်မ၊ ကျွန်မ အဆင်ပြေအောင် လုပ်ပေးပါမယ်"

"ရပါတယ် ညီမရယ်၊ ဒီအရုပ်ကလေးကို မွေးနေ့လက်ဆောင်အဖြစ် ပေးချင်လို့"

အဲဒီစကားအဆုံးမှာ မိုင်မိုင်ရဲ့နောက်မှ ချိုအီအီအသံတစ်ခုကို ကြားလိုက်ရတော့သည်။





"ညီမရေ ... ဟိုအရုပ်ကလေးအတွက် ပိုက်ဆံရှင်းမယ်နော်"

မိုင်မိုင်သည် ဘာရယ်မဟုတ် အသံလာရာကို လှည့်ကြည့်လိုက်လျှင် ဟယ်ခနဲဆိုပြီးတော့ အံ့အားသင့်သွားတော့သည်။ တစ်ဖက်ကလည်း မိုင်မိုင့်ကိုမြင်လျှင် အံ့အားသင့်သွားပုံရပါသည်။ ပြီးလျှင်တော့ မိုင်မိုင်ကော အဲဒီတစ်ယောက်ပါ ကောင်မလေးက ...

**"အဲဒီအစ်မပေါ့ ဒီအရုပ်လေးကို ဝယ်လိုက်တာလေ"**

အရောင်းဝန်ထမ်းကောင်မလေးရဲ့စကားကို ဆက်စပ်တွေးမိသွားပြီး အဲဒီတစ်ယောက်က အသာပြုံးလိုက်ပြီး ...

"ဘာလဲ ... မင်းက ဒီအရုပ်ကို လိုချင်လို့လား၊ စိတ်မကောင်းပါဘူးကွာ၊ မင်းလိုချင်နေတဲ့ အရုပ်ကလေးကို ကိုယ်ဝယ်လိုက်ပြီကွ"

အဲ့သည်မိန်းမဟာ အရင်တစ်ခေါက် တွေ့တုန်းကအတိုင်း ကြွပ်ဆတ်ဆတ် မာကြောကြောနှင့်ဖြစ်သည်။ နက်ပြာရောင်အချင်ဝတ်စုံ ဝမ်းဆက်ဖြင့် ကြော့ကြော့ရှင်းရှင်းလေး ဖြစ်နေပေ



www.burmeseclassic.com

www.burmeseclassic.com



မယ့် ပုံစံကတော့ အဝတ်အစားနှင့် ဆန့်ကျင်စွာ မာကြောကြော ပုံစံဖြစ်သည်။ ကြည့်ရတာ မိုင်မိုင် သူမရဲ့ကားကို ပြန်တိုက်လိုက်သည့်အတွက် အစာကြေသေးသည့်ပုံ မပေါ်ပါ။ အဲသည်လိုပဲ မိုင်မိုင်ကလည်း သူ့ကို တစက်ကလေးမှ မကျေနပ်ပါ။

မိုင်မိုင်သည် အဲသည်မိန်းမနှင့် တိုက်ဆိုင်စွာ အကြိမ်ကြိမ် ချင်းလာတူနေရသလားဆိုပြီး ကိုယ့်ကိုယ်ကိုယ်တောင် ဒေါသဖြစ်သွားသည်။

"ဘာလဲ ... မင်းက ဒီအရုပ်လေးကို လိုချင်လို့လား"

"မလိုပါဘူး၊ မင်းရဲ့ပစ္စည်းဆို ပိုလို့တောင် စိတ်မဝင်စားဘူး"

မိုင်မိုင်သည် ခပ်တည်တည်ပင် သူမရှေ့ကနေ အကြောကြီးကြီး ထွက်သွား၍ သူမပခုံးကို တိုက်ထွက်သွားသည်။ အဲသည်မိန်းမနှင့် မိုင်မိုင်ဟာ ဘယ်ဘဝက အငြိုးတွေကြောင့်လည်း မသိပါ။ တွေ့လိုက်ပြီဆိုတာနှင့် ထိပ်တိုက်တွေကို ဖြစ်နေသည်။ အခုလည်း မိုင်မိုင် လိုချင်သည့် အရုပ်ကလေးကို သူမက ပိုင်ဆိုင်သွားသည်ကိုက မကျေနပ်စရာ ကောင်းလှပေသည်။





မိုင်မိုင်သည် သူမကို ဘယ်လိုလက်စားချေရမှန်းမသိ တွေးနေစဉ်မှာပဲ သူမရဲ့ကားနားသို့ မဟောင်မလည်ဖြင့် ကပ်သွားကာ ပစ္စည်းကောက်သလိုလိုဖြင့် အသာကုန်း၍ သူမ နောက်ကားဘီးရဲ့ ကျွတ်တိုင်ကိုဖိ၍ လေလျှော့လိုက်တော့သည်။

မှတ်ကရော ... အဲဒီမိန်းမရေ။ မိုင်မိုင်သည် ဟန်မပျက်ပင် ကားရှိရာသို့ လျှောက်သွားလိုက်ပြီး ကြော့ကြော့မော့မော့ဖြင့် ထွက်သွားလိုက်တော့သည်။ သိပ်မကြာခင်မှာ ဟိုအမျိုးသမီးထွက်လာပြီဆိုရင်တော့ ရေရေလည်လည် ခံစားသွားရပြီမှတ်။

ကိုယ့်အပေါ်ကိုမှ လာလာကြောတတ်သော ထိုအမျိုးသမီးကို မိုင်မိုင်သည် အလှပဆုံး Lesson တစ်ခုပေးလိုက်ပြီ ဖြစ်သည်။ အဲသည့်အတွက် မိုင်မိုင် အလွန်ကျေနပ်ပါသည်။

* ✦ *



www.burmeseclassic.com

www.burmeseclassic.com



သာယာသည် ကောင်တာတွင် ကျသင့်ငွေရှင်းပြီး နောက် Ben. 10 အရုပ်ကလေးကို ရင်ခွင်ပိုက်လှာကာ လွတ်လပ် ပျော်မြူးစွာဖြင့် ကားဆီသို့ လျှောက်လာခဲ့သည်။ ဘာပဲဖြစ်ဖြစ် ဟိုတစ်ခါ အခဲမကြေခဲ့သော အမျိုးသမီးကို နှိပ်ကွပ်နိုင်ခဲ့သဖြင့် သာယာသည် အတော့်ကို ပျော်မြူးနေတာဖြစ်သည်။ သာယာရဲ့ စိတ်သဘောကတော့ အပြင်ပန်းကကြည့်လျှင် ခပ်အေးအေးနေ တတ်သည့် သဘောရှိပေမယ့် တကယ်တမ်းကျရင်တော့ ကိုယ့်ကို တစ်ချက်ထိလျှင် ကိုယ်က နှစ်ချက်လောက် ပြန်လက်တုံ့ပြန်ရ ကျေနပ်တတ်သည့် လူစားမျိုးဖြစ်သည်။

အခုလည်း တစ်ခါက ကားချင်းငြိဖူးသည့် အမျိုး သမီးနှင့် ပြန်ဆုံတော့ သာယာက အလိုလိုကို အနိုင်ရသူဖြစ်လို့ နေသည်။ သည်အရုပ်ကလေးက သာယာရဲ့မောင်ဝမ်းကွဲလေး လပြည့်ရဲ့မွေးနေ့အတွက် လက်ဆောင်အဖြစ် ဝယ်လာတာဖြစ်





သည်။ ဒါကို ဟိုမိန်းမက လိုချင်သည်ဆိုတော့ သာယာကပိုပြီး ကျေနပ်စွာ ဒီအရုပ်လေးကို ဝယ်ပြလိုက်တာဖြစ်သည်။

သာယာသည် ကားဆီသို့အရောက်တွင်တော့ ဟင် ခနဲတောင် ဖြစ်သွားရတော့သည်။ သာယာရဲ့ကားဘီးမှာ လေလျော့ နေပြီးဘီးက ပြားနေသောအဆင့်တောင် ဖြစ်သွားသည်။ ဒါ ... ဒါဟာ ...။ သိပ်ပြီး ဘာတွေညာတွေ စဉ်းစားဖို့ မလိုတော့ပါ။ သာယာရဲ့ဦးနှောက်က အချက်ပေးလာသည်က ဒီနောက်ဘီးကို လေလျှော့သွားတာဟာ ဟိုမိန်းမပဲ ဖြစ်ရမည်။ အရုပ်ကိုမရတာနဲ့ ညစ်တွန်း,တွန်းသွားတာ။

သာယာသည် တောက်တစ်ချက်ကို ခပ်ပြင်းပြင်း ခေါက်လိုက်ကာ အဲဒီပိုးဟပ်ဖြူမကို တစစီတောင် အရေခွံနွာပစ် လိုက်ချင်သည်။ သာယာသည် ဒီဘီးကို ဘယ်လိုလဲရမလဲ တွေး ဆဲမှာတော့ ရှိုင်းကို သွားသတိရမိသည်။ မတတ်နိုင်တော့ ကိုယ့် ချစ်သူကို ကားဘီးဖြုတ်လဲခိုင်းရတာ သိပ်မကောင်းလှပေမယ့် သာယာမှာ ဒီလိုမှမလုပ်ရင်လည်း အခက်တွေ့နိုင်ပေသည်။ သာယာ သည် ရှိုင်းဆီကို လှမ်းဖုန်းဆက်လိုက်လျှင်တော့ ဖုန်းက တောက်



www.burmeseclassic.com

www.burmeseclassic.com



ဆွေးဆက် User busy ဖြစ်နေကာ နာရီဝက်လောက် စိတ်မရှည်စွာဖြင့်ခေါ်မှ ဝင်သွားတော့သည်။

ဖုန်းဝင်သွားသည့်အခါမှ သာယာသည် နဂိုဒေါသ အရင်းခံရယ်၊ ဖုန်းက ချက်ချင်းဆက်လို့ရတဲ့ ဒေါသတွေရယ် ပေါင်းကာ ရှိုင်းကို ဖိဟောက်ပစ်လိုက်တော့သည်။

"ရှိုင်း ... ရှင့်ဆီကို ကျွန်မဖုန်းခေါ်နေတာ နာရီဝက်လောက် ရှိပြီ၊ ရှင် ဘယ်သူနဲ့ ဒီလောက်တောင် ကြာနေရတာလဲ"

"ဟာ ... ဘယ်သူနဲ့မှ ကြာနေတာမဟုတ်ပါဘူးကွာ၊ ကိုယ့်ဘော်ဒါနဲ့ စကားပြောနေတာပါ၊ စိတ်မဆိုးပါနဲ့ သာယာရယ်၊ သာယာက ကိုယ့်ဆီမဆက်စဖူး အဆက်ထူးလို့ ကိုယ်က Surprise တောင် ဖြစ်သွားတာ"

"ရှင် အခု ဘယ်မှာလဲ"

"ကိုယ်လား ... အိမ်မှာပေါ့"

"အဲဒါဆို သာယာ့ဆီကို အခုလာခဲ့ပါလားဟင်၊ သာယာ ဒီမှာ ပြဿနာတက်နေလို့၊ သာယာ့ကားဘီးကိုလေ၊ ဟို တစ်ခေါက်က မိန်းမက လေလျှော့သွားလို့"





"အိုကေ ... သာယာ၊ ကိုယ် ခုချက်ချင်းလာခဲ့မယ် ...
Wait afew minute နေရာသာပြော"

"သာယာက Disney အရုပ်ဆိုင်ရှေ့မှာ"

"လာပြီ သာယာ၊ ခုပဲ ထွက်လာပြီ"

ရှိုင်းနှင့် ဖုန်းပြောပြီးနောက်တွင်တော့ သာယာသည် နည်းနည်းတော့ ဒေါသပြေသွားရသည်။ ရှိုင်းနှင့် ချစ်သူတော်ရတာကိုက သာယာ့အတွက် ကံကောင်းပါသည်။ ရှိုင်းဟာ သာယာ့ကိုဆို အမြဲယုယုယယနှင့် ကြင်ကြင်နာနာ ချစ်တတ်သူမျိုးလေး ဖြစ်သည်။ အခုတော့ ကိုယ့်ကို ဒီလောက်ချစ်တဲ့ ချစ်သူကိုမှ ဟို မိန်းမကောင်းမှုကြောင့် ကားဘီးလဲခိုင်းစေရပြီ။

တွေ့မယ် အဲဒီမိန်းမ၊ နေနှင့်ဦး။

ရှိုင်းရောက်လာသောအခါ ရှိုင်းက သာယာ့ကိုနူးညံ့စွာပြုံးပြ၍ သိုးသိုးသွက်သွက်ပင် ကားဘီးလဲပေးသည်။

"ကျေးဇူးပါပဲ ရှိုင်းရယ်"

"ချစ်သူတွေကြားမှာ ကျေးဇူးဆိုတဲ့စကားက သူစိမ်းဆန်လွန်းတယ် သာယာရယ်"



www.burmeseclassic.com

www.burmeseclassic.com



သာယာက "အင်းပါ"ဟု ခပ်တိုတိုးဆိုကာ ခေါင်းအသာညိတ်ပြလိုက်သည်။ ပြီးလျှင်တော့ ကော်ဖီဆိုင် ထိုင်ဖြစ်ကြသည်။ ရှိုင်းက Taxi နှင့်လာတာ ဖြစ်သဖြင့် ကားတစ်ယောက်တစ်စီးဖြင့် သွားရသည့်ဒုက္ခက ကင်းဝေးသွားတော့သည်။ ကော်ဖီဆိုင်ရောက်လျှင်တော့ ရှိုင်းက သူမဆောင်းနားသို့ ကပ်ထိုင်ကာ လက်ဖမိုးလေးကို ခပ်ဖွဖွဆုပ်ကိုင်ရင်းကမှ ...

"သာယာက ဘာလို့ ဒီလောက်တောင် ချစ်ဖို့ကောင်းနေရတာလဲဟင်"

သူ့အမေးကြောင့် သာယာက တသိမ့်သိမ့်ရယ်မောကာ ...

"ဘယ်သိပါ့မလဲ၊ သာယာက ဒီအတိုင်းပဲနေတာကို"

"ဟုတ်တယ် ... ဟုတ်တယ်၊ ကိုယ်ကိုယ်တိုင်က ချစ်တတ်နေလို့ ဖြစ်ရမယ်"

"တော်ပါ"

သာယာက တိုးသွဲ့သွဲ့လေးဖြင့် သူ့ကို မျက်စောင်းလေးချီကာ ပြောလိုက်လျှင် သူက သာယာ့ကို ခပ်နက်နက်တစ်ချက်စိုက်ကြည့်ကာ ...





"အင်း ... ဒီနေ့ သာယာနဲ့ကိုယ် ခုလိုတွေ့ဖြစ်တာ ဟိုကောင်မလေးကြောင့်ပေါ့နော်၊ ကျေးဇူးတင်ဖို့ ကောင်းလိုက်တာ"

သူ့အပြောကို သာယာက သဘောမတူစွာဖြင့် သူ့လက်မောင်းကို ဖျတ်ခနဲ ပိတ်ရိုက်လိုက်ပြီး စူစူတင်းတင်း မျက်နှာလေးဖြင့် ...

"ရှိုင်းနော် ... ဘာကျေးဇူးတင်တာလဲ မတင်ရပါဘူး၊ အဲဒီမိန်းမကို သာယာက အမှုန့်ကြိတ်ပစ်ချင်လောက်အောင်ကို အမြင်ကတ်တာ၊ တစက်ကလေးမှ ကြည့်လို့မရပါဘူး၊ အဲဒီလို မိန်းကလေးကို ရှိုင်းက ဘာကိစ္စကျေးဇူးတင်နေရတာလဲ၊ ရှိုင်းနော် ဇာတိက ပြလာပြီလား"

"အဟော် ... ခက်တော့တာပဲ သာယာရယ်၊ ကိုယ်က သဘောရိုးနဲ့ ပြောလိုက်တာပါ၊ အမှန်တကယ်ဆို ဒီနေ့မှာ ကိုယ်တို့တွေ့ဖို့ အစီအစဉ်မရှိဘူးလေ ...

အဲဒါ အခု အဲဒီကောင်မလေးကြောင့် တွေ့ဖြစ်တာကို ကိုယ်က ရိုးသားစွာ ပြောလိုက်တာပါကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ပြီးတာပဲ"

သာယာက ကျေနပ်သွားပြီဆို သူက ညာတာပါတော့ ဖြင့် သာယာရဲ့ဆံပင်စလေးတွေ ရှင်းပေးသလိုလိုဖြင့် ပခုံးလေးကို ခပ်ဖွဖွကိုင်ကာ ခဏကြာလျှင်တော့ အသာလေးထွေးပွေ့ထား လိုက်မိသည်။ သာယာ ခေါသထွက်နေသော ဟိုကလေးမကိုတော့ သူက အရမ်းကို ကျေးဇူးတင်နေမိပါသည်။

ကျေးဇူးအနန္တပါ အမည်မသိ ကလေးမ။

❋ ✦ ❋

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်-၃၉၊ (မြေညီ) ဓမ္မစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။
သို့လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။





## ၆

လပြည့်လေးရဲ့မွေးနေ့မှာပဲ လပြည့်ကြိုက်တဲ့ အဲဆို ...ာ်ရဲ့ စီးရီးအသစ် promotion ပွဲရှိ၍ အဆိုတော်လက်မှတ်ပါ ...ယူပြီး အဲသည်စီးရီးခွေကိုပဲ လပြည့်အတွက် မွေးနေ့လက် ...ာင်ပေးဖို့ ရည်ရွယ်ထားလိုက်သည်။ အခွေဝယ်ပြီးသွားတော့ ...ိုင်သည် ရွှေရည်၊ ဝသုန်နှင့် နှင်းစံတို့ဖြင့် ဒဂုန်စင်တာ ...ကြသေးသည်။ အဲသည်မှာပဲ နှင်းစံက စိန်ခေါ်ပွဲလေးတစ်ခု ...ိုက်ပေးသည်။

"ကဲ ... သူငယ်ချင်းတို့၊ ငါတို့ အယောင်းအစားမလုပ်ရ တာလည်း ကြာပြီ၊ လုပ်ကြမလား"



www.burmeseclassic.com

www.burmeseclassic.com



မိုင်မိုင်တို့အုပ်စုက ယှဉ်ပြိုင်ရတာကို သဘောကျသူတွေဖြစ်သည့်အတွက် နှင်းစံအပြောကို တစ်ယောက်မှမငြင်းဘဲ လက်ခံလေသည်။

"ပြိုင်ပွဲလေးက ဒီလိုမျိုး ... အခု ဒီဒဂုန်စင်တာကိုလာတဲ့ လူတွေပေါ့နော်၊ အဲဒီထဲကမှ ကိုယ်ကြိုက်တဲ့သူရဲ့ ဖိနပ်ကို အနောက်ကနေ သွားတက်နင်းရမယ်၊ အဲဒါဆိုရင် အနင်းခံရတဲ့သူက ဒေါသတွေ ထွက်သွားမယ်၊ အဲဒါကို ပြေလည်အောင် သူ ကျေနပ်သွားအောင် ဒိုင်ခင်းနိုင်တဲ့သူက အနိုင်"

"ဟယ် ... နင့်ပြိုင်ပွဲကြီးကလည်း ဘာကြီးလဲဟ"

"အေးလေဟယ် ... ကြောင်လိုက်တာ၊ ကဲ ပြိုင်ပြီပဲထား ဦး ကိုယ်ဖိနပ်တက်နင်းမယ့်လူရဲ့ဖိနပ်က ညှပ်ဖိနပ်မဟုတ် ဘဲ ရှူးဖိနပ်ဆို၊ ဘယ်လိုလုပ်မလဲ"

နှင်းစံရဲ့ idea ကို တစ်ယောက်တစ်ပေါက် ဝေ ကြရင်း နှင်းစံက လက်ဖျောက်တစ်ချက်တီး၍ ...





"အဲဒါပဲ၊ ငါ ပြိုင်တယ်ဆိုတာက လူမှုဆက်ဆံရေးကိုပြိုင်ကြမှာလေ၊ အဲဒီလူကို ဖိနပ်တက်နင်းမယ်၊ သူ ဒေါသထွက်သွားမယ်၊ အဲဒါကို ငါတို့က ပြေလည်အောင် ပြောတတ်ပြီဆို ငါတို့လူမှုဆက်ဆံရေးအဆင့်ကို ကိုယ့်ဘာသာကိုယ်လည်း လေ့လာမိသွားမယ်ဟာ၊ မိုက်ပါတယ်ဟာ၊ နင်တို့ကလည်း ...

ဖိနပ်နင်းပြီ ဆိုကတည်းက ညှပ်ဖိနပ်စီးထားတဲ့သူကိုပဲ ရွေးရတော့မှာပေါ့ ...

ကဲ ... ဘယ်လိုလဲ အစီအစဉ်ဖြစ်လား"

နှင်းစံက ရေလည်စွာ ရှင်းပြလိုက်လျှင် အားလုံးက ထက်ခံသွားသလို ခေါင်းညိတ်လိုက်ရင်း ...

"အိုကေ ... ဒါဆို နိုင်တဲ့သူကို 1,2,3 မသတ်မှတ်ဘူး။ လူမှုဆက်ဆံရေး အညံ့ဆုံးလူကိုပဲ အရှုံးသမားလို့ သတ်မှတ်မှာပေါ့ ... ဟုတ်လား"

ဝသုန်က လှမ်းမေးလိုက်လျှင် နှင်းစံက အအေးကို သောက်ရင်း လက်မတစ်ချက် ထောင်ပြသည်။ အားလုံးက

www.burmeseclassic.com



လည်း သဘောတူကြပြီဖြစ်သဖြင့် ပြိုင်ပွဲစလေတော့သည်။ J'Donuts မှာထိုင်၍ ဆိုင်အရှေ့က လျှောက်နေကြသူတွေကို လေ့လာ၍ ယှဉ်ပြိုင်ကြတာဖြစ်သည်။ နောက်ဆုံးလူကတော့ မိုင်မိုင်ပဲဖြစ်သည်။

ရှေ့သုံးယောက်ကတော့ သူတို့ဘာသာသူတို့ အဆင်ပြေသွားချေသည်။ မိုင်မိုင့်အလှည့် အရောက်တွင်တော့ မိုင်မိုင်က ကိုယ့်ရဲ့ target ကို ရှာလိုက်လျှင်တော့ ဖိနပ်ဆိုင်ထဲက ထွက်လာကာ မိုင်မိုင်တို့ကို ကျောပေးထားသောကြောင့် သူမရဲ့ရုပ်ကိုမမြင်ရပေမယ့်လည်း သူမစီးထားသော ကတ္တီပါဖိနပ်လေးကြောင့် သူမကိုပဲ ရွေးချယ်လိုက်ရတော့သည်။

"Good Luck မိုင်မိုင်၊ နင်သာ အိုကေလာပြီဆို ရှေ့ရေး ဒါနကို ဖြည့်ပေးရတော့မယ်ဟေ့"

ဝသုန်က လှမ်းနောက်လိုက်လျှင် မိုင်မိုင်က မျက်စိ တစ်ဖက်မှိတ်ပြကာ သူမရှိရာသို့ ထွက်လာတော့သည်။ သူမ အနောက်ကကြည့်လိုက်လျှင်တော့ အင်မတန်မှကို ဆွဲဆောင်မှုရှိ သော ခန္ဓာကိုယ်အလှကို ပိုင်ဆိုင်ထားတာဖြစ်သည်။ မိုင်မိုင်တို့ လို ပြားချပ်ချပ်မဟုတ်ဘဲ ယဉ်တစ်ကိုယ်မယ်ပုံစံမျိုးလေးဖြစ်သည်။





မိုင်မိုင်သည် Fancy ပစ္စည်းဆိုင်မှာ ပစ္စည်းရွေးနေသော သူမရဲ့အနားမှာ တစ်ချက်လေ့လာလိုက်ပြီး သူမထွက်သွားသည့်အခါတွင်တော့ သူမ အနောက်ကနေ ခပ်သွက်သွက်လိုက်၍ ဖိနပ်ကို တမင်တကာ တက်နင်းပစ်လိုက်တော့သည်။ မရည်ရွယ်ထားပါပဲနှင့် မိုင်မိုင့်ရဲ့အရှိန်က အတော်ပြင်းသွားသလို ဖြစ်သွားသည်။ မိုင်မိုင်ကလည်း သူမဖိနပ်ကို တက်အနင်း သူမလည်း ခြေလှမ်းအကြွ အားလုံးက တစ်ထပ်တည်းကျစွာဖြင့် ဖြစ်သွားလျှင် သူမဖိနပ်ကလည်း ပြုတ်တောက်သွားလေသည်။

မိုင်မိုင်သည် အခက်တော့တွေ့ပြီဟု တွေးလိုက်လျှင်တော့ သူမက ဒေါသတကြီးဖြင့် မိုင်မိုင့်ကို လှည့်ကြည့်လိုက်လျှင် မိုင်မိုင်ကော သူပါ အံ့အားသင့်မျက်ဝန်းတွေ ဖြစ်သွားပြီး ချက်ချင်းပင် မျက်နှာတည်သွားကြသည်။

ဘုရားရေ ... ဘာဖြစ်လို့များ ဒီလောက်သွားပြီး တိုက်ဆိုင်နေရတာပါလိမ့်။ အဲဒီမိန်းမနှင့်မှ ဆုံစေရတာလဲ။

"ဒီမှာ ... မင်း အရမ်းလွန်သွားပြီကွ၊ ကိုယ့်ကို ဘာဖို့ ဒုက္ခပေးနေရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



သွားပါပြီ၊ ငါတော့ ဒီပြိုင်ပွဲမှာ ရှုံးပါပြီ။ ဘာပဲဖြစ်ဖြစ် ယဉ်ကျေးမှုအရတော့ မိုင်မိုင် တောင်းပန်ရမည်ပေါ့။

နဂိုကမှ အဲဒီမိန်းမကို မကျေနပ်သောစိတ်တွေရှိသောကြောင့် သူမကို ဆောရီးလုပ်တာဟာ စိတ်မပါသလို ဖြစ်နေပေသည်။

"ဆောရီး ... ကျွန်မ လောသွားလို့၊ ရှင့်ဖိနပ်အတွက် ကျွန်မ ပြန်လျော်ပေးပါ့မယ်"

သူမက မိုင်မိုင့်ကို အစိမ်းလိုက်ဝါးစားချင်သော အကြည့်တို့ဖြင့်ကြည့်၍ ဒေါသသံတွေ လှိုက်တက်လာဟန်ဖြင့် —

"မလိုပါဘူး၊ မင်းက တော်တော်ပြဿနာရှာတဲ့ မိန်းကလေးပဲ၊ မင်း ကိုယ့်ကို တောင်းပန်ရုံနဲ့ ဒီကိစ္စက ပြီးမသွားဘူး — မင်းကို လုံးဝမကျေနပ်ဘူး မှတ်ပါ"

မိုင်မိုင်သည် ဒေါသတကြီးပြောနေသော သူမရဲ့ပုံစံကို ဘာမှမဖြစ်သလို ပခုံးနှစ်ဖက်ကို အသာတွန့်ပြလိုက်ပြီး —

"ရှင့်ကို ဆောရီးလုပ်ပြီးပြီ၊ အဲဒါမှ မကျေနပ်ဘူးဆိုလည်း ဒီထက်ပိုမပြောတတ်တော့ဘူး၊ as you like ! "





သူမက တောက်တစ်ချက်ပြင်းပြင်းခေါက်ကာ မီးဝင်းဝင်းတောက် မျက်လုံးတို့ဖြင့် ကြည့်နေသည်။ မိုင်မိုင်ရဲ့ကြွပ်ဆတ်ဆတ် အခြေအနေနှင့် သူမရဲ့ဒေါသတကြီးပုံစံတွေကို ရိပ်စားမိသော မိုင်မိုင့်သူငယ်ချင်းတွေက အပြေးအလွှားရောက်လာကြကာ ဘာဖြစ်တာလဲမေးလျှင် သူမက မိုင်မိုင့်သူငယ်ချင်းတွေကို လှမ်းပြောလိုက်သည်။

"မင်းသူငယ်ချင်းကို သတိပေးလိုက်ပါဦး၊ နောက်တစ်ခါဆို ကိုယ် သူ့ကို တစ်ခုခုလုပ်မိလိမ့်မယ်၊ ကိုယ့်ခြေထောက်နာကျင်သွားတဲ့အတွက် ကိုယ် သူ့ကိုလုံးဝမကျေဘူး"

"ကျွန်မလည်း လုံးဝဂရုမစိုက်တတ်ဘူး"

"ကဲ ... တော်ပါတော့ မိုင်မိုင်ရယ်၊ ဒီကသူငယ်ချင်းကိုလည်း တောင်းပန်ပါတယ်"

သူမက ရွှေရည်တို့ရဲ့ တောင်းပန်စကားကို တစ်ချက်တောင် ဂရုမစိုက်ဘဲ မိုင်မိုင့်ကိုပဲ ခပ်တင်းတင်းစိုက်ကြည့်ကာ သူမရဲ့ဖိနပ်ကိုချွတ်ခဲ့လိုက်ပြီး ခြေဗလာဖြင့် လျှောက်သွားလေတော့သည်။ မိုင်မိုင်ကတော့ မဲ့ပြုံးတစ်ချက်ပြုံးကာ ...



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါလေ ငါနဲ့ရွေ့ခ်တက်ထားတဲ့ မိန်းမဆိုတာ၊ ပွဲက တော့ အရှမ်းလှသွားပြီ"

"သူက ဘယ်သူလဲ၊ ဘယ်ကလဲ"

နှင်းစံက မိုင်မိုင့်ရဲ့လက်မောင်းကို အသာဆုပ်ကိုင်ကာ မေးလိုက်လျှင် မိုင်မိုင်က ပြုံးပဲပြုံးပြနိုင်ခဲ့သည်။ ထူးတော့လည်း ထူးဆန်းပါသည်။ မိုင်မိုင်နှင့် မကြေနိုင်သော ပြဿနာတွေ ရှိနေခဲ့သော အမျိုးသမီးကို ဘယ်သူလဲ၊ ဘယ်ကလဲဆိုတာ မိုင်မိုင် အခုထိ မသိသေးတာ ဆန်းလှသည်။

ပြိုင်ပွဲကို ရုပ်သိမ်းသည်ဟု နှင်းစံက ကြေညာလိုက်သော်လည်း မိုင်မိုင်ကတော့ လက်မခံစွာဖြင့် သူမတို့ကို အတင်းပင် ရှေ့ဘဲသို့ ခေါ်သွားကောသည်။ မိုင်မိုင်ရဲ့စိတ်ဓာတ်ကိုသိနေသော သူမတို့က ဘာမှဆက်မပြောတော့ဘဲ ရှေ့ဘဲမှာစားလိုက်ကြသည်။ စားနေရင်းက ရွှေရည်က လှမ်းမေးသည်။

"အဲဒီမိန်းမက ငါတို့နဲ့ အသက်မတိမ်းမယိမ်းလောက်ပဲ ဖြစ်မယ်ဟ၊ သူ့ပုံစံက တကယ့်ကို အမာဒီဇိုင်းနဲ့၊ သူဝတ်ထားတဲ့ပုံစံနဲ့တော့ opposite ပဲ"





"ဟုတ်တယ်ဟ၊ ငါကလေ သူ့ကို အရှမ်းအမြင်ကတ်သလို သူ့ဒီဇိုင်းကိုလည်း စိတ်ဝင်စားတယ် ...

ဒါပေမဲ့ ငါ သူ့ကို တစ်စက်ဖြစ်သွားအောင် အမှုန့်ကြိတ်ချင်နေတာ၊ ပထမ ငါ့ကားကို ဖျက်ဆီးတယ် ...

ပြီးတော့ အရုပ်ကိုလည်း သူ အရင်ဆုံးရသွားတယ် လုံးဝမကျေနပ်စရာ"

မိုင်မိုင်က အသံမာမာဖြင့် ပြောလိုက်လျှင် ဝသုန်က ခေါင်းတဆတ်ဆတ်ညိတ်ပြရင်း ...

"I think ... I think နင်နဲ့ သူက တော်တော်ကို အစိုင်အခဲတွေ ရှိနေကြတာပဲ၊ ဒါဆိုရင်တော့ နင်တို့တွေ့ရင် ကွိုင်ထပ်တက်ဦးမှာလား။ ဟုတ်လား"

ဝသုန့်အမေးကို မိုင်မိုင်က ခေါင်းတစ်ချက်ညိတ်ပြလိုက်ပြီး ...

"သိပ်ဟုတ်တာပေါ့ဟာ၊ သူ့ကို ငါ လုံးဝမကျေဘူး သူ့ကြောင့် ငါ ဒီပွဲကိုရှုံးတဲ့အတွက် နောက်တစ်ခါထပ်တွေ့ရင်လည်း ကောင်းကောင်းကြီး ပညာပေးရတာပေါ့ဟာ"



www.burmeseclassic.com

www.burmeseclassic.com



မိုင်မိုင်က ခပ်အေးအေးပင် ပြောလိုက်တော့သည်။ စိတ်ထဲမှာတော့ အဲဒီဟာမကို တော်တော်ကြီးကို ချဥ်လို့နေတာ ဖြစ်ပေသည်။ အဲသည်လိုနှင့်ပဲ မိုင်မိုင်သည် သူမကို မုန်းနေပြီလား မသိ။

❋ ◆ ❋





သူ့ဘဝမှာ ထိပ်တိုက်ရင်ဆိုင်ခြင်းဆိုတဲ့ စကားကို ကြားသာကြားဖူးထားသည်။ သို့သော် ကြုံတော့မကြုံခဲ့ဖူးပါချေ။ ဒီနေ့ညနေ လပြည့်ရဲ့မွေးနေ့ကို မိုင်မဒီနှင့် အတူသွားမှပဲ အဲဒီ ကောအမိဗွာယ်ကို နဖူးတွေ့ ဒူးတွေ့ကြီး နားလည်လို့လာတော့ သည်။ မွေးနေ့ပွဲအစမှာတော့ အခြေအနေတွေက ဟုတ်နေသေး သည်။ birthday cake ခွဲကာနီးမှာတော့ ဇာတ်ကရှုပ်လို့လာသည်။ လပြည့်ရဲ့အစ်မဆိုသူ ရောက်လာ၍ ဘယ်သူလဲဆိုပြီး ကြည့်လိုက် ချင် လပြည့်ရဲ့အစ်မဝမ်းကွဲဟာ သူ့ရဲ့ချစ်သူလေး သာယာလင်း ဘော် ဖြစ်လို့နေတော့သည်။

အစကတော့ သာယာက အံ့အားသင့်စွာဖြင့် သူ့ကို ကြည့်၍ နှုတ်ဆက်သော်လည်း မိုင်မဒီနှင့် မိတ်ဆက်ပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



[illegible] သာယာကော မိုင်မဒီပါ မျက်နှာထားတွေ တင်းထန်ကုန်တာ ဘာတွေဖြစ်ကုန်မှန်း သူလည်းလိုက်လို့ပင်မမီတော့ပါ။

ဟာ ... ဘာတွေ ဖြစ်ကုန်တာလဲ ? ။

"ရှိုင်း ... ရှင်ပြောတော့ sunday မအားဘူးဆို၊ ဒါလား မအားတာ"

"ဟို ... ဟုတ်တယ်လေ သာယာရဲ့၊ ကိုယ် ဒီမွေးနေ့လာဖို့အတွက် မအားဘူးလို့ ပြောလိုက်တာလေ၊ ဘာဖြစ်လို့လဲ"

သာယာက သူ့ကို တစ်ခါမှ မကြည့်ဖူးသည့် စိမ်းစိမ်းကားကား အကြည့်မျိုးနှင့်ကြည့်ကာ ...

"ရှင်နဲ့ သူက အတူတူ လာတယ်ပေါ့၊ သိပ်ကို ရင်းနှီးကြတယ်ပေါ့လေ"

"သာယာ"

သူက မိုင်မဒီကို အားနာစွာဖြင့် တစ်ချက်လှမ်းကြည့်လိုက်ပြီးမှ သာယာကို လှမ်းဟန့်တားလိုက်စဉ်မှာပဲ မိုင်မဒီ၏ အသံတစ်ခု ကြားရသည်။





"ပော် ... ရှင်းခန့် ပြောပြောနေတဲ့ သာယာလင်းစက်ဆိုတာ ရှင်ကိုး၊ တော်တော်တိုက်ဆိုင်တာပဲနော်"

"ဘာလဲ ... နင်နဲ့ သာယာနဲ့က သိနေကြတာလား"

"သိပ်ကိုသိတာပေါ့၊ ဟုတ်တယ်မှလား သာယာလင်းစက်"

သာယာရဲ့နာမည်ကို ပီပီပြင်ပြင် ခေါ်လိုက်သောကြောင့် မိုင်မဒီနှင့် သာယာက တစ်ခုခုတော့ ငြိထားတယ်ဆိုတာ သူ သဘောပေါက်သည်။ ဘာတွေဖြစ်နေတာပါလိမ့်။

"ရှိုင်း ... ကျွန်မ ရှင်နဲ့ စကားအေးအေးဆေးဆေးပြောချင်တယ်၊ မနက်ဖြန် ကျောင်းကိုလာခဲ့ပါ"

သာယာရဲ့ အသံခပ်ပြတ်ပြတ်ကြောင့် သူကခေါင်းညိတ်တော့မလို အလုပ်မှာ မိုင်မဒီက စကားဝင်ထောက်ပေးသည်။

"မနက်ဖြန် pre-test စစ်မှာလေ ရှင်းခန့်၊ မမေ့မဖြစ်"

"ဟုတ်သားပဲ၊ သာယာ ဘယ်လိုလုပ်မလဲ"

"မသိချင်ဘူး၊ ကျွန်မကို မနက်ဖြန် ကျောင်းရောက်တာနဲ့ လာတွေ့ပါ"



www.burmeseclassic.com

www.burmeseclassic.com



သာယာက ပြောချင်တာပြောပြီး မိုင်မဒီကို ရှုတည်တည်ကြည့်ကာ ထွက်သွားလေတော့သည်။ ဘာတွေမှန်းတော့ သူလည်း သေချာမသိပါ။ ဒါပေမဲ့ မိုင်မဒီရှေ့မှာ သာယာရဲ့ အမိန့်ပေးသံဆန်သလို စကားက သူ့ကို နည်းနည်းတော့ အောင့်သက်သက် ဖြစ်စေပါသည်။

သူ့မွေးနေ့ပွဲက ပြန်သည့်အချိန်ထိ သာယာ့ကို မတွေ့ရပါ။ သူလည်း အထူးတလည် ရှာမနေတော့ဘဲ မိုင်မဒီနှင့် အတူ ပြန်လာလိုက်သည်။ အိမ်ပြန်ရောက်လျှင်တော့ မိုင်မဒီက ကားပေါ်ကမဆင်းခင် သူ့ကိုလှမ်းပြောလေသည်။

"ငါနဲ့ သာယာလင်းစက် ဘာပြဿနာတွေရှိသလဲလို့ မင်း မမေးတော့ဘူးလား ရှင်းခန့်"

မိုင်မဒီရဲ့မေးခွန်းကြောင့် သူဟာအသာခေါင်းညိတ်ပြလိုက်ပြီး မိုင်မဒီရဲ့ခြံထဲမှာ ခဏဆင်းကာ စကားပြောဖြစ်ကြသည်။ သူက ဘာဖြစ်ကြတာလဲဟု မမေးသေးခင်မှာပဲ မိုင်မဒီက တည်ငြိမ်စွာ စကားစပြောသည်။





"ပြဿနာရဲ့အစကတော့ ငါသိပ်ချစ်ရတဲ့ ငါ့ပြိုင်ကားလေးကို အနောက်ကနေ ဝင်တိုက်သွားတယ်ဆိုတာ သာယာလင်းစက်ပဲ ရှင်းခန့်"

"ဘာ"

ဒါဆိုရင်တော့ ပြဿနာကြီးမှန်း သူသိသွားသည်။ မိုင်မဒီရဲ့ ဆတ်ဆတ်ထိမခံစိတ်ကြောင့် သာယာ့ကားကိုလည်း အနောက်ကနေ ပြန်တိုက်လိုက်ကြောင်း သူ သိထားသည်။

"နောက်တစ်ခေါက် ငါ လပြည့်အတွက် Disney အရုပ်ဆိုင်က Ben-10 အရုပ်ဝယ်တာ သူရသွားတော့ ငါ သူ့ကားဘီးကို လေလျှော့ခဲ့တယ် ...

အဲ ... အဆိုးဝါးဆုံးက ငါနဲ့သူ ဒီမနက်မှာ ပြဿနာအကြီးကြီး တက်ခဲ့တယ်"

အင်း ... ဒီလောက်ဆို သာယာနှင့် မိုင်မဒီ အခြေအနေကို သူ သိသည်။ တစ်ဖက်နှင့်တစ်ဖက် တော်တော်လေးကို ကြေပုံရသည်။ မိုင်မဒီက သာယာကိုကြည့်တဲ့ အကြည့်၊ သာယာက မိုင်မဒီကို ကြည့်တဲ့အကြည့် ဒီအကြည့်နှစ်ခု၏



www.burmeseclassic.com

www.burmeseclassic.com



အာဃာတတွေသည် သူ့အတွက် ရတက်မအေးနိုင်သည့် အခြေအနေမှာ ရှိနေပေသည်။

"နင် ငါ့ကို အပြစ်တော့ မတင်လောက်ပါဘူးနော်"

"ကိုက်ဆိုင်မှုကို ငါ နင့်တစ်ယောက်ကိုပဲ အပြစ်မတင်ပါဘူးဟာ၊ ငါ သာယာရဲ့စိတ်ကို သိသလို နင်ရဲ့စိတ်ကို ပြီးသိနေတယ် ...

တစ်ချက်ဆို နှစ်ချက် ပြန်လုပ်ရမှ ကျေနပ်တတ် နင့်ရဲ့စိတ်ကို ငါသိထားပြီးသားလေ"

"ငါ တကယ်ကို မထင်ထားဘူး ရှင်းခန့်ရ၊ နင် ပြောနေတဲ့ သာယာလင်းစက် ဆိုတာ ငါနဲ့ ရှော့ရှိ ရှသလို့ တကယ်မထင်မိတာ"

ဒီကိစ္စကြောင့် မိုင်မဒီ မှိုင်သွားမှန်း သူရိပ်မိပါသည် မိုင်မဒီကို သူ စိတ်တော့မညစ်စေချင်ပါ။ အဲဒါကြောင့်ပဲ သူ အသာရယ်မောလိုက်ပြီး ...

"ဘာမှ အုံးစားမနေပါနဲ့ဟာ၊ ဒီရှော့ခ်က အသေးစား ပါ ဘာမှမဖြစ်ပါဘူး၊ ကဲ ... ငါသွားတော့မယ်"





မိုင်မဒီကို နှုတ်ဆက်ပြီး သူက ကားပေါ်တက်ခါနီးမှာတော့ မိုင်ဒီက လှမ်းအော်မေးလိုက်သည်။

"ရှင်းခန့် ... မနက်ဖြန် pretest လာဖြေဦးနော်"

"စိတ်ချပါဟာ၊ ဖြေပြီးသွားမှ သာယာနှင့် သွားတွေ့မှာ"

ရှင်းခန့်က ဘာမှမဖြစ်သလို ခပ်ပြုံးပြုံးလေးပြောလိုက်လျှင် မိုင်မဒီက လက်သီးကို ကိုရီးယားကားထဲကလို လုပ်ပြသည်။ သူက နားလည်သောအပြုံးဖြင့် ခေါင်းတစ်ချက်ဆတ်ပြကာ ကားမောင်းထွက်လာခဲ့တော့သည်။

သူ့ရင်ထဲမှာတော့ မနက်ဖြန်သာယာနှင့်တွေ့လျှင် ပြောရမည့်စကားတို့ကို ရှာဖွေနေမိတော့သည်။

✻ ✦ ✻



www.burmeseclassic.com

www.burmeseclassic.com



## ( ၇ )

တကယ်တမ်း သာယာနှင့် ရင်ဆိုင်တွေ့ရသည့်အခါ အခြေအနေများသည် ဒီထက်ပိုကာ ဆိုးရွားလို့နေသည်။ သူမှ ပွင့်လင်းလင်း သာယာ့ကို မြင်ကြည့်ရင်တော့ သာယာရဲ့ဒေါသ သည် လိုတာထက်ပိုနေသည်ဟု ထင်မိပါသည်။ သူ့ရဲ့ချစ်သူ သူမှန်းတဲ့ မိန်းကလေးတစ်ယောက်နှင့် ခင်မင်နေသည်ဆို ဒေါသထွက်သင့်သောကိစ္စ ဖြစ်ပေမယ့် ဒီလောက်ထိတော့ [illegible] ရွားသင့်ပါ။

"ကိုယ့်ဘက်ကတော့ ပြောစရာစကားကုန်ပြီ သာယာ မိုင်မဒီ ဆိုတာ ကိုယ်မွေးကတည်းက ခင်လာခဲ့တဲ့





ရဲ့သူငယ်ချင်း၊ သူ့အပေါ်ထားတဲ့ ကိုယ့်ရဲ့စိတ်က သူငယ်ချင်းတစ်ယောက်ထက် မပိုဘူး၊ အဲဒါ ကိုယ့်ရဲ့စိတ်ထား အမှန်ပဲ"

"ဘာလဲ ... ရှိုင်းက ကျွန်မကို စိန်ခေါ်နေတာလား"

ဟုဘား ... ရှင်းကာမှ ပိုရှုပ်ကုန်ပြီထင်သည်။ ဘာတွေ မှန်းလဲ မသိပါ။ သာယာက မိုင်မဒီကို မကျေနပ်တာနှင့်ပဲ သူ့ကို စိတ်ရှုပ်နေတာလား။ အား ... ဘယ်လိုတွေလဲ။ သူ မိန်းကလေး တွေရဲ့စိတ်ကို တကယ်နားမလည်နိုင်တော့ချေ။

"သာယာက ဘာဖြစ်ချင်တာလဲ၊ ကိုယ့်ကိုပြော"

"ကျွန်မ ဘာဖြစ်ချင်တယ်ဆိုတာ ရှိုင်းက သိရဲ့သားနဲ့ မသိချင်ယောင် ဆောင်နေတော့လည်း ပြောရတာပေါ့၊ သာယာ မိုင်မဒီကို လုံးဝမကြည့်ဘူးဆိုတာ ရှိုင်းသိတယ် နော်၊ အဲဒီတော့ ရှိုင်း ရွေးချယ်ပါ၊ ရှိုင်းအနားမှာ မိုင်မဒီ ကို လိုအပ်တာလား၊ သာယာ့ကို လိုအပ်တာလား ဆိုတာ ကိုပေါ့"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုမျိုး သူ့ကို Choice တွေ ပေးလာပြီဆို သူ့နလုံးသားကို လက်ဖြင့်ချေမွဆုပ်နယ်လိုက်သလို နင့်ခနဲခံစားလိုက်ရသည်။ အမှန်တော့ ဒီကိစ္စမှာ ဘာမှရွေးချယ်ဖို့ မလိုအပ်ပါ။ မိုင်မဒီက သူနှင့် တောက်လျှောက်ခင်လာခဲ့သည့် သူငယ်ချင်း။ သာယာဆိုတာ သူသိပ်ချစ်ရသည့် ချစ်သူ။ ချစ်သူနှင့် သူငယ်ချင်း ဘာမှယှဉ်နေစရာမလိုပါ။

"ကောင်းပါပြီ သာယာ၊ ကိုယ်က ရွေးချယ်တဲ့သူလည်း မဖြစ်ချင်သလို ရွေးချယ်ခံရတဲ့သူလည်း မဖြစ်ချင်ဘူး အဲဒီတော့ သာယာနဲ့ကိုယ် ကိုယ့်နလုံးသားကို ကိုယ်ဖြ ဖတ်ကြည့်ကြရင် ကောင်းမယ်၊ ကိုယ် သာယာ့ကို ... ဖြစ်သလို သာယာလည်း ကိုယ့်ကို need ဖြစ်နိုင်မှာပါ"

သူက အဓိပ္ပာယ်ရှိသောစကားကိုပြော၍ သာယာ နှုတ်ဆက်ကာ ပြန်လာခဲ့တော့သည်။ ကျောင်းရောက်တော့ ... တွေနှင့် သူ့ခံစားချက်တွေကို ဆန်းစစ်ကြည့်သောအခါတွင်တော့

"ဒါဆိုရင်တော့ မင်းကောင်မလေးက မင်းကို နှည်း... အမိန့်တော်နှင့် do or die လုပ်နိုင်းတာကွ၊ ပြတ်သား... တော့ လိုလာပြီထင်တယ်"



"ဟာ ... မဟုတ်ဘူးကွ၊ ဒါမျိုးကိစ္စဆိုတာ အရမ်း soft ဖြစ်တယ်၊ ပြတ်သားဖို့ မလိုဘူး၊ but တော်ကီကောင်းဖို့ လိုတယ်၊ two timing ရိုက်မယ်ဆိုရင် အလိုအပ်ဆုံးအရာက တော်ကီပဲ"

စွမ်းထက်က အီစီကလီလေးတွေကို မှိုလိုပေါက်အောင်ထားသူပီပီ သူနှင့် မိုင်မဒီကိုလည်း အီစီကလီဟု ထင်နေသွားသည်။

သူက လေပူကို တစ်ချက်မှုတ်ထုတ်လိုက်ရင်း ...

"မဟုတ်ဘူးကွ၊ မိုင်မဒီနဲ့ ငါက တကယ့် simple friend တွေပါ၊ ယုံပါ စွမ်းထက်ရာ၊ မင်းကိုရှင်းရတာ ပိုမောတယ် ... ဟူး"

"စွမ်းထက် မယုံလည်း ငါတော့ ယုံတယ်နော်၊ ယောက်ဖ ငါ့ကို မိုင်မိုင်နဲ့ အိုကေအောင် စွင်ဖန်ပေးလေကွာ၊ အဲဒါဆိုရင် တစ်ချက်ခုတ် နှစ်ချက်ပြတ်၊ မင်းရဲ့သာယာလည်း မိုင်မိုင်မှာ ဘဲရှိသွားပြီ၊ မင်းကိုလုံးဝ susphied ဖြစ်တော့မှာ မဟုတ်ဘူး၊ ဘယ်လိုလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟာ ... ဟုတ်တာပေါ့။ အဲဒါဟာ သူတို့အတွက် အဆင်အပြေဆုံးနည်းလမ်းပဲဖြစ်သည်။ မိုင်မဒီနှင့် ဘုန်းမြတ်သာ အိုကေသွားပြီဆို သူနှင့်သာ့ယာမှာလည်း ဘာပြဿနာမှ ရှိနိုင်မှာမဟုတ်တော့။

"ကဲ ... ဘယ်လိုလဲ"

"အင်း ... မင်းပြောတဲ့ idea က မိုက်တော့မိုက်ပါတယ် ဒါပေမဲ့ မိုင်မဒီကိုလိုက်ဖို့က မင်းဘာသာ ကြိုးစားမှရမှာနော်"

ဘုန်းမြတ်က မိုင်မဒီကို ရမယ်ဆို အသေ အရှင်ရရ လိုချင်သူဖြစ်သဖြင့် ခေါင်းကို တဆတ်ဆတ်ညိတ် ကာ ...

"ငါက နဂိုကတည်းက အသည်းအသန် ကြိုးစားနေတာ မင်းအကူအညီလေး အနည်းငယ် ရလိုက်လို့ကတော့ ... ဟား ... အိုကေမှာ စိုပြည်သွားမှာ ... အဟဲ"

"နေပါဦး၊ ငါက ဘယ်လိုအကူအညီ ပေးရမှာလဲ"

အဲဒီနေရာမှာတော့ စွမ်းထက်က ဝင်ပြောလေသည်။





"မင်းကလည်းကွာ ရှင်းရှင်းလေးပဲ၊ ဘုန်းမြတ်ရဲ့ information တွေကို ပို့ပေး၊ အဲဒီလိုပဲ မိုင်မိုင်ရဲ့ information တွေကို လည်း ဘုန်းမြတ်ကို ပြောပြပေါ့၊ နည်းနည်းပါးပါး ကူညီ လိုက်ပေါ့ကွာ၊ ဘယ်လိုလဲ"

အင်း ... ဒီလောက်ဆိုတော့မဆိုး၊ သူဟာ မိုင်မဒီ အပေါ် နည်းနည်းတော့ မတရားပေမယ့် အဆင်ပြေနိုင်မည်ဟု ထင်ပါသည်။

ရှင်းခန့်သည် သာယာနှင့် သာသာယာယာ ရှိနိုင်ရန် အတွက် နှစ်ကျပ်ကွက်ဗျူဟာတော့ ခင်းရပါဦးမည်။

သူသည် ဘုန်းမြတ်ကို ယုံကြည်သောစိတ်ကြောင့် ခေါင်းတစ်ချက် ညိတ်လိုက်ကာ ...

"အိုကေ ... ငါ ကူညီပါ့မယ်"

"ဟား ... ဒါမှ good တာပေါ့ကွာ၊ စိတ်ချ ယောက်ဖ၊ မိုင်မိုင်ရဲ့အချစ်ကို ရဖို့အတွက် မင်း အားကိုးနဲ့ အစွမ်းကုန် ကြိုးစားတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



သည်ပွဲလေးကို အောင်မြင်စေခြင်း အတိတ်နိမိတ် တို့ဖြင့် တစ်ယောက်နှင့်တစ်ယောက် လက်ဖဝါးချင်းရိုက်က နားလည်မှု ယူလိုက်တော့သည်။

နင့်ကို ချစ်တတ်စေဖို့ သင်ပေးတယ်မှတ်ပါ မိုင်မဒီ။

❋ ◆ ❋





သာယာနှင့် peace ဖြစ်ဖို့ မနည်းကြီး ကြိုးစားနေ သလို တစ်ဖက်မှာလည်း မိုင်မဒီရဲ့နှလုံးသားတွေ နူးညံ့လာအောင် သူ့မှာ အပျော့စားဒိုင်တွေဖြင့် နားချရသေးသည်။ မိုင်မဒီကတော့ သူ့ရဲ့ထူးဆန်းလာသော ပုံစံတွေကြောင့် သူ့ကို သင်္ကာမကင်းသော အကြည့်တို့ဖြင့်ကြည့်၍ ...

"ထူးတော့ တော်တော်ထူးနေပြီ၊ ရှင်းခန့် ... နင် ဆေး တော့ သောက်လာပါတယ်နော်"

"အယော် ... နင်က တစ်မျိုးထင်နေတာပါဟာ၊ ငါက ငါ့ ကောင်မလေးနဲ့ အဆင်ပြေသွားပြီဆိုတော့ နင့်ကိုလည်း ဘဲလေး အာလေးနဲ့ တွဲစေချင်တယ်လေ"

သူ့အပြောကြောင့် မိုင်မဒီက မျက်နှာကို အသာမဲ့ သူ့လက်မောင်းကို ဖျတ်ခနဲ ရိုက်လိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"တော်စမ်းပါဟယ်၊ အပိုတွေ ပြောနေတယ်"

"သြော် ... တကယ်ပြောတာ၊ နင့်ကိုစေတနာနဲ့ ဆုံးမသွန်သင်နေတာ၊ မိန်းကလေးဆိုတာ အရွယ်ရှိတုန်းမှာ ကိုယ်နဲ့လိုက်ဖက်တဲ့ ဘဲကလေးတွေ ရှာတတ်ရတယ်၊ ဟဲ ဟဲ"

ရှင်းခန့်က ပြောင်ချော်ချော်လုပ်၍ ပြောလိုက်တော့ မိုင်မဒီက မှုန်ကုပ်ကုပ်ဒီဇိုင်းဖြင့်ကြည့်ကာ ခါးတစ်ချက်ထောက်၍...

"သေချာပြီ၊ နင့်မှာ အကြံအစည်တစ်ခုခုတော့ ရှိရမယ်ကွ တော့ နင် (သူ့ကိုဂါက်ညိုးထိုး၍ ပြူးပြီးကြည့်ကာ) ငါ့ကို ဘုန်းမြတ်ကောင်းကင်နှင့် join ပေးနေတယ်လေ"

"ဟာ ... မဟုတ်ရပါဘူးဗျာ"

ရက်(ပ်)ပါအထာဖြင့် လက်ကားရားပုံစံ ပြောလိုက်လျှင် မိုင်မဒီသည် တဟားဟားအော်ရယ်နေလိုက်သည်။ မိုင်နှင့် ဘော်ဒါဖြစ်ရတာဟာ သူ့အတွက်တော့ လွတ်လွတ်လပ်ရှိသလိုပင်။





"ကဲပါ ... အချိန်ကလည်း ညနေမစောင်းတစောင်းဆိုတော့ ဝက်သားတုတ်ထိုး သွားဆွဲမှာလား၊ အမေရိကန်စစ်စတမ်နဲ့ သွားစားမယ်လေ"

ကိုယ်စားတာ ကိုယ်ရှင်းဆိုသော သဘောဖြင့် ပြောင်းပ်စပ်ပြောလိုက်လျှင် မိုင်မဒီက ကပ်စေးနဲဇော်ဝံရာဆိုသော အကြည့်မျိုးဖြင့်ကြည့်ပြီးမှ ...

"တွေ့လား ... အဲဒါတွေကြောင့် ပြောပါတယ်၊ ရှင်းရှင်းခန့် တစ်ယောက် ဂေါက်နေပါပြီလို့၊ ဘယ့်နှယ် ဒီနေ့ကြားရသမျှ အထူးအဆန်းတွေချည်းပဲ ...

အရင်တုန်းကဆို နင့်လောက် အဆန့်အပြန့်ကြိုက်၊ ဇိဇာကြောင်တာမရှိဘူး။ အခု ထူးဆန်းစွာနဲ့ ဝက်သားတုတ်ထိုး သွားစားဖို့ခေါ်တယ်၊ ဟုတ်လား ...

ဘာလဲ ... ဆရာဝန်လောင်းကို ချစ်သူတော်တေးရတော့ သားသားစားချင်တာ စားလို့ရပြီဆိုပြီး လုပ်မလို့လား"



www.burmeseclassic.com

www.burmeseclassic.com



မိုင်မဒီက ဟန်တွေပန်တွေ မထည့်ဘဲ ပေါတောတော ပုံစံဖြင့် ပြောလိုက်လျှင် သူက အသာပြုံးလိုက်ကာ ...

"မဟုတ်ပါဘူးဟာ၊ ဒီလိုပဲ စားချင်စိတ် ပေါ်လာတာနဲ့ လာသွားမယ်၊ လမ်းကျယ်မှာ ဝက်သားတုတ်ထိုးဆိုင် အသစ်ဖွင့်ထားတာ သံနဲ့တယ်ဟ၊ တခြားနေရာတွေက တောင် ဒီလာစားကြတာ"

"ကဲ ... ကိုးမယ် ဘာနဲ့သွားမလဲ၊ ကားနဲ့လား ဗြမ်ဘွားလား"

သူက ခေါင်းလေးတစ်ချက် ယမ်းပြလိုက်ပြီး နားထင်ကို လက်ဖြင့်ထောက်လိုက်ရင်း ...

"ကိုယ့်ခြေထောက်လည်း ကိုယ်မသုံးဘူး၊ ဖြိုင်ဘီးတစ် ယောက်တစ်စီးနဲ့ လိမ့်မယ်"

"အိုကေ ... ဒါဆို ငါဘီးလေး ထုတ်လိုက်ဦးမယ်"

"အေး ... ငါလည်း ငါ့ဘီးသွားယူလိုက်မယ်၊ ခြံကစောင့်နေမယ်"



သူက မိုင်မဒီတို့ ခြံထဲက ထွက်လာပြီးသည်နှင့် သူ့ဘောင်းဘီအိတ်ကပ်ထဲက ဟန်းဖုန်းလေးကိုထုတ်ကာ ဘုန်းမြတ်ဆီကို လှမ်းခေါ်ရသည်။ ကံကောင်းချင်တော့ ဖုန်းကဘာပညာမှမပြဘဲ လိုင်းကိုတန်းခနဲ ဝင်သွားတော့သည်။

"ဟေ့ကောင် ... ငါနဲ့ မိုင်မဒီ လမ်းကျယ်က တုတ်ထိုးဆိုင်ကိုသွားမလို့၊ မင်း မြန်မြန်သာလာခဲ့နော်၊ မင်းအချိန်မီ ရောက်နိုင်အောင် ငါတို့ စက်ဘီးနဲ့လာမှာ"

"အိုကေ ... ယောက်ဖ၊ အခုချက်ချင်း ထွက်လာခဲ့မယ်"

ဘုန်းမြတ်နှင့် ဖုန်းပြောပြီးနောက် ချက်ချင်းပင် စက်ဘီးကိုထုတ်ကာ ထွက်လာခဲ့ရသည်။ သူက ဘာမှထပ်မဆင်တော့ဘဲ Evisu တံဆိပ်ပါ တီရှပ်အဖြူလေးကို Ten တံဆိပ် ရွာတားဘောင်းဘီဖြင့် ပေါ့ပါးလွတ်လပ်စွာ ဝတ်ဆင်ကာ မိုင်မဒီကို စောင့်နေလိုက်သည်။ မိုင်မဒီကတော့ မိန်းကလေးတို့သဘာဝ အရ အပြင်ထွက်တော့မည်ဆို နည်းနည်းပါးပါးပြင်ဆင်၍ ပန်းနုရောင် ဖစ်တင်တီရှပ်အကျပ်ကို လီနင်အသားပျော့ ဘောင်းဘီရှည်ဖြင့် ဘုန်းမြတ်ရင်ခုန်စေလောက်မည့် အဆင်မျိုးဖြစ်နေသည်။

www.burmeseclassic.com



"ဟဲ့ ... သွားမယ်လေ"

"အိုကေ ... Let's go "

သူနှင့် မိုင်မဒီသည် ခပ်မှန်မှန်နှုန်းဖြင့်ပင် စက်ဘီးကိုယှဉ်၍ နင်းလာခဲ့သည်။ လမ်းတစ်လျှောက်လုံး ဘာမှတော့စကားမပြောဖြစ်ပေ။ သူက ဒီခွင်ကို ဘုန်းမြတ်အတွက် တမင်ဖန်ပေးတာဖြစ်သဖြင့် သူ့မှာက တွေတွေထူးထူးတော့ ပြောစရာမရှိပါ။

သူက ဘုန်းမြတ်နှင့် မိုင့်မဒီကို ဘာလို့သဘောတူရသလဲဆို ဘုန်းမြတ်က သူနှင့် ဆယ်တန်းလောက်ကတည်းက ခင်ခဲ့တာဖြစ်ပြီး ရည်းစားတစ်ခါမှ မထားဖူးသေးတဲ့ အမျိုးကောင်းသားလေး ဖြစ်တာရယ်၊ စာရိတ္တနှင့် စိတ်ဓာတ်ရေးရာမှာ A အဆင့်ရှိသူ ဖြစ်သောကြောင့် ကောင်းတယ်ဟု ခြိုင့်သတ်မှတ်ကာ ကူညီပေးနေရတာဖြစ်သည်။ သူ့ရဲ့စိတ်ရင်းအမှန်ကို ပြောရမယ်ဆိုရင်တော့ ဘုန်းမြတ်နှင့် မိုင်မဒီကို အရမ်းကြီးတော့ သဘောမတူလှပါ။

မိုင်မဒီက ခပ်ချောချော ကောင်မလေးတစ်ယောက်ဖြစ်ပြီး ဘုန်းမြတ်ကတော့ တော်တန်သင့်တင့်သော ရုပ်ရည်ကို





ပိုင်ဆိုင်ထားသူဖြစ်သည်။ သူတို့နှစ်ယောက်ကို တွဲမြင်ကြည့်ရင်နေနဲ့လ ရွှေနဲ့မြမဖြစ်သော်လည်း သူ့ရဲ့ချစ်သူ သာယာ သံသယကင်းကင်းနှင့် သူ့ကိုချစ်နိုင်ဖို့ရာ ဒီနည်းတစ်နည်းပဲ ရှိတော့တာမို့ အင်တင်တင်နှင့် သဘောတူလိုက်ရတာဖြစ်သည်။

"ဟဲ့ ... ရောက်ပြီလေ၊ ဆက်နင်းဦးမလို့လား"

"အဟဲ ... အေးပါ၊ ရောက်မှန်းသိပါတယ်"

သူတို့ဆိုင်ထဲဝင်ကာ ဝက်သားတုတ်ထိုး စားနေစဉ်မှာပဲ ဘုန်းမြတ်က ရောက်ချလာကာ အံ့သြသွားသော အကယ်ဒမီရှော့ခ်အိုက်တင်ဖြင့် ဝင်လာကာက မိုင်မဒီဘေးကနံမှာ စင်ထိုင်ကာ သူ့ကိုကြည့်ပြီးမှ ...

"မိုင်မိုင်တို့လည်း ဒီမှာ တုတ်ထိုးလာစားတာလား"

ပြုံးဖြီဖြီဖြစ်နေသော ဘုန်းမြတ်ရဲ့မျက်နှာကို မိုင်မဒီက မကြည်သလို ကြည့်လိုက်ပြီးမှ ...

"စားနေတာကို မြင်ရဲ့သားနဲ့ ဘာလို့အပိုတွေ လာမေးနေတာလဲ။ နေစမ်းပါဦး ... နင်က ဘာဖြစ်လို့ ဒီနေရာထိတောင် တုတ်ထိုးလာစားရတာလဲ၊ တိုက်ပဲတိုက်ဆိုင်လွန်းတာယ်"



www.burmeseclassic.com

www.burmeseclassic.com



ရှင်းခန့်ကိုပါ ငေါတော့တော့ ရွဲ့ပြောနေသဖြင့် ရှင်းခန့်က မနေတတ်သလို မျက်နှာကို တစ်ဖက်လွဲနေလိုက်သည်။ ဘုန်းမြတ်ကတော့ မိုင်မဒီ ဘာပဲပြောပြော ကျေနပ်တယ်ဆိုသည့် မျက်နှာကြီးဖြင့်ပြုံးကာ အရွှင်နေပေသည်။

"ဟောကောင် ... ယောက် အဲ ... အဲ ... ရှင်းခန့် စားလေ ကွာ၊ မိုင်မိုင်လည်း စားနော်၊ ကိုယ် ဒကာခံမှာ"

"မလိုပါဘူး၊ ငါတို့က ကိုယ့်ဘာသာကိုယ် ဝယ်စားနိုင်ပါ တယ်ဗျဲ့၊ ပြောလိုက်လေ ရှင်းရှင်းခန့်ရဲ့"

သူ့လက်မောင်းကို ဖျတ်ခနဲရိုက်လိုက်ပြီး စစ်ကူခေါ် လိုက်လျှင် သူကလည်း ဖိန့်ဖိန့်အကွက်တွေထွင်ကာ ...

"ဟုတ်တယ်လေကွာ ဘုန်းမြတ်၊ မိုင်မဒီကိုများ ဝယ်မစား နိုင်ဘူး ထင်နေလား၊ နော် ... မိုင်မဒီ"

"ကဲ ... သွားမယ် ရှင်းခန့်၊ အနှောင့်အယှက်တွေ ရှိနေ တော့ ဘယ်လောက်ကြိုက်တဲ့ အစားအသောက်ပဲဖြစ်ဖြစ် စားမဝင်တော့ပါဘူးဟယ်၊ သွားကြမယ်၊ ဦးလေးကြီးရှင်း မယ်"





ဝက်သားတုတ်ထိုးသည် ဦးလေးကြီးက ဈေးတွက် မည်အလုပ်တွင် ဘုန်းမြတ်က ပြုံးတွေးပြီတဲဖြင့်ဝင်ကာ ...

"ဟာ ... ကိုယ်ရှင်းပါမယ်"

"ဒီမှာ ... ရှင့်အတွက်လည်း မရှင်းပေးနိုင်ဘူး၊ အမေရိကန် စစ်စတမ်နဲ့ရှင်းတာ၊ ရှင်းခန့် ကိုယ့်ပိုက်ဆံ ကိုယ်ရှင်း လေ"

မိုင်မဒီက လှမ်းပြောလိုက်လျှင် သူက သူ့ကိုယ်တာ ဆို တွက်ခိုင်းပြီး ပိုက်ဆံရှင်းလိုက်သည်။ မိုင်မဒီကတော့ ပိုက်ဆံ ရှင်းပြီးသည်နှင့် မာကြောကြောပုံစံဖြင့် စက်ဘီးဆီသို့ လျှောက် သွားပြီး သူ့ကိုလည်း မြန်မြန်လာဖို့ လောဆော်နေသည်။ သူက ဘုန်းမြတ်ကို အားနာစွာ ငဲ့ကြည့်လိုက်လျှင် ဘုန်းမြတ်က ပခုံး တစ်ချက်တွန့်ပြ၍ နားလည်ပါတယ်ကွာဟုသာ ဆိုလေသည်။

သူက ဘုန်းမြတ်ကို နှုတ်ဆက်ကာ မိုင်မဒီနောက် သို့ လိုက်ရတော့သည်။ မိုင်မဒီနှင့် သူက ဘီးချင်းယှဉ်နင်းနိုင်ပြီ ဆိုတာနှင့် မိုင်မဒီက ညှော်စီးရီးစထုတ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"နင်ဟာလေ တော်တော်ကို အမြင်ကတ်ဖို့ကောင်းတယ်၊ ငါ ထင်တော့ထင်တယ်၊ ရှင်းခန့်တို့တော့ ဘာတွေစတန့်ထွင်တာလဲလို့၊ နင့်ယောက်ဖကို အဲသလောက်ချစ်နေတယ်ဆိုလည်း နင့်အစ်မတွေနဲ့ သဘောတူပါလား ...

ဘာလို့ ငါနဲ့လိုက်လျှော်ပေးနေရတာလဲ"

ပွစိ ပွစိပြောနေသော မိုင်မဒီ့လျှော်ကို သူကအသာ ပြုံး၍ နားထောင်ကာ ...

"အေးပေါ့ဟာ၊ ငါ့မှာ အစ်,မရှိတော့ နင်က ငါ့ထက် ဆယ်နှစ်ရက်ကြီးတဲ့ သူငယ်ချင်းဆိုတော့ အစ်မလိုသဘော ထားပြီး ဘုန်းမြတ်ကြီးနဲ့ သဘောတူရတာပါဟာ"

သူက မိုင်မဒီ့ရဲ့အပြောကို တဟားဟား အော်ရယ် ကာ မျက်နှာကိုရှုံ့၍ နောက်လိုက်လျှင် မိုင်မဒီက သူ့ကို တကယ်ပင် စက်ဘီးဖြင့် ဝင်တိုက်တော့သည်။ သူက နင်း… မြင့်ကာ ခပ်သွက်သွက်နင်းလျှင် မိုင်မဒီကလည်း အနောက်… နေ အသည်းအသန်လိုက်တိုက်လေသည်။ ညနေစောင်းမို့ လူရှင်း… သည့်ရပ်ကွက်ဘက်က ပတ်လာသဖြင့် စက်ဘီးကို အရှိန်မြင့်…





…င်းလို့ရပေသည်။ မိုင်မဒီက အနောက်က အတင်းဖိနင်းနေရင်း …က ကုန်းတက်တစ်ခုမှာ ဟန်ချက်လွဲကာ မိုင်မဒီရဲ့စက်ဘီးသည် …တ္တရာလမ်းပေါ် ပစ်ကျသွားသဖြင့် သူသည် စိုးရိမ်စိတ်က …ယ်ထိပ်ဆောင့်တက်ကာ စက်ဘီးကိုမှောက်ချခဲ့ပြီး မိုင်မဒီဆီ …သို့အပြေးအလွှားသွားကာ ထူပေးရသည်။

"ဘာ ... ဘာဖြစ်သွားသေးလဲ မိုင်မဒီ"

မိုင်မဒီက သူတွဲထားတာကို အားပြုမထဘဲ ရှုံ့မဲ့နေ သော မျက်နှာဖြင့် သူ့ကို ဖိအော်လေတော့သည်။

"အဲဒါ နင့်ကြောင့်ဖြစ်ရတာ အစုတ်ပလုတ်ရဲ့၊ အား ... သေတော့မှာပဲ၊ ခြေထောက် ဘာဖြစ်သွားလဲ မသိဘူး၊ အဲဒါ နင့်ကြောင့်"

သူ့ရဲ့လက်မောင်းကို တဖုန်းဖုန်းထုရိုက်ရင်း ပြော …နေသော မိုင်မဒီ့ကိုကြည့်ကာ သနားသွားပါသည်။ သူမရဲ့ဒူး …ခေါင်းမှာ သွေးတွေထွက်နေပြီဆိုတာ သူ သိပါသည်။ အသားဖျော့ …မှာ အညိုဘောင်းဘီမှာ သွေးစအချို့ စွန်းနေမှန်း သူ သတိထား …သည်။



www.burmeseclassic.com

www.burmeseclassic.com



ကစ္ဆာရာလမ်းပေါ် ပစ်ကျသောကြောင့် တံတော

ဆံတွေပါ ပွန်းပဲ့ကုန်မယ်ဆိုတာ သူ နားလည်ပါသည်။

"ကဲပါဟာ၊ နင့်အိမ်ရောက်မှသာ ငါ့ကို အသေပြသနာ

တော့၊ ခုလောလောဆယ်တော့ နင့်ဒဏ်ရာတွေကို ဆေး

ထည့်ရမယ်လေ"

"သွား ... နင့်ကို ငါ လုံးဝမခေါ်ဘူး၊ တော်တော်စိတ်ပျ

တဲ့အကောင်၊ ရှိုင်းရှင်းခန့် ... နင့်ကိုလေ ငါအမှုန့်ကြိ

ပစ်မယ် သိလား"

ဒီလောက် ဒဏ်ရာတွေကိုတောင် ဂရုမစိုက်ဘဲ သူ

ကို ပြောဆိုနေပုံကို သူက အသာပြုံးလိုက်ကာ သူမရဲ့လက်မော

ကို မေးမတွဲထူလိုက်ပြီး ထနိုင်းလိုက်လျှင်တော့ သူမက ကစ္ဆာ

လမ်းကို လက်ထောက်ကာ အားပြုထရှာပါသည်။ သို့ပေမေ

သူမခြေထောက်က ခွေခနဲ ယိုင်ကျသွားသဖြင့် သူက လှမ်းအ

ထိန်းလိုက်တော့ သူတို့နှစ်ယောက် ကိုယ်ခန္ဓာချင်း ပူးကပ်သွာ

လေသည်။ အဲဒီမှာပင် ကားတစ်စီးက သူတို့ရှေ့မှာရပ်ကာ မိန်

ကလေးတစ်ယောက်က ဆင်းလာပါသည်။





သူကော မိုင်မဒီပါ ဘယ်သူလဲ ကြည့်လိုက်လျှင်

ဘော့ ထိုမိန်းကလေး;က သာယာ ဖြစ်လို့နေသည်။ သူက ဘာ

ပြောရမှန်းမသိစွာဖြင့် သာယာ့ကိုသာ ငေးကြည့်နေလျှင် သာယာ

က သူတို့နှစ်ယောက်ရဲ့ရှေ့သို့ သွေးအေးစွာ လျှောက်လာပြီး သူ့

ကို ရှုံ့ပြုံးပြုံးကြည့်၍ နှာခေါင်းရှုံ့ဟန်ပြကာ ...

"သူငယ်ချင်းတွေ သိပ်ချစ်နေကြတယ်ပေါ့"

အဲဒီအပြောက သူ့ရင်ကို မီးစနဲ့လာထိုးသလို ရှူး

ခနဲ အောင့်တက်သွားလျှင် မိုင်မဒီက ပိုဆိုးလိမ့်မည်ဆိုတာ သူ

သဘောပေါက်ပါသည်။ မိုင်မဒီက တစ်ခုခုပြောဖို့ ပါးစပ်အပြင်

မှာပဲ သူက သာယာ့ကို အသံခပ်မာမာဖြင့် ပြောလိုက်တော့သည်။

"သာယာ ... အခြေအနေကို မင်းလည်း မြင်ပါတယ်၊

ဘာလို့ အမြင်ကို အထင်နဲ့ စွပ်စွဲပစ်လိုက်ရတာလဲ"

"ဟား ... သိပ်ကိုပြောင်မြောက်တဲ့ စကားလုံးပါလား၊

ရှင် စကားတွေ သိပ်တတ်နေတယ်ပေါ့လေ၊ ဟုတ်လား ...

ရှိုင်း၊ တခြားတစ်ယောက်အတွက်နဲ့ ကျွန်မကို ရန်တွေ့နေ

တာလား"

www.burmeseclassic.com



"သာယာလင်းစက် ... ရှင့်စိတ်နဲ့နှိုင်းပြီး မရိုင်းပါနဲ့၊ ကျွန်မတို့ကို ရှင် စော်ကားလွန်းနေပြီ"

သာယာက မဲ့ပြုံးတစ်ချက် ပြုံးလိုက်ကာ သူ ဘာပြောချင်တယ်ဆိုတာ ရိပ်မိစွာဖြင့် လှမ်းပြောလေသည်။

"ကျွန်မက ဒီလမ်းက ဆရာမအိမ်ကိုလာတာ၊ မမျှော်လင့်ဘဲ ဒီမြင်ကွင်းကို တွေ့လိုက်တာနော်၊ ရှင်တို့နောက်ကို လိုက်ချောင်းနေတယ်လို့ မထင်နဲ့နော်၊ သိပ်ဘဝင်မြင့်မနေနဲ့"

သာယာရဲ့စကားတွေက တဖြည်းဖြည်းနှင့် သူ့ကိုကော မိုင်မဒီကိုပါ စော်ကားလာပြီဖြစ်သဖြင့် တောက်တစ်ချက်ကို ပြင်းပြင်းခေါက်ကာ ...

"ကိုယ်တို့ ဒီကိစ္စကို အေးအေးရှင်းကြတာပေါ့၊ အခုချိန်မှာ ဘယ်သူအရေးကြီးဆုံးလဲဆိုတာ သာယာနားလည်ပါ၊ သွားမယ် မိုင်မဒီ"

သူက မိုင်မဒီကို အသာဖေးမကာ စက်ဘီးနောက်ခုံပေါ်သို့တင်ပေးပြီးမှ သူက အသာထိန်း၍ နင်းသွားသည်။ သူ့ရဲ့စက်ဘီးကိုတော့ နောက်မှပဲ ပြန်လာယူတော့မည်။





သည်ကိစ္စတွေအတွက် မိုင်မဒီကို သူ အရှမ်းဖဲအားနာလှပါသည်။ ပြီးတော့ သာယာ ...' သာယာ ဘယ်လောက်ဆေါက်ကွဲနေမှာလဲ။ မတတ်နိုင်တော့၊ အခုချိန်မှာ သူ့ကမ္ဘာ၌ အရေးကြီးဆုံးက မိုင်မဒီပဲ ဖြစ်နေပါသည်။

✻ ✦ ✻



www.burmeseclassic.com

www.burmeseclassic.com





ပြောင်ပြောက်တဲ့ စကားလုံးတွေနဲ့

ကိုယ့်ရင်ခွင်ကို ဘောင်ခတ်ထားတဲ့

မင်းကို ဘယ်လိုရှင်းပြမှ

နားလည်ပေးမှာလဲ။

မင်းရဲ့အချစ်က

ကိုယ့်ကို သံသယတွေနဲ့ ရစ်ပတ်ထားတာလား

ကိုယ့်စိတ်ထဲမှာ အစုတိ မင်းတစ်ယောက်တည်း

ရှိနေတာလို့ ပြောလည်းမယုံ၊

ကဲ … ဘယ်လိုပြောရမလဲ ?

ချစ်ပါတယ်ဆို …။

✻ ✦ ✻







အချစ်သက်တမ်းရှည်စေဖို့

အကောင်းဆုံးနည်းလမ်းက

ကိုယ့်ချစ်သူအတွက်ဆို

ကိုယ်ဟာ အမြဲတမ်း အာလာဒင်ဖြစ်နေရမယ်။

အာလာဒင်က သူ့လိုချင်တဲ့ အရာတော်တော်များများကို

မီးခွက်ဘီလူးရဲ့ အကူညီကို တောင်းတတ်တယ်

အဲဒီတော့ ကိုယ် အာလာဒင်ဖြစ်ဖို့

ဘယ်သူ့ကို အကူအညီ တောင်းမှာလဲ ? ။

✻ ✦ ✻



www.burmeseclassic.com

www.burmeseclassic.com





သူ ငါ့ကို သစ္စာမဲ့သွားတာ မဟုတ်ပါဘူး
နောက်တစ်ယောက်အပေါ် သစ္စာရှိသွားတာ နေမှာပါလို့
ဖြေတွေး တွေးပေးရမှာလား။
အရှုံးဆိုတာကို မလိုချင်တဲ့အတွက်
အချစ်ဟာ ကျွန်မအတွက် အရှုံးရစေမယ်ဆိုရင်
အဲဒီအချစ်ကို မီးရှို့ပစ်လိုက်ဖို့
လုံးဝ ဝန်မလေးဘူး။

✻ ◆ ✻





## ၈

မိုင်မဒီနှင့် သူ့ကိစ္စကို အစအဆုံး သိသွားကြသော သူ့သူငယ်ချင်းတွေက ဘယ်လိုလဲ၊ သာယာနှင့်ပြတ်ပြီလား စသဖြင့် အမျိုးစုံမေးခွန်းတွေ ထုတ်လာကြသည်။ အဲဒီအတွက် ဖြေဖို့အဖြေ တစ်ခုကို သူ့ပါးစပ်ထဲမှာ အမြဲဆောင်ထားရပေသည်။

"ငါ သာယာနဲ့ မပြတ်ချင်သလို မိုင်မဒီကိုလည်း စိတ်အနှောင့်အယှက် မပေးချင်ဘူး"

အဲဒီတော့ အချစ်ကိစ္စမှာ ဆရာကြီးအဆင့်ရှိသော မွှမ်းထက်က ဘီယာလေးတစ်ငုံ့,ငုံ့ရင်း လက်ချာဝင်ရိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါပြောပြမယ် ရှင်းခန့်၊ မင်းရဲ့သာယာက မိုင်မိုင့်ကို လုံးဝအစာမကြေတဲ့အတွက် သူ့ချစ်သူဖြစ်တဲ့ မင်းကိုလည်း မိုင်မိုင်နဲ့ ဘယ်လိုအကန့်နဲ့ တွဲတာကိုမှ လက်မခံနိုင်မှာ မဟုတ်ဘူး ...

ဒီတော့ ... အင်း ... ငါ့သဘောကို ပြောရမယ်ဆို ရင်တော့ သာယာက အရမ်းကို အငြိုးကြီးတဲ့ မိန်းကလေး ဖြစ်တဲ့အတွက် ဆက်တွဲနေဦးမယ်ဆိုရင် ရေရှည်မှာ ဒီလို ပြဿနာတွေ ဖြစ်နေဦးမှာပဲ၊ ငါသာ မင်းနေရာမှာဆိုရင် တော့ သဝန်တိုတဲ့၊ စိတ်ထက်လွန်းအားကြီးတဲ့ မိန်းကလေး ကို First love အနေနဲ့ နင့်နေအောင် မချစ်ဘူး၊ ဖြတ်သင့် ရင် ဖြတ်မှာပဲ"

စွမ်းထက် ပြောတာတွေက မှန်သင့်သလောက်တော့ မှန်ပါသည်။ သို့ပေမယ့် သူ့နှလုံးသားက အမှတ်သည်းခြေမရှိ စွာ သာယာ့ကို ချစ်နေသေးသည်။

"ထားလိုက်ပါကွာ၊ သာယာက အချစ်ကြီးလို့ အမျက်ကြီး တယ်လို့ပဲ ငါသဘောထားပါတယ်၊ ဒီကိစ္စကိုတော့ ငါ





သေချာရှင်းရမှာပဲ၊ ငါ မိုင်မဒီကိုလည်း အားနာတယ်၊ ပြီးတော့ သူ့မိဘတွေ၊ အခုဆို မိုင်မဒီက ငါ့ကိုမေးထူး ခေါ်ပြောလောက်ပဲ လုပ်တော့တာ၊ အေးလေ ... သူစိတ်ဆိုး မယ်ဆိုလည်း ဆိုးစရာပေါ့၊ ငါကိုယ်တိုင်က သာယာကို မပြင်နိုင်သေးတာ"

ဘုန်းမြတ်ကတော့ မိုင်မဒီရဲ့တင်းမာသောအခြေ အနေကြောင့် စိတ်ညစ်နေသော်လည်း စိတ်ဓာတ်တော့ မကျသေး သေး

"ရှင်းခန့် ... မိုင်မိုင်ကော သက်သာရဲ့လား"

"အင်း ... သက်သာပါတယ်၊ မိုင်မဒီအဖေက ဆရာဝန်ပဲ ဟာ"

"ငါ မိုင်မိုင်နဲ့ အရမ်းတွေ့ချင်တယ်ကွာ၊ မင်း ကူညီပါ လား"

သူ တကယ်ပဲ ကူညီချင်သော်လည်း အခုအခြေအနေ အရ သူလည်း ဘာမှမတတ်နိုင်တော့ပေ။ ဘုန်းမြတ်ရဲ့ပခုံးကို သာ်ဖွဖွပုတ်ပေးပြီး အင်တင်တင်သာ လုပ်နေရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အဲသည်လိုနှင့်ပင် စိတ်ညစ်ညစ်နှင့် သူက အိမ်သို့ ပြန်လာစဉ်မှာပဲ သာယာ့ဆီက ဖုန်းဝင်လာလေသည်။ အစုချုက်ချင်း သူနှင့်တွေ့ချင်သည် ဆိုသဖြင့် သာယာရှိရာ ကော်ဖီဆိုင်လေးသို့ အမြန်လိုက်သွားရလေသည်။ ဟိုရောက်တော့ သာယာက သူ့ကို အပြုံးတစ်ခုဖြင့် ဆီးကြိုနှုတ်ဆက်သောအခါ သူတောင်အံ့ဩသွား ရလေသည်။

"ရှိုင်း ... ဘာကြည့်နေတာလဲ၊ ရှိုင်းအတွက် ကော်ဖီမှာ ထားတယ်၊ သောက်လိုက်ဦး"

ဟား ... သူ တကယ်ပဲ အံ့ဩသွားတော့သည်။ ဘာတွေဖြစ်ကုန်တာလဲ ?။ သာယာဟာ သူ့အကြိုက် ကပ်ပူချီ ကို အဆင်သင့် မှာထားပေးပါလား။ အိပ်မက်များ မက်နေတာ လား မသိတော့။

"အရမ်း အံ့ဩနေတာလား ရှိုင်း"

"အင်း ... ဟုတ်တယ်၊ ကိုယ် တဒင်္ဂရှော့ခ်တောင်ရသွား တယ်၊ သာယာ ... ကိုယ် အိပ်မက်,မက်နေတာတော့ မဟုတ်ပါဘူးနော်၊ ဟုတ်လား"



သာယာက သူ့ အင်မတန်နှစ်ခြိုက်လှသော အပြုံး လေးကိုပြုံးပြ၍ သူ့ကို ခပ်ဖျော့ဖျော့ အကြည့်လေးဖြင့်ကြည့်ကာ...

"ဆောရီးပဲ ရှိုင်းရယ်၊ သာယာ အဲဒီနေ့က စိတ်တွေကိုလွှတ် ပေးလိုက်သလို ဖြစ်သွားပြီး ပေါက်ကွဲသွားမိတယ်၊ အပြစ် လုပ်ပြီးမှ ဆောရီးလို့ပြောတာတော့ မဟုတ်ပါဘူး ရှိုင်း ရယ်၊ ဒါပေမဲ့ သာယာပေါက်ကွဲမိတာ အပြစ်ကြီးကြီးတော့ မရှိလောက်ပါဘူးနော်၊ ကိုယ့်ချစ်သူအပေါ် သဝန်တိုခွင့် တော့ ရှိတယ်မလား၊ အဲဒီနေ့ကတော့ နည်းနည်း ကျော်ဝင် တာများသွားတယ်၊ နည်းနည်းလေးတော့ အပြစ်ရှိတာပေါ့ နော် ... ဟုတ်"

သာယာရဲ့ချစ်စဖွယ်ကောင်းသော အပြောလေးကို သူက ပျော်ရွှင်စွာ ရယ်မောလိုက်ပြီး သာယာရဲ့ရှေ့သို့ သူ့လက် ဆန့်တန်းလိုက်ကာ ကလေးအထာပုံစံဖြင့် ခေါ်မလားဆိုသော သဘောဖြင့် လက်ချောင်းသေးတလေးပြလိုက်လျှင် သဘောက မျက်နှာလေးဖြင့် သူ့လက်ချောင်းလေးကို ဖိနှိပ်ချလိုက်သည်။

အိုကေ ... ဒီလောက်ဆို သူတို့ရဲ့အခြေအနေကို လို့ရချေပြီ။ ဒါပေမဲ့ သူ့စိတ်ထဲမှာ အံ့ဩနေတာတစ်ခုက

www.burmeseclassic.com

www.burmeseclassic.com



အသည်ပြုရှင်းချက်မှ မပေးရဘဲ အားလုံးအေးဆေးဖြစ်သွားတာက တော့ ဆန်းပေသည်။ သာယာရဲ့စိတ်ကို သူ သိပါသည်။ ဘယ် တော့မဆို အနိုင်ရမှ ကျေနပ်တတ်သော သာယာက ဒီကိစ္စ ဘာလို့များ လျှော့ပစ်လိုက်ရတာပါလိမ့်။

"ရှိုင်း ... ဘာတွေးနေတာလဲ၊ ကော်ဖီသောက်လိုက်ဦးလေ"

သူက အသာပြုံးကာ ခေါင်းတစ်ချက်ညိတ်ပြ cappuccino ကို တစ်ငုံသောက်လိုက်သည်။ ပြီးတော့မှ အ တစ်ခုဝင်ကာ သာယာ့ကို စူးစိုက်ကြည့်၍ ...

"ကိုယ့်ကို အခုလို နားလည်ပေးတဲ့ သာယာ့ကို ကို တကယ်ကျေးဇူးတင်တယ် သိလား၊ တကယ်တော့ အ နေ့က ကိုယ်လည်း မှားတာတွေ ရှိပါတယ်။ ရုတ်တရ ကြီး သာယာက ပေါက်ကွဲပစ်လိုက်တော့ ကိုယ်က မိုင်း ကို အားနာသွားပြီး သာယာ့ကို ပြောလိုက်မိတာ၊ တော ပန်ပါတယ်နော်"

"မလိုဘူးလေ ရှိုင်းရယ်၊ အချစ်နဲ့ ခံစားနားလည်ပေးရ အားလုံးကို ခွင့်လွှတ်နိုင်တဲ့ အစွမ်းသတ္တိရှိတယ်တဲ့၊ သာယာ ကြားဖူးထားတဲ့ စကားတစ်ခွန်းကို ပြောတာပါ"





အား ... အဲဒီစကားကိုတော့ သူ ရေလည်ခိုက်သွား ပါသည်။ ဒါဆိုရင်တော့ ဒီကိစ္စနဲ့ပတ်သက်လို့ သူ အံ့သြနေဖို့တွေ၊ အံ့းစားနေဖို့တွေ ဘာမှမလိုအပ်ပါ။ သာယာ့ရဲ့အချစ်ကို သူက ယုံကြည်နေလို့ဖြစ်ပါသည်။

"ရှိုင်း ... သာယာ့ကို ကတိတစ်ခုတော့ပေးပါလား"

သူက သာယာရဲ့တောင်းဆိုချက်ကို သိပ်ရှည်ရှည် ဆးဝေး တွေးမနေတော့ဘဲ မေးလေးတစ်ချက် ဆတ်ပြကာ ...

"ဘာကတိလဲ၊ ကိုယ် အကုန်ပေးနိုင်တယ်"

"ရှိုင်းကို ချည်နှောင်တယ်လို့တော့ မထင်ပါနဲ့နော်၊ သာယာ က အဲဒီကတိကို ရှိုင်းဆီက တကယ်လိုချင်လို့ပါ"

သာယာရဲ့ချိုအိအိစကားသံလေးကို သူက ရှုးလောက် အောင် တန်ဖိုးထားစွာဖြင့် သာယာရဲ့မျက်နှာလေးကို တစိမ့်စိမ့် ဆေးကြည့်ပြီး ...

"ဘာကတိတောင်းမှာလဲ၊ ပြောလေ သာယာရဲ့၊ ကိုယ်က သာယာရဲ့အချည်နှောင်ကို ခံချင်တဲ့သူပါကွ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီစကားအတွက် ကျေးဇူးပါ ရှင်း၊ သာယာလိုချင်တဲ့ ကတိကို ရှင်းရဲ့တစ်နေ့တာအကြောင်းကို နေ့တိုင်း သာယာ့ကို ပြောပြပါ့မယ်ဆိုတဲ့ ကတိ"

သူ တကယ်ပဲ အံ့အားသင့်လှပါသည်။ ကြည့်စမ်း ... ဒီကောင်မလေးဟာ သူ့ရင်ခွင်ကို မူးမိုက်သွားအောင် ပြုစားနိုင်တဲ့ ချစ်သူလေးပါလား။ သာယာ့ကို အမြဲတမ်း စကားတွေပြောနေချင်သည်။ သူ့အတွက်ကတော့ ဒီကတိဟာ ပုရွက်ဆိတ်လေး သာသာပဲ ရှိပါသည်။

"ဟား ... ဒီကတိလောက်ကတော့ မိုင်နာပါ သာယာရယ်၊ ဆယ်ခါပြန်ပေးနိုင်တယ်"

သာယာက ပြုံးစစဖြင့် သူ့ကိုစိုက်ကြည့်နေခဲ့ပါသည်။ သူကတော့ ရူးတယ်လို့ပဲဆိုဆို သာယာ့အတွက်ဆိုမိုးပေါ်က ရွှံ့ကြယ်ကို ယူပေးဖို့လည်း ဝန်မလေးပါ။ သူ့ရဲ့အဲဒီအချစ်ကို သာယာကလည်း ခံစားလိမ့်မည်ဟု မျှော်လင့်ရပါသည်။

"thank you ရှင်း၊ မနက်ဖြန် သာယာ့ကို ကျောင်းမှာလာတွေ့ပေါ့၊ ရှင်းကြိုက်တဲ့ ကြက်ကုန်းဘောင် သာယာကိုယ်တိုင် ချက်လာခဲ့မယ်၊ အတူစားကြတာပေါ့"





"ဟား ... မနက်ဖြန်တောင် အမြန်ဆုံးရောက်ချင်လာပြီကွာ၊ သာယာ့လက်ရာလေးကို စားချင်လှပြီ"

သာယာက ဟုတ်ပါပြီဆိုသော သဘောဖြင့် ခေါင်းလေးအသာညိတ်ပြကာ သူတို့နှစ်ယောက် အကြည့်ချင်းဆုံသွားကြသည်။ သာယာက မျက်လုံးလေးတွေ ရှောင်လွှဲလိုက်တော့ သူက ခပ်ပြုံးပြုံးလေးဖြင့်သာ သာယာ့ကို ငေးစိုက်ကြည့်နေလိုက်သည်။

ဘာပဲဖြစ်ဖြစ် သူ အရမ်းပျော်ပါသည်။ သူ့ခေါင်းပေါ်မှာ လေးလံနေသောအရာတွေ ပျောက်ရှသွားသလို သာယာ့ကိုလိုက်မောစွာ ချစ်နေမိပါသည်။

မိုင်မဒီ စိတ်ကျေနပ်ဖို့ သူကြိုးစားရန်တစ်ခုပဲ လိုအပ်ပါတော့သည်။ အဲဒါဆိုရင်တော့ သူ့ကမ္ဘာသည် အချစ်ဖြင့်ရစ်သိုင်းထားသဖြင့် အေးမြနေမှာ သေချာပေတော့သည်။

❋ ◆ ❋



www.burmeseclassic.com

www.burmeseclassic.com





ကျွမ်းဦးအစက အာဒမ်နဲ့ဧဝဟာ

ပန်းသီးစားမိလို့ ချစ်မိသွားကြတယ်လို့

ကိုယ် ကြားဖူးတယ်။

ဒါပေမဲ့ ကိုယ်သိချင်တာ တစ်ခုက

ဧဒင်ဥယျာဉ်ကြီးထဲမှာ သူတို့နှစ်ယောက်က

သူငယ်ချင်းဖြစ်ပြီးမှ ချစ်သွားကြတာလား။

သူစိမ်းတစ်ရံဆံတွေလို နေရင်းနှင့်ပဲ

ပန်းသီးစားမိလို့ ချစ်သွားကြတာလား။

အဲဒီအဖြေကို ဘယ်သူက ပြောနိုင်သလဲ။

သေချာတာကတော့ ...

ကိုယ့်ရင်ခွင်ကျွမ်းမှာ

ကြယ်တာရာတစ်ခုလင်းလက်နေတုန်း။







မြေဆီလွှာအောက်မှာ တိပ်မြှုပ်ဖုံးကွယ်ထားတဲ့

ရတနာတွေဟာ ကြာလာလေလေ တန်ဖိုးရှိလေလေပဲ

ကိုယ့်ရင်ဘတ်အတွင်းဆုံးတစ်နေရာက

ရတနာဟာ ဘယ်သူများဖြစ်လေမလဲ။

* ✦ *



www.burmeseclassic.com

www.burmeseclassic.com



မိုင်မဒီရဲ့ဒဏ်ရာတွေ အရှင်းပျောက်သွားတဲ့အခါ ဘာရယ်မဟုတ် သူ့မမေက ဟင်းချက်ကောင်းသူပီပီ စားပိုင် လေးတစ်ခုလုပ်ဖြစ်ကြသည်။ သူတို့အိမ်မှာ ညစာစားဖို့ စီစဉ်ထား တာကြောင့် မိုင်မဒီနှင့် သူမမိဘတွေက သူတို့အိမ်သို့လာကာ ပျော်ပါးစွာ စားသောက်ကြသည်။ မိုင်မဒီကတော့ သူ့ကိုအရင်က လို စကားတွေရွှန်းရွှန်းဝေအောင် ပြောမနေတော့ပါ။ စားရေ သည်ကို ခပ်သွက်သွက် ငုံ့စားရင်း နှုတ်ဆိတ်နေပေသည်။ ဒါ ရိပ်မိကုန်သော လူကြီးတွေက အချို့ပွဲစားရင်း စကားလက်ဆုံ နေချိန်မှာ သူတို့နှစ်ယောက်ကို ခြံထဲမှာ လွတ်လွတ်လပ်လပ် စကားသွားပြောခိုင်း၏။

မမေ အလှစိုက်ပျိုးထားသော သစ်ခွစင်တွေအော က ကျောက်စားပွဲဝိုင်းလေးမှာထိုင်ရင်း မိုင်မဒီက ဟိုဟိုဒီဒီ



နေသည်။ ပြောရရင်တော့ စိတ်ကောက်နေသော သူငယ်ချင်းကို စိတ်ကောက်ပြေအောင် ချော့ဖို့က ဟာသတွေပြောရင်းနှင့် အိုကေ သွားနိုင်ပေမယ့် အခုကိစ္စက ဟာသပြောပြီး ချော့ရလောက်အောင် ပြဿနာပိစိကွေးလေးမဟုတ်။ ရှင်းခန့်သည် ဘာပြောရမှန်းမသိ မှာ ခေါင်းတစ်ချက် ကုတ်လိုက်ပြီး ...

"ဘယ်လိုလဲ ... မမေ့လက်ရာ စားလို့ကောင်းရဲ့လား"

"အင်း ... ကောင်းတယ်"

"ကောင်းမှာပေါ့ဟ၊ ငါက နင်ကြိုက်တတ်တဲ့ ပုစွန်ချဉ်စပ် တို့၊ ငါးရှဉ့်ချဉ်တို့၊ ဝက်ဘိစကီတ်တို့ကို မမေ့ကိုချက်ခိုင်း ထားတာပဲဟာကို၊ သြော် ... ငါ နင့်အတွက် စာတွေလည်း ကူးထားတယ် သိလား၊ တစ်ဝက် ငါကူးတယ်၊ ကျန်တဲ့ တစ်ဝက်က ဘုန်းမြတ် ကူးပေးတယ် ...

စာရှင်းပြဖို့လည်း ငါပဲတာဝန်ယူတယ်နော်၊ ဒီရက်ထဲ မှာ Roll call ရရင် ရသလို ငါထိုးပေးထား"

"ရှင်းခန့် ... ငါ ခေါင်းမူးနေလို့ နားငြီးမခံနိုင်ဘူးဟယ် ပလိ(စ်)"

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို အလိမ္မာနည်းလေးဖြင့် ကစ်လိုက်လျှင် ပါးစပ်ပိတ်သွားရတော့သည်။ မိုင်မဒီက သူ့ထက် သာယာ့ကို ပိုတင်းနေမယ်ဆိုတာ သူ သဘောပေါက်ပါသည်။ အဲဒီနေ့က မိုင်မဒီ ခြေထောက်နာနေလို့ သာယာနှင့် ကျွိုင်က အကြာကြီးမဖြစ်ခဲ့တာဖြစ်သည်။ နို့မို့ဆို သူလည်း အဲဒီတေိမနှစ်ယောက်ကြားမှာ စိမ်ညက်ညက် ကြေနိုင်လောက်သည်။

အဲဒီလို တွေးနေစဉ်မှာပင် မိုင်မဒီက သာယာ့ကိုမေးလေတော့သည်။

"နင်နဲ့ သာယာလင်းစက် အိုကေနေတယ် မှလား၊ အခအေး သွားသွားဝင်နေရတယ်လို့ ကြားတယ်"

"အင်း ... ဒီလိုပဲပေါ့ဟာ၊ ကဲပါ ... နင်ဘယ်နေ့ကျောင်းပြန်တက်မှာလဲ"

သူက စကားလမ်းလွှဲလိုက်ချင်သည်။ သူမက လိုရာကိုသာ ဦးတည်ပြောနေပါတော့သည်။ မိုင်မဒီ့ကို ကြည့်ရသည်မှာ သူ့ထက် သာယာ့ကို ပိုတင်းနေပုံရသည်။ အေးလေ ... တွေးကြည့်ပြန်ရင်လည်း သာယာက မိုင်မဒီ့ကို ဖောင်းတာတွေ များနေပြီကိုး၊ မိုင်မဒီ့ကိုတော့ သူ အားနာပါသည်။





"နင် သာယာလင်းစက်ကို ပြောလိုက်ပါ၊ သူနဲ့ငါ တစ်ချိန်တော့ ပြန်တွေ့ဦးမှာပါလို့၊ ငါ့ကို ဖွဲ့သွားတဲ့ကိစ္စကို ငါ လုံးဝမကျေနပ်ဘူး ...

စိတ်ချပါ၊ နင်နဲ့ သာယာလင်းစက်ကိစ္စကို ငါ အန်တီမှူ့ကို မချွန်ပါဘူး၊ ငါက အဲဒီလို ညစ်တွန်းမတွန်းတတ်ဘူး၊ ပေါ်တင်ပဲရှင်းမှာ"

"အေးပါ ... အေးပါဟာ၊ ငါ နင့်ကို အနူးအညွတ်တောင်းပန်ပါတယ် မိုင်မဒီရယ်၊ သာယာလွန်တယ်ဆိုတာ ငါသိပါတယ်၊ ဒါပေမဲ့ သူက ငါ့ချစ်သူဆိုတဲ့ မျက်နှာလေးကို ထောက်ထားပြီး ပြေလည်ပေးပါဟာ"

"ဆောရီးပဲ ရှင်းခန့်၊ နင့်ကိုတော့ ငါခင်ပါတယ်၊ ဒါပေမဲ့ ကိုယ့်ကိုလာထိသွားတဲ့သူကိုတော့ ငါက ခေါင်းငုံ့ပြီးငြိမ်ခံနေမှာ မဟုတ်ဘူး၊ ငါ ပွင့်ပွင့်လင်းလင်း ပြောထားတာနော်၊ နင်နဲ့ ငါက မွေးကတည်းက ခင်လာတဲ့သူတွေဆိုတော့ သံယောဇဉ်အမျှင်တွေက ပြတ်မှာမဟုတ်တော့ ခင်နေကြမှာပဲ၊ နင်နဲ့ပတ်သက်ပြီး သာယာလင်းစက်ကို မုန်



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကြောင့် လျှော့ပေးလိုက်မယ်လို့တော့ မထင်နဲ့၊ အနစ်နာခံပြီး ကြိတ်မှိတ်ခံစားမယ့်အထဲမှာ ငါမပါဘူး"

မိုင်မဒီက နှာကစ်ကစ်နှင့် ပြောနေသော်လည်း သူက ဘယ်လိုမှမနေဘဲ "အေးပါ ... အေးပါ"ဟုသာ ပြောကာ စကားကို အဆုံးသတ်တော့သည်။ ဒါပေမဲ့ သူ ဒီကိစ္စနှင့်ပတ်သက်၍ စိတ်ညစ်နေကပ်ဆိုတာသိလျှင် သူမက အခင်အမင်မပျက်သော မျက်ဝန်းတို့ဖြင့် အသာကြည့်ကာ ...

"နင့်ကိုတော့ ငါ တကယ်ကျေးဇူးတင်တယ် ရှင်းခန့်၊ ငါ့ဘက်က ရပ်တည်ပေးတဲ့အတွက်ပေါ့၊ ငါတို့အခင်အမင်မပျက်ဘဲ နေကြတာပေါ့၊ ဘာပဲဖြစ်ဖြစ် နင်က ငါ့အတွက် best friend ပါ"

"ငါလည်း နင့်အတွက် သူငယ်ချင်းကောင်းတစ်ယောက်ဖြစ်စေရပါမယ် မိုင်မဒီ"

သူက လိုက်လိုက်လဲ့လဲ့ကို ကတိပေးပြီးသွားကာ အံချင်းချင်း နားလည်မှုရသွားလျှင်တော့ ရှင်းခန့်ရဲ့ဘောင်းဘီအိတ်ကပ်ထဲက ဖုန်းလေးက သီးသန့် ring tone လေး ထမြည်လာ





သည်။ ဒီဖုန်းသံဆိုကတည်းက သာယာ့ဆီကဆိုတာ သူသဘောပေါက်သည်။ သူက ဘာလုပ်ရမှန်းမသိဘဲ ခေါင်းစားနေသည်ကို မိုင်မဒီက ပါးနပ်စွာရိပ်မိသွားပြီး သူ့ကို အသာပြုံးပြကာ ...

"ဖုန်းပြောလိုက်လေ၊ ငါ ဘော်ဘီနဲ့ သွားဆော့လိုက်ဦးမယ်"

နားလည်မှုရှိစွာ ရှောင်ပေးသွားသော မိုင်မဒီက သူမရဲ့အချစ်တော် ခွေးလေးဘော်ဘီနှင့် သွားဆော့နေတော့သည်။ သူက အဲဒီတော့မှ ဖုန်းဖွင့်နားထောင်ရလေသည်။ သူ ဖုန်းကိုင်တာ နောက်ကျသဖြင့် သာယာက သူ့ကို checking ဝင်သေးသည်။

"သာယာ့ဖုန်းဝင်နေတာ သိရဲ့သားနှင့် ဘာလို့ ချက်ချင်းမကိုင်ရတာလဲ ရှင်းရဲ့"

"ဟို ... ဟို ... ကိုယ် toilet ဝင်နေလို့ပါ၊ ဆောရီး သာယာ"

သူက ဆီလျော်သင့်တော်သည့် reason ပေးမှ သက်ခံသွားကာ ရယ်ဟဟာအသံဖြင့် ...

www.burmeseclassic.com



"ဪ ... ဆောရီး၊ ရှိုင်းကိစ္စကော ပြီးပြတ်ခဲ့ရဲ့လား"

"အင်း ... ပြီးပါပြီ၊ အဟဲ ... သာယာ အခုဘာလုပ်နေတာလဲ"

"အင်း ... သာယာက ခုလေးတင် dinner စားပြီးသွားလို့ ခြံထဲဆင်းပြီး လမ်းလျှောက်နေတာ၊ အဲဒါ သတိရလို့ Checking ဝင်လိုက်တာ၊ ဒါနဲ့ အခု ဘယ်ကဖုန်းပြောနေတာလဲ"

"ကိုယ့်အခန်းထဲက ပြောနေတာလေ"

သူက ပေါ်တင်ကြီး လိမ်လိုက်သောကြောင့် သူ့ကိုယ်သူတောင် သိပ်မလုံချင်ပါ။ ဒါပေမဲ့လည်း အခု မိုင်မဒီနှင့် အတူ ခြံထဲမှာ နှစ်ယောက်တည်း စကားပြောနေကြတာပါဟု သာယာကို report တင်လိုက်တာနှင့် ဘာတွေပြောတာလဲ၊ ဘာအကြောင်းလဲ၊ ဘာလို့ အခုလိုနှစ်ယောက်တည်းရှိနေတာလဲ စသဖြင့် လဲပေါင်းများစွာ မေးခွန်းတွေ ထုတ်နေတော့မှာဖြစ်သည်။

"ဟုတ်ရဲ့လား ရှိုင်း၊ ဖုန်းလိုင်းက အရမ်းကြည်လွန်းနေတယ်၊ ပြီးတော့ ပြင်ပအသံက silent ဖြစ်နေတယ်





အရင်ကဆို ရှိုင်းအခန်းထဲမှာ ဖုန်းပြောပြီဆို သီချင်းသံ တိုးတိုးတော့ ကြားရတတ်တာပဲ ...

အခုဟာက ခြံထဲဆင်းပြောနေတုန်းက ပုံစံမျိုးလိုပဲ"

ဘုရားရေ ... သူ့ချစ်သူလေး သာယာလင်းစက်က အကြားအမြင်များ ပေါက်နေပြီလား။ မှန်းဆချက်တွေက ဟာ နဲ့တောင် ဖြစ်ရအောင် လန်ထွက်နေလွန်းသည်။ သူက သာယာ မရိပ်မိအောင် ခပ်အုံ့အုံ့လေး ရယ်လိုက်ပြီး ...

"ဒီနေ့က သီချင်းနားမထောင်ချင်သေးတာနဲ့ ဘာမှမဖွင့်သေးတာ"

"အင်းပါ ... အင်းပါ၊ ညကျမှပဲ ဆက်လိုက်တော့မယ်၊ ဒါပဲနော် ... တာ့တာ"

"အိုကေ ... သာယာ see u"

သာယာက ဖုန်းချသွားမှ သူက ဟူးခနဲသက်ပြင်းချကာ ခုံပေါ်မှာ ခြေပစ်လက်ပစ် ထိုင်ပစ်လိုက်နိုင်သည်။ သူ့ရဲ့ အသွားရှိလျော့ရဲပုံစံကို မိုင်မဒီက အသာအကဲခတ်ရင်း သူ့နားမှာ ထိုင်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"checking တွေ အဝင်ခံရတော့ နင် free ရိုက်လို့မရတော့ဘူးပေါ့၊ ကောင်းပါတယ်လေ၊ ဒါပေမဲ့ နင့်ကို ငါအားမနာတမ်း ဝေဖန်ပစ်လိုက်ချင်တယ်"

"ပြောလေ ... ငါ ဘာတွေဖြစ်နေပြီလဲ"

"နင်ကလား ... schedule တွေအတိုင်း အချိန်နဲ့အညီ အလုပ်လုပ်နေရတဲ့ စက်ရုပ်နဲ့တူလာသလိုပဲ၊ ဟိုက နင့်ကို အရမ်း control လုပ်နိုင်တာပဲ၊ ရှင်းခန့်တို့များ အပိုးကို ကျိုးနေတာ ...

အင်း ... မိန်းကလေးတစ်ယောက်က သူ့ချစ်သူကို control လုပ်နိုင်တယ်ဆိုတာကတော့ ကောင်းပါတယ် ဒါပေမဲ့ ကိုယ်ကလည်း သူ့ကို ထိန်းချုပ်မှုထက် ချည်နှောင်မှု ထားနိုင်ရမယ် ...

သူ့ကိုချည်နှောင်ဖို့ ကြိုးစားသင့်တယ်ဟ"

ချည်နှောင်ဖို့ ... မိုင်မဒီပြောမှ သူ မြင်လာရတော့သည်။ သူဟာ သာယာရဲ့ control အတိုင်းနေခဲ့သဖြင့် သူ့မှာ ဘာမှသံသယမကင်းစရာတွေ မရှိတော့ပေမယ့် အချစ်တွေကတော့





ပုံမှန်နှုန်းဖြင့် အေးစက်နေခဲ့သည်။ သူ့ဘက်ကလည်း သာယာ့ကို အချစ်တွေဖြင့် ချည်နှောင်ထားနိုင်မှ နှစ်ယောက်က အပေးအယူ ညှိမည်ပေါ့။ ကြည့်စမ်း ... သူ ဒါတွေကို ဘာလို့မှတွေးခဲ့မိတာ ပါလိမ့်။

"အဲဒီတော့ ငါ ဘယ်လို ချည်နှောင်ရမလဲ၊ ကူညီပါဦး မိုင်မဒီရာ"

သူက သတိလွှတ်သွားကာ ပြောပြီးမှ ကိုယ့်ပါးစပ်ကို ပိတ်ရိုက်ချင်စိတ် ပေါက်သွားသည်။ ပြဿနာပဲ ... မတည့်တဲ့နှစ်ယောက်ကိုမှ သူက တည့်တည့်ကြီး ဆုံနိုင်းနေသလိုဖြစ်ပြီ။

"ဆော ... ဆောရီး မိုင်မဒီ၊ ငါစကားမှားသွားတယ်"

"ရပါတယ်ဟာ၊ နင့်ကို ငါ အစအဆုံး အင်တိုက်အားတိုက် မကူညီနိုင်ပေမယ့် နည်းလမ်းတော့ ပြောပြလို့ရပါတယ်ဟ၊ တကယ်တော့ အချစ်သက်တမ်းရှည်စေဖို့ ဘေးကအပံ့အပိုးကလည်း အရေးကြီးတယ်ဟ၊ မိန်းကလေးရှေ့မှာဆို ဘယ်လိုချစ်တာ ဘာညာပေါ့ဟာ၊ အဲဒီ အပြောလေးတွေကြောင့် မိန်းကလေးက ကိုယ့်ကို ပိုဟပ်ထိတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တာပေါ့၊ thank u မိုင်မဒီရာ၊ နင့်ကိုတော့ ငါတကယ် လေးစားသွားပြီ"

သူက သွက်လက်ပေါ့ပါးစွာပြောလျှင် မိုင်မဒီက ပေါ့ပေါ့ပါးပါးပင် ပခုံးလေးတစ်ချက်တွန့်ပြ၍ ...

"မှတ်ထား ... အချစ်သက်တမ်းရှည်စေဖို့ အကောင်းဆုံး နည်းလမ်းက ကိုယ့်ချစ်သူအတွက်ဆို ကိုယ်ဟာ အမြဲတမ်း အာလာဒင် ဖြစ်နေရမယ်။ ဒါပေမဲ့ အာလာဒင်က သူလို ချင်တဲ့အရာ တော်တော်များများကို မီးခွက်စောင့်ဘီလူး အကူအညီနှင့် အရဖြစ်အောင် လုပ်တတ်တယ်လေ၊ အဲဒီ တော့ ကိုယ် အာလာဒင်ဖြစ်ဖို့ ဘယ်သူ့ကို အကူအညီ တောင်းမှာလဲ ? ...

အရွေးမမှားဖို့တော့ လိုတာပေါ့ဟာ"

သူက မှတ်သားနာယူဖွယ်တို့ကို ခေါင်းတညိတ်ညိတ် နှင့်းထောင်ကာ မိုင်မဒီကို ကျေးဇူးတင်လျှင် မိုင်မဒီက နှာခေါင်း တစ်ချက်ရှုံ့ပြကာ ...





"နင်က ငါ့သူငယ်ချင်းဆိုတော့ ကူညီပေးတာပါ၊ ဒါပေမဲ့ နင့်မဒီက ငါ့ရန်သူကြီးဆိုတော့ နင့်ကို အာလာဒင်ဖြစ် အောင် အပြည့်အဝ မကူညီနိုင်တာတော့ ခွင့်လွှတ် ...

ကဲ ... အိမ်ထဲဝင်ရအောင် ဖေဖေတို့လည်း ပြန် ချင်ရောပေါ့"

မိုင်မဒီက ပြောပြီးတာနှင့် သူ့ရှေ့ကနေ ထွက်သွား ကာ အိမ်ထဲသို့ ဝင်သွားတော့သည်။ သူကတော့ အတွေးကြီးကြီး သူငယ်ချင်းမလေးရဲ့ နောက်ကျောပြင်ကို ငေးကြည့်ရင်း သက် ပြင်းတစ်ချက် ချလိုက်မိတော့သည်။

အာလာဒင် ဖြစ်ဖို့တော့ သူ ကြိုးစားကြည့်ချင်ပါ သည်။

❋ ✦ ❋



www.burmeseclassic.com

www.burmeseclassic.com



## ၉

မိုင်မိုင် ကျောင်းပြန်တက်သည့် အချိန်တွင်ဆော
အပျော်ဆုံးသူဟာ ဘုန်းမြတ်ကောင်းကင်ပင် ဖြစ်သည်။ အဲ
အကောင်ဟာ ဘယ်ဘဝက ဝဋ်ကြွေးတို့ကြောင့် မိုင်မိုင့်အနား
အရှက်မရှိ တွယ်ကပ်နေရတာလည်း မသိပါ။ ဘယ်လောက်
အောင်ပြောပြော တစ်စက်ကလေးမှ အပြုံးမပျက်ဘဲ မိုင်မိုင့်အနား
တွယ်ကပ်နေသေးသည်။ သည်ကြားထဲမှာ ရှိုင်းရှင်းခန့် ဆို
ကြောင်ကလည်း မိုင်မိုင်နှင့် ဘုန်းမြတ်ကောင်းကင်ကို ဈေး
ပေးသေးသည်။

တစ်ရက်မှာတော့ ရှင်းခန့်ပေးသည့် အကြံအတိုင်
မိုင်မိုင်ရဲ့အနောက်က တကောက်ကောက်လိုက် စာအတင်း





သဖြင့် စာတွေကို တစ်စစီစုတ်ပစ်ကာ ရှင်းခန့်နှင့် အဲဒီကိစ္စသွား
ရှင်းရသေးသည်။ ရှင်းခန့်က အမြင်ကတ်စရာကောင်းစွာ ပြုံးပြ၍
လေပြည်လေးနှင့် ပြောလေသည်။

"နင်ကလည်းဟာ ... ဘုန်းမြတ် နင့်ကိုကြိုက်တယ်ဆိုတာ ငါကသိနေတော့ မကူညီဘဲ မနေနိုင်ဘူးဟ"

"ဟဲ့ ... နင့်အပူပါသလား ရှိုင်းရှင်းခန့်ရဲ့၊ နောက်တစ်ခါဆို ငါ လုံးဝသည်းမခံဘူးနော်၊ နင် ငါ့ကို တော်တော်မွှေနေတယ်၊ နင် တစ်ခါတည်း မှတ်ထားလိုက်၊ ဘုန်းမြတ်ကောင်းကင်ကို ငါ ဘယ်တော့မှ ကြိုက်မှာမဟုတ်ဘူး"

"အေးပါ ... ငါကလည်း ရအောင်,အောင်သွယ်ပေးဦးမှာ"

"ကဲဟယ် ... အောင်သွယ်ပေးချင်ဦး"

မိုင်မိုင်သည် သူ့ကျောပြင်ကို စိတ်ရှိလက်ရှိ တဘုန်း
န်းထုရိုက်ကာ လှည့်ထွက်လာခဲ့သည်။ မိုင်မိုင် အတန်းတက်
သည့် အချိန်မှာတော့ နောက်တစ်ချိန်လည်း ဆက်မတက်ချင်
တာနှင့် သူငယ်ချင်းတွေကို နှုတ်ဆက်ကာ ပြန်ခဲ့တော့သည်။
မှာ ကားမပါလာသဖြင့် တက္ကစီဖြင့် မိုင်မိုင်ပြန်ရမှာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မနက်ကတော့ ဟိုအစုတ်အပြတ်ကားနှင့် လိုက်လာသဖြင့် ပြဿနာ မရှိ။ အခုတော့ သူနှင့်ရန်ဖြစ်ထား၍ ကိုယ့်ဘာသာပဲ တက္ကစီငှား ပြန်တော့မည်။

ကျောင်းရှေ့ထွက်ကာ တက္ကစီငှားဖို့ ကားစောင့်နေ… တုန်း အချိန်မဟုတ် အခါမဟုတ် မိုးအုံ့လာကာ မိုးရွာမည့်အရိ… ယောင်တွေ ပြလာသည်။ ကျွတ် … အဲဒါမှ ဒုက္ခပဲ။ မိုင်မိုင့်မှာ ထီးကလည်း ပါမလာဘူး။ တက္ကစီကလည်း ဒီနေ့မှပေါ်မလာ… တော့။

စိတ်ညစ်စွာဖြင့် တက္ကစီစောင့်နေတုန်း မိုးစက်လေး… က တဖွဲဖွဲကျလာသည်။ အဲဒီအချိန်မှာပဲ ကောင်လေးတစ်ယောက် က မိုင်မိုင့်နားသို့ ရောက်လာကာ …

"အစ်မ … အစ်မ … အစ်မကို ကိုရှိုင်းခန့်က ထီးနဲ့… ပေးခိုင်းလို့"

"ဘယ်သူ"

ချာတိတ်က နောက်တစ်ခါထပ်ပြောပြီး "ရော့… အစ်မ"ဟုဆိုကာ မိုင်မိုင့်လက်ထဲသို့ အတင်းထည့်သွားသည်။





…ခေါက်လေးကို ဖြည်မည်အလုပ်မှာတော့ ကိုရွှေမိုးက ဝေါခနဲ …၍ ထီးကိုဆောင်းချင်တာတွေ မဆောင်းချင်တာတွေ ဆားချိတ် …၍ အမြန်ထီးဖွင့်ကာ ဆောင်းလိုက်ပြီးမှ စာကိုပြန်ဖတ်လိုက်ရ သည်။

"ဟဲ့ …

မိုင်မဒီ …

မိုးရွာတော့မယ်၊ ထီးမပါဘူးမလား။ ငါ့ထီးကိုဖွင့် ဆောင်းလိုက်နော်၊ စိတ်ကောက်ပြေပါဟာ ငါ အခု နင်နဲ့ မလှမ်းမကမ်းမှာ ရှိနေတယ်။ နင် ငါ့ကို စိတ်ကောက်ပြေ ပြီဆို ထီးဖွင့်ဆောင်းလိုက်။ ငါနဲ့ပဲ ပြန်ပါဟာ၊ ထီးဖွင့် ဆောင်းလိုက်ပြီဆို ငါနဲ့ပဲ ပြန်လိုက်မယ်လို့ သတ်မှတ်လိုက် မယ်လို့ … အိုကေ …

ရှင်းခန့်"

မိုင်မိုင် စာဖတ်အပြီးမှာပဲ ရှင်းခန့်ရဲ့ကားက မိုင်မိုင့် …သို့ ထိုးရပ်လေသည်။ မိုးကသဲသဲမဲမဲ ရွာနေသဖြင့် သူက …းမှန်ကို ခပ်ဟဟချ၍ လှမ်းအော်ပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ … ကားပေါ်တက် မိုးကသည်းလာပြီ၊ ဒီအချိန် နင်
တစ်ယောက်တည်း မပြန်သင့်ဘူး"

မိုင်မိုင်သည် သူ့ကို ဂရုမစိုက်သဖြင့် ဘာမှပြန်မပြော
ဘဲ ဒီတိုင်းရပ်နေလျှင် သူက စိတ်တိုလာဟန်ဖြင့် …

"ဟဲ့ … မိုင်မဒီ၊ တော်တော် ပြောရဆိုရကျပ်တာပဲ၊ ငါ
တောင်းပန်ပါတယ်ဟာ၊ နောက် နင်မကြိုက်ဘူးဆိုရင် ငါ
ဘုန်းမြတ်နဲ့ မအောင်သွယ်တော့ဘူး၊ ကားပေါ်မြန်မြန်
တက်ပါဟာ"

ဒါမျိုးလောက်ကတော့ ရိုးနေပြီဖြစ်သည်။ ရှင်းခန့်ရဲ့
ဒီဗျူဟာလောက်ကတော့ မိုင်မိုင်တို့က ဖြိုတောင်မဖြိုပေ။ ဘာမှ
မပြောသေးဘဲ ဒီတိုင်းပေရပ်နေလျှင် သူက စိတ်မရှည်စွာပြီ
ကားပေါ်က ဖြုန်းဆို ဆင်းလာကာ မိုင်မိုင့်ကို ကားပေါ်တက်ခိုင်း
သည်။ မိုးရေများများဖြင့် သဲသဲမဲမဲရွာနေတာမို့ ခဏလေးအတွင်း
မှာပင် ရှင်းခန့်ရဲ့တစ်ကိုယ်လုံး ရွှဲရွှဲဆိုကုန်သည်။

"ကဲ … မိုင်မဒီရယ် တက်ပါဟာ"

"နင် မအောင်သွယ်တော့ပါဘူးလို့ ကတိပေးတယ်နော်"





"အေး … ပေးတယ်ဟာ … ပေးတယ်၊ အခု ကားပေါ်သာ
တက်"

"ပြီးရော"

မိုင်မိုင်က ကားပေါ်တက်ပြီးမှ သူက တစ်ဖက်သို့
ပြေးသွားကာ ကားပေါ်အမြန်တက်ရသေးသည်။ ပြီးမှ သူ့တစ်
ကိုယ်လုံး ရွှဲရွှဲစိုနေသည်ကိုမြင်တော့မှ အိတ်ထဲက တဘက်လက်
ကိုင်ပဝါလေးကို လှမ်းပေးလိုက်ပြီး …

"ရော … နင့်တစ်ကိုယ်လုံး ရွှဲနေပြီ၊ ခေါင်းသုတ်လိုက်ဦး"

မိုင်မိုင်ရဲ့လက်ကိုင်ပဝါကိုယူပြီး ခေါင်းကို ခပ်ကြမ်း
ကြမ်းတစ်ချက် သုတ်လိုက်ပြီးမှ …

"ကဲ … မယ်မင်းကြီးမ၊ အားလုံး အိုကေနော်"

"အိုကေ … အိုကေ"

သူက ခပ်ပြုံးပြုံးနှင့် ခေါင်းတစ်ချက်ညိတ်ပြကာ
ကားကို စမောင်းထွက်သွားလေသည်။ ကားထဲက Aircon ရဲ့
အအေးဓာတ်ကြောင့် ရှင်းခန့်က နှာမွှန်နေသလို နှာခေါင်းတစ်
ချက်ရှုတ်လိုက်လျှင် သူတော့ ဖျားတော့မှာပဲဆိုတဲ့ အတွေးဖြင့်
Biogesic တစ်လုံးကို ဖောက်တိုက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရော … တော်ကြာ ဖျားနာနေလိမ့်မယ်၊ ဆေးကြိုသော
ထား"

သူက ကားမောင်းနေရင်းက မိုင်မိုင့်လက်ထဲက
ကိုယူကာ ရေဖြင့်မော့သောက်လိုက်ပြီး ကားဆက်မောင်းလေ
သည်။ ဘာပဲဖြစ်ဖြစ် ဒီသူငယ်ချင်းလေး ရှင်းခန့်တစ်ယောက်
တော့ မရှိမကောင်း ရှိမကောင်း စာရင်းထဲတွင် ပါသွားလေ
သည်။ တခါတလေ သူ့ကြောင့် စိတ်တိုစရာတွေရှိသလို တခါ
တလေ သူ့ကြောင့် ပျော်စရာတွေ ဖြစ်လာရသည်။

ဒါပေမဲ့လည်း ဟိုသာယာလင်းစက်နှင့် ပတ်သက်
သူ့ကို နည်းနည်းလေးတော့ အစာမကြေဖြစ်မိပါသည်။

✻ ✦ ✻





မိုင်မဒီပေးတဲ့ ဒုက္ခကြောင့် ဖြစ်လာရတဲ့ အကျိုးဆက်
ကတော့ ဟပ်ချိုး ဟပ်ချိုးဖြစ်ကာ နှာမွန်လေတော့သည်။ ပုံမှန်
ကတီအရ သာယာ့ဆီက ဖုန်းဝင်လာတော့ သူ့မှာ နှာတချေချေ
ဖြင့် ဖုန်းပြောရတော့သည်။

"ရှိုင်း … ဘယ်လိုဖြစ်တာလဲ၊ နေမကောင်းဘူးလား နှာမွန်
နေတယ်"

"အင်း … ဟုတ်တယ် သာယာရဲ့၊ ဒီညနေ မိုးရွာတော့
ကိုယ် မိုးမိသွားတယ်"

မိုင်မဒီအတွက် သူ့တစ်ကိုယ်လုံး မိုးအစိုခံတယ်ဆို
တဲ့ ကိစ္စကိုသာ သာယာ သိသွားလို့ကတော့ သူကော မိုင်မဒီပါ
သိပ်တော့လွယ်မှာ မဟုတ်ပါ။ မိုင်မဒီနှင့် ပတ်သက်လာလျှင်
သာယာရဲ့သဘောထားက အမြဲတမ်း အနုတ်ပြနေသလို မိုင်မဒီ
ကလည်း ထိုနည်းတူပင် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... အခုကော ဘယ်လိုနေသေးလဲ၊ သက်သာရဲ့လား ရှိုင်း"

"အင်း ... သက်သာပါတယ်"

"အိုကေ ... အိုကေ၊ ဒါဆိုရင်တော့ tomorrow သာယာတစ်ယောက်တည်းပဲ go တော့မယ်"

အဲဒီလိုတော့ ဘယ်ရပါမလဲ မိန်းကလေးရဲ့။ သူ့ကအလျှင်အမြန်ပင် လှမ်းတားကာ ...

"အား ... ဘယ်ကို go, go ဒီက လိုက်မှာပေါ့၊ ဒီနှစ်လောက်ကတော့ အချစ်နဲ့တွေ့ရင် အငွေ့ပျံပျောက်သွားမှာ အဟဲ ... ကဲ ... where u going ? ပြော"

"မနက်ဖြန် သာယာ ကျောင်းမတက်ဘူး ရှိုင်းရဲ့၊ စာတွေချည်း နေ့တိုင်းလုပ်နေရတော့ relax သဘောမျိုးလေးဖြစ်အောင် BC မှာ စာအုပ်လေး ဘာလေး သွားငှားမယ်ပြီးတော့ လျှောက်သွားကြမလားလို့"

သာယာ့ဆီက ဒီလိုအခွင့်အရေးမျိုးဟာ သူနှင့်ရည်းစားသက်တမ်းတစ်လျှောက် တစ်ခါမှ ရခဲ့ဖူးတာမဟုတ်ပါ။ ကိုယ့်ကောင်မလေးက လျှောက်လည်ဖို့ ပြောနေတာကို ငြင်းမယ်ဆိုရင် သူ့လောက်မိုက်တဲ့ကောင် ဒီကမ္ဘာမှာ ရှိမယ်မထင်ပါ။ သူ့ကိုဆိုလျှော်ဒါထက် နည်းနည်းပိုသော အဆင့်နှင့်ပဲ ဆက်ဆံတတ်သော သာယာကို သူက ချစ်နေသောကြောင့် အပြစ်မဆိုပါ။

သူဘယ်လောက်တောင် ချစ်တတ်သလဲဆို သာယာက သူ့ကို လက်ကိုင်ခွင့်လေးတောင် ပေးခဲ့တာ မဟုတ်ပေမယ့် အပြစ်မမြင်ပါဘူး ချစ်ချင်တာပဲ သိတဲ့နောက် ဆိုသော ဝိုင်းစုရဲ့သီချင်းထဲကလိုမျိုး ချစ်တတ်တာဖြစ်သည်။ ဒါကြောင့်မို့ မနက်ဖြန်အခွင့်အရေးမျိုးဆိုတာ သူ့အတွက် ရှားပါးပစ္စည်းဖြစ်သည်။

"အိုကေ ... သာယာ့ဆီကို ဘယ်အချိန် လာခဲ့ရမလဲဆိုတာပဲပြော"

"အင်း ... အဲဒါဆိုရင် သာယာ နွေဦးအိမ်မှာ စောင့်မယ်လေ"

"အိုကေ ...၊ ဩော် ... သာယာ၊ ကိုယ့်ကားနဲ့ ဒိုးမှာမလား"

"ဟုတ်တယ် ... သာယာ့ကားကိုတော့ နွေဦးဆီမှာ ထားခဲ့မယ်လေ မနက်ဖြန် ဆယ်နာရီလောက် ဆုံမယ်လေ"





www.burmeseclassic.com

www.burmeseclassic.com



"အိုကေ ... ငu အချစ်"

သာယာနှင့် ဖုန်းပြောပြီးသွားသောအခါမှာတော့ သူဟာ တစ်ကိုယ်လုံး လွတ်လပ်ပေါ့ပါးနေတော့သည်။ အဲဒီမနက် ဖြန်အတွက် သူဟာ ရင်ခုန်စွာ မျှော်နေတာဖြစ်သည်။

အင်း ... သာယာနှင့် သူ အဲဒီလို အပြင်တွေသွား တွေ တွဲသွားဖူးတာဆိုလို့ အခုတစ်ခါနှင့်ဆို နှစ်ခါပဲရှိသေးသည်။ ဒါကြောင့် သူ့ရင်တွေ လှုပ်ရှားခုန်ငင်နေတာဖြစ်မည်။

BURMESE CLASSIC

မနက်ဖြန် သာယာနှင့် လျှောက်သွားမှာမို့လို့ ဒီည မှာတော့ ဆေးသောက်ကာ စောစောစီးစီး အိပ်ရာဝင်လိုက်တော့ သည်။ မနက်ဖြန်အတွက် အိပ်မက်လှလှမက်ကာ သူ့စိတ်တွေ ကောင်းကင်ပေါ်သို့ ရောက်နေခဲ့တော့သည်။

မနက်ရောက်တော့ သူဟာ မြောက်ကြွကြွဖြင့် သီချင်းတညည်းညည်း လုပ်နေလျှင် မေမေက မသက်သာလို့ကြည့် ကာ ...

"သားလေး သိပ်ကိုမြူးနေပါလား၊ ဘာတွေများ ပျော်နေ ရတာလဲ"





"အဟဲ ... မေမေ ထင်လို့ပါ"

သူက မေမေ့ကို တစ်ချက် နှစ်ချက်လောက် ချွဲလိုက်လျှင်တော့ မေမေက သံယသကင်းစွာဖြင့် သူ့ကို မုန့်ဖိုး ဆောင် ထုတ်ပေးလေသည်။ သူက ပျော်ရွှင်စွာဖြင့် မေမေ့ပါးကို ရွှတ်ခနဲနမ်းကာ ချစ်ရည်းစားနှင့် သွားတွေ့ဖို့ ရှိုင်းနင်းသွားလုပ် ရသေးသည်။ ရေမိုးချိုးပြီးသွားတော့ သူက ခန္ဓာကိုယ်အတွက် လိုအပ်တဲ့ ဘာဘာညာညာ အမွှေးအကြိုင်တွေ lotion တွေလိမ်း ပြီးသွားသည်နှင့် အဝတ်အစားကို ဇိမ်ပြေနပြေ တစ်ထည်ပြီးတစ် ထည် ရွေးလေသည်။

ဒါဝတ်ကြည့်လိုက် သိပ်မမိုက်ဘူးဆို ချွတ်လိုက်နှင့် အလုပ်ရှုပ်နေရတော့သည်။ ဆယ်နာရီမှာတွေ့ဖို့ချိန်းထားသော သာယာ့အတွက် သူက တစ်နာရီလောက် အချိန်ယူကာ ပြင်ဆင် နေတာဖြစ်သည်။ ပဲများတာတော့ မဟုတ်ပေမယ့် ဘယ်ကောင် လေးပဲဖြစ်ဖြစ် သူတို့ရည်းစားနှင့်တွေ့ရင် ရှိုးစမိုးတော့ ထုတ်ရ သေချာပေသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးမှာတော့ အဖြူနှင့် မီးခိုးစပ်ထားသည့် ဘော်ဒီဖစ်ရှပ်ကို skinney အနက် ဘောင်းဘီရှည်ဖြင့် အမိုက်စား ဝတ်ကာ ကိုရီးယားမင်းသားဒီဇိုင်းဖြင့် ဘောင်းဘီမှာ သံကြိုးဖွင်း တွေမျိုးစုံဖြင့် စုံစီနဖာပင်ဖြစ်သည်။ ဒါပေမဲ့ သူ့ပုံစံက ဂေါ်လီ ပုံစံမျိုးလေးဖြစ်ကာ လမ်းသရဲပုံမျိုးတော့ မပေါက်ပါ။ သန့်ပြန့် ချောမောသော သူ့ရုပ်ကလေးနှင့်လိုက်အောင် သူကလည်း gym မှာ အပီ exercise တွေလုပ်ကာ body figure ကို ရေရေလည်လည် ဂရုစိုက်သူဖြစ်သဖြင့် ဒီလိုမျိုးဘော်ဒီဖစ်တွေ ဝတ်လို့ကတော့ ကောင်မလေးတွေက ငေးကြည့်ရလောက်သည်အထိ ဖြစ်ပါသည်။

အားလုံး စိတ်ကြိုက် ပြင်ဆင်ပြီးသွားသောအခါ ရှင်းခန့်သည် မိုင်မဒီဆီကို ဖုန်းဆက်ရတော့သည်။ တော်ကြာ မေမေနှင့် စကားဆက်မိလျှင် ရှင်းခန့် ဒီနေ့ ကျောင်းမတက်ဘူး ဆို သူက သက်သက်မဲ့ ကွိမှာဖြစ်သည်။ အဲဒီတော့ မိုင်မဒီနှင့် ပွင်ရိုက်ရတာဖြစ်သည်။

"အေး ... ရှင်းခန့်၊ ပြော"





"မိုင်မဒီ ... ငါ ဒီနေ့ ကျောင်းမတက်ဘူး၊ မေမေ့ကိုသွား မပြောနဲ့နော်"

သူ ဘာဆိုလိုတယ်ဆိုတာပေါက်သော မိုင်မဒီက လည်း သူ့ကို ချက်ချင်းမေးလေသည်။

"ဘာလဲ ... နင့်ကောင်မလေးနဲ့ ချိန်းထားလို့လား"

"အေး ... အဲဒါ သွားမှာမို့လို့၊ မေမေ့ကို သွားမပြောနဲ့ နော်၊ ဒီတစ်ခါတော့ ငါ အာလာဒင်ဖြစ်ဖို့ နင်ကူညီမှဖြစ် တော့မယ် ... ဟဲ ဟဲ"

"အေးပါ ... အေးပါ၊ ဒါပဲ"

မိုင်မဒီက ဖုန်းချပြီးသွားရင်တော့ သူက အသာပြုံး ကာ သာယာဆီကို ထွက်လာပြီဆိုပြီး message လှမ်းပို့လိုက် သည်။ ပြီးလျှင်တော့ LV အကွက် ဘေးလွယ်အိတ်ကို စလွယ် သိုင်းလွယ်ကာ ဖုန်းကို ဘောင်းဘီအိတ်ထဲသို့ ထိုးထည့်ကာ အောက်သို့ဆင်းလာပြီး ဖေဖေနှင့်မေမေကို နှုတ်ဆက်ကာ သာယာ ရှိရာသို့ ကားမောင်းထွက်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သာယာ့ဆီကို ရောက်သောအခါတွင်တော့ သူဟာ ကိုယ့်မျက်လုံးကိုယ်တောင် မယုံချင်ပါ။ ဘုရား ... အဲဒါ သူ့နတ် သမီးလေးတဲ့လား။ မြန်မာဆန်ဆန်လေးသာ ဝတ်တတ်သော သူ့ချစ်သူလေးသည် သူတစ်ခါမှ မမြင်ဖူးသော အသွင်အပြင်မျိုး နှင့် လန်ထွက်နေပေသည်။ အနက်ရောင်အမိုက်စား ဘလောက်စ် ကို skinney ခရမ်းရောင်ဖြင့် အရမ်းကိုလွှင့်နေသော ဒီဇိုင်းမျိုး ဖြစ်သည်။

ပခုံးထက်မှာ လွယ်ထားသောအိတ်နှင့် အမိုက်စား အသွင်အပြင်ကြောင့် သာယာကိုကြည့်ရင်း စိုင်းစိုင်းရဲ့သီချင်းကို တောင် သွားသတိရမိသည်။

"၃၄–၂၄–၃၆ အလှအပ အရပ်အမြင့်က ငါးပေခြောက် xxx ကြွကြွရွရွ လမ်းတွေလျှောက် xxx ရှုးလို့ ငါ့မှာဂေါက် xxx ဖိနပ်အမြင့်က သုံ့လက်မထူသည် xxx ပခုံးထက်မှာ အိတ်တစ်အိတ် Gucci xxx ခြေသလုံးသားက ဝင်းလဲ့လို့ ဖြူသည် xxx အတွေးထဲမှာ Queen of Beauty"





ရေရေလည်လည်ကို လန်းနေသော သာယာ့ကိုကြည့်ရင်း သူ့ရင်တွေ ဖုတ်လိုက် ဖုတ်လိုက် ဖြစ်နေတာတော့ သေချာသည်။ အမှတ်တမဲ့ တွေ့လိုက်ရတဲ့ တစ်ရက်တာဟာ သူ့အတွက်တော့ ရင်ခုန်သံတွေ မြန်စေပါသည်။

"ရှိုင်း ... ဘာလို့ ဒီလောက်တောင် ငေးနေရတာလဲ"

"အိုး ... သာယာ ကိုယ့်ကိုငေးရအောင် လုပ်လိုက်သလား surprise me ! "

သူ့အမေးကို သာယာက ပခုံးသားလေးများ လှုပ်သည်အထိ ရယ်မောလိုက်ကာ ...

"သာယာက ကျောင်းတက်ရင် စတိုင်လ်တစ်မျိုး၊ အပြင်ထွက်ရင် စတိုင်လ်တစ်မျိုးလေ"

"မိုက်တယ် ... မိုက်တယ်၊ ကဲ ... Let's to"

သာယာနှင့်သူသည် ပထမဆုံး British Council(BC) က library ထဲမှာ စာအုပ်တွေ ငှားကြသည်။ ရှိုင်းခန့်ရော သာယာပါ ပညာရေးလိုက်စားသူတွေ ဖြစ်သောကြောင့် BC မှာ library card လုပ်ထားသူတွေ ဖြစ်သဖြင့် စာအုပ်တွေ၊ DVD ခွေ

www.burmeseclassic.com



တွေဟုားကာ မြို့ထဲက internet ဆိုင်မှာ internet ဝင်သုံးလိုက်သေးသည်။ ပြီးတော့ Lunch ကို ကိုရီးယားစာဖြင့် အပြီးသတ်လိုက်သည်။ သာယာနှင့် သူသည် ပျော်ပျော်ရွှင်ရွှင်ဖြင့် အဲသည်တစ်နေ့လုံး အချစ်ဖြင့် အချိန်ကုန်စေသည်။ နှစ်ယောက်ကြားမှာထားရှိရမည့် ကတိတွေ၊ သစ္စာတွေ၊ အချစ်တွေ၊ မေတ္တာတွေငြိကာဖွဲ့ကာ အချစ်သက်တမ်းကို ရင့်စေခဲ့သည်။

သူကသာ စပ်ဖြဲဖြဲမျက်နှာဖြင့် စွတ်မြူးနေပေမယ့် သာယာကတော့ ဣန္ဒြေရရလေးဖြစ်သည်။ ဘာပဲဖြစ်ဖြစ် သူကတော့ တစ်ဦးတည်းသော ချစ်သူကလေးကို ရေရေလည်လည်ချစ်နေမိပါသည်။

ညနေစောင်းခါနီးမှာတော့ သာယာက သူ့ကိုအသာငေးကြည့်၍ ...

"ရှိုင်း ... သာယာ့ကို သိပ်ချစ်တာပဲလားဟင်"

"မေးရက်ပါ့ သာယာရယ်၊ ကိုယ့်အချစ်ကို ဘယ့်လိုသက်သေပြရမလဲ ... ပြော၊ သာယာ့ကလေ ကိုယ့်အတွက်ကတော့ အချစ်ဦးနဲ့ အချစ်ဆုံးက တစ်ထပ်တည်းကျတယ်"





"အင်း ... တကယ်လို့ သာယာ့ကို ရှိုင်းမိဘတွေ သဘောမတူရင်ကော"

သာယာရဲ့အမေးကို သူက ဖြေတတ်ပဆိုသော သဘောဖြင့် မျက်မှောင်လေးကြုတ်ကြည့်ကာ သူမကို အသာပြုံးပြလိုက်ပြီး ...

"အဲဒီလို အခက်အခဲမျိုး ကိုယ်တို့ဆီမှာ ဘာလို့ရှိရမှာလဲ သာယာရဲ့၊ သာယာက သဘောမတူနိုင်စရာ မိန်းကလေးမျိုးမှ မဟုတ်တာ၊ အနာဂတ်ရဲ့ဆရာဝန်လောင်း ...

ကဲ ... ဒီလို အလိမ္မာလေးကို ဘာလို့သဘောမတူစရာရှိလဲ"

သူ့အပြောကို သာယာက ယောင်ယောင်လေးမှုပြုံးလိုက်ပြီး သူ့ကို လက်ညှိုးလေးတစ်ချောင်းထောင်ပြ၍ ...

"အရာရာကို ကြိုတင်မျှော်လင့်မထားရဘူး ကောင်ကလေးရဲ့"

သာယာက နောက်ရှတ်ရှတ်လေး ပြောတာကို သူနောက်တယ်လို့ပဲ သဘောထားကာ ရယ်မောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူကတော့ ကံကြမ္မာကို ကိုယ်ကလုပ်တာပဲလို့ သတ်မှတ်သည်။ ကိုယ်ချစ်တဲ့သူကို ပေါင်းဖက်ဖို့ မပေါင်းဖက်ဖို့က ကိုယ့်စိတ် ဟာ။

သာယာ့ကိုတော့ တစ်နေ့ ပေါင်းဖို့အထိ ရည်ရွ ကာ ချစ်မိနေတာက သူ့ရင်ထဲက တမ်းတမှုတစ်ခုပင် ဖြစ် သည်။

❋ ◆ ❋





## ၁၀

သည်နေ့မှာ မိုင်မိုင်သည် လပြည့်လေးနှင့် dota ခုတ် ယ်ဆိုပြီး ချိန်းထားသောကြောင့် ထိုင်နေကျ United Living Mall က internet ဆိုင်မှာ dota ခုတ်ဖြစ်သည်။ dota ခုတ်ပြီး နောက် မိုင်မိုင်သည် လပြည့်ကို ကြက်ကြော်ဝယ်ကျွေးပြီး ဘာ လုပ်ဦးမလဲ၊ ခေတ်ရဲ့အကြောင်းတွေကဘာ၊ ဘယ် hip hop အခွေကတော့ မိုက်တယ် စသဖြင့် အစုံအစိ ပြောနေစဉ် မိုင်မိုင် ရဲ့နာမည် ခေါ်သံကြား၍ လှည့်ကြည့်စဉ်မှာတော့ မျက်နှာကိုတစ် ချက်မဲ့လိုက်မိသည်။ ဘုန်းမြတ်ကောင်းကင်ကတော့ ခပ်ပြုံးပြုံး မျက်နှာဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



"မိုင်မိုင် ... ဘယ်လာတာလဲ"

"ဘယ်လာတာလဲ မမေးနဲ့၊ ကျွန်မ ဒီရောက်နေတာ ရှင် မမြင်ဘူးလား"

မိုင်မိုင်ရဲ့ ဘုတောသံအဆုံးမှာ ရှင်းခန့်ရဲ့အသံကို ကြားရလေသည်။ မိုင်မိုင်သည် ဘေးနားမှာ လပြည့်ကလည်းရှိ နေသဖြင့် အလိုက်သင့် ဆက်ဆံနေရသည်။ အဲဒါကို ဟိုတစ် ယောက်က ဘယ်လိုထင်နေသလဲ မသိပါ။ အတော်ပျော်ရွှင်နေ ဟန်ဖြင့် မိုင်မိုင်တို့နှင့် တစ်ဝိုင်းတည်းထိုင်ကာ စကားတွေဖောင် ဖွဲ့နေပေသည်။

"မိုင်မိုင် ... စားနော်၊ ပြီးရင် ကိုယ်တို့အပေါ်ထပ်ပတ်ကြ ပေါ့"

"မပတ်ပါဘူး၊ နင်နော် ကန်းတက်မလာနဲ့ ဘုန်းမြင့် ကောင်းကင်"

မိုင်မိုင်က မိတ်ဟောက်လိုက်လျှင် ရှင်းခန့်က ရှုံ့မဲ့ ဖြင့် ဝင်ပြောလေသည်။





"နင်ကလည်းဟာ ... ဘော်ဒါချင်း အဲ ... အဲဒီလိုကြီးတော့ မပြောပါနဲ့"

"ရှိုင်းရှင်းခန့် ... နင် အတော်လျှာရှည်ပါလား"

ချာတိတ်လေး လပြည့်ကတော့ သူတို့ကို အကဲခတ် နေပုံရသည်။ မိုင်မိုင်က လပြည့်ရဲ့ခေါင်းလေးကို အသာပုတ်လိုက် ပြီး ...

"လပြည့် ... ပြီးရင် ဘယ်ကိုလိမ့်မလဲ ပြောနော်"

"မိုင်မဒီက အခုထိ ကလေးစိတ်ကို မကုန်သေးဘူးထင် တယ်၊ matuer မဖြစ်သေးတဲ့ သဘောပေါ့"

အသားလွှတ် လာဖွဲ့နေသော ရှင်းခန့်ကို စိတ်ထဲက နေ ပျစ်ပျစ်နှစ်နှစ်ကို ကျိန်ဆဲလိုက်ပြီး ဒေါသဖြစ်ဖြစ်နှင့် coke ဘူးကို ယူသောက်မလို့ လက်လှမ်းလိုက်စဉ်မှာပဲ ဘေးနားချထား သည့် ရေခွက်က လက်နှင့်တိုက်မိကာ ရှင်းခန့်ပေါ်သို့ ရေတွေ မှောက်ကုန်၏။

"ဟား ... ဘယ်လိုလုပ်တာလဲ မိုင်မဒီရာ၊ သေတော့မှာပဲ၊ ဒီမှာ ရေတွေရွှဲကုန်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီး ... ဆောရီး ... ရော့ ရော့ တစ်ရှူး"

သူ့ဆောင်းဘီကိုသုတ်ဖို့ တစ်ရှူးပေးသဖြင့်ယူ သုတ်နေချိန်မှာ သူ့ဖုန်းက ထမြည်လေသည်။ သာယာ့အပြော သဖြင့် ချက်ချင်းကောက်ကိုင်လိုက်ရသည်။

"အင်း ... သာယာ ပြော"

"အခု ဘယ်မှာလဲ"

အား ... သူ စိတ်ညစ်လာပြီဖြစ်သည်။ သာယာ့ checking တွေက သူ့ကို စိတ်ရှုပ်နေပြီဖြစ်သည်။ ရှင်းခန့်သည် မြန်မြန်ပြဿနာအေးအောင် ပါးစပ်ထဲရှိရာ လျှောက်ပြောလိုက် သည်။

"ကိုယ်က အိမ်မှာပါကွာ"

"ရှိုင်း ... ရှင်လည်း ဒီပုတ်ထဲက ဒီပဲပါပဲ၊ ဘာလို့ ကျွန်မ ကို လိမ်ရတာလဲ"

"သာယာ ... ပလိစ်ကွာ၊ ကိုယ် နောက်မှပြန်ဆက်လိုက် မယ်"

"ဆက်စရာလည်း မလိုတော့ဘူး ရှိုင်းရှင်းခန့်၊ ရှင့်ရဲ့လိမ် တာတွေလည်း ရပ်လိုက်တော့"





သာယာ့စကားကြောင့် သူ ခဏငြိမ်သက်သွားရ သည်။ ဘာလဲ ... သာယာက ဘာတွေပြောနေတာလဲ။ သူ့အတွေး တွေ မဆုံးခင်မှာပဲ သာယာက အေးစက်ပြတ်သားစွာ ပြောလေ သည်။

"ရှင် အခု မိုင်မဒီနဲ့ ရှိနေတာလေ၊ ဘာလို့လိမ်ရတာ လဲ"

ဟား ... သူ့မှာ ဘာမှမပြောနိုင်တော့လောက်အောင် ကို ရှော့ခ်ကြီးကြီး ရသွားသည်။ သူ့ပုံစံကြောင့် မိုင်မဒီနှင့် ဘုန်း မြတ်က ဘာဖြစ်တာလဲဟုတောင် မေးယူရသည်။ သူက ဘာမှ ပြန်မဖြေနိုင်ခင်မှာပဲ သာယာက ဆက်ပြောလေသည်။

"ကျွန်မက ရှင်တို့ဝိုင်းရဲ့နောက်မှာ ရှိနေတယ် ရှိုင်း"

သူက အလန့်တကြားဖြင့် လှည့်ကြည့်လိုက်လျှင် ကျဉ်းမြောင်းသော မျက်ဝန်းတို့ဖြင့် သူ့ကို အမြုံးမပျက် စူးစိုက် ကြည့်နေသော သာယာ့ကို သွားတွေ့လိုက်သည်။ သူ့အကြည့် တွေရဲ့ ဦးတည်ရာကိုပါ မိုင်မဒီက ကြည့်လိုက်လျှင် သာယာလင်း စက်ကို သွားတွေ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှင်းခန့်က ပျူးပျူးပျာပျာဖြင့် သာယာ့ဆီကိုသွား လျှင် သူမက ရှင်းခန့်ကို ဘာပြောလိုက်သည်မသိ။ ရှင်းခန့်မှိုင် သွားသည်။ ပြီးတော့ သာယာလင်းစက်က မိုင်မိုင်တို့ဝိုင်းကို လျှောက်လာပြီး လပြည့်ကို ဆွဲခေါ်ကာ ...

"လပြည့်လင်း ... နင့်ကို ဒီလိုအလေနတော အလုပ်တွေ လာမလုပ်ပါနဲ့လို့ ငါပြောထားတယ်မှလား၊ လာ ပြန်မယ်"

သာယာလင်းစက်နှင့် ရှင်းခန့် ဘာတွေပဲဖြစ်ဖြစ် မိုင်မိုင် ဂရုမစိုက်။ အခုဟာက ကိုယ့်ကို တိုက်ရိုက်ကို ပုတ်ခတ် လာပြီဖြစ်သဖြင့် မိုင်မိုင်သည် ဝင်ရတော့သည်။

"ဒီမှာ သာယာလင်းစက်၊ ငါက လပြည့်ရဲ့မိဘတွေဆီက နေ ခွင့်တောင်းပြီး ခေါ်လာတဲ့အတွက် ငါပဲ လပြည့်ကို ပြန်ပို့ပေးမယ်၊ မင်း ခေါ်သွားစရာမလိုဘူး"

"လပြည့်လင်းက မင်းနဲ့ဘာမှမတော်ပါဘူး၊ ငါက သူ့ အစ်မ"

"တစ်ဝမ်းကွဲက ဘာလုပ်ရမှာလဲ၊ မင်းနဲ့ လပြည့်ကတော့ ငါတို့လိုမျိုး ရင်းနှီးရဲ့လား၊ လပြည့်ကို ငါပဲပြန်ပို့မယ်"





လပြည့်ကလည်း ဖျတ်ခနဲဆို မိုင်မိုင်ရဲ့အနောက်မှာ လာရပ်နေသည်။ မိုင်မိုင်သည်သည် သာယာလင်းစက်ရဲ့မျက်နှာကို ဆုံစေကြည့်၍ ...

"ရှင်နဲ့ ကျွန်မ ထိပ်တိုက်ဆုံစေဖို့ အကြောင်းအရာတွေ ထပ်မဖြစ်ဖို့ပဲ ဆုတောင်းတယ် သာယာလင်းစက်"

မိုင်မိုင်သည် အပြတ်သားဆုံးဆိုကာ လပြည့်ရဲ့လက် ကိုဆွဲ၍ ထွက်လာခဲ့သည်။ ဘယ်သူတွေ ဘယ်လိုဖြစ်နေသလဲဆို တာလည်း မိုင်မိုင် မပြောတတ်။ နှလုံးသားကတော့ မုန်းတီးခြင်း တို့ဖြင့် ဆူပွက်နေလေသည်။

လပြည့်ကို ပြန်လိုက်ပို့ဖို့ ကားမောင်းလာရင်းမှ လပြည့်ရဲ့မေးခွန်းကြောင့် ကားကို ချက်ချင်းဘေးထိုးရပ်ကာ လပြည့်ကို ပြန်မေးလိုက်သည်။

"မမနဲ့ သာယာက ခုနတုန်းက ရန်ဖြစ်ကြတာလားဟင်"

ချက်ချာထက်မြက်သော လပြည့်လေးရဲ့ခေါင်းကို မိုင်မိုင်သည် အသာအုပ်မိုး လှုပ်ယမ်းလိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါပဲကွာ၊ လပြည့်က ဘာလို့ သာယာလင်း

ပြန်မလိုက်ဘဲ မိုင်မိုင်နဲ့လိုက်ဖို့ ရွေးရတာလဲ"

လပြည့်က မိုင်မိုင့်အမေးကို သက်ပြင်းတစ်ချက်

ပြီးမှ ...

"သားက မမကို ပိုချစ်လို့ လိုက်တာဖြစ်သလို ယာ

ကို ကြောက်တာလည်းပါတယ်"

"ဘာလို့လပြည့်က သူ့ကို ဒီလောက်ကြောက်ရတာ

မိုင်မိုင် သိသလောက်တော့ လပြည့်က active ဖြစ်ပြီး

တဲ့ ကလေးပါ"

"မမကလည်း ... ယာယာ ဒေါသထွက်တာကို မသိ

ယာယာက သိပ်ဒေါသကြီးတာ မမရဲ့၊ သူက တစ်မျိုး

တစ်ခါတလေမှာ သဘောကောင်းပြီး တစ်ခါတလေကျ

လည်း အရမ်းဒေါသကြီး ...

ယာယာက depression ဖြစ်ဖူးတယ်လို့ မာမီ

ပြောဖူးတယ် မမရဲ့"





အရွယ်နှင့်မလိုက် ချက်ချာစွာပြောနေသော လပြည့်

အရည်အချင်းကတော့ ချီးကျူးဖို့ကောင်းပါသည်။ ဒါပေမဲ့

ပြည့်ပြောတဲ့ စကားတစ်ခွန်းကတော့ မိုင်မိုင့်ကို လုံးဝအံ့အား

သင့်သွားစေသည်။ သာယာလင်းစက်က depression ဖြစ်ဖူးတယ်

ဆိုပါလား။ မိုင်မိုင်တို့လို နှစ်ဆယ်ပတ်ဝန်းကျင်အရွယ်ဟာ ပျော်

ကောင်းတုန်းအရွယ်ပါ။ တစ်ခါက depression ဝင်ဖူးတယ်ဆို

င် ဒီထက်ငယ်သောအရွယ်က။ အဲဒီလို ခပ်ငယ်ငယ်အရွယ်မှာ

သူက ဘာတွေများ ခံစားနေရလို့ပါလိမ့်။

မိုင်မိုင်သည် စိတ်ဝင်စားစွာဖြင့် လပြည့်ကို ဆက်

မေးလိုက်သည်။

"သူက ဘာလို့ depression ဖြစ်သွားတာလဲ"

"မာမီ့ရဲ့အစ်မက ယာယာရဲ့အမေလေ၊ ယာယာ့အမေက

အရမ်းသဘောကောင်းတာ မမရဲ့၊ ပြီးတော့ ချောလည်း

ချောတယ်၊ ယာယာက မောင်နှမ မရှိတော့ သားကိုဆို

သိပ်ချစ်တာ၊ သားကလည်း ယာယာ့ကို အစ်မရင်းထက်

တောင် ပိုချစ်သေးတယ်၊ ဒါပေမဲ့ ယာယာ့ဖေဖေနဲ့ ယာယာ့

မေမေက ဘာလို့မှန်းလဲမသိဘူး ကွဲသွားတယ် မမရဲ့ ...

www.burmeseclassic.com



အဲဒီနောက်ပိုင်းမှာ ယာယာက အရင်တုန်း[illegible]

သားတို့ကို မချစ်တော့ဘူး။ ဘာလေးပဲဖြစ်ဖြစ် ဒေါသ[illegible]

ကြီးနဲ့ တုံ့ပြန်တတ်တယ်၊ ယာယာ အဲဒီအချိန်တုန်း[illegible]

ကျောင်းကိုပဲသွားတယ်၊ ကျန်တာ ဘယ်မှမသွားဘူး [illegible]

အိမ်မှာဆိုလည်း အခန်းထဲပဲ အောင်းနေတတ်တာ၊ [illegible]

သွားတဲ့အချိန်လေးပဲ အပြင်ထွက်တယ်၊ အဲလိုမျိုးနဲ့ [illegible]

တော့ depression ဖြစ်သွားတယ်"

မိုင်မိုင်သည် သြော် ... ဟုသာ ရေရွတ်နိုင်[illegible]

သည်။ ဒီလိုဆိုတော့လည်း သာယာလင်းစက်ဟာ သနား[illegible]

ကောင်းပေသည်။

အဖေနဲ့အမေ ကွဲသွားတဲ့စိတ်နဲ့ depression [illegible]

ဝင်သွားတာပဲ။

"ဒါနဲ့ သူ့အဖေက အခု ဘယ်မှာလဲ"

"အမေရိကားမှာ မမရဲ့၊ အန်ကယ်လေးက ယာယာ[illegible]

အတူမနေတော့ကတည်းက နောက်မိန်းမ ယူလိုက်[illegible]

အန်ကယ်လေးရဲ့သားဆို သားနဲ့ရွယ်တူပဲ"





အားလုံးကို ချက်ချက်ချာချာ ပြောတတ်သော လပြည့်

[illegible]ကြောင့် မိုင်မိုင်သည် သာယာလင်းစက်ရဲ့အကြောင်းတွေကို သိခဲ့

[illegible]ပြီ။

အင်း ... ဒါကြောင့်မို့လို့ ရှင်းခန့်ကို သူမက

[illegible]ရမ်းတွေ သဝန်တိုတာကို။

"မမ ... ယာယာနဲ့တော့ ရန်မဖြစ်ပါနဲ့နော်၊ ယာယာက

ဒေါသကြီးတော့ မမကို တစ်ခုခု တုံ့ပြန်လိုက်မှာစိုးလို့

ပါ"

ချစ်စဖွယ် အပြစ်ကင်းသော လပြည့်ရဲ့မျက်နှာ

[illegible]ောင်းဖောင်းကလေးကို မိုင်မိုင်က အသာငေးကြည့်၍ ...

"အင်းပါ လပြည့်ရယ်၊ မိုင်မိုင် ကြိုးစားပါ့မယ်၊ ကဲ ...

သွားကြမယ်နော်"

မိုင်မိုင်က ကားစက်ကိုနှိုး၍ လပြည့်ရဲ့အိမ်ကိုမောင်း

[illegible]ာ လိုက်ပို့ပေးလိုက်သည်။ ပြီးရင်တော့ အိမ်သို့မောင်းလိုက်ကာ

[illegible]ှင်းခန့်ဆီသို့ သွားလျှင်တော့ ရှင်းခန့်က အိမ်ပြန်မရောက်သေးပေ။

သာယာလင်းစက်နှင့် ရှင်းခန့် ဘာတွေများ ဖြစ်နေသလဲဟူသော



www.burmeseclassic.com

www.burmeseclassic.com



နိုးရိမ်စိတ်ကြောင့် ရှင်းခန့်ဆီ ဖုန်းဆက်ကြည့်လျှင် ဖုန်းကပိတ်ထားလေသည်။

ဘယ်လိုတွေ ဖြစ်ကုန်တာလဲ၊ သဝန်တိုစိတ်က လူတွေကို ဒုက္ခပေးနိုင်သတဲ့လား။

❊ ✦ ❊

ဝေဖန်စာ၊ အကြံပြုစာ ...ာ်ဆက်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်-၃၉၊ (မြေညီ) ဓမ္မဝိနယလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။
သို့လိပ်မူ၍ ပေးပို့နိုင်ပါသည်။





သာယာလင်းစက်ရဲ့သံသယတွေကင်းစေဖို့အကောင်းဆုံးနည်းလမ်းက ဘာလဲဆိုတာတော့ မိုင်မိုင် မပြောတတ်သေးပေမယ့် ရှင်းခန့်နှင့် မိုင်မိုင် ကင်းကင်းရှင်းရှင်း နေလိုက်လျှင် အေးအေးသွားနိုင်မည်ဆိုသည့် အတွေးဖြင့် မိုင်မိုင်သည် ရှင်းခန့်နှင့် တွေ့အောင် ရှောင်နေလိုက်သည်။ ဘုန်းမြတ်ကောင်းကင်က တစ်ဆင့် ပြန်ကြားထားရတာကတော့ ရှင်းခန့်သည် သာယာနှင့် ပြေလည်သေး၍ အရမ်းစိတ်ညစ်နေသည် ဆိုတာကိုဖြစ်သည်။

မိုင်မိုင်သည် အဲဒီ သမီးရည်းစားအတွက် ဘာကူညီလို့ ကူညီပေးရမှန်းလဲ မသိပါ။ ခက်သည်က သာယာလင်းစက်ကို စာနာသွားပေမယ့်လည်း သူမကို အမြင်ကတ်တာကတော့ ပျောက်မရသေး။ မိုင်မိုင့်သူငယ်ချင်းတွေကတော့ ဒီကိစ္စကို ရေရေလည်လည် ဝေဖန်ပေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ သာယာလင်းစက်က တော်တော့ကို လွန်သွားပြီဟဲ့။ ငါတို့ရှင်းခန့်က ဒီလောက်ရှင်းပြနေတာတောင် သင်းက အကြောကြီးနဲ့၊ အဲဒီ ရှင်းခန့်ကလည်း သွားပြီးဒုက္ခခံနေတယ်၊ အဲဒါပြောတာပေါ့ ကိုယ်ချစ်ထက် သူချစ်ကိုရှာဆိုတာ"

မွှေရည့်စကားအဆုံးမှာ ဝသုန်က မိုင်မိုင့်ကို လှမ်းပြောလေသည်။

"ဟဲ့ ... နင်ကော ရည်းစားမထားတော့ဘူးလား၊ ရှာတော့လေဟယ်၊ ဟိုတစ်ယောက်ဆို မဆိုးပါဘူး"

"တော်စမ်းပါ ဝသုန်ရယ်၊ ရှင်းခန့်တို့ကိုကြည့်ပြီး တရားလွန်းလို့"

"အေး ... ဟုတ်တယ်နော် မိုင်မိုင်၊ နင်က ဘဲမထားတော့ သာယာလင်းစက်က နင်နဲ့ရှင်းခန်းကို အပြတ် ၂ ဝင်တော့တာပေါ့"

မွှေရည်က ထပ်ဝေဖန်လျှင် မိုင်မိုင်သည် ခေါင်းပါဆတ်ခနဲ ဖြစ်သွားရသည်။ ဘုရားရေ ... သူတို့ကိုစ ပြေလည်စို့ မိုင်မိုင်က ကိုယ့်နှလုံးသားကို ပေးဆပ်လိုက်ရမှာလား။ •





"မိုင်မိုင် ... ဘုန်းမြတ်က နင့်ကို အသေကြွေနေတာနော်၊ နင့်အပြောအဆိုကိုခံပြီး ချစ်နိုင်တဲ့သူက ရှားတယ်ဟဲ့"

"ကဲ ... တော်တော့၊ နင်တို့ ဆက်ပြောနေမယ်ဆိုရင် ငါပြန်တော့မယ်၊ ဒီကိစ္စကို ငါ လုံးဝလက်မခံဘူး၊ ဘုန်းမြတ်ကောင်းကင်ကို ငါ ရင်မခုန်ဘူး ဝသုန်။ ငါ အဲဒီလောက်ကြီးတော့ ရှင်းခန့်အတွက် မပေးဆပ်ပါရစေနဲ့ဟာ"

နင့်နင့်နဲနဲ အပြောကြောင့် မိုင်မိုင့်ကို စာနာစွာကြည့်ကာ ဝသုန်က ပခုံးလေးပုတ်ပေးသည်။ အချစ်သည် ပူလောင်မှုဟု မိုင်မိုင်ကတော့ သတ်မှတ်ပါသည်။ အချစ်က ဘယ်လောက်တောင် ပူသလဲဆို မိုင်မိုင့်ကိုတောင် လာဟပ်နေပြီ မဟုတ်လား။

မိုင်မိုင်သည် သူငယ်ချင်းတွေနှင့်တွေ့ပြီး အပြန်မှာ ရှင်းခန့်က တွေ့ရအောင်ဆိုပြီး message လှမ်းပို့ပေးသည်။ သူနှင့်လည်း မတွေ့တာ တစ်ပတ်တောင်ရှိပြီ ဖြစ်သဖြင့် မိုင်မိုင်က တွေ့ဖို့ဆုံးဖြတ်လိုက်သည်။ ရှင်းခန့်နှင့် တွေ့သောအခါတွင်တော့ ရှင်းခန့်က သူ့ကို အပြုံးဖြင့် ဆီးကြိုနှုတ်ဆက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ပုံစံဟာ အနည်းငယ်ဖျော့တော့နေပေမယ့် အေး
နေတဲ့ပုံစံမျိုး မပေါက်တာဘဲ တော်ပါသေးသည်။ မိုင်မိုင်က
သူ့ကိုမေးဆက်ပြ၍ ...

"ဘယ်လိုလဲ Fine ရဲ့လား"

"အင်း ... ဘယ်လိုလဲဆိုတော့ procare ပေါ့ဟာ၊ weather
က မဖိုင်းဘူး ဖြစ်နေတယ်၊ နင့်ကိုလည်း မတွေ့တာကြာ
ပြီဆိုတော့ တွေ့ဖို့ချိန်းလိုက်တာ"

ရှင်းခန့်အပြောကို တဟားဟားနှင့် အော်ရယ်ရင်း
နောက်ရွှတ်ရွှတ်လေး လုပ်လိုက်ကာ ...

"ဒါဆို နင်က ရေလည်ဟတ်ထိနေတယ်ပေါ့"

"အေးပေါ့ဟာ၊ ကံများမကောင်းချင်တော့ ဘောပွဲတွေ
ကောင်းနေတဲ့အချိန်ကျမှ ချစ်သူနဲ့မဖိုင်းတော့ ဘောပွဲကြည့်
ရတာတောင် စိတ်လေတယ်"

ရှင်းခန့်က မှိုင်မှိုင်တွေတွေဖြင့် သူ့အကြောင်းကို
ပြောပြလျှင် မိုင်မိုင် နည်းနည်းတော့ သနားသွားသည်။ ရှင်းခန့်





ဘောလုံးဝါသနာ ခိုးတစ်ယောက်ဖြစ်ပြီး ပွဲတိုင်းလိုလိုကို
...တ်တမ်း အားပေးသူတစ်ယောက်လည်း ဖြစ်ပေသည်။ သူ့
...မှာ အပူအပင်မရှိဘဲ နေလာခဲ့တာ အချစ်ရေးကျမှ ဘာလို့
...တွေ များနေရတာပါလိမ့်။

"ရှင်းခန့် ... နင်နဲ့ သာယာ အချစ်ရေးက ဒီလောက် Key
ချော်နေတာ၊ ယတြာလေး ဘာလေး ချေကြည့်ပါလား"

ခေတ်လူငယ်ပီပီ ဗေဒင်တွေ ယတြာတွေ သိပ်အယုံ
...ကြည်မရှိသော ရှင်းခန့်က စိတ်ညစ်ပါတယ်ဆိုသော သဘော
...ဖြင့် သူမကို မျက်မှောင်ကြုတ်ကြည့်ကာ ...

"မိုင်မဒီရယ် ... နင် ငါ့ကို အချွန်နဲ့ မ,နေတာလားဟ"

"ဟယ် ... ငါတကယ်ပြောတာ ရှင်းခန့်ရဲ့၊ နင်စကား
တစ်ခွန်း မကြားဖူးဘူးလား၊ ရှေ့ထုံးလည်း မပယ်နဲ့တဲ့ ...

ကိုယ့်အချစ်ရေး အဆင်ပြေဖို့ ဒီလောက်တော့ လုပ်
ရမှာပေါ့"

"ဟဲ့ ... လာမစားနဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"တကယ် ပြောတာပါဟယ်၊ မေမေ့ရဲ့လက်ဆွဲတော် ဆရာတစ်ယောက် ရှိတယ်ဟဲ့၊ ဟောချက်တွေက ကွက်တိပဲ။ နင် စိတ်ဝင်စားတယ်ဆိုရင်တော့ ငါလိုက် ပေးမယ်လေ"

မိုင်မိုင့်ရဲ့အပြောက တကယ်ကြီး ဖြစ်နေသော သူက အကဲခတ်သလို တစ်ချက်ကြည့်၍ စိတ်ဝင်စားဟန်ဖြင့်

"ဟဲ့ ... ကောင်းပါ့မလား၊ တော်ကြာ ငါက ဟာသ နေပါဦးမယ်ဟာ"

"အယ် ... ရှင်းခန့်ရယ် အတွေးပိန်းလိုက်တာ၊ ဒါမျိုး ဗေဒင်ကြည့်တာနဲ့ပဲ ဟာသဖြစ်ရောလား ...

နင်မကြည့်ချင်ဘူးဆိုလည်း ငါသွားကြည့်ပေးမ လေ၊ ဘယ်လိုလဲ"

မိုင်မိုင်က မျက်ခုံးတစ်ချက် ပင့်မေးလိုက်လျှင် မျက်နှာဟာ ရွှင်လန်းသွားပြီး မိုင်မိုင့်ရဲ့ခေါင်းကို ဆတ်ခနဲ ချက်ပုတ်လိုက်ပြီး ...

"နင် သိပ်တော်တာပဲ သူငယ်ချင်းလေး"





"ဟင်း ... နင်ကသာ ငါ့ကို တော်တယ်ချီးမွမ်း၊ နင့်ဟာမ က ဖြစ်လိုက်ရင် ငါနဲ့ထိပ်တိုက်ချည်းပဲ ...

ဪ ... ဒါနဲ့ နင် သူ့အကြောင်းကိုတော့ သေချာ သိလား"

"ဘာလဲဟ၊ နင်က ဘာတွေများ ရှာဖွေတွေ့ရှိခဲ့လို့လဲ"

မိုင်မိုင်သည် သာယာလင်းစက်ရဲ့ အိမ်တွင်းရေးတွေ ကို ရှင်းခန့်ကို ပြောပြလို့ကောင်းပါ့မလား။ အဲဒီလိုလုပ်ရင် သူမ ဟာ သာယာလင်းစက်ရဲ့အရှိက်ကို ရိုက်သလိုများ ဖြစ်နေမလား။ အဲသည့်အတွေးတို့နှင့်ပင် မိုင်မိုင်သည် ခေါင်းကိုအသာယမ်းပြ ကာ ဘာမှမသိပါဘူးဟု ဖြေလိုက်တော့သည်။ မိုင်မိုင်မပြော၍ဖြစ် ခဲ့တာကိုလည်း ရှင်းခန့်သာသိရင် မိုင်မိုင့်ကို နားလည်ပေးနိုင်မှာ ပါ။ သူများရဲ့အဆိုးဝါးဆုံးဒဏ်ရာကို အဲဒီလို မပြောပြသင့်ဘူးဟု မိုင်မိုင် ထင်ပါသည်။

အဲဒီလိုနှင့် ရှင်းခန့်က ခုနကစကားကို ဘာမှမဖြစ် သလို ဗေဒင်ကိစ္စကို စကားပြန်ဆက်လေသည်။ အဲဒါနှင့်ပဲ နက်ဖြန်မှာ မိုင်မိုင်က ဗေဒင်သွားကြည့်ပေးဖို့ ကတိပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



လျှင် သူကလည်း လိုက်ပို့ပေးမည်၊ ဒါပေမဲ့ လိုက်တော့မကြည့် ဆိုလေသည်။

မနက်ဖြန်ရောက်သောအခါမှာတော့ မိုင်မိုင်နှင့် ဟာ အတန်းတစ်ချိန် အတက်ပြပြီးသည်နှင့် လစ်ထွက်လာ တော့သည်။ ဗေဒင်ဆရာက မင်္ဂလာဒုံမှာ ဟောခန်းဖွင့်ထား ကြောင့် သွားရမည့်နေရာက ဝေးသဖြင့် မိုင်မိုင်က မေမေတို့ အသိပေးခဲ့မည်ဟု ရှင်းခန့်ပြောတော့ ကိုယ်တော်က သူ့ကို သူ့အမေရဲ့နားတော်သို့ ပေါက်ကြားသွားမှာစိုးသဖြင့် မပြော ပေ။ ပြီးတော့ မိုင်မိုင့်ကိုတောင် အပြစ်တင်လိုက်သေးသည်။

"နင်ကလည်းလေ သိပ်အိုဗာတင်း လုပ်တာပဲ၊ မင်္ဂလာဒုံ တာ ဘယ်လောက်များ ဝေးလို့လဲ၊ အကြာဆုံး ညနေ အိမ်ပြန်ရောက်ပြီ"

"အေးပါ ... အေးပါ၊ ငါ့မလဲနော် ငါ့ကို လာလာဒုက္ခပေး နေတဲ့သူကို စာနာထောက်ထားစွာနဲ့ အကူအညီတွေပေး နေရတယ်လို့"

"ကဲပါ ... စကားမရှည်နဲ့ သွားမယ်"





သူနှင့် မိုင်မိုင်သည် မင်္ဂလာဒုံက ဗေဒင်ဓာတ်ခန်းဆီ သို့ သွားနေကြတာပဲဖြစ်သည်။ အေးအေးလူလူ ကားကိုမောင်း လာသဖြင့် လေးဆယ့်ငါးမိနစ်လောက် အကြာမှ ရောက်သည်။ ဗေဒင်ဓာတ်ခန်းရောက်တော့ ဗေဒင်ဆရာက မြို့ထဲသွားသဖြင့် ညနေလောက်မှ ဓာတ်ခန်းဖွင့်မည်ဟု ကြားသိရတော့ မိုင်မိုင်သည် ရှင်းခန့်ကို မေးတစ်ချက်ဆတ်ပြကာ ...

"ဘယ်လိုလဲ ရှင်းခန့်၊ ဒီအတိုင်းဆို သုံးနာရီမှ ဓာတ်ခန်း ကဖွင့်မှာ၊ နောက်ရက်မှ ထပ်လာမလား"

အချစ်ဓာကပ်နေသော ကိုယ်တော်က နာရီကို တစ်ချက်ငုံ့ကြည့်ကာ ...

"အခုပဲ တစ်နာရီထိုးတော့မယ်၊ နင်ကလည်းဟာ ဒီတွောင် ရောက်နေပြီပဲ၊ အိမ်ပြန်နောက်မကျပါဘူးကွာ"

"အေးပါ ... နင် စိတ်ထက်သန်နေမှတော့ ငါကူညီရတော့ မှာပေါ့"

မိုင်မိုင်နှင့် သူက ကားကို အရှေ့ယွန်းယွန်းက လယ်ကွင်းစိမ်းစိမ်းစိုစိုနားမှာ စတည်းချလိုက်ပြီး အမြော်အမြင်



www.burmeseclassic.com

www.burmeseclassic.com



[illegible]သော ရှင်းခန့် ဝယ်လာတဲ့ မုန့်တွေကိုစားလိုက်၊ သီချင်းနား ထောင်လိုက်နှင့် တော်တော့်ကို ဇိမ်ရှိလှသည်။ မင်္ဂလာဒုံက မြို့ တွင်းနှင့် အတန်ငယ်လှမ်းနေပြီဖြစ်သောကြောင့် မြို့ပြအလှအဝ တွေ ကင်းစင်ကာ တစ်မူကွဲနေသော အလှတရားတို့ဖြင့် အေးဆေး လှလေသည်။

မိုင်မိုင်တို့သည် စကားတပြောပြောနှင့်ပဲ သုံးနာရီ အချိန်ကို ရောက်လိုလာလျှင် ဓာတ်ခန်းမှာ မိုင်မိုင်တို့က ကြိုရောက် နေသဖြင့် အဆင်သင့်လှပေသည်။ ရှင်းခန့်နှင့် သာယာအခြေအနေ က ဗေဒင်အဟောအရ သိပ်တော့မအိုကေနိုင်ပါ။ ဒါပေမဲ့ ယတြာ တော့ပေးလိုက်ပါသည်။ ရှင်းခန့်ကတော့ သိပ်စိတ်ဓာတ်မကျသော အပြုံးဖြင့် ...

"အေးအေးဆေးဆေးပါဟာ၊ ယတြာလည်း ရလာပြီပဲ၊ ပြန်အိုကေနိုင်ပါတယ်"

"ဟုတ်ပါတယ်လေ"

မိုင်မိုင်နှင့် သူသည် ဗေဒင်ကြည့်အပြီးမှာတော့ အိမ်သို့ပြန်ဖို့ လမ်းကြောင်းတည့်လိုက်ရသည်။ အိမ်ကိုတော့





[illegible]ကောင်းချိန်ထက် နာရီဝက်လောက် နောက်ကျပြီးမှ ရောက်မှာဖြစ် [illegible]သည်။ သို့ပေမဲ့လည်း အဲဒီအတွက် ကိစ္စတော့မရှိပါ။ သူတို့နှစ် [illegible]ယောက်က တစ်ခါတလေ မုန့်ဝင်စားတတ်၍ ဒီလောက်နောက် [illegible]ကျတာကတော့ ပြဿနာမရှိပါ။

ကားကို သီချင်းခပ်မြူးမြူးဖြင့် ခပ်သွက်သွက်လေး [illegible]မောင်းလာရင်းကမှ ရှစ်မိုင်ထိပ်နားလည်းရောက်ကော စက်ကထိုး [illegible]ရပ်သွားတော့သည်။ ဘာဖြစ်မှန်းလဲမသိ။ ရှင်းခန့်က စက်ဖုံးကို [illegible]ဖွင့်ကာ တတ်သလောက် မှတ်သလောက် ပြင်ကြည့်တော့လည်း ဘာဖြစ်လို့ ဖြစ်မှန်းမသိ။ မိုင်မိုင်သည် စိတ်ညစ်ညစ်ဖြင့် ခေါင်း ကို တစ်ချက်ကုတ်လိုက်ကာ ...

"ကဲ ... ကိုယ်တော်၊ မရလည်း လုပ်မနေနဲ့တော့၊ အချိန် က တော်တော်နောက်ကျနေပြီ၊ အဲဒီတော့ နင်နဲ့ ငါ တက္ကစီနဲ့ အိမ်ကို အရင်ပြန်မယ်၊ ပြီးတော့မှ ရှစ်မိုင်မှာ မုန့်လာစားရင်းနဲ့ ကားပျက်သွားလို့ ကားထားခဲ့တယ်ဆိုပြီး နောက်မှ မက္ကင်းနစ်ခေါ်ပြီး ပြန်လာယူတော့"

"အိုကေ ... ဒီတိုင်းပဲ လုပ်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



မိုင်မိုင်နှင့် သူသည် စိတ်တူကိုယ်တူဖြင့် တက္ကစီငှားကာ အိမ်ပြန်လာခဲ့သည်။ အိမ်ပြန်ရောက်တော့ မိုင်မိုင်တို့ရဲ့မိဘတွေက မိုင်မိုင်တို့ကို တစ်မျိုးသောအဓိပ္ပာယ်ပါသည့် မျက်ဝန်းတို့ဖြင့် ကြည့်ကာပြုံးနေကြသည်။

အဲဒါဟာ ဘာအဓိပ္ပာယ်မှန်းလဲ မိုင်မိုင်ကော သူပါ မခန့်မှန်းတတ်ပါ။

❊ ✦ ❊







ချစ်သူရေ ...
အလွမ်းတွေ ရစ်သိုင်းထားတဲ့
ရင်ခွင်နန်းတော်ထဲမှာ
မင်းပျောက်သွားခဲ့တာလား
ဒါမှမဟုတ်
ငါပဲ ရှာမတွေ့ခဲ့တာလား။

အဆုံးအစမရှိတဲ့ ကောင်းကင်ကြီးကို
မော့ကြည့်လိုက်တော့ ငါအတိုင်းသား မြင်နေသားပဲ
ဒါပေမဲ့ ...
နန်းတော်တစ်ခုလောက်တောင် မကြီးကျယ်တဲ့
ငါ့ရင်ခွင်က မီးအိမ်ရှင်ကိုတော့
ဘာလို့များ မမြင်နိုင်ရတာလဲ။ ။

❊ ✦ ❊

www.burmeseclassic.com

www.burmeseclassic.com



## ၁၁

ရန်ဖြစ်လိုက် ပြန်ချစ်လိုက်ဆိုသော စကားဟာ သူနှင့် သာယာ့အတွက် ကြိုတင်ပြောခဲ့လေသလားဟုတောင် ထင်ရသည်။ သာယာက သူ့ကိုဆို မိုင်မဒီကိစ္စနှင့်ပတ်သက်ပြီး အမျိုးစုံပြဿနာရှာတတ်သည်။ ပြီးလျှင် သူကလည်း နည်းမျိုးစုံသုံးကာ သာယာ အမြင်တော်ရှင်းလင်းဖို့ ကြိုးစားရသည်။ ဒီတစ်ခါတော့ သူသုံးတဲ့နည်းလမ်းတွေက သိပ်သောင်မပေါင်သောအခါ မိုင်မဒီကပဲ ကူညီဖြေရှင်းပေးသွားလေသည်။

အဲဒါက ဘာလဲဆိုတော့ ဘုန်းမြတ်နှင့် နားလည်မှုယူကာ ဟန်ဆောင်ချစ်သူအဖြစ် သာယာ့ရှေ့မှာ တွဲပြလိုက်တာဖြစ်သည်။ အဲဒီအကျိုးဆက်ကတော့ သာယာက သူ့ကိုသိပ်အကြည်





ကြီး မဟုတ်သော်လည်း အရင်လိုနီးနီး အခွင့်အရေးတွေတော့ ရလာနေပြီဖြစ်သည်။

ဘုန်းမြတ်ကတော့ ဒီကိစ္စနှင့် စပ်လျဉ်းပြီး မိုင်မိုင့်အချစ်ကို ရအောင်ယူရမည်ဟု ကြွေးကြော်ထားသည်။ မိုင်မဒီကတော့ သူ့ကိုအပြုံးမပျက်ဘဲ အေးအေးဆေးဆေး လေသံဖြင့်ပြောလေသည်။

"ငါက နင့်ကို ကူညီတာ၊ အဲဒီအတွက် ဘုန်းမြတ်ကောင်းကင်နဲ့ တွဲသွားတွဲလာ ရှိပေမယ့် သူ့ကို ငါ ဘယ်တော့မှ ချစ်လာမှာ မဟုတ်ဘူး။ အဲဒီတစ်ခုတော့ နင် သူ့ကိုသိအောင် ပြောပြလိုက်ပါ"

ရှင်းခန့်သည် ကိုယ့်ကို အပြည့်အဝ ကူညီပေးထားသည့် ဒီသူငယ်ချင်းမလေးကိုမှ သူ့မချစ်သောသူနှင့် အတင်းဖော်ပေးနေလျှင် အတော်မိုက်မဲသော သူတစ်ယောက် ဖြစ်ပေလိမ့်မည်။ အဲဒီတော့ ဘုန်းမြတ်ကို မင်းဘာသာပဲ ကြိုးစားတော့၊ ငါမကူညီတော့ဘူးလို့ ပြောလိုက်သည့်အခါတွင်တော့ ထင်မှတ်မထားအောင် ဘုန်းမြတ်က ပေါက်ကွဲပြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း အကူအညီကိုရဖို့ ဒီလောက် အောက်ကျနောက်ကျ တော့ မခံဘူး။ ဟော့ကောင် ... မင်းအကူအညီ မရလည်း ငါက don't care ပဲ ...

အေး ... မင်း သိထားဖို့က ငါဆိုတဲ့ကောင်ကလည်း လိုချင်တာကို မဖြစ်,ဖြစ်တဲ့နည်းနဲ့ ရအောင်ယူတတ်တယ် ကွ၊ မင်းအကူအညီမပါဘဲနဲ့ မိုင်မိုင့်ကို ငါ ရအောင်ယူပြ မယ်"

ပြောရမယ်ဆိုရင်တော့ ဘုန်းမြတ်က ရှက်ရမ်း,ရမ်း သွားပြီး ပေါက်ကွဲသွားတာဖြစ်သည်။ အဲဒီအတွက် သူကလည်း တည်ငြိမ်စွာဖြင့် ဘုန်းမြတ်ကို ပြောလိုက်လေသည်။

"အဲဒါကတော့ မင်းအပိုင်းပဲ ဘုန်းမြတ်၊ ငါက ငါမကူညီ နိုင်တော့ဘူးဆိုတာ မင်းသိအောင် ပြောထားတာ"

သူက အနိုင်နဲ့ပိုင်းလျက် ဖုန်းချလိုက်တော့သည်။ ဘုန်းမြတ်ရဲ့အကျင့်ကို ဘာမှရေရာစွာမသိသဖြင့် မိုင်မဒီကို သတိ ထားဖို့တော့ ပြောပြရမည်။ အတွေးနှင့်အတူ မိုင်မဒီဆီ ဖုန်းဆက် ကြည့်တော့ ပူပန်သောက ကင်းဝေးလေသော ပလုတ်ပလောင်း အစာစားနေသာ အသံဖြင့် ...





"အေး ... ငါက အိမ်မှာလေ၊ ဒိုင်းနင်းရွမ်းထဲကိုသာ တန်း လာခဲ့"

သူက ဖုန်းကိုပိတ်လိုက်ပြီး မိုင်မဒီဆီကိုသွားလျှင် ဒိုင်းနင်းရွမ်းထဲမှာ ဖရဲသီးစိပ်တွေကို အပီအပြင်ထိုင်ဆွဲနေသော သူမကိုတွေ့သည်။ ရှင်းခန့်ကိုမြင်လျှင် မိုင်မဒီက လက်ဝါးတစ် ဖက်ထောင် နှုတ်ဆက်ကာ ...

"အို ... အသည်းအသန်လေသံနဲ့ ဘာဖြစ်လာတာလဲ ကိုယ်တော်။ သာယာနဲ့ မသာယာသေးဘူးလား"

မေးလည်းမေး ဖရဲသီးတစ်စိပ်ကိုလည်း သူ့ကို ကမ်းပေးလိုက်လျှင် သူကလည်း ဖရဲသီးအေးအေးကို တစ်ကိုက် ကိုက်လိုက်ပြီးမှ ...

"မိုင်မဒီ ... ဘုန်းမြတ်နဲ့ စကားပြောတဲ့အခါမှာ အရမ်းကြီး တင်းတင်းမာမာ မဆက်ဆံနဲ့နော်၊ ကြားလား"

"ဘာတွေ လာပြောနေတာလဲ ရှင်းခန့်"

"ဩော် ... ငါပြောတာကို နင်နားထောင်စမ်းပါ၊ ယောကျ်ား ဆိုတာ မာနတော့ရှိတယ်ဟ၊ သူတို့ကို အရမ်းကြီးစော်ကား လာတယ်ဆိုရင် ကိုယ့်အတွက် ဒုက္ခရောက်သွားနိုင်တယ် ...



www.burmeseclassic.com

www.burmeseclassic.com



အခုပဲ ဘုန်းမြတ်နဲ့ ငါ နည်းနည်းငြိထားတယ်။ သူက နင့်ကို ရအောင်ယူပြမယ်လို့ ကြိမ်းသွားတယ်၊ ဘာပဲဖြစ်ဖြစ် သတိဆိုတာ အမြဲရှိထားပေါ့ဟာ"

သူ့အပြောကို မိုင်မဒီက ပခုံးတစ်ချက်သာတွန့်ပြ၍ ဖရဲသီးအစားမပျက်ဘဲ ...

"ဒီမှာ ... နင် ငါ့ကို ဘာမှစိတ်ပူမနေနဲ့။ ဘုန်းမြတ်ကောင်းကင်ကို ငါက ချစ်လည်းမချစ်သလို မုန်းလည်းမမုန်းဘူး။ ငါ့အတွက်တော့ သူဟာ နင့်ကို၅နဲ့ ခဏဟန်ဆောင်နေကြတဲ့ ဟန်ဆောင်ချစ်သူ၊ ဒါပဲ ... ဘာအကန့်မှမရှိဘူး"

"အေးပါ ... ငါက စိတ်ပူလို့ သတိပေးတာပါ၊ နင့်ကိုတော့ ငါ ကျေးဇူးအများကြီး တင်တယ်ဟာ၊ တကယ် ... ငါနဲ့သာယာက ပြတ်ပြီပဲမှတ်တာ၊ အခု နင့်ကူညီမှုကြောင့် ပြန်အိုကေသွားတာ"

"မလိုပါဘူးဟာ၊ နင်သာ သာယာ့ကို ဂရုတစိုက် ချစ်လိုက်ပါ။ သူ ၂ ဝင်တယ်ဆိုတာဟာ နင့်ကိုသိပ်ချစ်လို့ ဖြစ်မှာပေါ့ ရှင်းခန့်ရယ်"





မိုင်မဒီက၊ ဝေဖန်စကားဆိုလျှင် သူက တယ်ဟုတ်ပါလားဆိုသော ပြုံးစစအကြည့်ဖြင့် ကြည့်ကာ ...

"ဘာလဲ ... နင်နဲ့သာယာက peace ဖြစ်သွားပြီလား"

"ဟင်း ... ဖြစ်ပါလိမ့်မယ် အားကြီးကြီး၊ နင့်ဟာမကို ငါက တစ်စက်ကလေးမှ ကြည့်ရတာမဟုတ်ဘူး။ သူ့ကိုနားလည်သွားတယ်ဆိုတာက ငါ သူ့စိတ်ကို ခန့်မှန်းသွားတတ်လို့ပါ၊ ဘာမှ peace မဖြစ်ဘူး"

"ဟား ... အဆန်းတွေပဲဟေ့။ ကဲပါ ... ငါပြန်တော့မယ် မိုင်မဒီရာ၊ မနက်ဖြန်ကျရင်တော့ အားလုံးအေးဆေးပဲ၊ နောက်နေ့မှ အစ်အစဉ် ထပ်ဆွဲတာပေါ့"

သူက မိုင်မဒီကို နှုတ်ဆက်ကာ ပြန်ထွက်လာခဲ့သည်။ ဆော်တီကိုအနား ရောက်ခါနီးမှာတော့ မိုင်မဒီမေမေက သူ့ကို ချဉ်းဖော်ရွှေစွာ ပြုံးပြ၍ ...

"ဟော ... သား ရောက်နေတာလား၊ ထမင်းစားသွားလေ"

"ရတယ် ... အန်တီခိုင် သားမစားတော့ဘူး၊ မိုင်မဒီဆီ ခဏလာတာ၊ ပြန်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ဟုတ်ပြီ ... ဟုတ်ပြီ၊ ညကျရင်လာခဲ့လေ လက်ဖက်သုပ်စားရင်း စကားလေး ဘာလေး ပြောတာပေါ့"

"ဟုတ်ကဲ့ အန်တီခိုင်"

သူက မိုင်မဒီမေမေကို နှုတ်ဆက်ကာ အိမ်သို့ပြန်လာခဲ့တော့သည်။ ချစ်ခြင်းတစ်ခုကို လက်ဝယ်ပိုင်ဆိုင်ထားရတဲ့ သူဟာ ဘာလို့များ စိတ်တွေ ဒီလောက်တောင် လေးလံနေရတာပါလိမ့်။

❋ ✦ ❋





"ဗျာ"

"ရှင်"

အဲဒီအာမေဋိတ်သံနှစ်ခုဟာ တစ်ချိန်တည်းမှာပင် တစ်ပြိုင်တည်းလိုလို ထွက်လာကြတာဖြစ်သည်။ အို ... ကမ္ဘာကြီး ဘာတွေဖြစ်ကုန်ပြီလဲ။ ဖေဖေ့ဆီက မထင်မှတ်သော စကားတစ်ခွန်းဟာ သူတို့နှစ်ယောက်စလုံးကို ရှော့ခ်တောင် ဖြစ်သွားနိုင်သည်။ ဖေဖေက သားနဲ့သမီးကို နေရာချထားပေးတော့မယ်ဆိုတဲ့စကားဟာ သူ့အတွက်ကတော့ အချစ်ရေးတွေမှာ ကံခေနေသူထက် ဆိုးဝါးသွားနိုင်ပါသည်။ သူ့ရဲ့တုန်လှုပ်ဖြစ်ပျက်သွားသော အခြေအနေကို မိုင်မဒီက တစ်ချက် အကဲခတ်ပြီး တည်ငြိမ်စွာဖြင့် စကားဆိုလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်ပါဘူး ဖေဖေ၊ ရှင်းခန့်နဲ့ မီးမီးက တစ်သက်လုံး ဖြူဖြူစင်စင် သူငယ်ချင်းတွေလိုပဲ နေလာကြတာပါ။ အခုလို ရုတ်တရက်ကြီး ဒီလိုစီစဉ်လိုက်တာဟာ မီးမီးတို့ အတွက် ဘယ်လိုမှ လက်ခံလို့ မရပါဘူး"

မိုင်မဒီက သူ့ကို ဆက်ပြောလေဆိုသော သဘောဖြင့် သူ့လက်မောင်းကို တံတောင်ဖြင့် အသာတွတ်မှ သူကလည်း ပြုံးပြုံးပျာပျာ ဝင်ပြောရတော့သည်။

"ဟုတ်ပါတယ် ... ဟုတ်ပါတယ်၊ ဖေဖေတို့ မေမေတို့ အနေနဲ့ သားတို့ရဲ့ဆန္ဒကိုလည်း စဉ်းစားပေးစေလိုပါတယ်"

"ဘာစဉ်းစားစရာလိုလဲ သားရယ်၊ မိုင်မိုင်နဲ့ သားဆိုတာ ငယ်ငယ်လေးကတည်းက အတူတူကြီးပြင်းလာတဲ့ တစ်ယောက်အကြောင်း တစ်ယောက်သိတဲ့သူတွေပဲ၊ ဖေဖေတို့က သားတို့ကလေးဘဝကတည်းက သားတို့အရွယ်ရောက်လာရင် ပေးစားမယ်လို့ ကတိပြုထားတာ၊ လူကြီးတွေ မျက်နှာကို အိုးမဲမသုတ်ချင်စမ်းပါနဲ့ကွာ"





မြတ်စွာဘုရား ... ဒီကတိမျိုးဟာ ရုပ်ရှင်တွေထဲမှာပဲ ရှိတယ်လို့ သူ ထင်ထားခဲ့တာ။ အခု အပြင်မှာ ဒါမျိုးတွေလည်း ရှိတယ်။ ရှင်းခန့်သည် လက်ကားရေး ခြေကားရားဖြင့် ဖေဖေ့ကို တားရတော့သည်။

"ဟာ ... ဒါ ... ဒါဆို သားတို့ကို စီစဉ်ပေးတော့မှာပေါ့၊ ဖေဖေ စဉ်းစားပါဦးနော်"

"မေမေ ကူပြောပေးဦးလေ"

မိုင်မဒီကပါဝင်၍ သူမအမေကို စစ်ကူခေါ်လျှင် သူ့မေမေက သဘောကျစွာပြုံး၍ ...

"ကဲ ... ဒီခေတ်ကလေးတွေကို ကျွန်မတို့တော့ လိုက်လို့ ကိုမမီတော့ဘူး ခိုင်ရေ၊ သားနဲ့သမီးဟာလည်း တစ်ယောက် နဲ့တစ်ယောက် ချစ်နေရဲ့သားနဲ့ များဘာလို့ လူကြီးတွေ စီစဉ်တာကို လက်မခံရတာလဲ"

"ဗျာ ... ကျွန်တော်တို့က ချစ်နေကြတယ်"

သူတို့နှစ်ယောက်စလုံး အံ့အားသင့်စွာ ရေရွတ်ကာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်တော့သည်။ ဟာ ...



www.burmeseclassic.com

www.burmeseclassic.com



ဘာတွေလဲ။ သူက ဒီကိစ္စကို မငြင်းရသေးခင်မှာ မေမေက စကားထပ်ဆိုပြန်သည်။

"သားနဲ့ သမီးကို အခုချက်ချင်းကြီး နေရာချမပေးသေးပါဘူး။ လောလောဆယ် သားတို့ကို စေ့စပ်ပေးထားမယ်။ ကျောင်းပြီးလို့ အလုပ်ဝင်ပြီဆိုမှ သားတို့ကို လက်ထပ်ပေးမှာ"

"ဟာ ... မဟုတ်ဘူး မေမေ၊ မှားနေပြီနော် သားနဲ့မိုင်မဒီက ချစ်သူတွေ မဟုတ်ပါဘူး"

"ဟုတ်ပါတယ် မေမေ၊ သမီးတို့က ချစ်သူတွေ မဟုတ်ပါဘူး"

သူကော မိုင်မဒီပါ ရှင်းပြသော်လည်း လူကြီးတွေကတော့ ကလေးတွေ ပြောချင်တာပြောဆိုသော အဓိပ္ပာယ်ပါသည့် အပြုံးမျိုးဖြင့်ပြုံးကာ ...

"မီးမီး ... ဘာမှ ရှက်ရမ်းတွေရမ်းပြီး ငြင်းမနေပါနဲ့။ မီးမီးနဲ့ ရှင်းခန့်တို့ ချစ်နေကြတယ်ဆိုတာ ဖေဖေတို့ ရိပ်မိနေတာကြာပြီ"





"ဟာ ... ဖေဖေ အထင်လွဲနေတာ၊ ရှင်းခန့်နဲ့က တကယ့်သူငယ်ချင်းတွေပါ။ ရှင်းခန့် ... ပြောလိုက်ဦးလေ"

"ကဲ ... ကဲ ... ချစ်သူတွေ ဟုတ်ဟုတ် မဟုတ်ဟုတ် ဖေဖေကတော့ ပြောပြီးပြီ၊ ရှင်းခန့်နဲ့ မိုင်မိုင့်ကို ဒီလထဲမှာ နေ့ကောင်းရက်သာရွေးပြီး စေ့စပ်ပွဲလေး လုပ်ပေးမယ်၊ ငြင်းမယ်မကြံနဲ့နော်၊ ဖေဖေ့အကြောင်း သိတယ်မှုလား"

ပြီးသွားပြီ။ ဖေဖေ့စိတ်ကို သူသိသည်။ ဖေဖေက လုဖြောင့်စိတ်တိုဖြစ်သည်။ ဒါလုပ်မယ်ဆို ဖြစ်ကိုဖြစ်ရမှ ကျေနပ်သူဖြစ်၏။ ဖေဖေ့ဘဝမှာ မရဘူးဆိုတာမရှိ။ သူနဲ့ မိုင်မဒီကိစ္စကို မဖြစ်ဖြစ်အောင် စီစဉ်မည်ဟု ကြွေးကြော်လိုက်သောအခါ သူ့မှာ ဘာမှဆက်ပြောလို့ မရတော့ချေ။

ဒီတော့ မိုင်မဒီနှင့် ခေါင်းချင်းရိုက်ကာ ဆွေးနွေးရတော့သည်။

"ကဲ ... ဘယ်လိုလဲ မိုင်မဒီ၊ ငါတို့ ဘယ်လိုရှင်းကြမလဲ"

"မသိတော့ဘူးဟာ၊ ဒုက္ခပါပဲ ပြဿနာတွေကလည်း ဒါပြီးမယ်မကြံသေးဘူး နောက်တစ်ခုက ထပ်ဖြစ်ပြန်ပြီ။ ဒီ



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာကတော့ ငါလည်း မရှင်းတတ်ဘူး ရှင်းခန့်ရေ တော်တော်ရင်လေးပါတယ်ဟယ်”

မိုင်မဒီက ခပ်မှိုင်မှိုင် ငေးထိုင်လျှင် သူလည်း ငိုင်ငိုင်တိုင်ဖြင့် မေးစေ့ကို လက်ဖြင့်ပွတ်သပ်ကာ ဒီကိစ္စကို ဘယ်လို ရှင်းရပါ့ဟု တွေးနေမိသည်။ သူနှင့် မိုင်မဒီကို လူကြီးတွေက စီစဉ်ပေးမည်ဆိုတဲ့အကြောင်းကိုသာ သာယာ သိသွားလျှင် ပြဿနာ တွေက တစ်သီကြီး တက်ကုန်တော့မည်။

“ဟဲ့ ... စဉ်းစားပါဦးဟာ၊ ဒီကိစ္စက ပေါ့သေးသေးမဟုတ် ဘူးနော်။ နင်နဲ့ ငါ့ကို စေ့စပ်ပေးတော့မှာ၊ သာယာ့သိရင် ကတော့ နင်နဲ့ကျိုင်တက်တော့မှာပဲ”

ရှင်းခန့်သည် ပခုံးတစ်ဖက်ကို တွန့်ပြ၍ မျက်လုံး ထဲတွင် မြင်ယောင်လာသည်က သာယာ့ကိုဖြစ်သည်။ သူလည်း သာယာ့ကို ချစ်မိပါမှ ရှင်းလိုက်ရတဲ့ ပြဿနာတွေ။

မင်းကို တကယ်ချစ်ခဲ့တာပါ သာယာ။

* ✦ *





သံယောဇဉ်တွေ ရစ်ပတ်နှောင်တွယ်ထားသော ချစ် ခြင်းသည် တောက်ခနဲတော့ ပြတ်တောက်မသွားနိုင်ပေမယ့် အချစ် ဖြင့် ဖွဲ့တည်သော ချစ်ခြင်းကတော့ ဝုန်းဒိုင်းကြဲ ပေါက်ကွဲတတ် ပေသည်။ သာယာ့ကို မိုင်မဒီကိစ္စ မပြောဖြစ်ပေမယ့် ရင်ထဲမှာ တော့ ပြောဖို့စကားတွေ ဖွဲ့တည်ထားပါသည်။

“မှိုင်း ... မျက်နှာလည်း မကောင်းပါလား၊ ဘာဖြစ်လို့လဲ ဟင်”

သူက ဖြေမလို့လုပ်တုန်း သူ့ကျောပိုးအိတ်ထဲက ဖုန်းက မြည်လာသောအခါ ဖုန်းကိုင်လိုက်ပါသည်။ မိုင်မဒီသူငယ် ချင်း ရွှေရည့်ဆီကဖုန်း ဖြစ်ပါသည်။

“ရှင်းခန့်ရေ ... မိုင်မိုင် ရောက်ပြီလား”



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဘာလဲ၊ ငါက စိမ်းလန်းမှာ သာယာနဲ့ စကားပြောနေကြတာ။ မိုင်မဒီက ဘယ်သွားလို့လဲ"

"ဘာ ... မိုင်မိုင့်ကို ဘုန်းမြတ်က ခုနတုန်းကပြောတော့ နှင်နဲ့သာယာ ပြဿနာတက်ကြပြန်လို့ သွားရှင်းပေးရဦးမယ်ဆိုပြီး မိုင်မိုင့်ကို အလောတကြီး ခေါ်သွားတာပဲ။ ဘုန်းမြတ်ပုံစံ ကြည့်ရတာက တစ်မျိုးဖြစ်နေလို့ နှင့်ဆီ လှမ်းဖုန်းဆက်လိုက်တာ"

"ဘာ"

သူ့ရဲ့ဘာသံဟာ တော်တော်လေး ကျယ်သွားသောကြောင့် ဘေးကအတွဲတွေတောင် ကွက်ကြည့် ကွက်ကြည့် လုပ်နေကြသည်။ သို့ပေမယ့် သူက ဂရုမစိုက်နိုင်တော့ဘဲ စိုးရိမ်မှုလွှမ်းကဲစွာဖြင့် ...

"ရွှေ့ရည် ... သူတို့ထွက်သွားတာ ကြာပြီလား"

"မိနစ်နှစ်ဆယ်လောက်တော့ရှိပြီ၊ လုပ်ပါဦး ရှင်းခန့်ရယ် မိုင်မိုင်က အလောတကြီး ထွက်သွားတော့ ဖုန်းလည်းပါမသွားဘူး"





ဟာ ... သူ ဘာမှဆက်မကြားနိုင်တော့ပါ။ သူ့နားထဲတွင် ကြားယောင်နေသည်က ဘုန်းမြတ်တဲ့စကားသံတစ်ခုကိုပဲဖြစ်သည်။

*"မင်းအကူအညီ မရလည်း ငါက don't care ပဲ။ မင်း သိထားဖို့က ငါဆိုတဲ့ကောင်က လိုချင်တာကို မဖြစ်,ဖြစ်တဲ့နည်းနဲ့ ရအောင်ယူတတ်တယ်ကွ၊ မင်းအကူအညီ မပါဘဲနဲ့ မိုင်မိုင့်ကို ငါမရ,ရအောင်ယူပြမယ်"*

ဘုန်းမြတ်ရဲ့စကားသံကို ကြားယောင်ကာ မျက်လုံးထဲတွင်တော့ တစ်ခါက သူတို့သူငယ်ချင်းတွေကို ခေါ်သွားဖူးသည့် တောက်ကြန့်ဘက်က ခြံကျယ်ကျယ်ကို မြင်ယောင်လာမိသည်။

*"ငါသာ မိုင်မိုင်နဲ့ လက်ထပ်ပြီးသွားရင် ဒီခြံမှာ နားအေးပါးအေးလာနေမယ်ကွာ ... ဟဲ ဟဲ"*

ချက်ချင်းပင် ဘုန်းမြတ်ရဲ့ဟန်းဖုန်းကို ဆက်ကြည့်တော့ ဆက်သွယ်မှုရေိယာပြင်ပ ဖြစ်နေသည်။ ဟုတ်နေပါပြီ။ ရှင်းခန့်သည် ကားသော့ကို ကောက်ကိုင်၍ ဆတ်ခနဲ ထရင်းကာ ...



www.burmeseclassic.com

www.burmeseclassic.com



"သာယာ ... ကိုယ် အရမ်းအရေးကြီးကိစ္စ ရှိနေလို့ သွားပြီနော်"

"ဘာလဲ ... ဘာဖြစ်တာလဲ"

သာယာ့အမေးကိုတောင် မဖြေနိုင်တော့ဘဲ သူ့ကျောပိုးအိတ်ကို ကောက်လွယ်ကာ အသည်းအသန် ကားဆီသို့ပြေးသွားတော့သည်။ သူ့ရဲ့စိုးရိမ်မှုတွေဟာ ဘယ်လိုမှကို မပြောပြနိုင်တော့ပါ။ မိုင်မဒီ ... ငါ့ကြောင့် နင် ဘာမှမဖြစ်ပါစေနဲ့။

သူဟာ လူးလိမ့်နေအောင် ပူပန်နေသော အပူရှေနှင့်အတူ ကားကို ဘယ်လိုအရှိန်နှင့် မောင်းချလာလိုက်မှန်းမသိပါ။ ဘုန်းမြတ်ရဲ့ခြံရှေ့ရောက်တော့ ထင်ထားသလိုပင် သူ့ရဲ့ဆလွန်းကား ခဲရောင်လေးကို တွေ့ရလေသည်။ သူက ခြံစောင့်ကို တံခါးဖွင့်ခိုင်းလျှင် မဖွင့်ပေးသောကြောင့် အထာနပ်သော ရှင်းခန့်က ပိုက်ဆံတစ်သောင်း ထုတ်ပေးလိုက်ပြီး ...

"ရော့ ... ဒါ ငါ့ညီအတွက် မုန့်ဖိုး၊ တံခါးဖွင့်ပေးပါကွာ ကိုယ်က ဘုန်းမြတ်ရဲ့သူငယ်ချင်းပါ၊ သူနဲ့ ဒီမှာချိန်းထားတယ်၊ ဖွင့်ပေးနော်"





ခြံစောင့်ကို နှစ်ခါတောင်မစည်းရုံးရပါ။ သူကတံခါးဖွင့်ပေးလေသည်။ ရှင်းခန့်သည် ကားကို ခြံရှေ့မှာထားခဲ့ကာ လူချည်းပဲ ဝင်လာခဲ့တော့သည်။ ခြံစောင့်ကို လက်ကျိတ်ထိုးအမေးအရ ဘုန်းမြတ်နှင့်အတူ ကောင်မလေးချောချောတစ်ယောက်လည်း ပါသည်တဲ့။ ဒါဆိုရင်တော့ သေချာပေပြီ။

နမချင်းမစာနာတဲ့ လူယုတ်မာအတွက် သူ့ရဲ့ဒေါသတွေသည် အမြင့်ဆုံးအဆင့်မှာ ရှိနေခဲ့ပြီး နောက်ဖေးပေါက်ကနေ အိမ်ထဲသို့ ဝင်လာခဲ့တော့သည်။

* ✦ *



www.burmeseclassic.com

www.burmeseclassic.com



ရှင်းခန့်နှင့် သာယာ ပြဿနာတက်သည်ဆိုလို့သာ ဘုန်းမြတ်ကောင်းကင် ခေါ်ရာကို ‹ ိုက်လာရသည်။ မိုင်မိုင့်ရဲ့စိတ် တွေသည် အုထူးတလည်ကို လေးလံ ုမိသည်။ ထောက်ကြန့်ဘက် မှာတောင် သူတို့ကချိန်းတွေ့ကာ ပြဿနာတွေ တက်ကြသည်ဆို တော့ မိုင်မိုင်က စိုးရိမ်ကာ လိုက်လာရတာဖြစ်သည်။

အိမ်ထဲရောက်တော့ ဘာကြောင့်မှန်းမသိ။ ကြက်သီး ဖျန်းခနဲတောင် ထသွားရသည်။ တိတ်ဆိတ်ခြောက်သွေ့နေသော လူမနီးသည့်ခြံထဲကို လိုက်လာခဲ့တာကိုက မိုင်မိုင်ရဲ့မဟာအမှား ပင်ဖြစ်သည်။ သိပ်မသက်သာသည့်စိတ်နှင့်အတူ ဘုန်းမြတ်ကောင်း ကင်ကို လှည့်ကြည့်၍ ...

"ဟဲ့ ... ဘယ်မှာလဲ၊ ရှင်းခန့်နဲ့ သာယာလင်းစက်"





သူက မိုင်မိုင့်အမေးကို ပြုံးစစဖြင့် မျက်ခုံးတစ်ချက် ဝင့်ကာ ပြောလေသည်။

"သူတို့ အပြင်တွေ ဘာတွေများ ထွက်သွားသလားမသိ ဘူး"

ဘုန်းမြတ်ကောင်းကင်က အိမ်နောက်ဘက်သို့ ဝင် သွားပြီး ကော်ဖီတစ်ခွက် ဖျော်လာကာ မိုင်မိုင့်ရှေ့သို့ ချပေးပြီး ...

"သောက်လိုက်ပါဦး မိုင်မိုင်၊ အေးအေးဆေးဆေးပေါ့"

"ဘုန်းမြတ်ကောင်းကင် ... နင် ငါ့ကို လိမ်ခေါ်လာတာ လား၊ ဘယ်မှာလဲ ရှင်းခန့်တို့"

"အဟော် ... ကိုယ်က ဘာလို့ မိုင်မိုင့်ကို လိမ်ခေါ်ရမှာလဲ။ ရှင်းခန့်က ကိုယ့်ကို တကယ်ဖုန်းဆက်ထားတာ၊ မိုင်မိုင့် ကိုခေါ်ပြီး ဒီကိုလာခဲ့ပါ၊ ဒီမှာ မျက်နှာစုံညီ ပြဿနာရှင်း ကြမယ်တဲ့ ...

ကဲပါ ... အဲဒါတွေ ပြောမနေနဲ့ ကော်ဖီသောက် လိုက်"



www.burmeseclassic.com

www.burmeseclassic.com



မိုင်မိုင်က သူ့အပြောကို ဘာမှဆက်မပြောတော့ဘဲ ဒီတိုင်းထိုင်နေလိုက်သည်။ ခဏကြာမှာတော့ သူက မိုင်မိုင့်ကို ရွှန်းလဲ့သော အကြည့်တို့ဖြင့်ကြည့်၍ ...

"မိုင်မိုင် ... ကိုယ့်ကို တကယ်ပဲ မစဉ်းစားပေးတော့ဘူးလား။ ကိုယ် မိုင်မိုင့်ကို အရမ်းချစ်တာပါကွာ၊ ဘာလို့ ရှင်းခန့်ကိုပဲ ဦးစားပေးနေရတာလဲ"

သူ့ရဲ့အဲဒီစကားကြောင့် မိုင်မိုင်သည် နောက်သို့ အသာရွှေ့လိုက်ပြီး ရဲရင့်ပြတ်သားသော မျက်ဝန်းတွေဖြင့်ကြည့်ကာ ...

"နင့်ကို ငါ ဒီတစ်သက် လုံးဝမစဉ်းစားဘူးလို့ ပြောထားပြီးသားနော် ဘုန်းမြတ်ကောင်းကင်၊ အရူးထမနေနဲ့"

မိုင်မိုင့်စကားကြောင့် သူက ခြောက်သွေ့အက်ကွဲစွာ ရယ်မောရင်း သူမကို လက်ညှိုးထိုးကာ ...

"မိုင်မိုင်ရယ် ... မင်း သိပ်လှရဲ့သားနဲ့ ဘာလို့နှလုံးသားက ဒီလောက်တောင် မာကြောနေရတာလဲ၊ မင်းရင်ထဲမှာ အချစ်ဆိုတာ မရှိဘူး ...





မဟုတ်ဘူး ... မင်းရင်ထဲမှာ အချစ်မရှိတာ မဟုတ်ဘူး၊ အချစ်ကို မင်းကမသိတာ မိုင်မိုင်၊ ဒီတော့ မင်းရင်ထဲက အချစ်ဆိုတာ ငါမှန်း မင်းသိအောင် ပြရတာပေါ့ကွာ"

ဘုရားသခင် ... မိုင်မိုင့်လောက် မိုက်တွင်းနက်တဲ့ မိန်းမ ဒီကမ္ဘာမှာရှိရဲ့လား။ အရိပ်ပြမှ အကောင်မြင်သော မိုင်မိုင်သည် စိတ်ထဲမှာတော့ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလောက်အောင်ကို အားငယ်နွမ်းလျနေပေမယ့်လည်း ဟန်ကိုယ့်ဖို့ဖြင့် စိတ်ကိုတင်းထားကာ ...

"ငါ ပြန်မယ် ဘုန်းမြတ်ကောင်းကင်"

"မင်းကို ပြန်ခွင့်မပေးနိုင်တော့ဘူး မိုင်မိုင်"

သူက ပြောလည်းပြော မိုင်မိုင်ရဲ့နားကိုလည်း ဖွဖွ ခဲ့ဝင်ထိုင်ကာ မိုင်မိုင်ရဲ့လက်တွေကို ဖမ်းချုပ်လိုက်သည်။ ဟင့်အင်း ... သွား။ အဲဒီအမှောင်လောကထဲကနေ မိုင်မိုင်ဟာ လွတ်မြောက်ဖို့ ရေကူနိရေခန်း ကြိုးစားပါသော်လည်း အဲဒီနွံထဲမှာမ ထွက်နိုင်တော့ဘူးလား။ မိုင်မိုင့်ဘဝရဲ့ကျရှုံးခန်းကို ရောက်နေပြီလား။

"ခွေးမသား ... သေပေတော့"



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် အင်္ကျီကုပ်ကို ဆောင့်ဆွဲကာ ပြင်းပြင်းထန်ထန် ဝင်ချလာသော လက်သီးတစ်လုံးကြောင့် ဘုန်းမြတ်သည် ပစ်တောင်လဲကျသွားလေသည်။ မိုင်မိုင်သည် ကယ်တင်ရှင်ကို မော့ကြည့်လျှင်တော့ ရှင်းခန့်ဖြစ်လို့နေသည်။ အားကိုးတကြီးဖြင့် ရှင်းခန့်ရဲ့အနောက်မှာ သွားရပ်လိုက်လျှင် ရှင်းခန့်က မိုင်မိုင့်ပခုံးကို တစ်ချက်ဖျစ်ညှစ်လိုက်ပြီး ...

"ငါ ရောက်လာပြီ၊ နင် ဘာမှမဖြစ်စေရဘူး မိုင်မဒီ"

အဲဒီအချိန်မှာ ဘုန်းမြတ်က ကြမ်းပြင်ပေါ်က လူး... ထလာမလို့လုပ်တုန်း ရှင်းခန့်က သူ့လည်ပင်းနားမှာ ခွထိုင်... စိတ်ရှိလက်ရှိကို လက်သီးဖြင့်ပိတ်ထိုးကာ ...

"နမချင်းမစာနာတဲ့ကောင်၊ ယုတ်မာတဲ့ကောင် သေစမ်းကွာ"

တစ်ချက်အလစ်မှာတော့ ဘုန်းမြတ်က အသာ... ရသွားကာ ရှင်းခန့်ကို တွန်းထုတ်ပြီး လူးလဲထကာ သွေးစွန်း... သည့် သူ့နှုတ်ခမ်းတို့ကို လက်ဖြင့်ပွတ်လိုက်ပြီး ...

"မင်း ငါ့ကို မကျေနပ်သေးရင် အသေသာသတ်သွား... ရှင်းခန့်၊ ဒါပေမဲ့ မိုင်မိုင့်ကိုချစ်တဲ့ ငါ့အချစ်တွေကိုတော့ မင်း သတ်ပစ်လို့မရဘူး"





ရှင်းခန့်က သူ့အပြောကို ဒေါသတကြီးဖြင့် သူ့အင်္ကျီကော်လာစကို ဆုပ်ကိုင်ကာ နံရံကို ကပ်မှီထားပြီး မီးဝင်းဝင်းတောက်နေသော မျက်ဝန်းတို့ဖြင့်ကြည့်ကာ ...

"မင်းက လူယုတ်မာ၊ မင်းကို အသေတောင် သတ်ပစ်သင့်တာ။ ဒါပေမဲ့ မင်းရဲ့ယုတ်မာမှုအတွက် မင်းကို ငါသေလုမြောပါး ရိုက်ပစ်မယ်"

"ငါ လုံးဝဂရုမစိုက်ဘူး ရှင်းခန့်။ အချစ်နဲ့စစ်မှာ မတရားတာမရှိဘူး"

"ဟာ ... သေစမ်းကွာ"

ရှင်းခန့်က ပေါက်ကွဲပစ်ကာ သူ့ရဲ့ဗိုက်ကို လက်သီးဖြင့် ပိပိပြင်ပြင်ကို ထိုးလိုက်သောအခါ ကြမ်းပြင်ပေါ်သို့ ခွေခနဲယိုင်ဆင်းသွားလေသည်။ ရှင်းခန့်က ပန်းအိုးကိုရိုက်ခွဲကာ သူ့ကိုခြေကွဲစဖြင့် ထိုးမည်အလုပ်မှာတော့ မိုင်မိုင်က အတင်းဝင်ဆွဲ၍...

"မလုပ်ပါနဲ့ ရှင်းခန့်၊ နင် သူ့ကို အသေသတ်ရင် နင် ဒုက္ခရောက်သွားမှာပေါ့၊ လာပါဟာ ပြန်ရအောင်"

"မင်းနဲ့ငါ ဒီနေ့ကစပြီး ရန်သူတွေ ဖြစ်သွားပြီ၊ မင်း ငါ့မြင်ကွင်းထဲ ရောက်လာလို့ကတော့ အသေပဲ"



www.burmeseclassic.com

www.burmeseclassic.com



ရှင်းခန့်က သူ့ကို ခြေထောက်နှင့်ပါ ဆောင့်ကန်ပြီးမှ မိုင်မိုင့်ကို ဖေးမတွဲ၍ ခြံအပြင်သို့ထွက်လာခဲ့သည်။ အကြောင်းခါးခါးတွေနှင့် ဝေးရာကို ကားမောင်းလာခဲ့ပြီးမှ စိမ်းလန်းသော ကွင်းပြင်တစ်ခုနားမှာ ကားကိုရပ်လိုက်ကာ မိုင်မိုင်ရဲ့လက်တွေကို ခပ်တင်းတင်းဆုပ်ကိုင်၍ ...

"မိုင်မဒီ ... နင် ဘာမှမဖြစ်ပါဘူးနော်"

မိုင်မိုင်သည် ခုနက တင်းထားခဲ့သမျှ စိတ်တို့သည် လုံးဝပျောက်ကွယ် ကင်းမဲ့သွားသလို မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာကာ ...

"ငါ ... ငါ ... နင်သာ အချိန်မီရောက်မလာခဲ့ရင် ငါတော့ သွားပြီ ရှင်းခန့်ရယ်"

သူက မိုင်မိုင့်ရဲ့ပခုံးနှစ်ဖက်ကို အားပေးသလို ဖျစ်ညှစ်ဆုပ်ကိုင်လိုက်ရင်းက မိုင်မိုင်ရဲ့မျက်ရည်တွေကို အသာသုတ်ပေးကာ ...

"နင့်ကို ငါ ဘယ်တော့မှ ကျောခိုင်းမထားပါဘူး မိုင်မိုင်ရယ်။ နင့်ဒုက္ခတွေက ငါ့ကြောင့်ဖြစ်ရတာပါ၊ ငါမကောင်းလို့"

"မဟုတ်ပါဘူးဟာ၊ ငါကိုက အယုံလွယ်ပြီး လိုက်ခဲ့တာကို"





"အဲဒါ ငါ့ကြောင့်ပဲလေ"

သူက ရင်နာစွာ ဝမ်းနည်းပက်လက်ပြောလျှင် မိုင်မိုင်က သူ့ခံစားချက်တွေကို နားလည်စွာဖြင့် အားတင်းပြုံးပြကာ ...

"ကဲပါ ... ငါလည်း ဘာမှမဖြစ်တော့ဘူး၊ နင့်စိတ်ထဲမှာ ဘာမှမထားပါနဲ့၊ ပြန်ကြရအောင်။ ငါ့ကို နားခွင့်ပြုပါ ရှင်းခန့်ရယ်"

သူက အသာခေါင်းညိတ်ပြလိုက်ကာ ကားကိုဆက်မောင်းထွက်လာခဲ့တော့သည်။ မိုင်မိုင်ရဲ့အိပ်မက်ဆိုးထဲက အဖြစ်တွေဟာ ပျောက်ပျက်သွားပါစေ။

မိုင်မိုင့်အတွက်တော့ ကျိန်စာတွေမိနေခဲ့သော အချစ်ကံကို နင့်နေအောင် ခံစားပြီး ရှုံးနေရပါသည်။

အဲဒါတွေကို အိပ်မက်အဖြစ် ဖန်တီးပေးပါ ကံကြမ္မာ။

✻ ✦ ✻



www.burmeseclassic.com

www.burmeseclassic.com



## ၁၂

မိုင်မိုင်နှင့်သူ အချိန်လွန်မှ အိမ်ပြန်ရောက်လာတဲ့အတွက် အကျိုးဆက်ကတော့ မိဘတွေ သူတို့နှစ်ယောက်ကို အမြန်ဆုံး စေ့စပ်ပေးတော့တာဖြစ်သည်။ အဲဒီကိစ္စကို မိုင်မိုင်က ရှင်းခန့်အတွက် အသေအလဲတားပေမယ့် အမိန့်ပြင်းတဲ့ မိဘတွေရဲ့ဆန္ဒကို မိုင်မိုင်ကော သူပါ လုံးဝမငြင်းဆန်နိုင်ပါ။ ရှေ့လ တနင်္ဂနွေမှာ မိုင်မိုင်တို့ကို စေ့စပ်ပေးမယ် ဆိုသောအခါ မိုင်မိုင် …ည် သွေးမရှိတော့သလို ဖြူဖပ်ဖြူရော်တွေ ဖြစ်လာကာ ရှင်းခန့်ရဲ့လက်မောင်းကို ခပ်ကြမ်းကြမ်းလှုပ်၍ …

“ရှင်းခန့် … နင် တားဦးလေ၊ နင့်မှာ သာယာရှိတယ်ဆိုတဲ့အကြောင်းကို နင် ပြောရဲရမှာပေါ့”





“ငါလည်း အရမ်းစိတ်ညစ်နေတာပါပဲဟာ၊ သာယာ့ကို ဘယ်လိုပြောရမှန်းလဲ မသိတော့ပါဘူး”

အခုဆို မိုင်မိုင့်ကို ရှင်းခန့်က ခါတိုင်းထက်ပို၍ ကရုဏာသက်ကာ ဘာလုပ်လုပ် မိုင်မိုင့်စိတ်သဘောကို အရင်ကြည့်သည်။ ဘုန်းမြတ်ကောင်းကင်ရဲ့ကိစ္စနှင့်ပတ်သက်ပြီး မိုင်မိုင့်ကို သူက အရမ်းသနားသွားသည်ထင်သည်။ အဲဒီ သနားစရာအကြည့်ကို ရှင်းခန့်ဆီက မိုင်မိုင် မလိုချင်ပါ။

သနားစိတ်ကြောင့် ဖြစ်လာတဲ့ လိုက်လျောမှုကို မိုင်မိုင်ကတော့ ဘယ်လိုနှလုံးသားနဲ့မှ ခံစားပေးလို့မရပါ။ ဘုန်းမြတ်ကောင်းကင်ကတော့ သူ့ရဲ့ယုတ်မာမှုတွေကြောင့် မိုင်မိုင်တို့ကို တောင်းပန်စာ ရေးသွားခဲ့ပြီး တစ်နေ့ကပင် စင်ကာပူကို အပြီးသဘော ထွက်သွားတာဖြစ်သည်။

ပြီးဆုံးပါရစေတော့ … အဲဒီ မုန်းစရာကောင်းတဲ့ ဘဝကြီးကနေ မိုင်မိုင့်ကို လွတ်မြောက်ခွင့်ပေးပါတော့။

“မိုင်မိုင် … ငါဘာလုပ်သင့်သလဲဟင်”



www.burmeseclassic.com

www.burmeseclassic.com



အခုချိန်ထက်ထိ မိုင်မိုင်ဟာ ရှင်းခန့် အာလာဒင် အဖြစ် ဖန်တီးပေးရတုန်းပဲလား။ မိုင်မိုင်သည် ပင်ပန်းလှပြီဖြစ် သော နှလုံးသားကို အနားမပေးနိုင်သေးဘဲ ရှင်းခန့်အတွက် လေးနက်စွာတွေးကာ ...

"နင် သူ့ကို မခွဲနိုင်အောင်ကို ချစ်နေမိပြီလား ရှင်းခန့်"

မိုင်မိုင့်အမေးကြောင့် သူက တစ်ချက်ငိုင်သွားပြီး မျက်မှောင်တစ်ချက်ကြုတ်ကာ ...

"သာယာ့ကိုလား ... ချစ်တယ်၊ ချစ်တယ်လို့ ငါထင်တယ် သာယာက ငါ့အချစ်ဦးပဲလေ"

"သာယာကကော နင့်ကို ချစ်နေတယ် မှတ်လား"

"ချစ်ပါတယ်"

"အဲ့ဒါဆိုရင်တော့ နင် သူ့ကို သေချာရှင်းပြပြီး တစ်ခုခု ဆုံးဖြတ်ပါ ရှင်းခန့်၊ ငါကတော့ နင့်ကို ကူညီမှာပါ"

သူက လေးလေးတွဲ့တွဲ့ဖြင့် ခေါင်းကိုညိတ်ပြလျှင် မိုင်မိုင်က ဘာမှမပြောဘဲ သူ့ကိုသာ အသာငေးမောနေလိုက်သည်။ မိုင်မိုင်ဟာ ရှင်းခန့်ကို ဘယ်တော့မဆို စိတ်ချမ်းသာစေချင်တဲ့သူ





ပါ။ ရှင်းခန့် အခုချိန်မှာ ဘယ်လောက်ထိ စိတ်ညစ်နေမလဲဆို တာ ယုတ်စွအဆုံး သာယာ့ကို ခိုးပြေးမယ်ဆိုတာတောင် ကူညီ နေဦးမှာဖြစ်သည်။

"မိုင်မိုင် ... ငါ နင့်ကို တစ်ခုလောက်မေးချင်တယ်၊ ရမလား"

ရှင်းခန့်က မိုင်မိုင်နှင့် ဘုန်းမြတ် ဟိုပြဿနာဖြစ်ပြီးနောက်ပိုင်းကတည်းက အရင်လို မိုင်မဒီဟု မခေါ်တော့ဘဲ မိုင်မိုင်လို့သာ ခေါ်တတ်သည်။

"မေးလေ ... ဘာမေးမှာလဲ"

သူက အဓိပ္ပာယ်တွေ ပြည့်လျှံနေသည့် မျက်ဝန်းတို့ဖြင့်ကြည့်၍ တစ်ခွန်းစီ ပြတ်သားစွာ မေးလာသည်။

"ငါ့အပေါ်ကို ဘာလို့ ဒီလောက်ထိ ကူညီပေးတာလဲ ဟင်"

သူ့အမေးကို မိုင်မိုင်က ဘာများလဲဆိုသော သဘောဖြင့် နှုတ်ခမ်းသားလေးကို အပေါ်သို့ တွန့်ချိုးကွေးလိုက်ကာ ...

"ရှင်းခန့်ရယ် ... ဘာများလဲလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဖြေပေးပါ မိုင်မိုင်၊ ငါ အမြဲတမ်း သိချင်နေခဲ့တဲ့ အဖြေ တစ်ခုပါ"

ရှင်းခန့်ရဲ့ လေးနက်သောအပြောကြောင့် မိုင်မိုင်သည် နှလုံးသားရဲ့အတွင်းဆုံးနေရာကနေ လှိုက်ခနဲတောင် နွမ်းလျသွားတော့သည်။ မိုင်မိုင် ကိုယ်တိုင်ကိုက ဒီအဖြေကို ဘယ်လိုဖြေရမှန်းလဲ မသိပါ။ သို့ပေမယ့်လည်း ရိုးရှင်းသောစကားတစ်ခွန်းသာ သူ့အတွက် အဖြေဖြစ်စေခဲ့ပါသည်။

"နင်က ငါ့ရဲ့သူငယ်ချင်း ဖြစ်နေလို့ပေါ့ ရှင်းခန့်ရယ်"

အဲဒီအချိန်မှာပဲ ရှင်းခန့်ရဲ့ဖုန်း၍ ထမြည်လာ၍ စကားပြတ်သွားသည်။ ရှင်းခန့်က မိုင်မိုင့်ကို ခဏနော်ဟုပြောကာ ထသွား၍ ဖုန်းသွားပြောလေသည်။ ပြီးတော့မှ မိုင်မိုင့်ဆီသို့ပြန်လာကာ ...

"သွားကြမယ် မိုင်မိုင်။ ငါတို့စေ့စပ်တော့မယ်ဆိုတဲ့ကိစ္စကို ဖေဖေက ငါတို့သူငယ်ချင်းတွေကို ပြောပြလိုက်ပြီ"

"ဘာ"





မိုင်မိုင်သည် အံ့အားသင့်စွာဖြင့် ထရပ်လိုက်ကာ ရှင်းခန့်နဲ့အတူ အိမ်သို့ပြန်လာကာ လူကြီးတွေကိုတော့ သေချာ ပြောပြရတော့မည်ဟု သဘောပေါက်တော့သည်။ အိမ်သို့ရောက်ရင်တော့ ဖေဖေက ဆေးရုံသွားပြီဖြစ်၍ မေမေ့ကိုသာ ပြောရတော့သည်။

"မေမေရယ် ... မီးမီးနဲ့ ရှင်းခန့်က တကယ့်ရိုးရိုးသားသား သူငယ်ချင်းတွေပါ၊ မီးမီးတို့ တစ်သက်လုံး ဖြူဖြူစင်စင် နေကြတဲ့ကိစ္စ အခုလိုကြီး စီစဉ်လိုက်တာ ..."

"မီးမီးရယ် ... ဖေနဲ့မေက သင့်တော်သူနဲ့ စီမံပေးတာ ဘာလို့ ဖွတ်ငြင်းနေရတာလဲ၊ သမီးနဲ့ ရှင်းခန့်က ချစ်နေကြတာပဲကွယ်"

မိုင်မိုင်သည် မေမေ့အပြောကြောင့် အာခေါင်ခြစ်ကားခနဲ အော်ပစ်လိုက်ချင်စိတ်ကို အထူးပင် ထိန်းချုပ်ထားရတော့သည်။ ဘာလို့များ အဲဒီလိုကြီး ပစ်စလက်ခတ်တွေးလိုက်ရတာလဲ မေမေရယ်။ ဘာဖြစ်လို့များ မိုင်မိုင်ကတော့ ရှင်းခန့်နှင့် သာယာခင်းစက်ကြားထဲမှာ တစ်သက်လုံး ကန့်လန့်တိုက်ပါလာရတာသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုင်မိုင်ရဲ့အဖြစ်က ဘာနဲ့တူနေသလဲဆို ကိုယ်ဖန်တီးကခဲ့တဲ့ ဇာတ်လည်းမဟုတ်ပါဘဲနှင့် ကိုယ်က ဇာတ်လိုက်လိုလို ဗီလိန် လိုလိုနှင့် ဘာမှန်းမသိတော့ပါ။ ကြာရင် ဒီကိစ္စတွေနှင့်ပဲ ရေါက် သွားတော့မလားမသိ။

"လူကြီးတွေ စီစဉ်တာတွေကို ကန့်လန့်မတိုက်ချင်ပါနဲ့ မီးမီးရယ်"

"မီးမီးကတော့ ရှင်းခန့်ကို လုံးဝလက်မထပ်နိုင်ဘူး မေမေ"

အပြတ်သားဆုံးစကားပြော၍ မေမေ့ရှေ့ကနေ ရှာ ခနဲ လှည့်ထွက်လာခဲ့တော့သည်။ ခွင့်လွှတ်ပါ မေမေ။ မိုင်မိုင်က တော့ ဒီစေ့စပ်ပွဲကို အပြင်းအထန် ငြင်းရမှာပဲ။ မိုင်မိုင်နှင့် သိမ် ကို အကြောမတည့်လှတဲ့ သာယာလင်းစက်ရဲ့ချစ်သူကို လုတယ် ဆိုတဲ့ စကားလုံးတော့ မိုင်မိုင့်ရာဇဝင်မှာ မကျန်ပါရစေနဲ့။

✻ ✦ ✻





"ဘယ်လိုလဲ ရှိုင်း၊ သာယာ ရှင့်ကို နားမလည်နိုင်တော့ ဘူး၊ ဒီအချိန်မျိုးမှာ ရှင် ဘယ်ဘက်မှာ ရပ်တည်မှာလဲ"

သာယာက ရှုးရှုးရှဲရှဲဒေါသတွေထွက်ကာ ကြုံးအော် လိုက်လျှင် သူသည် မျက်နှာကိုတစ်ချက်မဲ့လိုက်ပြီး ဘုတောလိုက် တော့သည်။

"ကိုယ့်အခြေအနေက တကယ့်ကို ဘာလုပ်ရမှန်းမသိ ဖြစ်နေတာ၊ ကိုယ်က သာယာ့ကို ဘာတွေများပိုပြီးသိစရာ ရှိရဦးမှာလဲ"

"ဘာ ... ရှင် ဘာပြောတယ် ရှိုင်း၊ အဲဒါဆိုရင် ဘာလဲ မိုင်မဒီနဲ့ ကျွန်မကို ယှဉ်ပြီးမှ ရှင်ကရွေးမှာလား။ ကျွန်မရဲ့ ဒေါသတွေကို လာမဆွနဲ့ ရှိုင်းရှင်းခန့်"



www.burmeseclassic.com

www.burmeseclassic.com



"သာယာ ... ကိုယ် မင်းကိုချစ်တယ်၊ မင်းနဲ့ပတ်သက်ပြီး တော့လည်း ကိုယ်က လက်ထပ်ဖို့အထိကို ရည်ရွယ်ထား တယ်။ တကယ်ဆို ကိုယ်တို့က အခုချိန်မှာ ဘာလုပ်ကြ မလဲ ဘယ်လိုဖြေရှင်းရမလဲ၊ ဒါတွေကို ဆွေးနွေးရမှာ –

အခု သာယာက ကိုယ့်နှလုံးသားကို ဓားနဲ့ထိုးတဲ့ စကားတွေပဲ ပြောနေတယ်၊ စိတ်ညစ်ပါတယ်ကွာ"

သူက နည်းနည်းပေါက်ကွဲပြလိုက်မှ သာယာက အတန်ငယ် ငြိမ်သက်တွေဝေသွားကာ သူ့လက်ဖျားလေးတွေကို အသာဖျစ်ညှစ်ဆုပ်ကိုင်ရင်း ...

"ဆောရီးပဲ ရှိုင်း၊ ထစ်ခနဲဆို ဒေါသကို မထိန်းချုပ်နိုင်တာ သာယာရဲ့အားနည်းချက်ပဲ၊ ကဲ ... ပြော၊ အခု ရှိုင်းဘယ် လိုမျိုး ဆုံးဖြတ်ထားသလဲ"

"လောလောဆယ်တော့ ကိုယ့်စိတ်တွေ ဘာဖြစ်နေလဲဆို တာ ကိုယ်လည်းမသိတော့ဘူး"

သူ့အပြောကို သာယာက နားလည်ရခက်သော အပြုံးတစ်ခုပြုံးပြကာ ...





"သိအောင်လုပ်ပါ ရှိုင်း၊ သာယာကတော့ မိုင်မဒီနဲ့ယှဉ်ပြီး အရှေးခံနေရတာလောက် အသည်းနာစရာကိစ္စ မရှိတော့ ဘူး၊ အဲဒီတော့ ရှိုင်းဘက်က သေချာစဉ်းစားဆုံးဖြတ် ပါ"

သူ ဘာမှကို ဆက်မပြောချင်တော့ပါ။ ပဒ္မမ်ဒီရိုင်း ရဲ့ဝတ္ထုတစ်အုပ်ထဲက စာသားကို သူ သတိရမိသွားသည်။ "ကိုယ်ချစ်တာကိုခံရမယ့် အမျိုးသမီးတစ်ဦးအတွက် သူ ဘာပဲပြော ပြော ကိုယ့်နားနှစ်ဖက်က နားထောင်ပေးလိုက်ပါ။ ငှက်ဆိုးထိုးသံ မှ မဟုတ်တာ သာယာနာပျော်ဖွယ်ရှိပါရဲ့"တဲ့။

သာယာ အခုပြောနေတဲ့စကားလုံးတွေက သူ့ကို ငှက်ဆိုးထိုးသံလို မခါးသီးပေမယ့် သာယာနာပျော်ဖွယ်တော့ ဖြစ်မနေပါ။ သာယာနှင့် ဆွေးနွေးပြီးကတည်းက ခပ်မှိုင်မှိုင်ဖြစ် နေသော သူ့ပုံစံကြောင့် သူ့သူငယ်ချင်းတွေက မနေသာတော့ဘဲ ဝင်ပါရတော့သည်။

"ဘာတွေ တွေဝေနေတာလဲ ရှင်းခန့်ရာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... ရှင်းခန့်၊ မင်းလုပ်ပုံက မိုင်မိုင့်ကို မျက်နှာပူဖို့ကောင်းသလို သာယာ့ကိုလည်း အားနာစရာကွ၊ ကြားရင် သူတို့မာနတွေပါ ထိခိုက်လာတော့မှာ"

သူက နဖူးကြောတွေ ရှုံ့သွားသည်အထိ မျက်နှာကို ရှုံ့မဲ့ကာ နားထင်ကို တစ်ချက်ပွတ်ရင်း ...

"သိတယ် ... ဒါပေမဲ့ကွာ ငါတစ်ခုခုကို ဆုံးဖြတ်လိုက်ရမှာကို ကြောက်နေတယ်"

"သေချာပါတယ်၊ မင်း မိုင်မိုင့်ကို ချစ်နေတယ် ရှင်းခန့်"

"ဘာ့ပြောတယ်"

သူဟာ ထူးကျော်ဆီက အဲဒီစကားကို ကြားလိုက်လျှင် ရုတ်တရက် ရှော့ခ်တောင်ရပြီး အသက်ရှူတောင် ရပ်သွားမလို ဖြစ်သွားသည်။ ဘာလဲ ... သူက မိုင်မိုင့်ကို ချစ်နေတယ်၊ မဖြစ်နိုင်ပါ၊ အဲဒါဟာ ဘေးလူတွေရဲ့တစ်ဖက်သတ်အမြင်ပဲ ဖြစ်ပါသည်။ သူက ဘယ်လိုဖြစ်ပြီး မိုင်မဒီကို ချစ်နေရမှာလဲ။ မျက်လုံးကိုမှိတ်ပစ်လိုက်၊ ခေါင်းကိုခါယမ်းလိုက်ပြီး ...





"ဟာ ... ဘယ်လိုမှ မဖြစ်နိုင်ဘူး။ မိုင်မိုင်နဲ့ ငါက သူငယ်ချင်းတွေပဲဟာ၊ ငါချစ်သူက သာယာ"

"ဟုတ်ပါတယ်၊ မင်းက သာယာ့ကို ချစ်နေပါတယ်၊ ဒါပေမဲ့ အဲဒီအချစ်က Cover လုပ်ထားလို့ မင်းရဲ့နှလုံးသားအစစ်ကို မင်းမမြင်တာ ...

မိုင်မိုင်နဲ့ မင်းက ငယ်ပေါင်းကြီးဖော်တွေဆိုတော့ သံယောဇဉ်ရယ်၊ အချစ်ရယ် အဲဒီ Feeling တွေကို မကွဲပြားပဲ ဝေဝါးနေကြတာ"

ဟား ... ဘာတွေမှန်းကို မသိတော့ပါ။ မိုင်မဒီကို သူက ချစ်နေတယ်တဲ့။ နှလုံးသားကပဲ ဘာသာပြန်တွေ မှားနေတာလား။ အဲဒါလည်း မဟုတ်သေးပါဘူး။ သူဟာ သာယာ့ကိုအရမ်းချစ်နေတဲ့သူပါ။ ရှုပ်ထွေးသောစိတ်တို့ကို မောင်းထုတ်ကာ ကားသော့ကို ကိုင်လိုက်ပြီး ...

"ငါ သွားတော့မယ်ကွာ"

"အေးပါ ... အေးပါ၊ ဒါပေမဲ့ မင်းအရွေးမမှားဖို့တော့ သေချာလိုအပ်နေတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



သူက အသာပြုံးကာ လက်ပြ၍ နှုတ်ဆက်ကာ ထွက်လာခဲ့တော့သည်။ စိတ်နှင့်ကိုယ် သိပ်မကပ်ချင်သော သူ့အတွေးတွေအတွက် ပိုလို့ရှုးသွားအောင် ဝင်မွှေလိုက်သည်က သူဟာ မိုင်မဒီကို ချစ်နေသည်တဲ့။

မဖြစ်နိုင်ပါ ... သူချစ်တာက သာယာဆိုတာ မျက်စိမှိတ်လက်ခံကြစမ်းပါ။

* ✦ *







# ငါ့ရင်ထဲက...

www.burmeseclassic.com

www.burmeseclassic.com





အိပ်မက်နှင်းတောထဲမှာ
မပီဝိုးတဝါး လမ်းလျှောက်လာရင်းကမှ
ဆူးများတဲ့ နှင်းဆီခင်းတွေကို
ငါမြင်လိုက်ရတယ်
ဘာလဲ … ငါ ဘယ်ကိုရောက်နေတာလဲ။

နှင်းဆီနီနီတွေ ပတ်ခြာလည်ဝိုင်းရံထားတဲ့
အလယ်ဗဟိုမှာ ငါတစ်ယောက်တည်း
ချစ်သူ … လက်ကမ်းလို့ ခေါ်ပါဦး
တမ်းတမ်းတတ မင်းကို တောင့်တနေမှ
မင်းက ငါ့ကို နာစေးချင်ယောင်ဆောင်ပြီး
မျက်နှာတစ်ဖက် လွှဲနေတာလား။







လွမ်းတယ် … ချစ်သူ
မင်းရဲ့ကတ္တီပါမျက်စောင်းလေးကို
ပါကင်ထုပ်ပြီး ငါ့ဆီကို ပို့လိုက်ပါ
ငါ့ရင်ထဲကမင်းကို ဘယ်သူတွေက
ဝေဖန်ကြမှာလဲ … ပြော။

❊ ✦ ❊



www.burmeseclassic.com

www.burmeseclassic.com



## ၁၃

မိုးလေးဖွဲဖွဲကျသော ဖွန်လရဲ့(၄)ရက်နေ့ဟာဆိုရင် ဖြင့် မိုင်မိုင်ရဲ့မွေးနေ့ဖြစ်သည်။ နှစ်စဉ်နှစ်တိုင်း မွေးနေ့မှာ အစီအစဉ် ဇယ်ခုခုလုပ်လေ့ရှိသော မိုင်မိုင်သည် ဒီနှစ်ထဲမှာလည်း စိတ်ညစ်နေပေမယ့် ပျော်ရအောင် တစ်ခုခုတော့ လုပ်မှဟူသော အတွေးနှင့်အတူ ရှင်းခန့်နှင့် တိုင်ပင်ကြည့်တော့ ...

"ဒီတစ်ခေါက်တော့ ထူးထူးဆန်းဆန်းလေး ဖြစ်သွားအောင် နင်ကိုယ်တိုင် လူကြီးတွေကို ထမင်းဟင်းချက်ကျွေးလိုက် ပါလား။ ငါပါ ဝင်ကူညီမယ်လေ၊ နှစ်ယောက်ပေါင်းမွေး နေ့သဘောပေါ့၊ ဘယ်လိုလဲ"





"ဟာ ... မိုက်တယ် အဲဒီအစီအစဉ်၊ နင့်မွေးနေ့ကလည်း သိပ်မကြာတော့ဘူးဆိုတော့ နင်နဲ့ငါ ရှယ်လိုက်တာပေါ့ good တယ် ...

အဲ ... နေဦး၊ ငါတို့ကိုယ်တိုင်ချက်ဖို့က ဘယ်လို ဖြစ်နိုင်မှာလဲ၊ ငါ လုံးဝမချက်တတ်ဘူးနော်"

သူက တုံးလိုက်တာ ဆိုသော အကြည့်မျိုးဖြင့် ဖြုံး စုစုကြည့်ကာ သူ့နားထင်ကို တခေါက်ခေါက်ထောက်ပြ၍ ...

"ဒါသုံးလေ ကောင်မလေးရဲ့၊ ချက်နည်းပြုတ်နည်းစာအုပ် တွေကို နင် ဘယ်ချောင်သွားထိုးမလဲ ... ပြော"

"ဟုတ်ပြီကွ၊ ကဲ ... ဒါဆိုရင် ဒီအစီအစဉ် ဖြစ်ပြီလို့ မှတ် တော့ ရှင်းခန့်ရေ။ နင်ရယ် ငါရယ် နှစ်ယောက်ပေါင်းပြီး လူကြီးတွေကို ပြုစုကြတာပေါ့"

ရှင်းခန့်က ခေါင်းတစ်ချက်ညိတ်ပြကာ လက်ဖျောက် တီး၍ ...

"ကဲ ... ဒီနေ့ နှစ်ရက်နေ့ပဲရှိသေးတာဟာ၊ နင်နဲ့ငါ နှင့် မွေးနေ့မှာ အောင်ပွဲခံနိုင်ဖို့ ပွဲဝမဝင်ခင် အပြင်ကကျင်းပ



www.burmeseclassic.com

www.burmeseclassic.com



ဆိုသလို ငါတို့ ဒီနေ့စမ်းသပ်ကြတာပေါ့။ အခုမှ နှစ်နာရီပဲ ရှိသေးတယ်။ ညနေစာတော့မီတယ် ဟော့ကောင်”

တက်ကြွရွှင်လန်းနေသော ရှင်းခန့်ကိုကြည့်ကာ မိုင်မိုင်ပါ အားတွေတက်လာပြီး တက်ကြွလာကာ အစီအစဉ်တွေ စဆွဲကြသည်။ အိမ်မှာ ချက်နည်းပြုတ်နည်းစာအုပ်ရှိ၍ အဲဒီစာအုပ်ကိုယူကာ ဘာဟင်းချက်မလဲဆိုတာ အရင်တိုင်ပင်ကြသည်။

“နေဦး ... နင့်အိမ်မှာ အခုလောလောဆယ် ဘာဟင်းတွေ ရှိလဲ”

“ဘာလဲ ... ဒီနေ့ချက်တဲ့ဟင်းလား”

“ဘာဟင်းတွေ ထည့်ထားလဲမေးတာ”

မိုင်မိုင်နှင့်သူက ရေခဲသေတ္တာထဲက ဟင်းတွေကို ထုတ်ကြည့်လိုက်ပြီး သူက ဟင်းလျာတွေကိုကြည့်လိုက် စာအုပ်ကိုဖတ်လိုက် လုပ်နေပြီးမှ ...

“ဟုတ်ပြီ ... ဒီမှာရှိသလောက်ဟင်းလျာနဲ့ပဲ ချက်မယ်လေ အင်း ... ပုစွန်ပေါင်းမယ်။ ပြီးတော့ ဝက်သားချိုချဉ်ကြော် တစ်ပွဲ ချက်မယ်ကွာ၊ အင်း ... ပြီးရင် ကြက်သားရိုးစ်ချက်





မယ်၊ အသုပ်ကတော့ ကျောက်ပွင့်ပဲ သုပ်လိုက်တာပေါ့၊ ဟင်းချိုကတော့ (၁၂)မျိုးလေး လုပ်လိုက်မယ် ... ကဲ ... ဘယ်လိုလဲ”

သူ့ဘာသာသူတော့ ဟုတ်နေသည့် ရှင်းခန့်ကိုကြည့်နေရင်းကမှ ရယ်ချင်စိတ်တွေက အလိပ်လိပ်တက်လာကာ မအောင့်နိုင်တော့ဘဲ ထရယ်လိုက်ရင်တော့ သူက ကြောင်သွားပြီး ...

“ဟဲ့ ... ဘာထကြောင်တာလဲ၊ ငါမေးနေတယ်လေ၊ ကဲ ... ဘယ်လိုလဲ”

“ဟား ဟား ... ဘယ်လိုမှ မလဲဘူး၊ အဲလိုပဲ။ နင့်ပုံစံကြည့်ရတာ ဟင်းချက်တာကို တော်တော်ဝါသနာပါတဲ့ မိန်းမကြီးအတိုင်းပဲ ရယ်ရတယ်”

“ဩော် ... နင်က ငါ့ကို လှောင်တယ်ပေါ့၊ ငါကတော့ စေတနာနဲ့ ကူညီတာနော်”

“အေးပါ ... အေးပါ၊ ကဲ ... လာ ချက်ကြမယ်၊ ချက်ပြီးရင် ဖေဖေတို့လည်း ပြန်လာလောက်ပြီ၊ Dinner ကို နင်မိဘတွေကိုပါခေါ်ပြီး ငါတို့လက်ရာ ပြလိုက်ကြတာပေါ့ ...



www.burmeseclassic.com

www.burmeseclassic.com



ကဲ ... မောင်ရှင်းခန့်ရေ၊ စလိုက်ကြစို့ သူငယ်ချင်း"

မိုင်မိုင်တို့သည် မချက်တတ် ချက်တတ်နှင့် ချက်နေကြတာ ဟုတ်တော့ ဟုတ်နေကြတာပဲ။ မလုံးက မိုင်မိုင်တို့ ဟင်းချက်နေသည်ကို ဝင်ကူပါ့မယ် လုပ်တာတောင် လက်မခံဘဲ နှစ်ယောက်သား ကိုယ့်အားကိုယ်ကိုး၍ ချက်ပြုတ်ကြသည်။ ကြက်သားရို့စ်ချက်တာကတော့ မိုင်မိုင်တို့အတွက် အခက်ဆုံးပင်ဖြစ်သည်။ ကြိုးစားပမ်းစားချက်သော်လည်း ကြက်သားရို့စမှာ ငန်သလိုလို ချိုသလိုလို ဖြစ်နေ၍ ဟိုဟာလေးနည်းနည်းထည့် ဒီဟာလေးနည်းနည်းထည့်ဖြင့် ထပ်ပြင်လိုက်လျှင် နည်းနည်းတော့ အဆင်ပြေသွားသည်။ ရှင်းခန့်က ကြက်သားကို နည်းနည်းလောက်ဖဲ့၍ မိုင်မိုင့်ကို ခွံ့ကျွေးပြီး မေးဆတ်ပြကာ ...

"ဘယ်လိုလဲ မိုင်မိုင်၊ အိုကေပြီလား"

"အင်း Good တယ် Good တယ်၊ ဟဲ ... ဟဲ ... မဆိုးဘူး။ ဟဲ့ ... ရှင်းခန့်၊ ငါတို့နှစ်ယောက် ထမင်းဆိုင်ဖွင့်လို့ကတော့ နာမည်ကြီးလက်ရာဆိုပြီး ရှယ်ရောင်းရမှာ"





"လုပ်လိုက်လေ ကြာသလားလို့ပဲ၊ ဟင်းတွေကတော့ ချက်ပြီးပြီ၊ အချိုတည်းဖို့ ဘာစီစဉ်မလဲ"

"ငါ့အိမ်မှာတော့ မေမေ မနေ့ကဝယ်ထားတဲ့ ပန်းသစ်တော်တွေ ရှိသေးတယ်"

"အိုကေ ... ငါ့ဆီမှာ ရေခဲမုန့်တွေ ရှိသေးတာပဲ၊ ပွဲသိမ်းပြီ"

အဲဒီလိုနှင့် မိုင်မိုင်နှင့် ရှင်းခန့်ရဲ့လက်ရာကို လူကြီးတွေက အံ့အားသင့်စွာ အားရပါးရ စားသောက်လေသည်။ ဒီပုံအတိုင်းဆိုရင်တော့ မိုင်မိုင့်မွေးနေ့ အစီအစဉ်လေး ဖြစ်ပြီပေါ့။ သူငယ်ချင်းတွေကိုတော့ မိုင်မိုင့်ခြံထဲမှာ ဘာဘီကျူးအစီအစဉ်ဖြင့် ပျော်ပွဲရွှင်ပွဲ လုပ်ကြမည်ဖြစ်သည်။

တကယ်တမ်း မွေးနေ့ရောက်သည့်အခါမှာတော့ မိုင်မိုင်တို့နှစ်ယောက်ပေါင်း မွေးနေ့လေးသည် ထင်ထားတာထက် ပို၍ပျော်စရာကောင်းလှပါသည်။ Lunch ကို ဖေဖေ၊ မေမေတို့နှင့် ပျော်ရွှင်စရာ စားသောက်ကြသည်။ မိုင်မိုင်နှင့် ရှင်းခန့်တို့လက်ရာသည် ထင်ထားတာထက်တောင် ပို၍အရသာကောင်းမွန်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ညနေပိုင်း မွေးနေ့လုပ်သည့်အခါမှာတော့ ဖေဖေ မေမေတို့က လူငယ်တွေ လွတ်လွတ်လပ်လပ် ပျော်ရအောင်ဆိုပြီး ရှင်းခန့်မိဘတွေနှင့် ရှင်းခန့်အိမ်မှာ အေးအေးဆေးဆေး စကားပြောကြသည်။ ရှင်းခန့်က မွေးနေ့ပွဲသို့ သာယာ့ကိုပါ ဖိတ်ထားသည်ဟု ပြောပါသည်။ ဒါပေမဲ့ အခုချိန်အထိတော့ သာယာက ပေါ်မလာသေးပါ။

Brithday Cake လှီးခါနီးမှာတော့ သာယာက အပြုံးတစ်ခုကို တပ်ဆင်ကာ ရောက်လာလေသည်။ မိုင်မိုင်ကလည်း သူမကို အသိအမှတ်ပြုသလို ခေါင်းလေးတစ်ချက် ညိတ်ပြလောက်ရုံကလွဲလို့ မဖော်ရွေခဲ့ပါ။ Cake လှီးအပြီးမှာတော့ သူမနှင့်ရှင်းခန့်က ချောင်ကျကျစားပွဲဝိုင်းတစ်ခုမှာ ထိုင်နေရင်းနှင့် စကားတွေ ဖောင်ဖွဲ့ ပြောဆိုနေကြသည်။

ဒါပေမဲ့ အဆင်ပြေကာ Smooth တော့ ဖြစ်မည် မထင်ပါ။ တီးလုံးသံတွေကြားမှာ လူငယ်ချင်းတွေ ပျော်နေကြပေမယ့် မိုင်မိုင်ရယ်၊ ရှင်းခန့်ရယ်၊ သာယာလင်းစက်ရယ်ကတော့ လုံးဝကြီးကို မပျော်နိုင်ပါ။ မိုင်မိုင်က သူတို့ဝိုင်းဆီက ဖြတ်လျှောက်





သွားချိန်မှာ ကြားလိုက်ရတဲ့စကားကြောင့် ခြေလှမ်းတွေ တုံ့ခနဲ ရပ်သွားတော့သည်။

"ဘယ်လိုလဲ ... ရှင်း၊ ရှင့်မွေးနေ့မဟုတ်တဲ့ မွေးနေ့ပွဲမှာ သိပ်ကိုပျော်နေရဲ့လား"

မိုင်မိုင်သည် အဲသည့် ရိသလိုစကားကြောင့် သာယာလင်းစက်ကို စူးရဲစွာကြည့်ကာ ခပ်မာမာလေသံဖြင့်ပင် မေးလိုက်သည်။

"မင်းက ဘာဖြစ်ချင်နေတာလဲ သာယာလင်းစက်"

မိုင်မိုင့်အမေးကြောင့် သူမကလည်း ပခုံးနှစ်ဖက်ကို တန်ပါပါမြင့်တက်လိုက်ပြီး ထိုင်နေရာမှထကာ မိုင်မိုင်ရှေ့မှာပင် ရပ်ကာ ...

"မင်းကို မေးလို့လား မိုင်မဒီ၊ ဘာလဲ ... အိုးမလုံအုံပွင့်တာလား"

တင်းလာကြပြီဆိုတာသိသော ရှင်းခန့်သည် သူတို့နှစ်ယောက်ကြားဝင်ကာ ဖျန်ဖြေရတော့သည်။

"ကဲပါကွာ ... အားလုံးပျော်နေကြတဲ့ဟာကို အေးဆေးပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ရှိုင်း၊ ရှင်က ဘာတွေကို ဝင်ဖျန်ဖြေနေရတာလဲ။ ကျွန်မက အူနုကျွဲခတ်ခံရတဲ့သူပါ"

ကြည့်စမ်း ... သူမစကားဟာ ဘယ်အတိုင်းအတာထိ ရောက်သွားပြီလဲ။ အူနုကျွဲခတ်ခံရသလို ခံစားနေရတာဟာ သူမရည်းစားကို သူများလုသွားလို့ပေါ့။ ဘာလို့များ ပြဿနာဖြစ်ချင်နေတာလဲ သာယာလင်းစက်။ မိုင်မိုင်သည် အတင်းကြီးကို ဖိနှိပ်ထားသည့်ကြားက ဒေါသတွေသည် အရှိန်အဟုန်ပြင်းစွာ ထွက်လာ၍ လက်သီးကို ကျစ်ကျစ်ဆုပ်ကာ အသားတွေတောင် တဆတ်ဆတ် တုန်လာတော့သည်။

တီးလုံးသံတွေ ဆူညံနေတာမို့ မိုင်မိုင်တို့ ဒီမှာ ပြဿနာဖြစ်နေကြတာ ဘယ်သူမှ ရိပ်စားမိပုံမပေါ်ပါ။ ရှင်းခန့်ကတော့ မိုင်မိုင်နှင့် သူမကြားမှာ အတော်ကို နေရခက်နေဟန်ဖြင့် စိတ်ညစ်နေပုံရပါသည်။ မိုင်မိုင်ကလည်း ရှင်းခန့်ရဲ့မျက်နှာတစ်ခုတည်းနှင့်ပဲ သူမကို တစ်ခုခုလုပ်ပစ်လိုက်ချင်စိတ်ကို အထူးချုပ်ထိန်းကာ စကားနှင့်ပင် သူမနလုံးသားကို ဖြတ်ရိုက်ချလိုက်ပါသည်။

"သာယာလင်းစက်ကို ၂ ဝင်တုတ်တဲ့ မိန်းမလို့ပဲ ထင်ထားတာ။ တကယ်တော့ ရှင်က Depression တွေ ကျွန်မကြောင့် ထပ်ရသွားမှာစိုးလို့ ရှင်းခန့်ကို အသေအလဲ ၂ တွေ ဝင်နေတာကိုး"

ခပ်အေးအေးလေးပင် ပြောလိုက်သော မိုင်မိုင်ရဲ့ စကားဟာ သူမအတွက်တော့ စုတ်ပြတ်သတ်ထွက်သွားလောက်စေပါသည်။ သူမရှူးလောက်အောင် ဖုံးထားရသည့် သူမရဲ့ Depression အကြောင်းကို မိုင်မိုင် သိနေတယ်ဆိုသောအခါ သာယာလင်းစက်သည် သွေးမရှိတော့သောသူလို မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော်တွေ ဖြစ်လာကာ မျက်ရည်တွေ စို့တက်လာပါသည်။

ရှင်းခန့်ကတော့ အံ့အားသင့်စွာ သာယာ့ကို ကြည့်နေသည်။ မိုင်မိုင်ကတော့ သူမရဲ့တုန်လှုပ်ချောက်ချားသွားပုံကို ပြုံးပြေနပြေ ထိုင်ကြည့်နေမိပါသည်။ မိုင်မိုင့်ရင်ထဲက နာကျင်ခံစားရမှုအတွက် ဒီလောက်တော့ တုံ့ပြန်ခွင့် ရသင့်သည်ဟု ထင်မိပါသည်။

အဲဒီမှာပင် မိုင်မိုင် ဘယ်တုန်းကမှ ကြိုတင်တွေးမထားသည့် အဖြစ်အပျက်တစ်ခုကို သူမက လုပ်ချပစ်လိုက်သည်။ အဲဒါကတော့ သူမဟာ မိုင်မိုင်ရဲ့ညာဘက်ပါးတစ်ဖက်ကို ဖျင်း




[illegible]

www.burmeseclassic.com

www.burmeseclassic.com



ခနဲ ရိုက်ချပစ်လိုက်တာဖြစ်သည်။ လုံးဝကို ထင်မှတ်မထားသည့် ကိစ္စဖြစ်သည့်အတွက် မိုင်မိုင်က နှုတ်ခမ်းတွေတောင် တဆတ်ဆတ် တုန်ယင်လာကာ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာတော့ သည်။

မိုင်မိုင့်မိဘတွေတောင် မရိုက်ရက်တဲ့ ပါးပြင်ကို သင်းကရိုက်တယ်။ ရင်းထဲမှာ စူးနင့်အောင့်မျက်လာသော ခံစား ချက်နှင့်အတူ မိုင်မိုင်ဟာ မျက်လုံးကို စုံမှိတ်ကာ သူမရဲ့ပါးဆုံ အားပြင်းစွာ ရိုက်ချပစ်လိုက်တော့သည်။

"မင်း ... မင်းကများ ငါ့ကို ရိုက်ရဲတယ်"

သူမက နောက်တစ်ချက်ထပ်ရိုက်ဖို့ အရွယ်မှာတော့ ရှင်းခန့်က သတိဝင်လာကာ သာယာရဲ့ရိုက်ဖို့ ရွယ်လာတဲ့လက်ကို ဖျတ်ခနဲ ဖမ်းဆုပ်တားဆီးလိုက်ရင်း ...

"မင်း အရမ်းလွန်တာပဲ သာယာ၊ မင်းကို နူးညံ့တဲ့သူတစ် ယောက်လို့ သတ်မှတ်ထားတာ၊ မင်း အရမ်းမှားတယ် သာယာ ...

သူများကို ကိုယ်ထိလက်ရောက် ကျူးလွန်လိုက်တာ ဟာ အရမ်းရင့်သီးလွန်းပါတယ်ကွာ"





သာယာက ရှင်းခန့် ဖမ်းဆုပ်ထားသည့်လက်ကို ဆောင့်ရုန်းဖယ်လိုက်ပြီး ရှင်းခန့်ကို လက်ညှိုးငေါက်ငေါက်ထိုး ကာ ...

"ရှင့်ကို ကျွန်မ သိပ်အံ့သြတာပဲ ရှိုင်းရှင်းခန့်၊ ရှင်အကောင်း ဆုံးကို ဆုံးဖြတ်ပါမယ်ဆိုတဲ့ အဖြေက ဒါလား၊ တော်ပြီ ရှင့်ကို ကျွန်မမေ့ပစ်လိုက်ပြီ ... Good Bye"

သူမက ပြောချင်တာပြောပြီး မိုင်မိုင့်ဘက်ကို လှည့် လိုက်ကာ မီးဝင်းဝင်းတောက်နေသည့် မျက်လုံးတို့ဖြင့် စိုက်ကြည့် ၍ ...

"မင်းကို ငါ လုံးဝမကျေနပ်ဘူး မိုင်မဒီ"

အထိနာသွားသည့် ကျားမလေး တစ်ယောက်လို နာကြည်းစွာ ထွက်သွားလေသည်။ ဒီကိစ္စတွေကို ဘယ်သူကမှ ရိပ်မိပုံမပေါ်ပါ။

သာယာလင်းစက် ထွက်သွားပြီးသည့် အခါမှာတော့ မိုင်မိုင်သည် နှလုံးသားတစ်ခုလုံးမှာ မခံစားနိုင်တော့လောက် အောင် စူးနင့်အောင့်မျက်လာသဖြင့် အံကိုတင်းတင်းကြိတ်ထား သည်။



www.burmeseclassic.com

www.burmeseclassic.com



မိုင်မိုင့်အခြေအနေကို ရိပ်စားမိသော ရှင်းခန့်က သာယာ့နောက် လိုက်မသွားဘဲ မိုင်မိုင်ရဲ့လက်မောင်းကို ဆုပ်ကိုင်ကာ ခပ်ကြမ်းကြမ်းလှုပ်၍ ...

"မိုင်မိုင် စိတ်ကို အဲဒီလိုကြီး တင်းထားမနေနဲ့ လျှော့ချပစ်လိုက်"

သူက စိုးရိမ်မှုကြီးစွာဖြင့် မိုင်မိုင့်ကို သတိပေးနေသော်လည်း ဘာကိုမှ သတိမထားနိုင်တော့ဘဲ စူးမြအောင့်ထိုးလာသော ခံပြင်းမှု၊ ရှက်ရွံ့မှုတွေနှင့်အတူ မိုင်မိုင်သည် နှုတ်ခမ်းသားတွေ တဆတ်ဆတ်တုန်လာကာ နလုံးခုန်သံတွေက ပုံမှန်မဟုတ်တော့ဘဲ စူးရှအောင့်လာကာ ယိုင်ခနဲ ဖြစ်သွားသည်။ အဲသည်နောက်မှာတော့ မိုင်မိုင်ဟူသော အော်သံနက်ကြီးတစ်ခုကို သဲ့သဲ့မျှ ကြားပြီးနောက် ချောက်ကမ်းပါးကြီးထဲသို့ ပြုတ်ကျသွားလေတော့သည်။

✻ ✦ ✻





အလင်းတန်းသဲ့သဲ့လေးတစ်ခု မျက်လုံးထဲတွင် စူးခနဲ ဖြစ်လာပြီးနောက် မိုင်မိုင့်ရဲ့မျက်ဝန်းတွေကို တဖြည်းဖြည်းချင်း ဖွင့်လိုက်သည်။ မိုင်မိုင့်အာရုံထဲမှာ အနေးပြကွက်တစ်ခုလို တဖျပ်ဖျပ်ပေါ်လာသည်က ရှင်းခန့်၊ သာယာလင်းစက်၊ အရာရာသည် မိုင်မိုင့်အတွက်တော့ ခံစားရလွန်းအားကြီးသောကြောင့် ရှော့ခ်ဖြစ်သွားကာ လဲကျသွားခဲ့တာဖြစ်သည်။

"မိုင်မိုင် ... သတိရပြီလားဟင်"

နားထဲတွင် အသံသေးသေးလေးတစ်ခုလို ကြားနေရပြီးမှ ရှင်းခန့်ရဲ့အသံလေးဟာ ပီပြင်ပြတ်သားလာသည်။ ငါ့ကို အဲဒီလို စိုးရိမ်ပြမနေပါနဲ့ ရှင်းခန့်ရယ်။ မိုင်မိုင်သည် ဖေဖေ၊ မေမေတို့ဘက်ကိုလှည့်၍ ပြုံးပြလိုက်ကာ ...

"ဖေဖေ ... မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"မီးမီး နေရတာ သက်သာရဲ့လားဟင်၊ ဘယ်လိုနေသေးလဲ"

"သက်သာပါတယ်၊ ဖေဖေနဲ့ မေမေကို စိတ်ပူစေမိတာ တောင်းပန်ပါတယ်"

ဖေဖေနှင့် မေမေက နူးညံ့နားလည်စွာ ပြုံးပြပြီး တစ်စုံတစ်ခုကို ရိပ်မိစွာဖြင့် အသာရှောင်ထွက်သွားသည်။ ရှင်းခန့်ကတော့ ဖေဖေ မေမေတို့ကို ဘာပြောထားသည် မသိပါ။ ဖေဖေ မေမေတို့ ထွက်သွားချိန်တွင်တော့ ရှင်းခန့်က မိုင်မိုင့်ကို ခပ်တိုးတိုးလေး မေးလေသည်။

"မိုင်မိုင် သက်ရာရဲ့လားဟင်"

မိုင်မိုင်က သိပ်လည်း စကားမပြောချင်တာနှင့် ခေါင်းသာ တစ်ချက်ဆတ်ပြလိုက်သည်။ ရှင်းခန့်နှင့် ပတ်သက်ပြီး မိုင်မိုင့်မှာ အရှုံးတွေနှင့်သာ ရင်ဆိုင်နေရသည်။ အဲဒီအရှုံးတွေကို မိုင်မိုင် မလိုချင်လို့ လာမပေးကြပါနဲ့။

"ငါ ... ငါ ... တောင်းပန်ပါတယ် မိုင်မိုင်ရယ်၊ ငါ ..."

"တော်ပြီ ... ငါ မကြားပါရစေနဲ့ နင် ထွက်သွားပေးပါ"





မိုင်မိုင်က ခပ်တိုးတိုးနှင်မိသည်။ သူကလည်း ဘာမှ အထွန့်မတက်ဘဲ ခေါင်းအသာညိတ်ပြ၍ ဖြည်းလေးညင်သာသော ခြေလှမ်းများဖြင့် ထွက်သွားလေသည်။ သူထွက်သွားပြီးသော် မိုင်မိုင်သည် ကိုယ့်ရဲ့ပါးပြင်ကိုစမ်းကာ မျက်ရည်ကျလာရသည်။ ဘဝဟာ အချိုတွေချည်း စုပုံနေတဲ့ ကော်ဖီတစ်ခွက် မဟုတ်မှန်း သိပေမယ့်လည်း အခုလိုမျိုး ခါးခါးသီးသီးကြီး ဖြစ်လိမ့်မယ်လို့တော့ ထင်မထားခဲ့ပါ။

တကယ်တမ်း ဆိုရင်တော့ မိုင်မိုင်ဟာ ကိုယ့်ပါးကို ရိုက်ခဲ့တဲ့ မိန်းမကို စုတ်ပြတ်သတ်သွားအောင်ကို လက်စားချေပစ်ချင်ပါသည်။

ဒါပေမဲ့ မိုင်မိုင် ဘာကြောင့် တွေဝေနေရတာလဲ။ သဘောထားကြီးပေးနေရတာလဲ။

ဒါပေမဲ့ မိုင်မိုင် သာယာလင်းစက်ကို အရမ်းမုန်းနေမိပါသည်။ ရှင်းခန့်ကိုတော့ မပြတ်နိုင်သည့် အမျှင်လေးတစ်မျှင်ကြောင့် ပတ်သက်နေရပါဦးမည်။ မိုင်မိုင်သည် မျက်လုံးလေးကို အသာမှေးမှိတ်ထားစဉ်မှာပင် မိုင်မိုင့်အိပ်ရာဘေးက ဖုန်းလေး



www.burmeseclassic.com

www.burmeseclassic.com



က မည်လာလျှင် ဖုန်းလှမ်းကိုင်လိုက်သည်။ ဖုန်းဆက်သူက ရှင်းခန့်ဖြစ်လို့ နေပါသည်။

"မိုင်မိုင် ... နင် ကျေးဇူးပြုပြီး ဖုန်းတော့မချလိုက်ပါနဲ့နော်၊ ငါ နင့်ကို တောင်းပန်ပါတယ်ဆိုတဲ့ စကားထပ်ပိုပြီးတောင်းပန်ပါရစေဟာ"

"ငါ့ကို Heart attck ရအောင် နင်ပေးတာလား ရှင်းခန့်၊ ငါ့ကို မတောင်းပန်ပါနဲ့၊ ဘယ်တော့မှလဲ သာယာလင်းစက်ကို ခွင့်လွှတ်ပေးဖို့ မပြောပါနဲ့၊ ဒါပဲဟာ ငါနားပါရစေ"

မိုင်မိုင်က အချိုသာဆုံးပြောကာ ဖုန်းချသွားလျှင် ရှင်းခန့်ရဲ့ရင်ထဲမှာ လစ်ဟာလွတ်သွားလေတော့သည်။ ခွင့်လွှတ်ပေးပါ မိုင်မိုင်ရယ်။

ဒီကိစ္စမှာ ဘယ်သူလွန်တယ်တွေ ဘာတွေ ထည့်တွေးမနေတော့ဘဲ အရှိကိုအရှိအတိုင်း ရင်ဘတ်ဖွင့်ရှင်းဖို့အတွက် သူ အားမွေးထားလိုက်သည်။ သူနှင့် မိုင်မိုင့်ကို ဝေးစေပြီးမှရလာမယ့် သာယာနှင့် နီးကပ်မှုမျိုးကို မလိုချင်သလို သာယာ့ကို သူ ဦးနှောက်ထဲက ထုတ်ပြီးမှ မိုင်မိုင်နှင့် သင့်မြတ်ဖို့လည်း မဖြစ်နိုင်ပါ။





အဲဒီတော့ ဒီကပြဿနာတွေကို ပြေလည်အောင် ရှင်းနိုင်ဖို့ ဘာကဖြေဆေးဆိုတာလဲ သူ မသိပါ။ သေချာတာကတော့ အခုချိန်မှာ သူဟာ မချိပြုံးတောင် မပြုံးနိုင်သည့် အခြေအနေမှာ ရောက်နေခဲ့တာ ဖြစ်ပါသည်။

✻ ✦ ✻



www.burmeseclassic.com

www.burmeseclassic.com








နူးညံ့စွာ ဖြားယောင်းထားတဲ့
ပန်းအဆိပ်တွေ ကြားထဲက
ငါ ရွတ်တိုးရှန်းထွက်ခဲ့ပြီ။

ငါ့ကောင်မလေးအတွက်
မှုပိုင်ပေးမယ့် အချစ်စစ်စစ်တွေ
တစ်ပွေ့တစ်ပိုက် ယူဆောင်လာပေးမယ့်
ဘယ်နားကျပျောက်ခဲ့တာပါလိမ့်။

ငါလည်း လိုက်တော့ရှာနေပါတယ်
ကောင်မလေးရယ်

www.burmeseclassic.com

www.burmeseclassic.com





ငါ့ကို နှင်လွှမ်းတဲ့အခါ

အိပ်မက်ထဲထိ လှမ်းခဲ့ပါ။

ဘာပြောရမှန်းတော့ မသိဘူး။

ဒါပေမဲ့ ငါက အရမ်းချစ်တတ်တယ်

ပြောလိုက်မယ်ကွာ ...

ငါ့ရင်ထဲက အချစ်ကိုသာ ဖြိုဖျက်ရမယ်ဆိုရင်

မနက်ဖြန် ငါ သေပါရစေတော့ ...။

✻ ◆ ✻



## ၁၄

သူနှင့် သာယာ တွေ့တွေ့ဆိုင်ဆိုင် စကားပြောဖြစ်သည့် အခါမှာတော့ သာယာက ထင်ထားတာထက်တောင်ပို၍ အေးစက်ပြတ်သားနေပါသေးသည်။ သူ မပြောရက်သည့်စကားကို သာယာက ခံစားချက်ကင်းမဲ့စွာ ပြောလေသည်။

“ကျွန်မ အထပ်ထပ် အခါခါ စဉ်းစားပြီးသွားပြီ ရှိုင်း၊ လမ်းခွဲကြစို့”

သာယာရဲ့အဲဒီစကားအဆုံးမှာ သူ့မျက်ခုံးတွေဟာ ပင့်တက်သွားပြီး မျှော်လင့်ချက်မဲ့သွားတဲ့ လူတစ်ယောက်လို တွေဝေမိန်းမောသွားပြီးမှ ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာအတွက်ကြောင့် လမ်းခွဲတာလဲ၊ ဒီလို လွယ်လွယ်နဲ့ ပြီးသွားလိမ့်မယ်လို့တော့ ကိုယ် မထင်ဘူး"

"ရှိုင်း ... ရှင်က ကျွန်မကို တောင်းပန်နေတာလား၊ ရန်တွေ့နေတာလား"

တွေ့လား ... သာယာဟာ သူ့ကို ချစ်ကောချစ်ရဲ့လား။ သူ့မှာတော့ သာယာ့ကိုချစ်သည့်စိတ်နှင့် အမြဲမျက်စိမှိတ်ပေးထားတတ်ပေမယ့် သာယာကတော့ သူနှင့်ပတ်သက်လာတိုင်း မျက်စိတင်မက နားပါစွင့်ထားတတ်ပါသည်။ မိန်းကလေးတွေရဲ့ အချစ်က ဘာလဲ၊ သူလည်း မခန့်မှန်းတတ်တော့ပါ။

"ဖြေလေ ရှိုင်း"

"ကိုယ်က သာယာ့ကို မေးနေတာပါ။ ဘာလို့ ကိုယ်က အဖြေသမား ဖြစ်သွားရတာလဲ၊ ကိုယ်မေးတာသာ အရင်ဖြေပါလား သာယာရယ်"

သူ့အပြောကို သာယာက မဲ့ရုံအသာမဲ့လိုက်ပြီး အေးစက်ပြတ်သားသော ခပ်တိုးတိုးအသံဖြင့် ပြောလေသည်။





"ရှင် သိပ်သိချင်တယ်ဆိုရင် ပြောရတာပေါ့၊ လမ်းခွဲရတဲ့ အကြောင်းရင်းကတော့ ကျွန်မ မရှုံးချင်လို့ပဲ"

"ဘာ"

အရှုံး ... သာယာက အချစ်ကို အနိုင်အရှုံးတွေနှင့် သတ်မှတ်နေတာလား။ သူသိပ်ချစ်သော မာနကြီးကြီး ကောင်မလေးသည် အခုအခါမှာတော့ မာနထက် အတ္တတွေ ပိုကြီးနေပါလား။ သူ့နှလုံးသားသည် တစ်ချိန်တည်းမှာပင် နာကျင်မှုတွေကြီးစိုးလျက် အောင့်မျက်ခံစားလာရတော့သည်။

သူမကတော့ သူ့ခံစားချက်တွေကို ဂရုမစိုက်ဘဲ ပြောချင်သောစကားကို ဆက်ပြောလေသည်။

"ကျွန်မရဲ့စိတ်ဓာတ်ကတော့ ပြတ်သားတယ် ရှိုင်း၊ သူ ငါ့ကို သစ္စာမဲ့သွားတာ မဟုတ်ပါဘူး၊ နောက်တစ်ယောက်အပေါ် သစ္စာရှိသွားတာ နေမှာပါလို့ ဖြေတွေး တွေးပေးမှာမဟုတ်ဘူး။ အရှုံးဆိုတာ မလိုချင်တဲ့အတွက် အရှုံးရစေမယ်ဆိုရင် အဲဒီအချစ်ကို မီးရှို့ပစ်လိုက်ဖို့ လုံးဝဝန်မလေးတတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ... ဘာလဲ သာယာ၊ ကိုယ်က ဘယ်သူ့ကို သစ္စာမဲ့လို့လဲ။ သာယာက အချစ်ကို အရှုံးတွေ အနိုင်တွေ ထည့်မတွက်ဘဲနဲ့ ရိုးရိုးလေး တွေးကြည့်စမ်းပါကွာ၊ သာယာ ဘာကိုရည်ရွယ်တယ်ဆိုတာ ကိုယ် သိနေတယ်"

သာယာက အံတစ်ချက်ကြိတ်ကာ မဲ့ပြုံးပြုံးပါသည်။ သူ့ကို အရင်လို အချစ်တွေမွှတ်သိပ်နေသည့် မျက်ဝန်းတွေဖြင့် မကြည့်တော့ဘဲ စူးရှတောက်ကာ မာန်တွေတင်းနေသည့် မျက်ဝန်းတို့ဖြင့် ခပ်စိမ်းစိမ်းကြည့်ကာ

"ကျွန်မရဲ့ပါးကို နာကျင်စေခဲ့တဲ့ မိုင်မဒီကို ကျွန်မ သိပ်မုန်းတယ်။ ကျွန်မ သိပ်မုန်းတဲ့ မိန်းတစ်ယောက်ကို ကာကွယ်ပေးနေတဲ့ ရှင့်ကိုလည်း ကျွန်မနာတယ်။ ကုန်ကုန်ပြောမယ် ရှင်းရှင်းခန့်၊ ရှင့်ကို ချစ်ခဲ့မိတဲ့အဖြစ်ကို ပြင်လို့ရခဲ့မယ်ဆိုရင် ကျွန်မ နှမြောခြင်းမရှိဘဲ ပြင်ဆင်လိုက်ချင်တယ်"

သာယာ့စကားအဆုံးမှာတော့ သူဟာ ဘာမှမပြောနိုင်တော့လောက်အောင် နာကျင်နှုတ်ဆိတ်ကာ လက်သီးကိုကျစ်





ကျစ်ပါအောင် ဆုပ်ထားလိုက်သည်။ သာယာ့ကို သူ သိပ်အံ့ဩတာပဲ။ တကယ်ဆို ချစ်နေရက်သားနှင့်များ အတ္တကို အရင်းတည်ပြီး အမုန်းစကားတွေ ပြောရက်သော သာယာ့ကို ဖျော့တော့နွမ်းလျသော မျက်ဝန်းတို့ဖြင့်ကြည့်ကာ ...

"သာယာရဲ့စကားတွေဟာ ကိုယ့်သိက္ခာကို အများကြီးထိပါးနေပြီ။ တကယ်ဆို ဒီကိစ္စမှာ မိုင်မဒီက အလွယ်ကြီး၊ သာယာစလို့ သူနဲ့ငြိကြတာ၊ ကိုယ့်ကြောင့် ဒီလိုကိစ္စတွေဖြစ်ရတာကို ကိုယ်က သူ့ဘက်မပါလို့ ဘယ်သူ့ဘက်က ပါနေရမှာလဲ၊ ဟင် ... ပြောပါဦး"

"သြော် ... ရှင်က မိုင်မဒီအတွက်ဆို Hero လုပ်နေတာလား၊ ကောင်းပြီ ... ဒါဆို ကျွန်မတို့က ဘာမှဆွေးနွေးစရာမလိုဘူး။ လမ်းခွဲကြတာ အဆင်အပြေဆုံးပဲ"

အား ... သူ့ရဲ့စိတ်တွေကို အထူးပင် ယိုင်လဲမသွားအောင် ထိန်းကျောင်းနေရတော့သည်။ လမ်းခွဲကြစို့လို့ ပြောလိုက်သော စကားတစ်ခွန်းသည် သူ့မျက်နှာကို ဖြတ်ရိုက်ခံလိုက်ရသလို နာကျင်စုတ်ပြတ်လို့ သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟား … မဖြစ်နိုင်ဘူးကွာ၊ မင်းစကားတွေက အရမ်းကို တစ်ဖက်စွန်း ရောက်နေပြီ။ မင်းက ငါနဲ့ မိုင်မိုင့်ကို မသိ မသာနဲ့ မြင်သာအောင် စွပ်စွဲနေတာ။ ဘာလဲကွာ … ကိုယ်နဲ့ မိုင်မိုင်က လူ့လောကထဲကို ရောက်လာကတည်း က သူငယ်ချင်းတွေ၊ မင်း ဘာလို့ ဒီလောက်ရစ်ရတာလဲ နားလည်ပေးသင့်တာပေါ့၊ ဘာကြောင့်လဲ"

သာယာက မျက်ဝန်းတွေကို မေးကျဉ်းသွားသည် အထိ ပြူးလိုက်ရင်း သူ့ကို ခပ်စူးစူးတစ်ချက်ကြည့်ကာ …

"ရှင် သိပ်သိချင်တဲ့ အကြောင်းတစ်ခုကို ကျွန်မပြော မယ်။ မိုင်မဒီ ပြောခဲ့သလိုပဲ ကျွန်မဟာ depression ဖြစ် ဖူးတယ်၊ ကျွန်မ ဖေဖေကြောင့်ပဲ။ ကျွန်မက အဖေကို ချစ်တတ်တဲ့ သမီးမျိုးပါ။ ကျွန်မရဲ့သူရဲကောင်းဖေဖေ ကျွန်မမေမေကို သစ္စာဖောက်ခဲ့တယ်။ အဲဒီကတည်း ယောကျ်ားတွေကို ကျွန်မ မုန်းလာသလို ယုံလည်း မယုံ တော့ဘူး …





ဒါပေမဲ့ ရှင့်ကိုချစ်မိသွားခဲ့တဲ့အတွက် ကျွန်မနှလုံး သားကို ကျွန်မ သိပ်မုန်းတာပဲ၊ ကျွန်မနှလုံးသားဆန္ဒအရ ရှင့်ကို ချစ်ခဲ့မိတော့လည်း ရှင်လည်း ဖေဖေနဲ့သိပ်မခြားပါ ဘူး၊ သူငယ်ချင်းဆိုတဲ့ နံရံကို အကာအကွယ်ယူထားပြီး ဖောက်ပြန်မှုကို ခြေတစ်ဖက် လှမ်းနေတာပဲလေ၊ အဲဒီတော့ ကျွန်မတို့ လမ်းခွဲကြတာက အကောင်းဆုံးပဲ၊ ဘယ်တော့မှ ပြန်ဆက်မှာလဲ မဟုတ်တော့ဘူး"

အဲဒီမှာပင် စကားက ဘာမှပြောစရာမလိုတော့ အောင် ပြီးဆုံးသွားတာဖြစ်သည်။ သူ့သိက္ခာ၊ သူ့အချစ်၊ သူ့မာန အားလုံးကို သစ္စာဖောက်တယ်ဆိုတဲ့ စကားတစ်ခွန်းနှင့် ချေဖျက် သွားတော့သည်။ သူကတော့ … သူ့နှလုံးသားအတွက် ဘာတွေ များ ပေးဆပ်ရမလဲ။

"ကောင်းပါပြီ သာယာရယ်၊ မင်း စိတ်ချမ်းသာဖို့အတွက် ကိုယ့်နှလုံးသားကို ရင်းပေးလိုက်ပါတယ်။ ဒါပေမဲ့ တစ်ခု သိထားစေချင်တာက ကိုယ် မိုင်မဒီကို ဘယ်တုန်းကမှ မရိုးမသားစိတ်နဲ့ မဆက်ဆံခဲ့ဖူးဘူး ဆိုတာပါပဲ။ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ဘဝမှာ အတွက်ကြီးကြီး ကောင်မလေးတစ်ယောက်ကို အချစ်ဦးဖြစ်ခဲ့ဖူးတယ်ဆိုပြီး အမှတ်တရ ရှိနေပေးပါ့မယ်၊ Good Luck သာယာ"

သူ သာယာ့ကို နာကျင်စွာ နှုတ်ဆက်ကာ ထွက်လာခဲ့သည်။ သူတို့လမ်းခွဲဟာ အေးအေးဆေးဆေးလေးပဲ ဖြစ်သွားသည်။ သာယာနှင့် ဒီနေ့မှာ ဒီလိုမျိုး လမ်းခွဲဖြစ်သွားဖို့ လုံးဝကို မရည်ရွယ်ခဲ့ပါ။ ဘာ့ကြောင့်မှန်းမသိ။ သာယာရဲ့စကားလုံးတိုင်းသည် သူ့အသည်းနှလုံးကို တဆစ်ဆစ်နှင့် နာကျင်စေသည်။ အသည်းကွဲတယ်ဆိုတဲ့ ခံစားချက်က ဘာမှန်းမသိသော သူ့အတွက် အဲဒီနာကျင်မှုကို အသည်းကွဲတာလို့ပဲ ယူဆရပါသည်။

ရှင်းခန့် တစ်ယောက် အသည်းကွဲခဲ့ဖူးပြီပေါ့ကွယ်။

* *





တစိမ့်စိမ့်ရွေကာ ရွာနေသော မိုးရေစက်တွေကို ပြတင်းပေါက်နားကနေ ထိုင်ငေးကြည့်နေရင်းကမှ မိုင်မိုင်ရဲ့ပါးပြင်တစ်ဖက်က နွေးခနဲဖြစ်သည်။ ပူနွေးစိုစွတ်သော မျက်ရည်စတို့ကို အသာပွတ်သပ်လိုက်ပြီး အပြင်ကိုသာ ငေးနေလိုက်သည်။

အချစ်ဆိုတာ ဒီလောက်တောင် နာကျင်ရသလားဟု အော်အော်ပြီးတော့သာ မေးလိုက်ချင်တော့သည်။ ကိုယ့်ကိုယ်ကိုယ် ရှင်းခန့်ကို အင်အားထုကြီးမားစွာ ချစ်နေခဲ့တယ်ဆိုတာ သိလာခဲ့ချိန်မှာ မိုင်မိုင်ဟာ ရူးလောက်အောင်ကို စိတ်ဓာတ်တွေ ကျလာရတာဖြစ်သည်။

သူ့အတွက် ပေးဆပ်ခြင်းမည်သောအချစ်ဖြင့် လိုအပ်သော နေရာကနေ ပံ့ပိုးပေးရာကနေ သာယာလင်းစက်နှင့် ထိပ်



www.burmeseclassic.com

www.burmeseclassic.com



တိုက်မတွေ့အောင် ရှောင်နေရာက တည့်တည့်ကို လာတိုးတာဖြစ်သည်။ ရှင်းခန့်ကို ချစ်တယ်ဆိုတဲ့အတွက် မိုင်မိုင်ရခဲ့တဲ့ အပြစ်ဒဏ်က ပါးတစ်ဖက်ပဲဖြစ်သည်။

"မီးမီးရေ ... မေမေ ဝင်လာပြီနော်"

မေမေက တံခါးဖွင့် ဝင်လာလျှင် မိုင်မိုင်သည် ဟန်ဆောင်ကောင်းစွာ မျက်နှာကို အပြုံးတစ်ခု ဆင်ယင်လိုက်ကာ မေမေ့ကို နှုတ်ဆက်လိုက်သည်။ မေမေက နွေးထွေးချိုမြသည့် အပြုံးတစ်ခုပြုံးပြကာ မိုင်မိုင့်နဖူးလေးကို အသာဖိကပ်စမ်းသပ်လိုက်ပြီး ...

"နေကောင်းရဲ့လား မီးမီး၊ ဘာလို့ အခန်းထဲ အောင်းနေတာလဲ"

"ကောင်းပါတယ် မေရဲ့၊ ရာသီဥတုက ကိုယ့်ဘက်ပါနေတော့ အိပ်ရာထဲ ကွေးနေတာပါ"

မိုင်မိုင်က မေမေ့ခါးကိုဖက်ကာ ခေါင်းလေးမှေးပြီး ခပ်ချွဲချွဲပြောလိုက်လျှင် ကျေနပ်သွားပြီး မိုင်မိုင်ရဲ့ဆံပင်တွေကို အသာဖွဖွ ပွတ်သပ်ပေးရင်းက ...





"မီးမီးနဲ့ ရှင်းခန့်က ဘာဖြစ်နေတာလဲ၊ သမီးမေမေက တောင် မေးနေသေးတယ်၊ ကလေးတွေ ဆက်ဆံရေးကျဲသွားသလိုပဲတဲ့၊ ဘာလဲ စိတ်ကောက်နေကြတာလား မီးမီး"

မေမေကတော့လေ မိုင်မိုင်တို့ကို သမီးရည်းစားတွေ အထင်ဖြင့်မေးလျှင် မိုင်မိုင်သည် ပြုံးရိပ်သမ်းမျက်နှာလေးဖြင့် မေမေ့ကို ချိုမြိန်မှုသားဖြင့် ပြောလိုက်ရသည်။

"မဟုတ်ပါဘူး မေမေရယ်၊ မေမေတို့ ထင်လို့ပါ"

"အင်းပါ ... မီးမီးတို့ စာမေးပွဲဖို့ရက်ကလည်း နီးနေပြီ၊ မေမေတို့ကသာ တက်တက်ကြွကြွနဲ့ ဒီကိစ္စတွေ စီစဉ်နေတာ မီးမီးကတော့ အေးဆေးပဲနော်"

"မေမေ ... မိုင်မိုင် သူနဲ့ မစေ့စပ်ချင်ဘူး"

"မီးမီးကတော့လေ လုပ်ပြီ"

မိုင်မိုင့်ကို နောက်နေတယ်ဆိုသော သဘောဖြင့် ဆံပင်တွေကို အသာဖွလိုက်ပြီးမှ မိုင်မိုင့်ပခုံးလေးကို ခပ်ဖွဖွပုတ်ပေးကာ ...



www.burmeseclassic.com

www.burmeseclassic.com



“အင်း ... ဒီညနေကျရင် မီးမီးနဲ့ ရှင်းခန့်ကို Sedona မှာ Dinner စားဖို့ Date လုပ်ထားတယ်နော်၊ ကဲ ... အလှဆုံး ပြင်ထားလိုက်”

မေမေက မိုင်မိုင့်ပါးလေးကို ခပ်ဖွဖွ တစ်ချက်နမ်း၍ ထွက်သွားပါသည်။ တွေ့ရဦးမယ် ရှင်းခန့်ရယ်။ နင့်ကိုမြင်လိုက်တိုင်း ငါ နာကျင်နေပါ့မယ်။ မိုင်မိုင်သည် ပခုံးတစ်ချက်တွန့်ကာ Mandalay FM ကို ဖွင့်လိုက်သည်။ တိုက်ဆိုင်စွာကြားလိုက်ရသော သီချင်းကြောင့် မိုင်မိုင်သည် အသာပြုံးလိုက်သည်။

“ဒီအချိန်မှာ မင်း ... ကြည်နူးခြင်းများနဲ့ ... ရင်ခွင်တစ်ခုမှာ ... ပျော်မြူးလို့နေလည်း ... မင်းရှေလးမရှိတဲ့ ဒီရင်မှာ မျှော်လင့်ဆဲပါ ... နာကျင်လွယ်တဲ့ ... နှလုံးသားကြားမှာ ဒဏ်ရာများစွာ ... နင် ထားရစ်ခဲ့လည်း ... မမြင်နိုင်အဝေးဆုံးကို ... ထွက်သွားပါရစေ”

ဘာလာလာစီးရီးထဲမှ ခန့်ဖြိုးရဲ့ မျောက်ဖြစ်ချင်တယ် သီချင်းဟာ မိုင်မိုင့်ရဲ့ခံစားချက်နှင့် တစ်ထပ်တည်း ကျနေပေသည်





မိုင်မိုင့်နှလုံးသားမှာ ဒဏ်ရာတွေ ရပေမယ့်လည်း သူ့ အခြားရင်ခွင်မှာ ကြည်နူးနိုင်စေဖို့ မိုင်မိုင် အကောင်းဆုံး ဆုံးဖြတ်ပေးနိုင်မည်ဟု မျှော်လင့်ထားပါသည်။

ညနေပိုင်း ရှင်းခန့်နှင့် Dinner စားရင်းမှ သူ့ရဲ့သိပ်မကောင်းသော မျက်နှာကြောင့် မိုင်မိုင်သည် သတိထားမိသွားပြီး အထာနပ်စွာ မေးလိုက်ရသည်။

“ရှင်းခန့် ... နင် အဆင်မပြေဘူးလား”

မိုင်မိုင့်အမေးကို သူက ရီရီဝေဝေတစ်ချက်ကြည့်၍ လောကကြီးကို အရွဲ့တိုက်သည့် မဲ့ပြုံးတစ်ခုပြုံးကာ ...

“ငါနဲ့ သာယာ ပြတ်သွားပြီ၊ ဆက်ရန်မရှိပေါ့ဟာ”

“ဘယ်လို ... နင်တို့ လမ်းခွဲလိုက်ကြပြီ၊ အဲဒါ ငါ့ကြောင့်မှလား ရှင်းခန့်၊ ငါ့ကြောင့်နဲ့တော့ နင့်နှလုံးသားကို မနာကျင်စေပါနဲ့ဟာ”

“ကျေးဇူးပါပဲ မိုင်မိုင်၊ နင်က ငါ့ရဲ့သူငယ်ချင်းကောင်းပါဟာ၊ ဒါပေမဲ့ ငါနဲ့သာယာက လက်တွဲလို့မရတော့ဘူး။ ငါ သိနေတယ်၊ ထားလိုက်ပါတော့ဟာ”



www.burmeseclassic.com

www.burmeseclassic.com



ရှင်းခန့် ဘယ်လောက်ထိ နာကျင်နေမယ်ဆိုတာ မိုင်မိုင် ခံစားလို့ရပါသည်။ အချစ်ဦးနဲ့ လမ်းခွဲရတဲ့ ခံစားမှုကို မိုင်မိုင်က ပိုပြီးနက်နဲစွာ ခံစားခဲ့ဖူးထားတာလေ။ အင်း ... ဒီတိုင်းဆို ငါ တစ်ခုခုကို ဆုံးဖြတ်ချက်ချဖို့ အချိန်တန်ပြီပေါ့ ရှင်းခန့်ရယ်။

"နင့်ကို အမြဲပျော်ရွှင်စေချင်တာဟာ ငါ့ရင်ထဲက ဆန္ဒအစစ်အမှန်ပါ ရှင်းခန့်ရယ်"

အဲဒီစကားကိုတော့ မိုင်မိုင်သည် ရင်ထဲကနေ လိုက်လှဲစွာ ပြောလိုက်တာဖြစ်သည်။ ဒါပေမဲ့ ဘာကို ဆိုလိုချင်တယ်ဆိုတာ သူက သတိမထားမိဘဲ မိုင်မိုင့်ကို အသာပြုံးပြကာ ...

"ငါတို့ကို မေမေတို့က စေ့စပ်ဖို့ တကယ်ကိုစီစဉ်နေကြတာနော် မိုင်မိုင်၊ နင် ဘယ်လိုလုပ်မှာလဲ"

နင်မချစ်တဲ့ငါ့ကို နင် မပိုင်ဆိုင်စေရပါဘူး ရှင်းခန့်ရယ်။ ဆို့နင့်ကြေကွဲတက်လာသော အသံဖျော့ဖျော့ဖြင့် ရင်ထဲကနေ မြည်တမ်းလိုက်ပေမယ့် တကယ်တမ်းမှာတော့ အဲဒီစကားလုံးတွေဟာ လည်ချောင်းဝမှာပင် ပျောက်ဆုံးသွားတော့သည်။





"အချိန်တွေ လိုပါသေးတယ် ရှင်းခန့်ရယ်၊ ငါတို့စေ့စပ်ဖြစ်မှာ မဟုတ်ပါဘူး"

ရှင်းခန့်က မိုင်မိုင့်ရဲ့ အဲဒီစကားကြောင့် တစ်ခုခုပြောမည်အလုပ်မှာ ရှင်းခန့်ရဲ့ဖုန်းလေးက မြည်လာ၍ စကားစပြတ်သွားလေသည်။

"ဟယ်လို"

"........"

"မင်း ... မင်း"

ရှင်းခန့်က ဒေါသကြီးစွာ အထစ်ထစ်အငေါ့ငေါ့ ပြောနေသောကြောင့် မိုင်မိုင်သည် ဘယ်သူလဲဆိုပြီး မေးဆတ်ပြလိုက်လျှင် ရှင်းခန့်က လက်တစ်ဖက် အသာကာပြ၍ ဖုန်းဆက်ပြောလေသည်။

"ဘာလဲ ... ဘုန်းမြတ်၊ မင်းက ဘာထပ်ဖြစ်ချင်နေတာလဲ"

"မဖြစ်ချင်တော့ပါဘူးကွာ၊ ငါဒီမှာ အဆင်ပြေနေပြီဆိုတာရယ်၊ မင်းကိုကော မိုင်မိုင့်ကိုကော ငါအနူးအညွတ်တောင်း



www.burmeseclassic.com

www.burmeseclassic.com



ပန်ချင်တာရယ်ကြောင့် ဖုန်းဆက်လိုက်တာပါ၊ ငါ့ကိုခွင့်လွှတ်ပေးပါကွာ၊ ငါ အရမ်းမှားသွားတယ်"

"မလိုပါဘူးကွာ၊ ဒါတွေပြောမနေပါနဲ့တော့၊ ပြီးသွားခဲ့ပြီပဲ"

"အေးပါ ... အေးပါ၊ မင်းလည်း မိုင်မိုင့်ကို အရမ်းချစ်တာပဲနော်"

"ဘာ ... ဘာပြောတယ်"

ဘုန်းမြတ်ရဲ့စကားကြောင့် ရှင်းခန့်သည် မျက်လုံးတွေ ပြူးကျယ်သွားပေသည်။ ဘာလဲ ... ဒီမှတ်ချက်က သူ့ခေါင်းတောင် ကြားဖူးနေပြီ။ မဖြစ်နိုင်တာကို ဘေးလူတွေက ဘာလို့ဝေဖန်နေရတာလဲ၊ သူနဲ့ မိုင်မိုင်က တကယ်ဖြူစင်ခဲ့တဲ့ သူငယ်ချင်းတွေပဲဟာ။

"ရှင်းခန့် ... အတွေးမလွဲပါနဲ့ကွာ၊ မင်း မိုင်မိုင့်ကို ချစ်ချယ်မယ်ဆို ငါ ကျေနပ်ပါတယ်ကွာ၊ မင်းနဲ့ မိုင်မိုင် အရမ်းကို Match ဖြစ်တယ်"

"ဘုန်းမြတ် ... မင်း ဘာကိုဆိုလိုနေတာလဲ"





"ငါက စေတနာနဲ့ ပြောတာပါကွာ၊ အိုကေ သူငယ်ချင်း၊ နောက်မှ ငါထပ်ဆက်မယ်၊ မင်းကို ငါ အရာရာအတွက် တောင်းပန်ပါတယ် CU"

ဘုန်းမြတ်က ဖုန်းချသွားလျှင် မိုင်မိုင်က အံ့အားတသင့်မျက်ဝန်းတွေဖြင့် သူ့ကိုကြည့်ကာ ဘာလဲဟု မေးလေသည်။ သူက မိုင်မိုင့်ကို ခပ်ကြာကြာလေး ငေးမောကြည့်နေပြီးမှ သတိဝင်လာကာ ဆောရီးလုပ်ပြီးမှ ...

"ဘာမှမဟုတ်ပါဘူး၊ သူ တောင်းပန်တယ်ဆိုတဲ့အကြောင်း ပြောတာပါ၊ ပြီးတော့ နင့်ကိုလည်း တောင်းပန်ခိုင်းတယ်"

မိုင်မိုင်က မျက်နှာကို တစ်ချက်မဲ့လိုက်ကာ ခေါင်းတစ်ချက်ယမ်း၍ ...

"သူ့ကို ငါ မေ့ထားခဲ့တဲ့အတွက် ငါ့ရင်ထဲမှာ သူနဲ့ပတ်သက်ပြီးဘာမှမရှိဘူး"

မိုင်မိုင်က အချစ်နဲ့ပတ်သက်ရင် အဲဒီလိုပြတ်သားသူဖြစ်ပေသည်။ သူကကော ... သူလည်းပဲ ပြတ်သားခဲ့သူဖြစ်သည်ဟု ထင်ပါသည်။ သာယာနှင့် လမ်းခွဲလိုက်ရသည့်အတွက် ပိုးစိုး

www.burmeseclassic.com



ပက်စက် အသည်းကွဲဖိလင်မျိုးတော့ လူးလိမ့်နေအောင် မခံစားရတာက သူ့ရဲ့အရည်အချင်းတစ်မျိုးဟု သူကတော့ သတ်မှတ်ထားပေသည်။

လောလောဆယ် သူတွေးနေသည်က လူတွေရဲ့ တီးတိုးဝေဖန်မှု ပြီးတော့ မကြာခင်မှာ ကျင်းပတော့မည့် သူတို့ နှစ်ယောက်ရဲ့စေ့စပ်ပွဲ။ အဲဒါတွေက အထူးအတွေးအဖြစ် ရင်ထဲမှာကော ဦးနှောက်ထဲမှာ စိုးမိုးထားလေသည်။

✻ ◆ ✻








www.burmeseclassic.com

www.burmeseclassic.com





တွေးကြည့်တော့...

အချစ်ဆိုတာ

ပန်းချီကားတစ်ချပ်ဆိုရင်

ငါက အဲဒီပန်းချီကားရဲ့ အမည်ကို

ညားကြလေသတည်းလို့ ပေးလိုက်ချင်တယ်။

အဲဒီအတွက် ငါ့ရင်ဘတ်ကို သေချာဘာသာပြန်ခဲ့တယ်။

မထင်ခဲ့ဘူး ချစ်သူ ...

နင်က ငါ့ကိုချစ်ပြီး ...

ငါက နင့်ကို ချစ်သွားလိမ့်မယ်လို့။

❋ ✦ ❋





၁

မိုင်မိုင့်ရဲ့အခြေအနေဟာ အခုဆိုရင် အတော်လေးကို ကျဉ်းထဲကျပ်ထဲ ရောက်နေချိန်ဖြစ်သည်။ တစ်ဖက်ကလည်း စေ့စပ်ပွဲအတွက် အသေအချာကို စီစဉ်နေရသလို၊ တစ်ဖက်မှာလည်း ရှင်းခန့် စိတ်ချမ်းသာဖို့ ဘယ်လိုစေ့စပ်ပွဲကို ဖျက်ရမလဲဆိုတာ တွေးနေရတာပဲဖြစ်သည်။ အဲဒီ ဖိစီးမှုတွေကြားမှာ မိုင်မိုင်ဟာ နည်းရပ်တည်ကြိုးစားနေချိန်မှာပဲ ဒီအခက်အခဲတွေကို ဖြေရှင်းနိုင်ဖို့ နည်းလမ်းသွားတွေ့လေသည်။

အဲဒါကတော့ မိုင်မိုင့်ရဲ့ဝါသနာဖြစ်သော ပရဟိတ လုပ်ငန်းတွေကိုလုပ်ဖို့ အကြောင်းဖန်၍ ဒီအစီအစဉ်တွေ ဆွဲခဲ့တာဖြစ်သည်။ စေ့စပ်ဖို့(၁၀)ရက်အလိုလောက်မှာ စစ်ကိုင်းမှစာကြည့်တိုက်အတွက် စာအုပ်များ ကိုယ်တိုင်ကိုယ်ကျ လှူပါရစေဟူသော အကြောင်းပြချက်ဖြင့် မိုင်မိုင်တစ်ယောက်တည်း အိမ်ကအထွက်



www.burmeseclassic.com

www.burmeseclassic.com



ပြခဲ့တာဖြစ်သည်။ မိဘတွေက ရှင်းခန့်ကိုပါ ခေါ်သွားနိုင်သော်လည်း မိုင်မိုင်က ငြင်းဆန်ကာ တစ်ယောက်တည်း ထွက်လာတာဖြစ်သည်။

အားလုံးကို အသိပေးထားတာကတော့ မိုင်မိုင်ဟာ စစ်ကိုင်းဘက်သွားတာ ဖြစ်ပေသည်။ သို့ပေမဲ့ မိုင်မိုင် တကယ်ရောက်ရှိနေတာကတော့ မိုင်မိုင့်သူငယ်ချင်း ရွှေရည့်အစ်မအိမ်မှာဖြစ်သည်။

ဒီအစီအစဉ်တွေကို စဆွဲကတည်းက မိုင်မိုင်ဟာ ဘယ်သူမှ ဖွင့်မပြောခဲ့ပေမယ့် ရွှေရည့်ကိုတော့ အထူးယုံကြည်သောကြောင့် သူမကိုတော့ တိုးတိုးတိတ်တိတ် ပြောပြကာ အကူအညီတောင်းထားတာဖြစ်ပေသည်။ ဒီကိစ္စနှင့်ပတ်သက်၍ ရွှေရည်က မိုင်မိုင့်ကို မှတ်ချက်ချလေသည်။

"နင် အဲဒီလို တစ်ဖွတ်ထိုး ထွက်လာတာ အရမ်းမှားတယ် မိုင်မိုင်၊ လူကြီးတွေ မျက်နှာပျက်စရာဖြစ်သလို နင်ကအောင်ယောက်ျားနောက်ပဲ လိုက်ပြေးသွားသလိုနဲ့ သိက္ခာမကျဘူးလား၊ ရှင်းခန့်အတွက် အဲဒီလောက် မပေးဆပ်ပါနဲ့ဟာ"





ရွှေရည့်စကားကို မိုင်မိုင်က ဘာမှမဖြစ်သလို အသာပြုံးပြ၍ သူမပခုံးကို အသာပုတ်ပေးကာ ...

"အဲဒီလောက်ထိ ငါ မစဉ်းစားနိုင်ဘူး ရွှေရည်၊ လက်ရှိမှာ ရှင်းခန့်နဲ့ငါ စေ့စပ်တာ ပျက်သွားပြီး ရှင်းခန့်ချစ်တဲ့ သာယာနဲ့ အဆင်ပြေသွားဖို့ပဲ ငါတွေးထားတယ်"

"နင် ဘာလို့ ဒီလောက်တောင် မှိုသိပ်ချစ်နိုင်ရတာလဲဟာ"

ရွှေရည့်ရဲ့ မရိုးတင်ကဲ့ အပြစ်ဆိုစကားကို မိုင်မိုင်က ဘာမှဆက်မပြောတော့ဘဲ လက်ရှိအခြေအနေကိုသာ တွေးနေလိုက်သည်။ လောလောဆယ်မှာ မိုင်မိုင် အိမ်ပြန်မရောက်တာ ငါးရက်ရှိနေပြီဖြစ်သဖြင့် ဖေဖေ၊ မေမေ၊ ရှင်းခန့် သူတို့တွေ ခေါင်းတောက်အောင် ရှာနေကြလိမ့်မည်။ ဒါပေမဲ့ ဒီနေ့မှာ ရွှေရည်ကတစ်ဆင့် ရှင်းခန့်ကို စာပေးနိုင်းလိုက်ပြီဖြစ်သဖြင့် ပြဿနာတွေကို ရှင်းခန့်က ခေါင်းအေးအေးနှင့် ပြေလည်စွာ ရှင်းနိုင်လိမ့်မည်ဖြစ်သည်။

မိုင်မိုင်ကတော့ အခြေအနေကို နားစွင့်ရင်း သာယာနှင့် ရှင်းခန့် လက်တွဲမဖြုတ်တော့တာ သေချာပြီဆိုမှ မိဘရင်ခွင်



www.burmeseclassic.com

www.burmeseclassic.com



ဆီ ပြန်လာခဲ့မှာဖြစ်သည်။ မိုင်မိုင့်အတွက် ဖြေသိမ့်နိုင်တာတစ်ခု က မိုင်မိုင် ချစ်ရတဲ့ ရှင်းခန့်ရဲ့ရင်ထဲမှာ မိုင်မိုင် တစ်သက်လုံး ရှိနေတယ်ဆိုတာ သိလိုက်ရလို့ပဲ ဖြစ်သည်။

အချစ်ဆိုတာ သူရှိနေတယ်ဆိုတဲ့ အသိလေးနဲ့တင် ပြီးပြည့်စုံပါတယ် ရှင်းခန့်ရယ် ...။

✻ ◆ ✻



မိုင်မိုင့်ဆီကစာဆိုပြီး ရွှေရည်က သူ့ကိုလာပေးတော့ သူက ဟန်တောင်မဆောင်နိုင်တော့ဘဲ အူယားဖားယားဖြင့် စာကို ဖောက်ဖတ်လေသည်။ စာပါအကြောင်းအရာတွေကတော့ သူ့ရင်ကို တည့်တည့်လာမှန်စေသည်။

"ရှင်းခန့်ရေ ...

ဒီစာကို နင်ဖတ်နေရတဲ့အချိန်မှာ ငါကလည်း တစ်နေရာမှာ စိတ်ချမ်းသာစွာ အဆင်ပြေပြေ ရှိနေပါတယ်။ ငါ့ကို စိတ်ပူမနေပါနဲ့။ နင်သာ သာယာနဲ့ပြန်ပြီး အဆင်ပြေဖို့ အထူးကြိုးစားပါဟာ။

ငါ့ကြောင့် နင် ခံစားမနေပါနဲ့။ နင် တကယ်ချစ်တဲ့သူကိုသာ နင်လက်ထပ်ရမှာပေါ့။ အဲဒီအတွက် ငါဟာ အဝေးတစ်နေရာကို ခဏထွက်သွားပေးတဲ့ သဘောပါပဲ။ သာယာ့ကိုလည်း နားလည်အောင် ရှင်းပြပေးပါ။ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



အရမ်းချစ်ကြတဲ့ ချစ်သူတွေ ပျော်ရွှင်စွာနဲ့ ဘဝကိုဖြတ်သန်း ပါဟာ။ အသည်းကွဲတယ်ဆိုတာ မကောင်းပါဘူး။ နင့်ကို အသည်းမကွဲစေချင်တဲ့ စိတ်စေတနာနဲ့ ငါရှောင်ပေးလိုက် တာပါ။

လူကြီးတွေကိုတော့ နင်ပဲ နားလည်အောင် ရှင်းပြ လိုက်ပါ။ ငါ့ကိုလည်း စိတ်မပူပါနဲ့လို့။

နင် ပျော်ရွှင်ပါစေ

မိုင်မဒီ"

မိုင်မိုင့်စာကို ဖတ်အပြီးမှာတော့ သူဟာ ရင်ပွင့်သွား သော ခံစားချက်တို့နှင့်အတူ ရွှေရည့်ဘက်ကို လှည့်ကာ ...

"ရွှေရည် ... မိုင်မိုင် ဘယ်မှာလဲဟင်"

"ငါ မသိပါဘူး ရှင်းခန့်ရယ်၊ မိုင်မိုင်က သူခရီးမသွားခင် မှာ ငါ့ကို ဒီစာလာပေးသွားတာ၊ ဒီနေ့မှာ ရှင်းခန့်ကိုသွား ပေးပေးပါဆိုလို့ ငါလာပေးတာပါ"

ရွှေရည့်အဖြေက အဲဒီမှာပင် လမ်းဆုံးသွားပြီဖြစ် သည်။ သူ့အနားမှာ မိုင်မိုင် မရှိတော့ဘူးဆိုတဲ့ အသိဟာ သူ့ကို အများကြီး တုန်လှုပ်ချောက်ချားသွားစေသည်။ ရွှေရည့်ကို မိုင်မိုင့်





အကြောင်းများ သိလိုသိငြား အစ်အောက်မေးကြည့်သောအခါမှာ လည်း ရွှေရည်ဟာ ငါ ဘာမှမသိဘူးဆိုသည့် စကားကိုသာ ဆို လေသည်။ ရွှေရည်က ပြန်တော့မယ်ဆိုလျှင် သူသည် တိကျပြတ် သားသော စကားနှင့်အတူ ရွှေရည့်ကို လှမ်းပြောလိုက်သည်။

"မိုင်မိုင် နင့်ကို ဆက်သွယ်လာရင် ငါ သူ့ကို စိုးရိမ်တကြီး ရှာနေတယ်ဆိုတာ ပြောပြလိုက်ပါ"

ရွှေရည်က ခေါင်းညိတ်ပြပြီး သူ့ရှေ့က ထွက်ခွာ သွားတော့သည်။ ရွှေရည် သူ့အနားမှာ မရှိတော့မှပဲ သူသည်စာ ကို အစအဆုံး တစ်ခေါက်ထပ်ဖတ်လိုက်လျှင် ရင်ထဲမှာ လစ်ဟာ သွားသလို ခံစားရလေသည်။ ငါ့အတွက် အဲဒီလောက် အနစ်နာခံ စရာ မလိုပါဘူး မိုင်မိုင်ရယ်။

သူ အိမ်ပြန်ရောက်သည့် အခါမှာတော့ ဖေဖေက သူ့ကို သင်္ကာမကင်းသော မျက်လုံးတို့ဖြင့်ကြည့်ကာ ...

"မိုင်မိုင် ထွက်သွားတာ မင်းကြောင့်ပဲ ဖြစ်ရမယ် ရှင်းခန့်"

ဖေဖေက သူ့ကို အတိအကျလို့ စွပ်စွဲလျှင် သူက လည်း ဘာမှဆက်မပြောဘဲ ငြိမ်နားထောင်နေရသည်။ တကယ် လည်း မိုင်မိုင် ထွက်သွားတာဟာ သူ့ကြောင့်ပဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြောစမ်း ... မင်းနဲ့ မိုင်မိုင် ဘာပြဿနာတွေ ရှိကြလဲ၊ ဟိုမှာ ဇော်မိုင်တို့ နိုင်နိုင်တို့က အရမ်းကို စိတ်ပူနေကြတာ၊ အသိတွေဆီလည်း ဖုန်းဆက်မေးထားတယ်၊ ရှာတာလည်း စုံစိနေပြီကွာ"

"ကျွန်တော်လည်း မိုင်မိုင့်ကို အရမ်းစိတ်ပူနေတာပါ ဖေဖေ၊ အချိန်ရှိသရွေ့လည်း မိုင်မိုင် သွားတတ်တဲ့ နေရာတွေကို ရှာနေတာပဲ"

"သားရေ ... မိုင်မိုင့်ဆီက ဖုန်းလာတယ်တဲ့"

သူက ဖေဖေ့ကို ရင်ဖွင့်နေစဉ်မှာပဲ မေမေ့ဆီက မိုင်မိုင့်သတင်း ကြားလိုက်ရသည့်အခါတွင်တော့ သူဟာ ပြူးပြူးပျာပျာဖြင့် မေမေ့ရဲ့ပခုံးကိုဖက်ကာ အသည်းအသန် မေးလေသည်။

"ဘာ ... ဘာပြောလဲ မေမေ၊ သူ အခု ဘယ်မှာတဲ့လဲ"

"အဲဒါတော့ ပြောမသွားဘူး၊ မေမေနဲ့ နိုင်နိုင်တို့စကားပြောနေကြတုန်းမှာပဲ ဖုန်းဝင်လာတာ၊ မိုင်မိုင်က သူ့ကိုစိတ်မပူဖို့ရယ်၊ သူ ဒီမှာ အဆင်ပြေပါတယ် ဆိုတာရယ်ပဲ ပြောသွားပြီး ဖုန်းချသွားတာ သားရဲ့ ..."





မေမေတို့က အဲဒီဖုန်းကို ပြန်ခေါ်တော့ ဖုန်းကပိတ်ထားလိုက်ပြီ၊ နောက်ပြီး ဖုန်းကလည်း တစ်လသုံး Prepaid Card ဆိုတော့ မိုင်မိုင့်ကိုရှာဖို့ လမ်းစကပျောက်နေပြီ"

သွားပြီ ... သူသည် ဘာမှဆက်မပြောနိုင်တော့လောက်အောင် တစ်ဆို့နာကျင်သွားကာ ဆိုဖာပေါ်မှာ ခြေပစ်လက်ပစ် ထိုင်ချလိုက်တော့သည်။ မိုင်မိုင်ဟာ တကယ်ပဲ ပြတ်သားကာ အနစ်နာခံရဲသော ကောင်မလေး ဖြစ်ပါသည်။ မိုင်မိုင်မရှိသော နေ့ရက်တွေမှာ သူဟာ အရမ်းကို ခံစားနေခဲ့ရသည်။

သူဟာ သူ့ရဲ့စိတ်တွေကို သေချာစွာ ဆန်းစစ်ကြည့်ပါမှ သာယာနှင့် မိုင်မိုင် ဘယ်သူ့ကိုပိုချစ်တယ်ဆိုတာ မြင်သာလာရတော့သည်။ တစ်ခါက သူ့သူငယ်ချင်း ပြောဖူးသလိုပဲ သာယာ့ကိုချစ်တဲ့အချစ်က Cover လုပ်ထားလို့ သူဟာ သူ့ရင်ထဲက အချစ်အစစ်ကို မမြင်ခဲ့တာဖြစ်သည်။

နင့်ကို အရမ်းချစ်နေခဲ့လွန်းတာကို ငါဘာလို့များ အစောကတည်းက မရိပ်မိခဲ့ရတာလည်း မိုင်မိုင်ရယ်။ သူ့ဟာအတွေး



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လေလေ မိုင်မိုင့်ကို ဘယ်လောက် လိုအပ်တယ်ဆိုတာ သိလာခဲ့ပြီးနောက်မှာတော့ သိပ်တွေဝေမနေတော့ဘဲ ချက်ချင်းပင် ဝေါက်ခနဲ ထလိုက်ကာ ကားသော့ကို ဆွဲယူ၍ ...

"မေမေ ... ဖေဖေ ကျွန်တော် မိုင်မိုင့်ကို မတွေ့တွေ့အောင် ရှာလာခဲ့ပါ့မယ်၊ ကျွန်တော့်ကို ယုံကြည်ပါ"

ရှင်းခန့်သည် ဖေဖေနှင့် မေမေ့ကို ကတိပေးကာ ကားဆီသို့သွား၍ ကားပေါ်အမြန်တက်ကာ မောင်းထွက်ခဲ့တော့သည်။ သူ မိုင်မိုင့်ကိုရှာဖို့ ဘယ်မှာအစဖော်ထုတ်ရမလဲ။ သူ့ဆီကို စာလာပေးတဲ့ ချွေရည့်ဆီကိုသွားဖို့ပဲ ရှိတော့သည်။ သူ ချွေရည့်အိမ်ရောက်သောအခါ အရမ်းကိုစိုးရိမ်ကြီးလှသော လေသံဖြင့် မေးရလေသည်။

"ငါ တောင်းပန်ပါတယ် ချွေရည်ရယ်၊ မိုင်မိုင် ဘယ်မှာရှိတယ်ဆိုတာ နင် သိမယ်လို့ ငါ ယုံကြည်တယ်၊ ကျေးဇူးပြုပြီး ပြောပြပေးပါဟာ"

"ရှင်းခန့်ရယ် ... ငါ တကယ်မသိဘူး၊ ပြီးတော့ မိုင်မိုင့်ကို နင် ထပ်မနှိပ်စက်ပါနဲ့တော့၊ နင့်အတွက် သူအနစ်နာခံ





ခဲ့ပေးသွားတာကိုတောင် နင်ကမကျေနပ်နိုင်သေးဘဲ ထပ်ဒုက္ခပေးဦးမလို့လား"

"ဟာ ... မဟုတ်ဘူး ချွေရည်၊ ငါ သူ့ကို ထင်မှတ်မထားအောင် ချစ်ခဲ့တယ်ဆိုတာ ငါ အခုမှ သိလိုက်ရတာ၊ ငါ့ကို ပြောပြပေးပါ ချွေရည်၊ မိုင်မိုင် ဘယ်မှာရှိတယ်ဆိုတာ နင် သိပါတယ်"

ရှင်းခန့်သည် ပူလောင်နေသော ခံစားချက်တို့ဖြင့် အတင်းကာရော တောင်းပန်ကာ ချွေရည်ကို မရမက မေးတော့မှပဲ နောက်ဆုံးမှ ခပ်တိုးတိုးလေသံဖြင့် စကားထွက်လာသည်။

"နင် မိုင်မိုင့်ကို တကယ်ချစ်တယ်လို့ ငါ ယုံကြည်တယ် ရှင်းခန့်၊ မိုင်မိုင်ရှိနေတဲ့ နေရာက ..."

သူဟာ သေတော့မယ့်ဆဲဆဲ ရေကြည်တစ်ပေါက်ကို မျှော်လင့်နေသူတစ်ယောက်လို ချွေရည်ရဲ့စကားသံကို ရူးသွပ်စွာ နားစွင့်နေမိသည်။

✻ ✦ ✻



www.burmeseclassic.com

www.burmeseclassic.com



သူ အဲဒီကို ရောက်သွားသည့် အခါမှာတော့ ရာသီဥတုသည် အရမ်းကို သာယာနေပြီး လိမ္မော်ဖျော့ရောင် ညနေခင်းလေးဖြစ်နေသည်။ မိုင်မိုင် ရောက်နေသည့် နေရာလေးဟာ တကယ့်ကို သာယာသော နေရာလေးဖြစ်ပါသည်။ ဘန်ကလိုပုံစံ သစ်လုံးအိမ်လေးရဲ့ decoration ဟာ romantic ဆန်စွာ ရှိနေပေမယ့် အထီးကျန်နှလုံးသားဟာ ဘယ်လိုလုပ် ပျော်ရွှင်စွာ ရပ်တည်နေမှာပါလိမ့်။

မိုင်မိုင်ဟာ ဘယ်လောက်တောင်များ ခံစားကြေကွဲနေမလဲ။ ငါ ရောက်လာပြီ မိုင်မိုင်။

သူဟာ ရွှေရည့်အစ်မဆီကို အရင်သွားပြီးမှ မိုင်မိုင်ရှိနေရာ ဒီ သီရိဥဒြိမ်ခြံလေးသို့ လိုက်လာခဲ့တာဖြစ်သည်။ ရွှေရည့်အစ်မ အပြောအရ မိုင်မိုင့်ကို တစ်ကိုယ်ရေ အေးအေးနေရအောင်





သီရိဥဒြိမ်ခြံလေးမှာ နေခိုင်းထားတာဖြစ်သည်တဲ့။ မိုင်မိုင်ရယ် … နင် ဘယ်လောက်တောင် ခံစားနေရသလဲ။

သူဟာ ခြံထဲကို ဆက်လျှောက်လာရင်းနှင့် ခြံစောင့်ဦးလေးကြီးကိုတွေ့သော် မိုင်မိုင်က ပန်းဥယျာဉ်မှာ ရှိနေသည်ဆိုတာကို သိရသည်။ ဦးလေးကြီးရဲ့ လမ်းညွှန်ချက်အရ ခြံထဲက ပန်းဥယျာဉ်ဆီသို့ ဆက်လျှောက်သွားလျှင်တော့ ပုစွန်ဆီရောင် လည်ထောင်အင်္ကျီကို အရောင်လွင်လွင် အကြေသား စကတ်ကားကားလေးဖြင့် လျော့တိလျော့ရဲလေး ရပ်နေသော အဲဒီကောင်မလေးရဲ့ နောက်ပိုင်းအလှကို ငေးမောကြည့်ရင်းမှ လှိုက်လှဲတမ်းတသော ခေါ်သံလေးဖြင့် မိုင်မိုင်ကို ခေါ်လိုက်လျှင် မိုင်မိုင်က အံ့အားသင့်စွာ လှည့်ကြည့်သည်။ သူက မိုင်မိုင့်အနားကို လျှောက်လာလျှင် ငေးမောကြည့်နေသော မျက်ဝန်းတွေဖြင့် ငေးကာ …

“ဘယ်လိုလုပ် ဒီကိုရောက်လာတာလဲ”

မိုင်မိုင်ရဲ့အသံဟာ အံ့အားသင့်လွန်း၍ မသိမသာတုန်ကာ လှုပ်ခတ်နေပါသည်။ သူက ပင့်သက်တစ်ချက်ကို [illegible] လိုက်ပြီး …



www.burmeseclassic.com

www.burmeseclassic.com



"မိုင်မိုင် ... ငါ့ကို ဘာလို့ထားသွားတာလဲ"

"နင့်ကို သာယာနဲ့ အဆင်ပြေစေချင်ပါတယ် ရှင်းခန့်ရယ်၊ အခု သာယာနဲ့ အားလုံးပြေလည်သွားပြီလားဟင်"

အခုချိန်ထက်ထိ အနစ်နာခံပေးနေသော သည် ကောင်မလေးရဲ့ မြင့်မြတ်သော ချစ်ခြင်းတရားတွေကို သူ ဘာလို့ မမြင်ခဲ့တာပါလိမ့်။ ရှင်းခန့်သည် ပြုံးရိပ်ထင်သမ်းနေသော မျက်နှာထားဖြင့် ...

"ငါ အခု နင့်ကို လာခေါ်တာ မိုင်မိုင်၊ ငါတို့ဈေးစပ်ပွဲလုပ်ဖို့ နင်ရှိနေမှလေဟာ"

"ရှင်း ... ရှင်းခန့် ... နင်"

သူက မိုင်မိုင့်ကို ကြည့်နေရင်းကမှ အချစ်စစ်စစ် mood တွေဝင်လာကာ သူ့မရဲ့လက်ကို ဖတ်ခနဲ ဆုပ်ကိုင်လိုက်သည်။ မိုင်မိုင်ရဲ့လက်ဖဝါးလေးတွေသည် ရေခဲတမျှ အေးစက်နေတာ သူ သတိထားမိသွားသည်။ သည်လက်ကလေးတွေကို နွေးထွေးသွားအောင် သူနောက်မှ အနွေးဓာတ်ပေးပါမည်။ လောလောဆယ်မှာတော့ ....





"မိုင်မိုင် ... တွေးကြည့်တော့ အချစ်ဆိုတာ ပန်းချီကား တစ်ချပ်ဆိုရင် ငါက အဲဒီပန်းချီကားရဲ့နာမည်ကို ညား ကြလေသတည်းလို့ ပေးချင်တယ် ...

အဲဒါအတွက် ငါ့ရင်ဘတ်ကို ငါဘာသာပြန်ကြည့် တယ်၊ ငါ နင့်ကို အရမ်းချစ်နေခဲ့တာ မိုင်မိုင်ရဲ့"

မိုင်မိုင်ဟာ အံ့သြလွန်း၍ ပါးစပ်တောင်မပိတ်နိုင်ဘဲ သူ့ကို မျက်လုံးဝိုင်းလေးနဲ့ ကြည့်နေလျှင် သူက ပြုံးနေပြီး လက်ကလေးကို ဆုပ်ကိုင်လိုက်ကာ ...

"ငါ့ကို တစ်ခုခု ပြန်ပြောဦးလေ"

"နင် ... သာယာနဲ့ ပြန်မဆက်တော့ဘူးလား"

"ငါက တကယ်တော့ တုံးပါ မိုင်မိုင်၊ နင်နဲ့ငါ့ရဲ့သံယောဇဉ် ထုထည်တွေက ကြီးမားလွန်းခဲ့တာရယ်၊ ပြီးတော့ သာယာ့ ကို နှစ်သက်မှုနဲ့ ချစ်တဲ့အချစ်ရယ်၊ အဲဒါတွေက ငါ့နှလုံး သားကို ငါမမြင်အောင် ဖုံးထားကြတာဟ၊ ငါအခုမှမြင် သွားတာ၊ သာယာနဲ့အကြိမ်ကြိမ် ဖြတ်ခဲ့ပေမယ့် ငါအသည်း မကွဲဖူးဘူး၊ နင် ငါ့အနားမှာ မရှိတော့တဲ့အချိန်မှာ အသည်း ကွဲတယ်ဆိုတာ ငါ ခံစားတတ်သွားတာ ...



www.burmeseclassic.com

www.burmeseclassic.com



ငါ့ရင်ထဲက တကယ်နှလုံးသားစစ်စစ်ဖြစ်တဲ့ နင့်ကို သာ ဆွဲထုတ်လိုက်ရမယ်ဆိုရင် ငါသေသွားလိမ့်မယ် မိုင်မိုင်၊ ငါ့ရှင်သန်ခြင်းအတွက် နင်ရှိနေဖို့ လိုအပ်ပါတယ်"

မိုင်မိုင်သည် သူ့ကို ဘာမှဆက်မပြောနိုင်တော့ဘဲ မျက်ရည်တွေကျလာကာ ...

"ငါက နင့်အတွက် တကယ်အရေးပါတာပေါ့နော်"

"ငါ့ရင်ထဲက တစ်ဦးတည်းသောနတ်သမီးလေးပါပဲ မိုင်မိုင်"

အဲဒီနောက်မှတော့ သူတို့နှစ်ယောက်ဟာ အကြည့်ချင်း အတော်ကြာကြာဆုံလိုက်ပြီး များမကြာမီမှာတော့ မိုင်မိုင့်ကို သူ နားထင်နောက်နားမှ မျက်နှာကို အပ်ထားစေပြီး ခပ်တိုးတိုး မေးမိသည်။

"မိုင်မိုင် ... ဖေဖေတို့ မေမေတို့ စောင့်နေကြတယ်၊ ငါတို့ ချစ်သူတွေဖြစ်ပြီးပြန်ဖို့ နင့်အပေါ် မူတည်နေပါတယ်"

အဲဒီမှာပဲ မိုင်မိုင်က သူ့နားထင်နောက်နားက ထွက် လိုက်ပြီး ကြည်နူးရိပ်သမ်းနေသော မျက်ဝန်းတွေဖြင့်ကြည့်ကာ သူ့တင်မက စကြာဝဠာကြီးတစ်ခုလုံးကိုတောင် လှုပ်ယမ်းသွားစေ နိုင်မည့် အဖြေတစ်ခုကို ပေးလေသည်။





"မထင်ခဲ့ဘူး ရှင်းခန့်ရယ်၊ နင်က ငါ့ကိုချစ်ပြီး ငါ့ထက်နင့် ကို ချစ်သွားလိမ့်မယ်လို့လေ၊ နင့်ရှင်သန်ခြင်းက ငါဆိုရင် မနက်ဖြန်တွေမှာ ငါမသေဖို့ နင်ရှိနေမှဖြစ်မှာ"

ရင်ဘတ်ချင်းနီးသူ သူတို့နှစ်ယောက်ဟာ သိပ်ရှည် ရှည်ဝေးဝေး စကားတွေအများကြီး ပြောနေဖို့ မလိုပါ။ မိုင်မိုင့်ကို ချစ်တဲ့အချစ်က အရှိန်အဟုန်ကြီးမားလွန်းလို့ သူ့ကိုယ်သူတောင် အံ့အားသင့်မိပါသည်။

"ဒါပေမဲ့ ငါ သာယာလင်းစက် အပေါ်မှာ မတရားဘူး ထင်တယ်"

"အချစ်ဦးဆိုတာ ရှိတတ်စမြဲပဲလေ၊ အချစ်ဦးနဲ့ လက်တွဲ ဖြုတ်ပြီးမှ အချစ်ဆုံးနဲ့တွေ့မှ အချစ်ကို ခံစားသိတတ်သွား တဲ့လူတွေ တစ်ပုံကြီးရှိတတ်တယ်။ ဒါပေမဲ့ ငါကတော့ ရင်ဘတ်ထဲမှာ အချစ်ရှိနေရဲ့သားနဲ့ကို အချစ်ဦးရှာနေမိ တာကိုတော့ ခွင့်လွှတ်ပေးပါ မိုင်မိုင်၊ နင့်ရဲ့အချစ်တွေနဲ့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



မိုင်မိုင်ရဲ့မျက်နှာမှာ အရှမ်းကို ပီတိဝေဖြာနေသော ကြည်နူးရိပ်တွေကို သူ မြင်နေရပါသည်။ သူ ဆုပ်ကိုင်ထားတဲ့ လက်ဖဝါးလေးကလည်း အရှမ်းကို အေးစက်နေတော့သည်။ အချစ်တွေ နင့်မိုးနေသော သူ့နှလုံးသားသည် မိုင်မိုင်ရဲ့မျက်နှာလေးကို တစိမ့်စိမ့်ငေးနေရင်းကမှ heat တက်လာသော ချစ်စိတ်တို့ဖြင့် အေးစက်နေသော မိုင်မိုင့်လက်ဖဝါးလေးတွေကို နွေးထွေးစေဖို့ သူက ...။

❊ ✦ ❊

ကျေးဇူးတင်စွာဖြင့်

မယ်မင်းဘုံ

12nd June 2010

7:30(P.M)

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်-၃၉၊ (မြေညီ) ဗမာ့စိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။
သို့လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။



## အမှတ်တရ အစီအစဉ်

မမယ်မင်းဘုံ ...

ဆက်ကြိုးစားပါ။ တစ်အုပ်နဲ့တစ်အုပ် attraction မတူဘဲ အရှမ်းကောင်းပါတယ်။

အမြဲအားပေးနေပါတယ်။

ကျွန်တော့်နာမည် ရွှေသန့်ဇော်ပါ။

အစဉ်သဖြင့်

**ရွှေသန့်ဇော်**

2nd year (Geo)

ဒဂုံတက္ကသိုလ်

www.burmeseclassic.com

www.burmeseclassic.com

သို့

ဆရာမ မယ်မင်းဘုံ ခင်ဗျာ ...

ဆရာမရဲ့ဝတ္ထုအားလုံးကို ကျွန်တော် အရမ်းကြိုက်တယ်။ ဖတ်နေရင်း လက်ကမချချင်လောက်အောင်ကို ကောင်းလွန်းတယ်။ မယ်မင်းဘုံ ဆိုတဲ့ နာမည်လေးကို ဘယ်လိုရည်ရွယ်ချက်နဲ့ ပေးထားတာလဲ။ နန်းဆန်ဆန် နာမည်လေးမို့ အရမ်းမိုက်တယ်။ ဆရာမဝတ္ထုထဲက တော်လီကီတွေက အရမ်းလန်းနေတော့ လူငယ်ပရိသတ်တွေကြားထဲမှာ ရေပန်းစားနေပြီ ဆရာမရဲ့။ **"ချစ်သူလိမ်းဖို့ ဆေးရောင်စုံ"** စာအုပ်ကလည်း အရမ်းကောင်းတယ်။ နောက်လည်း အမြဲအားပေးနေဦးမှာပါ ဆရာမ။

ဆရာမရဲ့ဝတ္ထုတွေကို ဗီဒီယိုရိုက်ရင် အရမ်းကြည့်လို့ကောင်းမှာပဲ။ ဆရာမကို မဂ္ဂဇင်းတွေမှာ တွေ့ချင်လှပြီ။

ဆရာမမယ်မင်းဘုံ အမြဲထာဝရ အောင်မြင်ကျော်ကြားပါစေ။

ဆရာမရဲ့အမာခံပရိသတ်

**ခင်းမင်း**
တက္ကသိုလ်များ လှိုင်နယ်မြေ၊
MICT Park.

သို့

စာရေးဆရာမ မယ်မင်းဘုံ ...

မမလို့ပဲ ခင်မင်စွာ ခေါ်ပါရစေနော်။ လေးစားစွာ မိတ်ဆက်စာ ရေးလိုက်တာပါ။ ကျွန်တော်က မမရဲ့စာဖတ်ပရိသတ်ပါ။ မမရဲ့စာအုပ်ထဲမှာ လိပ်စာပါတော့ ကျွန်တော် သိပ်ဝမ်းသာပျော်ရွှင်မိပါတယ်။ မမက အရမ်းတော်တာပဲနော်။ လူငယ်ဆန်တဲ့ အရေးအသား၊ သွက်လက်တဲ့စတိုင်လ်လေးတွေနဲ့ ဆွဲဆောင်တာ အခုဆို(၄)အုပ်တိတိ ဖတ်ပြီးသွားပါပြီ။ ဘယ်လိုပြောရမလဲ။ မမရဲ့စာအုပ်တွေက မိုက်တယ်ပေါ့နော်။ မမကို အားလည်းကျတယ်။ လေးလည်း လေးစားပါတယ်။ တကယ်ပါ။ အမြဲတမ်းလည်း နွေးထွေးစွာ အားပေးနေပါတယ်။

**မောင်သီဟဇော်ဇော်**
2nd year. (MP)
၁၇–ပြည်ရိပ်မွန်အိမ်ရာ
အမှတ်(၆)ရပ်ကွက်၊ ကမာရွတ်မြို့နယ်။

www.burmeseclassic.com

www.burmeseclassic.com



၁၄-၁၁-၂၀၁၁

ဆရာမ မယ်မင်းဘုံ ...

မမက ဆရာမရဲ့စာဖတ်ပရိသတ်ပါ။ ညီမလေးရဲ့ဝတ္ထု တွေက အရမ်းဖတ်လို့ ကောင်းပါတယ်။ **ချစ်သူလိမ်းဖို့ဒေးစရင်စ်** စာအုပ်က ဗိုပြီးကောင်းလာတယ်။ ခေါင်းစဉ်လေးတွေကိုလည်း ကြိုက် တယ်။ နောက်လထွက်ရှိမယ့် စာအုပ်တွေကိုလည်း ဖတ်ဖို့ မျှော်နေမယ်။

မင်းမင်းဘုံ ဒီထက်မက အောင်မြင်ပါစေ။

ဝါးတောကျေးရွာ၊ မအူပင်မြို့နယ်မှ
**နှင်းသူစာ**



၃၁-၁၀-၁၁

ဆရာမ မယ်မင်းဘုံ ...

**ငွေတောင်ပြည်ကမြို့သူ** စာအုပ်ကို ဖတ်ပြီးတော့ အရမ်း ကိုကြိုက်ပါတယ်။ နောက်ထွက်မယ့်စာအုပ်ကိုလည်း မျှော်နေမယ်။ နိုင်ငံကျော်စာရေးဆရာမကြီး ဖြစ်လာပါစေလို့ ဆုတောင်းပေးမယ်နော်။

**နှင်းသူစာ**
ဝါးတောကျေးရွာ၊ မအူပင်မြို့နယ်
ရောဝတီတိုင်းဒေသကြီး

www.burmeseclassic.com

www.burmeseclassic.com

## အမှတ်တရအစီအစဉ်

သို့

မမမယ်မင်းဘုံ ...

သမီးက မမဘုံဘုံရဲ့ ပရိသတ်တစ်ဦးပါ။ မမနာမည်ကြားပြီး အစ်မတစ်ယောက်လို ခင်လို့ မမဘုံဘုံလို့ပဲ ခေါ်မယ်နော်။ မမ ထွက်သမျှစာအုပ်တွေ အကုန်လုံး သမီးကြိုက်တယ် သိလား။ **"ချစ်သူလိမ်းဖို့ ဆေးခရင်မ်"** စာအုပ်က အရမ်းကောင်းတာပဲ။ အဲဒီလို ဝတ္ထုတိုလေးတွေ များများရေးပေးပါနော်။ **"အမုန်းကစ်မြိုးတစ်ချောက်၌ ရင်ခုန်သံလှိုင်းကြီးနေသည်"** စာအုပ်က ဘယ်တော့ထွက်မှာလဲဟင် မမ။ **"ငွေတောင်ပြည်ကမြို့သူ"** စာအုပ်ကလည်း အရမ်းကောင်းတယ် သိလား မမ။ မမ အောင်မြင်ကျော်ကြားတဲ့ စာရေးဆရာမကြီး ဖြစ်ပါစေလို့ ညီမလေး ဆုတောင်းလိုက်ပါတယ်။ မမ ဒီ့ထက်အောင်မြင်အောင် ကြိုးစားနော်။ မမထွက်သမျှ စာအုပ်တွေ အကုန်လုံး သမီး အားပေးမယ် သိလား မမ။

ခင်မင်ရင်းနှီးစွာဖြင့် ...
မမဘုံဘုံရဲ့ထာဝရပရိသတ်

Su Myat Nwe
သိမ်ဇရပ်မြို့
၃၄ – သာယာကုန်းရပ်ကွက်၊
ဝါးဘိုးလမ်း။

Hello မမဘုံ ! ...

သမီးက မမဘုံရဲ့ အမြဲတမ်းပရိသတ်ပါ။ သမီးရယ် သမီးသူငယ်ချင်းရယ်က မမကို အရမ်းအားပေးနေတာ။ မမက ကျောက်မြောင်းမှာ နေတာလား။ သမီးတို့ လာလည်မယ်နော် မမ။ နေရီကလေ မမဘုံကို အရမ်း crazy ဖြစ်တာ မမဘုံရဲ့။ သူညွှန်းတာနဲ့ သမီးလည်း မမဘုံ စာအုပ်ကို ဖတ်ကြည့်တော့ အရမ်းကြိုက်သွားတယ် မမရယ်။ မမဘုံ အမြဲကြိုးစားပါ။ ထာဝရ အားပေးနေမှာပါ မမဘုံ။

မမဘုံရဲ့ နောက်စာအုပ်တွေမှာ ကောင်လေးကအလန်း၊ ကောင်မလေးက ခပ်တုံးတုံးဇာတ်မျိုးလေး ရေးပါလား မမ။ သမီးက အကြံပြုတာပါနော်။

ချစ်ခင်တဲ့ မမဘုံရဲ့

ယုနေပြည့်စုံ
(၁၄၂)လမ်း၊ ရန်ကုန်။

www.burmeseclassic.com

www.burmeseclassic.com



၁၅-၁၁-၂၀၁၁

သို့

မမယ်မင်း ...

မမယ်မင်းရဲ့ ထာဝရ ပရိသတ်တစ်ယောက် ဖြစ်တဲ့ ကျွန်တော် ခင်မင်လေးစားစွာ စာရေးလိုက်ပါတယ်။ မမယ်မင်းရဲ့စာတွေက အရမ်းပဲ ဆွဲဆောင်မှုရှိပါတယ်။ ဖတ်ပြီးသမျှ စာအုပ်လေးအုပ်ထဲမှာ **ချစ်သူလိမ်းဖို့အေးစရင်မ်**ကတော့ အကြိုက်ဆုံးနဲ့အကောင်းဆုံးပဲ။ ကဗျာလေးတွေကလည်း တကယ်သစ်ပါတယ်။ မမယ်မင်းက စာရေးအရမ်းကောင်းတယ်နော်။ မမယ်မင်းရဲ့ဝတ္ထုကို စဖတ်လိုက်ပြီဆိုတာနဲ့ လုံးလက်ကမချချင်ဘူး၊ တကယ်ပြောတာပါ။ ကျွန်တော် ဘယ်အနုပညာရှင်ဆီကိုမှ စာမရေးဖူးပါဘူး။ ဒါပေမဲ့ မမယ်မင်းကိုတော့ ကျွန်တော် တကယ်ကြိုက်လို့ မိတ်ဆက်စာရေးလိုက်တာပါ။ မမယ်မင်းရဲ့ talent က အရမ်းကောင်းတယ် ထင်တယ်။ ခေါင်းစဉ်ကိုကစပြီး စိတ်ဝင်စားမှုရှိတယ်။ ကျွန်တော့်အတွက် မရိုးနိုင်တဲ့ ရသအဖုံဖုံကို ပေးပါတယ်။

ကျွန်တော့်ကို မမယ်မင်း အချိန်ရလို့ စာပြန်ပေးမယ်ဆိုရင် ဓာတ်ပုံလေးတစ်ပုံလောက် လက်မှတ်ထိုးပြီး အမှတ်တရ ထည့်ပေးလိုက်ပါနော်။ မမယ်မင်းရဲ့ဝတ္ထုတွေဖတ်ပြီး လူကိုပါ မြင်ဖူးချင်လို့ပါ။

အမြဲတမ်းလည်း အားပေးလျက်ပါ။

မမယ်မင်းရဲ့အမာခံပရိသတ်

**မင်းမော်ထွန်း**

အမှတ်(၁၆) ရတနာမွန်(၃)လမ်း

(၅)ရက်ကွက်၊ လှိုင်မြို့နယ်

ရန်ကုန်မြို့။



၁၁-၁၁-၁၁

သို့

မင်္ဂလာပါ မယ်မင်း ...

ချိုက မယ်မင်းရဲ့ဝတ္ထုတွေကို စဉ်ဆက်မပြတ် ဖတ်ရှုအားပေးနေတာပါ။ မယ်မင်းရေ **ငွေတောင်ပြည်ကမြို့သူ**က အရမ်းဖတ်လို့ကောင်းပါတယ်။ **ချစ်သူလိမ်းဖို့အေးစရင်မ်**ကတော့ ပြောစရာမလိုအောင် ဆွဲဆောင်အား ကောင်းပါတယ်။ ခင့်အနှိုင်းမဲ့ ဆိုတဲ့ နာမည်လေးက အရမ်းလှတယ်နော်။ ချိုလည်း စာရေးတာ အရမ်းဝါသနာပါတယ်။ ချိုက စာရေးဆရာမ ဖြစ်ချင်ပေမယ့် စာပေဝမ်းစာမပြည့်သေးပါဘူး မယ်မင်းရယ်။ မယ်မင်းရဲ့စာအုပ်တွေကိုဖတ်ပြီး တကယ်ပဲလေးစားအားကျတယ်ကွယ်။ ဂုဏ်လည်း ဂုဏ်ယူတယ် မယ်မင်း။ ဆက်ပြီးကြိုးစားပါ။ မယ်မင်း ရေးသမျှ ဒိုင်ခံဖတ်မယ့် အမာခံပရိသတ်ချို ရှိတယ်ဆိုတာ မယ်မင်းကို သိစေချင်တဲ့စိတ် တစ်ခုတည်းနဲ့စာရေးလိုက်တာပါ။

မယ်မင်း အောင်မြင်ကျော်ကြားပါစေ။ မယ်မင်းရဲ့ ဓာတ်ပုံလေးတွေလည်း မြင်ချင်ပါတယ်။ (ဖြစ်နိုင်ရင်ပေါ့)

**ကောင်းကင်ချို**

ဟသ်ာကုန်း(၁၉)ရက်ကွက်၊ ပဲခူးမြို့။

www.burmeseclassic.com

www.burmeseclassic.com



၁၄-၁၁-၁၁

သို့

မင်္ဂလာပါ မမယ်မင်းဘုံ ...

လေးစားမှုနဲ့ စာရေးလိုက်ပါတယ်။ မမရဲ့ဝတ္ထုလေးတွေကို တကယ် ကြိုက်ပါတယ်။ မမ အောင်မြင်မှုတွေ ပိုလို့ရရှိနိုင်ပါစေ။ **ချစ်ရှင် ... နှစ်မိနစ်အောင့်**ကို သမီး အကြိုက်ဆုံးပဲ။ (၄)အုပ်စလုံး ကောင်းပါတယ်။ အရမ်းကြိုက်တာပဲသိတယ်။ သမီး ဘာရေးရမှန်းမသိတော့ဘူး။ ပထမဆုံးအကြိမ် ရေးခြင်းပါ။ မမရဲ့စာအုပ်တွေကို အမြဲ အားပေးနေမယ်နော်။

**ချွန်းချွန်း**
First year (Chemistry)
ရွှေကိန္နရီအိမ်ရာ
နာနတ်တောလမ်း
ကမာရွတ်မြို့နယ်။



To

မမဘုံ ...

ညီမလေး တတိယမြောက်မိတ်ဆက်စာလေးကို ရင်ခုန်စွာနဲ့ ရေးပို့လိုက်ပါတယ်။ ညီမလေးရဲ့မိတ်ဆက်စာတွေကို စာပြန်ပေးတဲ့အတွက် မမကို အရမ်းကျေးဇူးတင်ပါတယ်။ အရမ်းလည်း ပျော်မိတယ်။

မမဘုံ ... မမက အရမ်းလှမှာပဲနော်။ ညီမလေး မမကို တွေ့ဖူးချင်လိုက်တာ။ မမ ... ညီမလေးကို မမရဲ့ဓာတ်ပုံလေးတစ်ပုံလောက် ပို့ပေးပါလား ? ။ ရှေ့လကထွက်တဲ့ **ချစ်သူလိမ်းဖို့အေးစရင်မိ** စာအုပ်လေးကို အရမ်းပဲသဘောကျတယ်။ ဒီလထွက်မယ့် စာအုပ်လေးကိုလည်း ဘယ်လိုခေါင်းစဉ်အဆန်းလေးနဲ့ ထွက်မလဲလို့ ရင်ခုန်စွာစောင့်မျှော်လျက် ...

**ညီမလေး နှင်းယောသူ**
ရွှေဘုံသာ(စုပါဝမ်း)

www.burmeseclassic.com

www.burmeseclassic.com



၁၁-၁၁-၁၁

သို့

တူမလေး မယ်မင်းဘုံ ...

တူမလေးရဲ့စတုတ္ထမြောက်ဝတ္ထုဖြစ်တဲ့ **ချစ်သူလိမ်ရဲ့ အေးစရင်မ်**က အရမ်းဖတ်လို့ ကောင်းပါတယ်။ အန်တီကောနိုင် အမြဲ တမ်း အားပေးနေမယ်နော်။ **ငွေတောင်ပြည်ကမြို့သူ**ထက် ပိုကြိုက်တယ်။ ဆက်ပြီးကြိုးစားနော်။ ဒီ့ထက်ပိုပြီး အောင်မြင်ပါစေလို့ ဆုတောင်းပေး မယ်နော်။

**အန်တီကောနိုင်**
အမှတ်(၆၄၅) သန်လျင်မြို့ပြ
ကွက်သစ်အမှတ်(၂)၊ နတ်စင်တစ်ရာကုန်းထိပ်။



၁၆-၁၁-၁၁

To

ညီမလေးဘုံ ...

ညီမလေးကို မမ ပထမဆုံးအနေနဲ့ မိတ်ဆက်စာတစ်စောင် ရေးပေးလိုက်ပါတယ်။ အခုမှ မမက ပထမဆုံးရေးတာဆိုတော့ အမှားပါရင် ခွင့်လွှတ်ပါနော်။ မမက ညီမလေးရဲ့စာဖတ်ပရိသတ် တစ်ယောက်ပါ။ ညီမလေးရဲ့ ထွက်ပြီးတဲ့စာအုပ်တွေကိုလည်း မမ အရမ်းကြိုက်ပါတယ်။ ညီမလေးကို မြင်ဖူးချင်လို့ ညီမလေးရဲ့ဓာတ်ပုံ (၁)ပုံလောက် ပို့ပေးပါလား။ ညီမလေး စာပေလောကမှာ ဒီ့ထက်ပိုပြီး အောင်မြင်ကျော်ကြားပါစေလို့ မမက ဆုတောင်းပေးလိုက်ပါတယ်။ ညီမလေးရဲ့နောက်ထွက်မယ့်စာအုပ်များကိုလည်း အားပေးဖို့ စောင့်မျှော်နေပါတယ်။ ညီမလေးကို အမြဲတမ်း အားပေးနေမယ် ...

**မိုးစန္ဒာမြင့်**
အမှတ်(၄၅၄)၊ မြရတနာ(၂)လမ်း
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။

www.burmeseclassic.com

www.burmeseclassic.com



၁၄–၁၁–၂၀၁၁

ညီမလေးဘုံ ...

မင်္ဂလာပါကွယ်။

မ,က-ညီမလေးကို မိတ်ဆက်စာရေးချင်နေတာကြာပါပြီ။ ဒါပေမဲ့ အခုမှပဲ ရေးဖြစ်တော့တယ်။ ညီမလေးဘုံရဲ့ အရေးအသားတွေဟာ တကယ်ကိုပဲ ပြောစရာမရှိအောင် ကောင်းပါတယ်။ မ,က ဝတ္ထုဆို အစုံဖတ်တယ်ကွယ့်။ ညီမလေးဘုံရဲ့ဝတ္ထုကိုလည်းအစကတော့ အသစ်ကလေး အားပေးမယ်လေဆိုပြီး ဆိုင်ကငှားဖတ်တာ။ မထင်မှတ်ဘဲ မ,ကိုဆွဲဆောင်သွားစေတယ်။ အရမ်းကို ဖတ်လို့ကောင်းပါတယ်။ ညီမလေးဘုံရဲ့ ပထမဆုံးဝတ္ထုကို မ,က အခုမှ ဖတ်ရတော့တယ်။ **အချစ်ဧရိယာပြင်ပ** စာအုပ်က လုံးဝရှာမရလို့ မနည်းရှာပြီး ဖတ်ရတော့တယ်။ လေးအုပ်စလုံး ဖတ်ပြီးသွားပြီဆိုတော့ ညီမလေးဘုံကို ချီးကျူးကြောင်း စာရေးပို့လိုက်တာပါ။ ညီမလေးဘုံက အောင်မြင်မှာပါ။ မ,တို့ကတော့ အားပေးမယ် သိလား။ ဇာတ်လမ်းတွေကို free style နဲ့ ပေါ့ပေါ့ပါးပါးလေးရေးဖို့ အကြံပြုပါတယ်။ အခုခေတ်က fancy လေးတွေ ခေတ်စားတော့ ဇာတ်လမ်းလေးတွေကို fancy ဆန်ဆန် အမိုက်စားလေးတွေ ရေးပွဲ့နော်။ ညီမလေးဘုံက စာရေးကောင်းပြီးသားပါ။ ညီမလေးဘုံကို အရမ်းအောင်မြင်စေချင်တယ်။ ဆုလည်းဆုတောင်းပေးနေတယ်နော်။ ဓာတ်ပုံလေးလည်း မြင်ချင်ပါတယ်။

ညီမလေးဘုံရဲ့မမ

**တိုးနှယ်နီအောင်**

အမှတ်(၃၁)၊ ဗဟိုရ်လမ်း၊ မျိုးရှာမရပ်ကွက်

တာမွေမြို့နယ်။



ခင်မင်လေးစားရပါသော

မမမယ်မင်းဘုံ ...

ညီမလေး ခင်မင်စွာဖြင့် စာရေးလိုက်ပါတယ်။ ပထမဆုံးပြောချင်တာကတော့ မမကို အရမ်းကြိုက်ပါတယ်။ မမရဲ့စာအုပ်လေးအုပ်စလုံးကို ဖတ်ပြီးသွားပြီ။ **ချစ်သူလိမ်ဖို့အေးစေရင်မ်** စာအုပ်က မိုက်တယ် မမ။ အေးစေရင်မ်လို ကာကွယ်ပေးနိုင်တဲ့ ချစ်သူမျိုး ညီမလေးလည်း ရှာလိုက်ဦးမယ်နော် မမ။ မမဝတ္ထုတွေက စိတ်ကူးယဉ်လို့ သိပ်ကောင်းတယ်။ မမကို အရမ်းလည်း အားပေးနေတယ်။ မမ အောင်မြင်ကျော်ကြားပါစေလို့ ဆန္ဒပြုပါတယ်။

Bestseller ဖြစ်ပါစေနော် မမ ။

ချစ်တဲ့ ညီမငယ် ...

**နေရီမိုး**

အမှတ်(၆)၊ ၁၄၂–လမ်း၊ ရန်ကုန်။

PS မမရဲ့ဓာတ်ပုံလေးကို စာပြန်ရင် ထည့်ပေးပါနော်။
မမပုံလေးကို အရမ်းမြင်ဖူးချင်လို့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ညီမလေးဘုံ ...

ညီမလေးဘုံက အသက်နဲ့မမျှအောင် အရေးအသား ကောင်းတယ်နော်။ စာရေးဆရာမအသစ်လို့ မထင်ရအောင်ပါပဲ။ **"ချစ်သူလိမ်းဖို့အေးမရင်မိ"** စာအုပ်က ဖတ်လို့ကောင်းတယ်နော်။ ညီမရဲ့ **"အမုန်းကမ်းရိုးတန်းတစ်လျှောက်၌ ရင်ခုန်သံလှိုင်းကြီးနေသည်"** စာအုပ်လေးကို အရမ်းဖတ်ချင်နေမိတယ်။ အခုလို အသက်ငယ်ငယ်နဲ့ စာရေးဆရာမ ဖြစ်နေတာကို ဝမ်းသာမိပါတယ်။ ဂုဏ်လည်းယူပါတယ်ကွယ်။ နောက်ထွက်မယ့် စာအုပ်တွေကိုလည်း အမြဲအားပေးနေမယ်နော်။

ညီမလေးဘုံ တစ်ယောက် ပျော်ရွှင်ကံကောင်းမှုအပေါင်းနဲ့ ပြည့်စုံပြီး ကမ္ဘာကျော်စာရေးဆရာမကြီး ဖြစ်ပါစေလို့ အစ်မ ဆုတောင်းပေးလိုက်ပါတယ်။

**မွန်လေး (မေမွန်ထွေး)**
စာရေးတန်းလမ်း၊ မြစ်ကျိုးကျေးရွာ၊
ဝေါမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။



သို့

မမမယ်မင်းဘုံ ...

ခင်မင်စွာဖြင့် မမလို့ ရင်းရင်းနှီးနှီးခေါ်မယ်နော်။ ပထမဆုံး မိတ်ဆက်စာရေးဖူးတာပါ။ မမရဲ့စာအုပ်လေးတွေက ဆွဲဆောင်မှုတစ်မျိုးနဲ့ အရမ်းဖတ်လို့ ကောင်းပါတယ်။ မမရဲ့စာအုပ်တွေထဲမှာ "ချစ်ရင် ... နှစ်မိနစ်စောင့်"ကို အကြိုက်ဆုံးပဲ။ ချစ်ရင် ... နှစ်မိနစ်စောင့်က အဖွင့်စကားလေးတွေကို သဘောကျတယ်။ အဲဒီစာအုပ်က အရမ်း လှုငယ်ဆန်တယ်။ အပိုင်ဝယ်သိမ်းထားတယ် မမ၊ အရမ်းကြိုက်လွန်းလို့လေ။ မမရဲ့ကြော်ငြာလေးကို ထည့်ပေးလိုက်တယ် မမ။ ကျေးဇူးပြုပြီး သမီးကို လက်မှတ်ထိုးပြီး အဲဒီစာရွက်လေး ပြန်ပို့ပေးလိုက်ပါနော်။ မမကို ရန်ကုန်ရောက်တုန်း အပြင်မှာ တွေ့ဖူးချင်လိုက်တာ။ မမက စာရေးကောင်းတယ်နော်။ တကယ်ကြိုက်တယ်။ အမြဲအားပေးနေမယ်။

P.S ကြော်ငြာလေးကို လက်မှတ်ထိုးပြီး ထည့်ပေးလိုက်ပါနော် မမ။ တောင်းဆိုပါတယ်။
နောက်လမှာလည်း အားပေးနေဦးမှာပါ မမ။
ချစ်ခင်အားပေးနေပါတယ်။
မမမယ်မင်းဘုံ ရေလိုအေး ပန်းလိုမွှေးပြီး ကျော်ကြားအောင်မြင် ပျော်ရွှင်ပါစေ။

**ညီမငယ် – ယဉ်မင်းနိုင်စံ**
အမှတ်(၁၈)၊ နေဇာလမ်း
ရဲမွန်စံပြကျေးရွာ။
[ခေတ္တ–ရန်ကုန်(အင်းစိန်)]

www.burmeseclassic.com

www.burmeseclassic.com



## အမှတ်တရ အစီအစဉ်

To

မင်္ဂလာပါ ဆရာမ ...

ခင်မင်ရင်းနှီးစွာဖြင့် စာရေးလိုက်ပါတယ်။ ပျော်ရွှင်သော နေ့ ဖြစ်ပါစေ။ ဆရာမရဲ့ **"ချစ်သူလိမ်းဖို့ အေးခရင်မ်"** စာအုပ်ကို ဖတ်ပြီးပြီးချင်း ဒုတိယအကြိမ်မြောက် မိတ်ဆက်စာ ထပ်ရေးလိုက်ပါတယ်။ အရမ်းကောင်းပါတယ်။ ဒါပေမဲ့ သမီးက **"ငွေတောင်ပြည်ကမြို့သူ"** နဲ့ **"ချစ်ရစ် ... နှစ်မိနစ်စောင့်"** ကို အကြိုက်ဆုံးပဲ။ ကဗျာရေးတာအရမ်း တော်တယ်နော်။

အစဉ်အားပေးနေပါ့မယ်နော်။

chit chit

ဖေယျမင်္ဂလာ(၂)လမ်း၊ (၁)ရပ်ကွက်

လှိုင်မြို့နယ်၊ ရန်ကုန်။



## အမှတ်တရ အစီအစဉ်

ဆရာမ မယ်မင်းဘုံ ...

မိတ်ဆက်စာ အခုမှ ရေးဖူးတာပါ။ ကျွန်တော်က ဆရာမရဲ့ပရိသတ်ပါ။ ဆရာမရဲ့ဝတ္ထု(၄)အုပ်စလုံး ဖတ်ဖူးပါတယ်။ တကယ် ကြိုက်ပါတယ်။ ဆရာမက အသစ်ဆိုပေမယ့် စာသားတွေ တကယ်ကောင်းပါတယ်။ နောက်လည်း အားပေးမှာပါ။ ဆက်လက်ကြိုးစားပါနော်။ **ချစ်ရင် ... နှစ်မိနစ်စောင့်** ကတော့ ကျွန်တော်အကြိုက်ဆုံး ဖြစ်ပါတယ်။ ကဗျာဆန်တဲ့ အရေးအသားက ပရိသတ်ရင်ကို တိုက်ရိုက်ထိစေပါတယ်။

K မိုးနေ – fantastic boy

2nd year (Geo)

ဒဂုံတက္ကသိုလ်။

www.burmeseclassic.com

www.burmeseclassic.com

## အမှတ်တရ အစီအစဉ်

သို့ ၁၈-၁၀-၁၁

ခင်ရပါသော မယ်မင်းဘုံ ...

တို့ စာရေးလိုက်ပါတယ်။ မင်မင်းဘုံရဲ့ ယခုလထွက်တဲ့ **"ချစ်သူလိမ်းဖို့ အေးစရင်မ်"** ဆိုတဲ့ စာအုပ်လေးဟာ အရမ်းကောင်းပါတယ်။ တို့သူငယ်ချင်းများကလည်း အဲဒီစာအုပ်လေးကို ကောင်းလွန်းလို့ လက်ကမချနိုင်အောင်ပါပဲတဲ့။ ယခုလထွက်တဲ့ စာအုပ်လေးကတော့ လူငယ်ပိုင်းကော လူလတ်ပိုင်းကော နှစ်သက်တဲ့ စာအုပ်လေးဖြစ်ပါတယ်။ နောက်ကိုလည်း အဲဒီလိုဇာတ်လမ်းလေးတွေ ဖန်တီးရေးပေးပါဦးလို့ တောင်းဆိုလိုက်ပါတယ်။ တို့ရွာမှာ စာအုပ်ဆိုင်(၃)ဆိုင်ရှိတယ်၊ (၃)ဆိုင်စလုံးမှာ အငှားရဆုံးစာအုပ်ကတော့ မယ်မင်းဘုံရဲ့ လစဉ်ထွက်တဲ့ စာအုပ်တွေပါပဲ။ မယ်မင်းဘုံဆီ စာရေးချင်နေတဲ့ ပရိသတ်တစ်ဦးက ဒီလမှာ ဒီစာအုပ်လေးကို ဖတ်ပြီးတော့ သူလည်း စာရေးလိုက်ပါတယ်။ သူ့အမည်ကတော့ မေသော်တာ တဲ့။ သူ့ကိုလည်း မယ်မင်းဘုံရဲ့ပရိသတ်အဖြစ် အသိအမှတ်ပြုလိုက်ပါဦးနော်။ တို့တွေအားလုံးလည်း မယ်မင်းဘုံရဲ့နောက်နောင်ထွက်မယ့် စာအုပ်ကောင်းတွေကို စောင့်မျှော်အားပေးနေကြမယ်နော်။

စာရေးဆရာမ မယ်မင်းဘုံလည်း သက်ရှည်ကျန်းမာအေးရန်ကွာ၍ အောင်မြင်မှုတွေ ထာဝရဆွတ်ခူးနိုင်ပါစေကြောင်း ဆုတောင်းလိုက်ပါတယ်။

ထာဝရပရိသတ်

**တင်မာဝင်း**

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊

လေးဒေါင့်ကန်(စံပြ)ရပ်ကွက်

ရန်ကုန်မြို့။

## အမှတ်တရ အစီအစဉ်

သို့

မမမယ်မင်းဘုံ ...

သမီးက ပမဘုံဘုံရဲ့ ပရိသတ်တစ်ဦးပါ။ မမနာမည်ကြားပြီး အစ်မတစ်ယောက်လိုခင်လို့ မမဘုံဘုံလို့ပဲ ခေါ်မယ်နော်။ မမ ထွက်သမျှစာအုပ်တွေ အကုန်လုံး သမီးကြိုက်တယ် သိလား။ **"ချစ်သူလိမ်းဖို့ အေးစရင်မ်"** စာအုပ်က အရမ်းကောင်းတာပဲ။ အဲဒီလို ဇာတ်ဝင်ခန်းလေးတွေ များများရေးပေးပါနော်။ **"အမုန်းကမ်းရိုးတန်းတစ်လျှောက်၌ ရင်ခုန်သံလှိုင်းကြီးနေသည်"** စာအုပ်က ဘယ်တော့ထွက်မလဲဟင် မမ။ **"ငွေတောင်ပြည့်ကမ္ဘာသူ"** စာအုပ်ကလည်း အရမ်းကောင်းတယ် သိလား မမ။ မမ အောင်မြင်ကျော်ကြားတဲ့ စာရေးဆရာမကြီးဖြစ်ပါစေလို့ ညီမလေး ဆုတောင်းလိုက်ပါတယ်။ မမ ဒီ့ထက်အောင်မြင်အောင် ကြိုးစားနော်။ မမ ထွက်သမျှစာအုပ်တွေ အကုန်လုံး သမီးအားပေးမယ် သိလား မမ။

ခင်မင်ရင်းနှီးစွာဖြင့်

မမဘုံရဲ့ ထာဝရပရိသတ်

Su Myat Nwe

သိမ်ဇရပ်မြို့

၃၄-သာယာကုန်းရပ်ကွက်၊

ဝါးဘိုးလမ်း။

www.burmeseclassic.com

www.burmeseclassic.com



## အမှတ်တရ အစီအစဉ်

မင်္ဂလာပါ ၂၂-၁၀-၁၁

မမဘုံ...

ခင်မင်ရင်းနှီးစွာဖြင့် လေးကြိမ်မြောက် စာရေးလိုက်ပါတယ်။ မမဘုံရဲ့ "ချစ်သူလိမ်းဖို့ဒေးခရင်မ်"ဆိုတဲ့ ဝတ္ထုလေးကိုဖတ်ပြီးသွားပါပြီ။ အရမ်းဖတ်လို့ ကောင်းပါတယ်။ မမဘုံရဲ့ထွက်သမျှ စာအုပ်အားလုံး ဖတ်လို့ကောင်းပါတယ်။ ဒီဝတ္ထုလေးကိုလည်း အပိုင်ဝယ်သိမ်းထားလိုက်တယ် (ကြိုက်လွန်းလို့လေ)။ မမဘုံရဲ့ထွက်သမျှ စာအုပ်အားလုံးကို အပိုင်ဝယ်သိမ်းထားမှာနော်။ ဓာတ်ပုံပို့ပေးတဲ့အတွက် အရမ်းကျေးဇူးတင်ပါတယ်။ သေသေချာချာ သိမ်းထားပါတယ်နော်။ **"အမုန်းကမ်းရိုးတန်းတစ်လျှောက်၌ ရင်ခုန်သံလှိုင်းကြီးနေသည်"**ဆိုတဲ့ ဝတ္ထုလေးရဲ့ခေါင်းစဉ်က အရမ်းမိုက်တယ်နော်။ လမင်းက ဝတ္ထုခေါင်းစဉ်ရှည်ရှည်လေးတွေကိုဆို အရမ်းသဘောကျတာ။

မမဘုံရဲ့ ပရိသတ်တစ်ယောက်အနေနဲ့ ဝတ္ထုတွေကို လစဉ်မှန်မှန် ထွက်ပေးဖို့ တောင်းဆိုပါတယ်။ မမဘုံရဲ့မွေးနေ့က ဘယ်တော့လဲ ? ။

ဒီ့ထက်မက အောင်မြင်မှုတွေကို သိမ်းပိုက်နိုင်ပြီး ပရိသတ်ချစ်ခင်တဲ့ နာမည်ကျော် စာရေးဆရာမကြီး ဖြစ်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။

**Good Luck** မမဘုံ။

ဆန္ဒမွန်ဖြင့်

ထာဝရပရိသတ်

**လမင်း**

အမှတ်(၄၄/၃)၊ မင်္ဂလာဥယျာဉ်ရပ်ကွက်

တော်ဝင်သစ်ခွခြံ၊ ကလေးမြို့။



## အမှတ်တရ အစီအစဉ်

မမယ်မင်းဘုံ ...

ခင်မင်လေးစားစွာဖြင့် စာရေးလိုက်ပါတယ်။ ကျွန်မ မမယ်မင်းဘုံရဲ့ပရိသတ်တစ်ယောက်ပါ။ မမယ်မင်းဘုံ ထွက်သမျှ စာအုပ်(၄)အုပ်လုံး အကုန်ဖတ်ပါတယ်။ အရမ်းလည်းကြိုက်ပါတယ်။ မယ်မင်းဘုံ တစ်ယောက် ဒီထက်မက အောင်မြင်ကျော်ကြားပါစေလို့ ဆုတောင်းပေးပါတယ်။ နောက်ထွက်လာတဲ့ ချစ်သူလိမ်းဖို့ဒေးခရင်မ် စာအုပ်က စိတ်ဝင်စားဖို့ကောင်းလို့ မြန်မြန်ကို ဖတ်ကြည့်ရတော့တယ်။ လေးစားပါတယ် မမယ်မင်းဘုံ။ အားလုံးကောင်းပါတယ်။

အားပေးမယ့် ပရိသတ်

**နဲ့နဲ့ကြည်**

အမှတ်(၁၁၆)၊ မြန်မာ့ဂုဏ်ရည်လမ်း

ကန်တော်ကလေး။

www.burmeseclassic.com

www.burmeseclassic.com



## အမှတ်တရ အပိအစဉ်

၂၆-၁၀-၁၁

သို့

မင်္ဂလာပါ မမမယ်မင်းဘုံ ...

မမရဲ့လစဉ်ထွက်တဲ့ စာအုပ်လေးကို သမီးဖတ်ရပါတယ်။ အားလုံးကိုကြိုက်တယ်။ ထွက်သမျှတိုင်းလည်း လစဉ်စောင့်မျှော်အားပေးနေမယ်နော်။ မမရဲ့ဝတ္ထုတွေဖြစ်တဲ့ **"အချစ်ဧရိယာပြင်ပသို့ ရောက်ရှိနေပါသဖြင့်"**၊ **"ချစ်ရင် ... နှစ်မိနှစ်စောင့်"**၊ **"ငွေတောင်ပြည်ကမ္ဘာ့သူ"** နဲ့ ယခုလ **"ချစ်သူ့လိမ်းဖို့ အေးစရင်မ်"**အားလုံးကို သမီး ကြိုက်တယ်သိလား ၊ ပိုပြီးကြိုက်တာကတော့ **"ချစ်ရင် ... နှစ်မိနှစ်စောင့်"** ဆိုတဲ့ စာအုပ်လေးကိုပဲ။ ဘာဖြစ်လို့လဲဆိုရင် စာအုပ်ထဲက မင်းသမီး ယုန်ရဲ့ မောင်လေး ရေရေရဲ့ နောက်ပြောင်မှုကို ကြိုက်လို့ပါ။ နောက်လည်း အဲဒီလို ရယ်စရာလေးတွေကို များများရေးပေးပါလို့ တောင်းဆိုလိုက်ပါတယ်။

သမီးက မမဆီကို စာရေးချင်တာ ကြာပါပြီ။ တစ်ခါမှ မရေးဖူးတော့ နည်းနည်းကြောက်မိတယ်။ ဒီတစ်ခါတော့ အရဲစွန့်ပြီး ရေးလိုက်ပါတယ်။ မမ ... သမီးရဲ့စာထဲမှာ အမှားပါရင် ခွင့်လွှတ်ပေးပါနော်။

မမ ထာဝရ ပျော်ရွှင်ချမ်းမြေ့ပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

မမရဲ့ပရိသတ်

**မေသော်တာ**

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊

လေးဆါင့်ကန်(စံပြ)ရပ်ကွက်၊ ရန်ကုန်။

[illegible]

အမှတ်တရ အပိအစဉ်

၄-၁၀-၁၁

သို့

မယ်မင်းဘုံ

**"အမုန်းကမ်းရိုးတန်းတစ်လျှောက်၌ ရင်ခုန်သံလှိုင်းကြီးနေသည်"**ဆိုတဲ့ စာအုပ်ကလေး ဘယ်တော့ထွက်မလဲလို့ မေးချင်ပါတယ်။ မယ်မင်းဘုံရဲ့စာအုပ်တွေကို လတိုင်း အားပေးဖတ်ရှုနေတဲ့သူပါ။ မယ်မင်းဘုံမှာ attraction ရှိတယ်။ ခေါင်းစဉ်နဲ့ဇာတ်သိမ်းကို အံကိုက်ရေးနိုင်တဲ့အစွမ်းကိုလည်း ချီးကျူးပါတယ်။ နောက်ထပ်လည်း အဲဒီလို ခေါင်းစဉ်အလန်းလေးတွေ ဇာတ်လမ်းအလန်းလေးတွေ ရေးပေးပါဦး။ စောင့်မျှော်အားပေးလျက်ပါ။

Favourite အဖြစ်ဆုံး စာရေးဆရာမကတော့ မယ်မင်းဘုံပါပဲ ခင်ဗျာ။ အဲဒါကိုတော့ ယုံကြည်ပေးပါ။

မယ်မင်းဘုံရဲ့အစဉ်အမြဲ

ပရိသတ်

**ဟိန်းထက်ကျော်**

အမှတ်(၈၃)၊ ၆၃-လမ်း၊ ကန်တော်ကလေး

မင်္ဂလာတောင်ညွန့်မြို့နယ်

ရန်ကုန်တိုင်းဒေသကြီး။

www.burmeseclassic.com

www.burmeseclassic.com



## အမှတ်တရ အစီအစဉ်

၁-၁၁-၁၁

သို့

ဆရာမ မယ်မင်းဘုံရေ ...

ဒုတိယအကြိမ်မြောက် စာရေးလိုက်ပါတယ်။ ဒီလထွက်တဲ့ **ချစ်သူလိမ်းဖို့ဆေးခရင်မ်** စာအုပ်လေးကလည်း တစ်မျိုး ချစ်စဖွယ်ကောင်းပါတယ်။ စာအုပ်လေးအုပ်လုံးက တစ်မျိုးစီ အရသာပေးတယ်။ သမီးက မယ်မင်းဘုံရဲ့ crazy ပရိသတ်ပါ။ မဆုမြတ်နဲ့တွဲပြီး ထူးခြားတဲ့ အစီစဉ်လေးတွေ ဖန်တီးပြီး ပရိသတ်ကို ချပြပါဦး။ သမီးက စေတနာစာပေကို အရမ်းသဘောကျတာပဲ။ မမကို အရမ်းလည်းခင်မင်ပါတယ်။ ဆက်ကြိုးစားပါနော်။ အမြဲအားပေးနေတဲ့ ပရိသတ်ဆိုတာ အသိမှတ်ပြုပေးပါ။

ခင်မင်အားပေးနေတဲ့
ပရိသတ်

**ရွှေယွန်းအိမ်**
၉၂-လမ်း၊ ကန်တော်ကလေး
ရန်ကုန်။



## အမှတ်တရ အစီအစဉ်

သို့

မမယ်မင်းဘုံ ...

ကျွန်တော်က မရဲ့ပရိသတ်ပါ။ မရဲ့စာအုပ်က ဖတ်လို့ကောင်းပါတယ်။ ဆက်ကြိုးစားပါ။ အားပေးနေပါတယ်။ "ငွေတောင်ပြည်က မြို့သူ"က တကယ်ကောင်းတဲ့ ဇာတ်လမ်းပါ။

မ, အောင်မြင်မှာ အသေအချာပါပဲ။

**ခေတ်ရောင်ပျို**
င/ရပ်ကွက်၊ သန္တာ(၁၇)လမ်း
ရန်ကုန်မြို့။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



## အမှတ်တရ အစီအစဉ်

Hello မမဘုံ !

သမီးက မမဘုံရဲ့ အကြွတမ်း ပရိသတ်ပါ။ သမီးရယ်၊ သမီးသူငယ်ချင်းရယ်က မမကိုအရမ်းအားပေးနေတာ။ မမက ကျောက်မြောင်းမှာ နေတာလား။ သမီးတို့ လာလည်မယ်နော် မမ။ နေရီကလေ မမဘုံကို အရမ်း crazy ဖြစ်တာ မမဘုံရဲ့။ သူ ညွှန်းတာနဲ့ သမီးလည်း မမဘုံစာအုပ်ကို ဖတ်ကြည့်တော့ အရမ်းကြိုက်သွားတယ် မမရယ်။ မမဘုံ အမြဲကြိုးစားပါ။ ထာဝရအားပေးနေမှာပါ မမဘုံ။

မမဘုံရဲ့ နောက်စာအုပ်တွေမှာ ကောင်လေးကအလန်း၊ ကောင်မလေးကခပ်တုံးတုံး ဇာတ်မျိုးလေး ရေးပါလား မမ။ သမီးက အကြံပြုတာပါနော်။

ချစ်ခင်တဲ့ မမဘုံရဲ့

**ယုဇနပြည့်စုံ**
(၁၄၂)လမ်း၊ ရန်ကုန်



## အမှတ်တရ အစီအစဉ်

သို့

မမမယ်မင်းဘုံ ...

မမကို သမီးက အမြဲအားပေးနေတဲ့သူပါ။ မမရဲ့ထွက်သမျှစာအုပ် အကုန်ဖတ်ပြီးပါပြီ။ **ချစ်ရင် ... နှစ်မိနှစ်စောင့်** ကို အရင်ဆုံးစဖတ်ရတယ်။ အရမ်းသဘောကျပါတယ် မမ။ မမရဲ့ဝတ္ထုတွေထဲမှာ **ချစ်သူလိမ်းဖို့ အေးစရင်မ်**ကို အကြိုက်ဆုံးပဲ။ မမဝတ္ထုတွေကို အရမ်းစွဲလမ်းနေမိပါပြီ။ သမီးက မမရဲ့ပရိသတ်ပါ။ အရမ်းလည်း အားကျပါတယ်။

အားပေးချစ်ခင်စွာဖြင့်

**ယုခင်ခင်**
၃၁၊ ကုန်းဘောင်လမ်း၊ တောင်ဒဂုံ။

www.burmeseclassic.com

www.burmeseclassic.com



## အမှတ်တရ အစီအစဉ်

ခင်မင်လေးစားရပါသော

မမ မယ်မင်းဘုံ ...

ညီမလေး ခင်မင်စွာဖြင့် စာရေးလိုက်ပါတယ်။ ပထမဆုံး ပြောချင်တာကတော့ မမကို အရမ်းကြိုက်ပါတယ်။ မမရဲ့စာအုပ်လေးအုပ်စလုံးကို ဖတ်ပြီးသွားပြီ။ **ချစ်သူလိမ်းဖို့ဒေးစရင်မ်**စာအုပ်က မိုက်တယ် မမ။ ဒေးခရင်မ်လို ကာကွယ်ပေးနိုင်တဲ့ ချစ်သူမျိုး ညီမလေးလည်း ရှာလိုက်ဦးမယ်နော် မမ။ မမဝတ္ထုတွေက စိတ်ကူးယဉ်လို့ သိပ်ကောင်းတယ်။ မမကို အရမ်းလည်း အားပေးနေတယ်။ မမ အောင်မြင်ကျော်ကြားပါစေလို့ ဆန္ဒပြုပါတယ်။

Bestseller ဖြစ်ပါစေနော် မမ။

ချစ်တဲ့ ညီမငယ်

**နေရီမိုး**
အမှတ်(၆)၊ (၁၄၂)လမ်း၊ ရန်ကုန်။

P.S မမရဲ့ဓာတ်ပုံလေးကို စာပြန်ရင် ထည့်ပေးပါနော်။ မမပုံလေးကို အရမ်းမြင်ဖူးချင်လို့ပါ။

BURMESE CLASSIC



## အမှတ်တရ အစီအစဉ်

၁-၁၂-၂၀၁၁

မမဘုံရေ မင်္ဂလာပါနော် ...

ခင်မင်ရင်းနှီးစွာဖြင့် ငါးကြိမ်မြောက် စာရေးလိုက်ပါတယ်။ မမဘုံရဲ့ငါးအုပ်မြောက်ဝတ္ထု **"အမုန်းကမ်းရိုးတန်းတစ်လျှောက်၌ ရင်နင့်သံလှိုင်းကြီးနေသည်"** ဆိုတဲ့ ဝတ္ထုလေးကို ဖတ်ပြီးသွားပါပြီ။ အရမ်းဖတ်လို့ကောင်းပါတယ်။ ရှေ့ကစာအုပ်တွေနဲ့မတူဘဲ ဇာတ်လမ်းလေးက တစ်မျိုးကွဲထွက်နေတဲ့အတွက် အရမ်းကောင်းပါတယ်။ ဖတ်ပြီးပြီးချင်းပဲစာရေးလိုက်တာပါ။ ဝတ္ထုထဲက ဇာတ်ကောင်မင်းသမီး **"ဗိုးကလေး"** ကို အရမ်းသဘောကျတယ်။

ဒီဝတ္ထုက ထွက်တာ နောက်ကျတယ်နော်။ နောက်ထပ်ထွက်မဲ့ ဝတ္ထုတွေရဲ့ခေါင်းစဉ်တွေကိုလည်း အရမ်းသဘောကျတယ်။ ခေါင်းစဉ်လေးနဲ့တင် အရမ်းဖတ်ချင်နေပြီ။ **"သက်ဆိုင်သူအတွက် ငါ့မျက်ရည်တွေ စပွန်ဆာပေးခဲ့သည်"** ဆိုတဲ့ ဝတ္ထုလေးကကော ဘယ်လိုဇာတ်လမ်းလေးလဲ ? ။ ခေါင်းစဉ်လေးကတော့ အရမ်းမိုက်တယ်။

**"အချစ်ကိုဖြိုဖျက်နိုင်ယ်ဆိုရင် မနက်ဖြန် ငါသေပါရစေ"** ဆိုတဲ့ ဝတ္ထုကိုတော့ အရမ်းဖတ်ချင်နေပြီ။ မမဘုံရဲ့ဝတ္ထုတွေက တစ်အုပ်ထက်တစ်အုပ် ပိုကောင်းလာတယ်။ လမင်းတို့လည်း ဒီဇင်ဘာဆို ကျောင်းတက်ရပြီ။ ကျောင်းတက်နေရင်းပဲ မမဘုံရဲ့ဝတ္ထုတွေကို အားပေးမယ်နော်။ မမဘုံ စာမပြန်နိုင်ရင်လည်း နားလည်ပေးနိုင်ပါတယ်။ ပရိသတ်တစ်ယောက်အဖြစ် လက်ခံပေးထားတယ်ဆိုရင်ပဲ ကျေနပ်ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



Ok ... ဒါဆိုရင် ဒီလောက်ပဲ ရေးလိုက်တော့မယ်။ အားလုံးအတွက် thank you so much ။

မမဘုံ ဒီ့ထက်မက ခေါင်မြင့်မှုကို လိုလားတဲ့ ပရိသတ်။

Sweet December

ချစ်ခင်စွာဖြင့်

လမင်း
အမှတ်(၄၄/၃)၊ တော်ဝင်သစ်ခွဖြ်
မင်္ဂလာဥယျာဉ်ရပ်ကွက်၊ ကလေးမြို့။

BURMESE CLASSIC

www.burmeseclassic.com